www.burmeseclassic.com

IDEA
စိတ်ကူးသစ်စာပေ

# ထောင်မှူးကြီးသိန်းဝင်း

# အတိတ်ဘဝကပဋ္ဌာန်းဆက်အိပ်မက်

အပါအဝင်

## သည်းထိတ်ရင်ဖို ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


NEW IDEA

စိတ်ကူးသစ်စာပေ

# ဗောင်မှူးကြီးသိန်းဝင်း

## အတိတ်ဘဝကပဋ္ဌာန်းဆက်အိပ်မက်

သည်းထိတ်ရင်ဖို ဂမ္ဘီရဝတ္ထုတိုများ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

ကျွန်ုပ် ငယ်စဉ်ကတည်းက မက်လေ့ရှိသော အိပ်မက်တစ်ခုရှိသည်။ တောတောင်လျှိုမြောင်များကို ဖြတ်သန်းပြီး၊ မြစ်ကြီးတစ်ခု ကမ်းဘေးမှ ရွာကြီးတစ်ရွာဖြစ်သည်။ ရွာနာမည်ကို ကျွန်ုပ်မသိ၊ စေတီတော်မှာ ဉာဏ်တော်ပေ (၁၀၀)ခန့်မြင့်ပြီး၊ ထုံးသင်္ကန်းကပ်ထားသည်။ လွန်စွာသပ္ပာယ်သော စေတီတော်ဖြစ်သည်။

စေတီတော်ပရိဝုဏ်အတွင်း၌ ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်တို့ ပြည့်စုံစွာရှိသည်။ သို့သော် ကျွန်ုပ် အိပ်မက်တိုင်း စေတီတော်ရင်ပြင်၌ လူပုဂ္ဂိုလ်တစ်စုံတစ်ဦးကိုမျှ မမြင်ရ။ ထူးဆန်းလှသည်။ ဘုရားဆင်းတုတော်ရှေ့တွင် ဆတ်ကြီးတစ်ကောင်ရပ်တုကြီးကို ကိုယ်လုံးပြည့် ရွှေချထားသည်။ ရင်ပြင်တော်ပေါ်၌ ကျွန်ုပ်တစ်ဦးတည်းသာ။





အိပ်မက်မှာ ဤတွင် အဆုံးသတ်သည်။ ဆက်၍မမက်တော့။ သို့သော် ဤအိပ်မက်ကိုတော့ ကျွန်ုပ် ထပ်တလဲလဲ မြင်မက်တတ်၍ ကျွန်ုပ်မြင်ကွင်းကို အလွတ်ရနေပါပြီ။ ဘုရားဘွဲ့တော်လည်းမသိ။ နေရာဌာနကိုလည်း မမှန်းဆနိုင်ပါ။

ကျွန်ုပ်အလုပ်တာဝန်အရ မြန်မာပြည်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ တနင်္သာရီတိုင်းနှင့် ပုသိမ်ဘက်၊ ရခိုင်ဘက်၊ မြန်မာပြည်အလယ်ပိုင်း၊ ရှမ်းပြည်နယ်ဘက်သို့လည်း အနှံ့ရောက်ပါသည်။ သို့သော် ကျွန်ုပ်အိပ်မက်ထဲတွင် ဖူးတွေ့ခဲ့ရသော မြစ်ကမ်းဘေးတွင် ဖူးတွေ့ခဲ့ရသည့် ဘုရားဖြင့်တော့မတူပါ။

မတွေ့ရလေ ဖူးချင်လေဖြစ်သော လူ့သဘောအတိုင်း ကျွန်ုပ်အိပ်မက်မက်လျှင် ထိုဘုရားကြီး၏ တည်နေရာနှင့် ဘုရားဘွဲ့တော်ကို သိရှိနိုင်ရန် အိပ်မက်ကို ဆွဲဆန့်ကြည့်မိသည်။ သို့သော်မရပါ။ ဘုရားရင်ပြင်ပေါ်ရောက်သည်နှင့် အိပ်မက်မှာ ပြတ်တောက်သွားပြီး၊ အိပ်ရာမှလန့်နိုးသည်မှာ အမြဲတမ်းပင်။ အိပ်မက်ပေးသူက ဤမျှပင်ပေးသည်ဟု မှတ်ယူရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

□

တစ်နေ့တွင် ပူတာအိုထောင်သစ်ဆောက်လုပ်ရေးကို စစ်ဆေး
ရန် အဖွဲ့နှင့်သွားရသည်။ ကျွန်ုပ်မှာ မရောက်ဖူးသေးသော ဒေသဖြစ်၍
အလွန်ဝမ်းသာကြည်နူးနေမိသည်။ ဆောက်လုပ်ရေးလုပ်ငန်းကို စစ်ဆေး
ရသည်ဖြစ်ရာ၊ အချိန်တစ်လခန့်ကြာမည်ဖြစ်သည်။
အချိန်အားလည်း ရနေသည်။ ထို့ကြောင့် ပူတာအိုထောင်
တွင် တာဝန်ကျသော ထောင်မှူးသံဒိုင်နှင့်တွဲဖက်၍ ပူတာအိုမြို့ပေါ်နှင့်
အနီးတစ်ဝိုက်ရှိ ဘုရားများကို လိုက်လံဖူးမြော်ဖြစ်သည်။
ပူတာအိုမြို့နယ်၊ လန်ခိုရွာမှ ခပ်ချိုခန်းဘုရား၊ လန်တောင်ရွာ
မှ စစ်မိဘုရား၊ ပန်းလှိုင်ရွာမှ စဝ်ဘုရားလုံ (မဟာမြတ်မုနိပုံတော်)၊
မန်စေရွာမှ စဝ်ခွန်ဟင်းခေါ်ကျောက်ဆင်းတုဘုရားကြီးကိုလည်း ဖူးမြော်





ကြပြီးဖြစ်သည်။ သို့သော် ကျွန်ုပ်ဖူးတွေ့လိုသော ဘုရားမဟုတ်သေး
ပါ။

တစ်နေ့ အားလပ်ရက်တွင် ကျွန်ုပ်က ထောင်မှူးသံဒိုင်အား •

"သံဒိုင်ရေ ... ပူတာအိုမြို့နယ်ပတ်ဝန်းကျင်မှာ တခြားတန်ခိုးကြီးဘုရားတွေ မရှိတော့ဘူးလား"

"ဆရာ ... ကျွန်တော် ဒီကိုရောက်တာ တစ်နှစ်မပြည့်သေးဘူး။ ပူတာအိုမြို့ပေါ်မှာတော့ ဆရာ့ကို ကျွန်တော်လိုက်ပို့တဲ့ ဘုရားတွေက အကုန်ပဲ"

ထိုစဉ် ကျွန်ုပ်တို့အနီးတွင် စာရေးနေသော ထောင်စာရေးကလေးအိုက်ပုက ...

"ဆရာက ဘယ်ဘုရားကို ဖူးချင်တာလဲ၊ ဘယ်ဒေသမှာလဲ၊ ဘယ်လိုပုံစံလဲ၊ ဘွဲ့တော်ကိုရော သိသလား ... ဆရာ"

"ဘယ်ဒေသကမှန်းလည်း မသိဘူး။ ဘွဲ့တော်လည်းမသိဘူး။ ငါအိပ်မက်ထဲမှာ မကြာခဏ ဖူးတွေ့ရလို့ ဘုရားပုံစံကိုတော့ မှတ်မိနေတယ်။ မြစ်ကမ်းတစ်ခုဘေး တောင်ကုန်းပြင်ပေါ်က ထုံးသင်္ကန်းကပ်ထားတဲ့ ဘုရားကြီးပဲ။ ထူးခြားတာက ... ဆတ်ရုပ်တုကြီးကို ရွှေချထားတယ်"

"ဪ ... ဆရာရယ်၊ အဲဒါရွှေဆတ်မင်းဘုရားခေါ် ကောင်းမှုလုံဘုရားကြီးပဲ။ ကျွန်တော့် မွေးရပ်ရွာ၊ နမ့်ခမ်းကြီးရွာနဲ့ နီးတယ်"

"ဟေ ... အဲဒီနမ့်ခမ်းကြီးရွာက ဘယ်နားမှာလဲ။ ပူတာအိုနဲ့ အဝေးကြီးလား"

"ကျွန်တော်တို့ နမ့်ခမ်းကြီးရွာက မချမ်းဘောမြို့နယ်ထဲမှာပါ ဆရာ။ ပူတာအိုနဲ့တော့ အတော်လှမ်းတယ်။ အဲဒီနမ့်ခမ်းကြီးရွာက

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မလိခမြစ်အတိုင်း သွားရမှာပါ။ နှစ်ညအိပ်ခရီးဆိုတော့ အသွားအပြန် လေးငါးရက်ကြာမယ်။ ဆရာသွားချင်ရင်တော့ ကျွန်တော် လိုက်ပို့ပါ့မယ်''

"အေး . . . လုပ်စမ်းပါ . . . . အိုက်ပုရယ်၊ ငါ အဲဒီကောင်းမှုလုံဘုရားကြီးကို ဖူးချင်လို့ပါ။ တစ်နိုင်ငံလုံး အနှံ့ရောက်ပြီးပြီ။ အဲဒီဘုရားကြီးကို မဖူးရသေးလို့ပါကွာ''

ကျွန်ုပ်က ငယ်စဉ်ကတည်းက မက်ခဲ့ဖူးသောအိပ်မက်ကိုပြောပြတော့ သံဒိုင်နှင့် အိုက်ပုတို့ အလွန်စိတ်ဝင်စားကြသည်။ ထို့ကြောင့် ဘုရားအားရက်ရသော အချိန်တွင် ကျွန်ုပ်တို့လူကြီးများအားခွင့်ပန်ပြီး ဘုရားဖူးခရီး စတင်ခဲ့ကြတော့သည်။

ပထမ ပူတာအိုမြို့မှ (၇)မိုင်ဝေးသော မူလာရှီဒီးမြို့တံတားသို့ ကားဖြင့်သွားရသည်။ ကြိုးတံတားကို ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းတွင် ထွန်စက်ငှား၍ မလိခမြစ်ကမ်းမှ နောင်ခိုင်ရွာသို့ သွားရပြန်သည်။ နောင်ခိုင်ရွာမှ ငှက်သမ္ဗန်ဖြင့် မလိခမြစ်ကိုကူးတော့ မချမ်းဘောမြို့ကို ရောက်သည်။ တစ်ညအိပ်ကြသည်။

နောက်တစ်နေ့မနက်တွင် တစ်ညတာတည်းခိုခဲ့သော အိုက်ပုတို့အိမ်မှ ဖြတ်လမ်းဖြင့် နမ့်ခမ်းချောင်းကြီးအတိုင်း ကုန်းကြောင်းခရီး၊ နမ့်ခမ်းဆည်ကြီးနှင့် နမ့်ခမ်းရေတံခွန်ကို ဖြတ်ကြရသည်။ တောအုပ်ကြီးက အထွက်တွင် လယ်ကွင်းများအလယ် မလိခမြစ်ကမ်းဘေး၌ ရွာကြီးတစ်ရွာကို တွေ့ရတော့သည်။

"ဆရာ . . . ဒါ . . . ဆရာဖူးချင်တယ်ဆိုတဲ့ ကောင်းမှုလုံဘုရားကြီးနဲ့ ကောင်းမှုလုံရွာကြီးပဲ''





ကောင်းမှုလုံရွာကြီးမှာ ရွာဦးမလိခမြစ်ကမ်းဘေး၊ ကုန်းမြင့်ပေါ်၌ လွန်စွာ သပ္ပာယ်ခန့်ညားသည်။ စေတီပုထိုး၊ ဇရပ်၊ ကျောင်းကန်တို့ဖြင့် ပြည့်စုံတင့်တယ်လှသည်။ ဘုရားပရိဝုဏ်နှင့် ရွာကြီးကိုမြင်သည်နှင့် ကျွန်ုပ်မှာ လွမ်းဆွေးငေးမောမိရင်း တစ်စုံတစ်ရာကို သတိရသလို၊ စိတ်အာရုံထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

မြန်ပြည်မြောက်ဖျားမှ ခရီးလမ်းပန်းခက်ခဲသော ဤရွာကြီးကို ကျွန်ုပ်တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့သည်မှာ သေချာသည်။ သို့သော် ဤရွာကြီးကို မြင်လိုက်ရကတည်းက ယခင်က ရောက်ဖူးခဲ့၊ နေဖူးခဲ့သလို ထင်မှတ်နေမိသည်။

ရွာပတ်ဝန်းကျင်မှ လယ်ကွင်းများ၊ ရွာအနီးမှ မလိခမြစ်ကြီးမှာ ကျွန်ုပ်နှင့် မစိမ်းပါ။ သို့သော် ဤဒေသ၊ ဤပတ်ဝန်းကျင်မှာ ကျွန်ုပ်ရောက်ဖူးခဲ့သော မြို့ရွာများအနေအထားဖြင့်တော့ မတူပါ။

ကျွန်ုပ်အတွေးစကိုဖြတ်ပြီး လယ်ကွင်းကိုကျော်၍ ရွာလယ်လမ်းအတိုင်း ရွာတွင်းသို့ ဝင်ခဲ့ကြသည်။ ရှေးဦးစွာ ရွာထိပ်မှ ကောင်းမှုလုံဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြသည်။ ရှေးဟောင်းသမိုင်းစေတီတော်ဖြစ်၍ တံတိုင်း၊ ပရိဝုဏ်၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းပါရှိသည်။

စေတီတော်ကြီးမှာ ဉာဏ်တော်ပေ(၁၀၀)ခန့်မြင့်ပြီး၊ ထုံးဖြူဖြူဖွေးဖွေးဖြင့် လွန်စွာ သပ္ပာယ်ကြည်ညိုဖွယ်ရာပင်။ ဘုရားလိုဏ်ဂူအတွင်းရှိ ဘုရားကြီးရှေ့တွင် ဆတ်မင်းထိုင်နေပုံ၊ ပန်းပုရုပ်လုံးကြီးကို ကိုယ်လုံးပြည့်ရွှေချထားသည်။ ဆင်းတုတော်ကြီး၏ နဖူးသင်းကျစ်တော်တွင် ရှေးယခင်က အဖိုးတန်ပတ္တမြားကြီးတစ်လုံး မြှုပ်နှံပူဇော်ထားဖူးကြောင်း အိုက်ပုပြော၍ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဘုရားနဖူးသင်းကျစ်တော်မှာ အပေါက်ကလေး ဖြစ်နေသည်။ ဆင်းတုတော်ကြီးအား လုံးတော်ပြည့်ရှုမြေချထားသော်လည်း တစ်ခုခုလိုနေသလို ကျွန်ုပ် ခံစားရသည်။ ကျွန်ုပ်၏အာရုံတွင် တစ်ခုခု ကို သိသလိုဖြစ်လိုက်၊ ဝေဝါးလိုက်၊ ကွယ်သွားလိုက်ဖြင့် ဖမ်းဆုပ်၍ မရဖြစ်နေသည်။

✿ ✿ ✿

[ ၃ ]

❑

ထိုစဉ် အသက်(၇၀)ကျော်၊ (၈၀)ခန့်အရွယ် ရဝမ်အဘိုးကြီး တစ်ဦး၊ ကျွန်ုပ်တို့အနီးသို့ ရောက်လာပါသည်။

"ညှော်သည်တွေထင်ပါရဲ့"

"ဟုတ်ပါတယ် ... အဘိုး"

"ဘယ်က ဘုရားဖူးလာကြတာလဲ"

"ရန်ကုန်ကပါအဘိုး"

"ဩော် ... ရန်ကုန်ကတောင်အဝေးကြီးကလာပြီး ဘုရား ဖူးကြတာကိုး။ သိချင်တာရှိရင် မေးကြကွယ့်။ အဘိုးနာမည်က ဘုရား ထူကြီး ဦးစောခမ်းဟုန်လို့ခေါ်တယ်။ အသက်(၈၀)ရှိပါပြီ"

"ဩော် ... ဟုတ်ကဲ့ပါ ... အဘိုး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ရုပ်ပွားတော်မြတ်ကြီးအား ရှိသေစွာ ဖူးမြော်ပြီး နောက် ဘုရားရင်ပြင်တော်ပေါ်သို့ ပတ်ကြည့်ကြသည်။ မလိခမြစ်ဘက် မှ လေပြည်လေညင်းကလေးက တလွင်လွင်တိုက်ခတ်နေသည်။ ဘုရား ရင်ပြင်တော်အပေါ်တွင် စေတီတော်မှ ပြိုပျက်နေသော ငှက်ပျောဖူး အဟောင်းကြီးကိုတွေ့ရသည်။ လုံးပတ်ထိပ်ဝ လူကြီးလက်ခုပ်တစ်ဖောင် ခန့်ရှိသည်။

"ဟိုရှေးတုန်းက ရဝမ်တိုင်းရင်းသားစေတနာရှင်တစ်ဦး ဒီ ဘုရားကြီးကို ထီးတော်တင်လှူခဲ့ဖူးတယ်။ လွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော်လောက်က လျှော်လှုပ်လို့ ပြိုကျခဲ့တာ။ ဒီငှက်ပျောဖူးကြီးမှာ သူ လှူခဲ့တဲ့ ကုသိုလ်စေတနာတွေအပြည့်ပဲ"

ဘုရားလူကြီးကရှင်းပြသဖြင့် နားထောင်ရင်း ကျွန်ုပ်၏ရင် တွင်း၌ မရှင်းမလင်းဖြစ်နေသော အကြောင်းအရာကို မေးမြန်းရတော့ သည်။

"အဘိုး ... ကျွန်တော် တစ်ခုလောက်မေးပါရစေ။ ဘုရား ဆင်းတုတော်ကြီးရဲ့ နဖူးသင်းကျစ်တော်မှာ အရင်က အဖိုးတန် ပတ္တမြား ကြီးတစ်လုံးရှိခဲ့တယ်ဆို။ အခု ဘယ်ရောက်သွားသလဲ"

"အင်း ... အဲဒီကိစ္စက အလွန်ကြေကွဲဖို့ကောင်းသလို၊ ဆန်း လည်း ဆန်းကြယ်တယ်။ အဘိုးတို့ငယ်စဉ်က အင်္ဂလိပ်ခေတ်နှောင်း ပိုင်းကပေါ့။ အဲဒီတုန်းက ဘုရားလူကြီးက ခန္တီးရှမ်းအမျိုးသား ဦးအိုက် မောင်းတဲ့။ အလွန်သမာဓိရှိပြီး ဘုရားတရားကြည်ညိုတယ်။ ဒီဘုရား ပေါ်မှာပဲ အိမ်လုပ်နေတာ။ အစဉ်ဥပုသ်သီလမြဲတယ်။

ဒီဘုရားကြီးက သာသနာတော်သက္ကရာဇ် (၃၀၀)ခန့်ကတည် ကတည်ခဲ့တဲ့ ရှေးဟောင်းသမိုင်းဝင်ဘုရားပဲ။ "အထက်မှာကောင်းမှုလုံ





အောက်မှာရွှေတိဂုံ" ဆိုပြီး အလွန်တန်ခိုးကြီးတာ။ ဆုတောင်းလည်း အလွန်ပြည့်တယ်။ ဘုရားကြီး နဖူးသင်းကျစ်တော်မှာလည်း ရှေးမင်း တွေက အဖိုးတန်ပတ္တမြားကြီးတစ်လုံးကို မြှုပ်နှံပူဇော်ထားခဲ့တယ်"

"အဲ ... တစ်ညမှာတော့ ဘုရားကြီးရှေ့ကတန်ဆောင်း အတွင်း တရားထိုင်နေတဲ့ ဘုရားလူကြီး ဦးအိုက်မောင်းကို လက်နက် ကိုင်လူတစ်စုက ဖမ်းဆီးချုပ်နှောင်ပြီး ဘုရားကြီးနဖူးသင်းကျစ်တော် က ပတ္တမြားကိုလည်း ဖြုတ်ယူသွားကြတယ်။ ဦးအိုက်မောင်းကို လှေ ပေါ်တင်ခေါ်သွားတုန်း နောက်တစ်ဖွဲ့နဲ့တိုက်ပွဲဖြစ်တယ်။

အဲဒီကစပြီး ပတ္တမြားကြီးလည်းဆုံး၊ ဘုရားလူကြီး ဦးအိုက် မောင်းလည်း ပျောက်သွားတော့တာပဲ။ အလောင်းပြန်မရတော့ သေ တယ်၊ ရှင်တယ်ဆိုတာ မပြောနိုင်ဘူး။ အလောင်းကို မလိခမြစ်ထဲ မျှောလိုက်ဟန်တူပါတယ်"

ဘုရားလူကြီး ဦးစောခမ်းဟုန် ပြောပြသည်တို့မှာ ကျွန်ုပ်၏ မသိစိတ်အတွင်း၌ သိရှိနေသလိုပင်။ သို့သော် ပေါ်လိုက်ပျောက်လိုက် ဖြင့် အာရုံကို ဖမ်းချုပ်၍မရ၊ ဝေဝေဝါးဝါးပင်။ ဘုရားကြီးပရိဝုဏ်အနီး ရှိ များစွာသောစေတီပုထိုးတို့မှာ ပြိုပျက်ကုန်ကြလေပြီ။ ချုံနွယ်ပိတ် ပေါင်းများအုပ်ဆိုင်းပြီး မြေပေါက်ပုထိုးပျက်တို့ ဖြစ်ကြလေပြီ။

ကျွန်ုပ်တို့ ဘုရားရင်ပြင်တော်ပေါ်မှ ရပ်ကြည့်ပြီး တသွင်သွင်၊ တညင်ညင်စီးဆင်းနေသော မလိခမြစ်ကြီးကိုကြည့်ပြီး ငေးမောတွေး တောနေမိသည်။ ကျွန်ုပ်၏အတွေးထဲ၌ ဘုရားလူကြီး ဦးအိုက်မောင်း နှင့်ပတ္တမြားကြီးက နေရာယူထားသည်။

ဘုရားကြီးကုန်းတော်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းကလေးကို လည်း မြင်မိသည်။ ထိုကျောင်းတွင် ရဟန်းသံဃာများမရှိပါ။ မလိခမြစ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းကတိုက်ခတ်လာသော လေနုအေးတို့သည်သာ ကျောင်းအတွင်း ဥပဒေဟိုပြေးလွှား ဝင်ရောက်လျက်ရှိသည်။ ဘာကြောင့် ရဟန်းသံဃာများမရှိသည်ကို ဘုရားလူကြီးကလည်း မပြော၊ ကျွန်ုပ်ကလည်း မမေးမိပါ။

"ကဲ ...သရာ၊ နေဝင်တော့မယ်၊ သူကြီးအိမ်ကို သွားကြစို့။ ရွာသူကြီးက ကျွန်တော်တို့အမျိုးပါ။ အဲဒီအိမ်မှာ တည်းခိုကြမယ်"

အိုက်ပုသတိပေးမှ ကျွန်ုပ်အတွေးရေယာဉ်ကြောက လန့်နိုးလာသည်။ နေလုံးလုံးနီနီကြီးက မလိခမြစ်အနောက်ဘက်ကမ်း ကချင်တောင်တန်းကြီးများအပေါ်တွင် မေးတင်နေချေပြီ။

အစာရှာထွက်သော ငှက်အုပ်ကြီးများ၊ မလိခမြစ်ယံပေါ်က ပျံသန်း၍ အိပ်တန်းသို့ပျံနေကြသည်။ လေနုအေးကလေးက ပိုအေးလာသည်။ ကျွန်ုပ်ဘုရားလူကြီးအား အလှူတော်ငွေ(၅၀၀၀)ကျပ် လှူဒါန်းပြီး နှုတ်ဆက်၍ ရွာလယ်လူကြီးအိမ်သို့ လှမ်းခဲ့ကြသည်။

ကောင်းမှုလုံရွာကြီးမှာ အတော်ကြီးပြီး အိမ်ခြေ (၂၀၀၀)ခန့်ရှိသည်။ အိမ်ကြီးအိမ်ကောင်းပေါများသည်။ စည်းကမ်းရှိသော ရွာကြီးဖြစ်ပုံရသည်။ ရွာလယ်လမ်းမကြီးမှာ ကျယ်ပြန့်ပြီး သန့်ရှင်းသပ်ရပ်နေသည်။ တစ်ဖက်ရွာထိပ်မှ မြစ်ဆိပ်ဖြစ်ဟန်တူသည်။ သစ်လုံးကြီးများပုံထားပြီး ကလေးလူကြီးများ ရေချိုးနေကြသည်။

ကမ်းစပ်၌ ငှက်သမ္ဘန်ကလေးများ အစီအရီဆိုက်ကပ်ထားသည်။ ဤရွာကြီးသည် ကျွန်ုပ်နှင့် အကျွမ်းတဝင်ရှိလှကြောင်း၊ ကျွန်ုပ်၏ ဝိစိတ်၌ ပေါ်လာပြန်သည်။ ဆဋ္ဌမအာရုံက နှိုးဆော်နေခြင်းဖြစ်ပါမည။ သို့သော် ရေရေရာရာတော့မရှိပါ။ ကျွန်ုပ် ဤရွာကြီးနှင့် လိမ့်မည်။





မည်သို့ပတ်သက်နေကြောင်း တွေးခေါ်စဉ်းစားတော့လည်း အဖြေရှာမရပါ။

ကျွန်ုပ်တို့ လျှောက်လှမ်းလာခဲ့ကြစဉ် ရွာလယ်တွင် ခန့်ညားသော ရဝမ်အိမ်ပုံစံ နှစ်ထပ်အိမ်ကြီးရှေ့အရောက်တွင် အိုက်ပုက ...

"သူကြီး ... သူကြီး ..."

"ဟေ ... ဘယ်သူလဲ"

"နမ့်ခမ်းကြီးရွာက အိုက်ပုပါ ... သူကြီး"

"ဩော် ... အိုက်ပုကိုး။ မင်းမိဘတွေ နေကောင်းကြရဲ့လား။ ဩော် ... ဧည့်သည်တွေလည်း ပါလာတာကိုး။ ထိုင်ကြပါ။ သမီးရေ အခါးရည်လုပ်ပါကွယ်"

"အဘ ... ဒါ အကျဉ်းဦးစီးဌာနက ကျွန်တော့်ဆရာ အရာရှိတွေပါ။ ကောင်းမှုလုံဘုရားကြီး လာဖူးကြတာ။ ဒီမှာ ညအိပ်မယ်"

"အေး ... အေး ... အိပ်ပေါ့ ... အားနာစရာမရှိ။ အိုက်ပုက ဧည့်သည်တွေကိုညစာကျွေးဖို့ မင်းညီမကို ကူညီလိုက်ပါ"

"ဟုတ်ကဲ့ ... အဘ"

မကြာမီ အပေါ်ထပ်မှ မိန်းမပျိုတစ်ဦး အခါးရည်အိုးကို ငွေလင်ပန်းထဲထည့်၍ ဆင်းလာသည်။ ကျွန်ုပ်တို့ထိုင်နေသော ကွပ်ပျစ်ပေါ်သို့ ချပေးသည်။ လက်ဖက်သားဆီစိမ်ကလေးလည်း ပါသည်။ လွန်စွာနူးညံ့သော လက်ဖက်ဖြစ်ပုံရသည်။ ရဝမ်တိုင်းရင်းသားတို့ ရိုးရာဧည့်ခံခြင်းဖြစ်သည်။ နှမ်း၊ ပဲခြမ်းကြော်၊ ကြက်သွန်ကြော်တို့ လုံးဝမပါပါ။

ကျွန်ုပ်တို့မြည်းကြည့်တော့ အလွန်အရသာရှိသည်။ အခါးရည်ကလည်း တောင်ပေါ်လက်ဖက်ခြောက်ကောင်းခတ်ထား၍ မွှေးကြိုင်



www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့နေသည်။ လက်ဖက်ဆိမ်းနှင့် အခါးရည်ကျကျမှာ လွှန်စွာလိုက်ဖက်လှသည်။

"ဆရာတို့ ... ရေချိုးဦးမှာလား"

"မချိုးတော့ဘူး အိုက်ပူရေ ... နေ့လယ်က နမ့်ခမ်းရေတံခွန်မှာ ချိုးခဲ့ပြီးပြီပဲ"

"ဒီမှာ ရေချိုးရင်တော့ မြစ်ဆိပ်ဆင်းချိုးရမှာ ဆရာ။ ဒါဆို ကျွန်တော် ညီမလေးကို ညစာအတွက်ကူညီလိုက်ဦးမယ်"

"အေး ... အေး .. ငါတို့လည်း ရေမချိုးပေမဲ့ မြစ်ကမ်းနားဘက် လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ... ဆရာ"

ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်တို့ အိမ်ရှင်အဘကိုလည်းခွင့် ... တောင်းပြီး မြစ်ဆိပ်ဘက်သို့ ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ကြ ... ပါသည်။ တောင်စွယ်နေကွယ်သွားပြီဖြစ်သော်လည်း အလင်းရောင်ဖြ ... ဖြူက ကျန်ရှိနေသေးသည်။

မလိခမြစ်တစ်ဖက်ကမ်း ဘုရားလူကြီးဦးအိုက်မောင်းအား ဖမ်း ... ဆီးခေါ်ဆောင်သွားသည်ဟုဆိုသော တောတန်းတောင်ခြေဘက်သို့ ကျွန် ... ငေးမောကြည့်ရှုနေမိသည်။ မြစ်ကမ်းခြေ၌လည်း ရေချိုးသူများမ ... တော့ပါ။ နေဝင်ပြီဖြစ်၍ မလိခမြစ်ပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော ... လေပြေကလေးက အေးလှသည်။

"ဆရာ ... လေက အေး‌လာပြီ၊ ပြန်ကြစို့။ တော်ကြာ လေစိမ်း ... တိုက်လို့ အအေးမိပြီးဖျားနာနေဦးမယ်"

"ဪ ... အေး ... အေး ..."





ထောင်မှူးသံဒိုင်အတွက် ဒေသစိမ်း၊ နေရာစိမ်းဖြစ်သော်လည်း ကျွန်ုပ်အတွက် မစိမ်းပါ။ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့သော်လည်း ဤမြေဤရေ၊ ဤဒေသက ကျွန်ုပ်ဖြင့် မစိမ်းပါ။ လွန်စွာရင်းနှီးကျွမ်းဝင်သောဒေသအဖြစ်သာ ကျွန်ုပ်ခံယူမိသည်။ မြစ်ကမ်းပါးမှ သစ်ပုံကြီးကိုလည်း ကျွန်ုပ် မှတ်မိနေသလိုပင်။

မလိခမြစ်တစ်ဖက်ကမ်းမှ ကချင်တောင်တန်းကြီးများနှင့် တောအုပ်စိမ်းစိမ်းမှာလည်း ပုံစံပြောင်းလဲသွားခြင်းမရှိပါ။ ဤအတွေးကိုပင် ထပ်ခါတလဲလဲ ဝဲလည်စွာ တွေးနေမိသောကျွန်ုပ်၊ မိမိကိုယ်မိမိ ပြန်လည်စစ်ကြောမိတော့လည်း ရေရေရာရာ အဖြေရှာမရပါ။

ညစာစားကြတော့လည်း ရဝမ်လက်ရာ ထမင်းဝိုင်းပင်ဖြစ်သည်။ ဤကောင်းမှုလုံရွာကြီးမှာ အရက်သေစာမသောက်စားကြဘဲ ငါးပါးသီလမြဲကြကြောင်း သိရှိရသဖြင့် သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းသံဃာများမရှိသဖြင့် ဥပုသ်သီလမစောင့်နိုင်ကြသော်လည်း ငါးပါးသီလမြဲကြသည်မှာ လွန်စွာအံ့ဩဖွယ်ကောင်းသည်။ ကောင်းမှုလုံဟူသောရွာအမည်ဖြင့် လိုက်ဖက်အောင်ဘာသာရေးကိုကိုင်းရှိုင်းသော ရွာကြီးဖြစ်ပေသည်။

အိမ်ရှင်များကလည်း စကားနည်း၊ ကျွန်ုပ်တို့ကလည်း ခရီးပန်းလာကြသဖြင့် ထမင်းစား၊ အခါးရည်သောက်ကြပြီးသည်နှင့် အောက်ထပ်ကွပ်ပျစ်များအပေါ်တွင် တန်းစီ၍ အိပ်ရာဝင်ကြသည်။ ကျွန်ုပ်ကတော့ နိစ္စဓူဝပြုနေကျအတိုင်း ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး အမျှဝေပါသည်။

ခရီးပန်းလာသဖြင့် ခေါင်းချပြီးမကြာမီ အိပ်ပျော်သည်။ ကျွန်ုပ်အဖွဲ့များကတော့ စောစီးစွာ အိပ်ပျော်နေကြပြီဖြစ်သည်။ စိတ်စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလားမသိ။ အိပ်ပျော်သည်နှင့် အိပ်မက်မက်သည်။ အိပ်မက်ထဲ၌ ကျွန်ုပ် ကောင်းမှုလုံဘုရားကြီးအရှေ့ တန်ဆောင်းအတွင်း၌ တရားထိုင်နေသည်။ တရားအလုပ်ဖြုတ်ခါနီးတွင် ဘုရားရင်ပြင်တော်ပေါ်မှ စကားပြောသံများ နှင့် ခြေသံများကို ကြားရသည်။ ကျွန်ုပ် အလုပ်တရားပြီး၍ မေတ္တာပို့ အမျှဝေနေစဉ် …

''ဘုရားလူကြီးမဟုတ်လား။ ဒီအချိန်အထိ အေးအေးဆေး ဆေးမအိပ်သေးဘဲ ဘာလုပ်နေတာလဲ။ ထစမ်း …''

ကျွန်ုပ်ဘုရားတွင်ပူဇော်ထားသော အလင်းတိုင်များကလည်း ငြိမ်းပြီး လမိုက်ညဖြစ်သဖြင့် ဘုရားရင်ပြင်တော်ပေါ်တွင် ကြယ်ရောင် ဝိုးတဝါးသာရှိသဖြင့် ထိုလူများ၏မျက်နှာကို မမြင်နိုင်ပါ။ လမိုက်ည တွင် မျက်နှာများကို အဝတ်စည်းထားကြသေးသည်။

သေနတ်လက်နက်ကိုယ်စီ ကိုင်ထားကြ၍ လူကောင်းများတော့ မဖြစ်နိုင်သည်မှာသေချာပါသည်။ သို့သော် ကျွန်ုပ်မတုန်လှုပ်ပါ။ ကျွန်ုပ် တွင် ငွေကြေးအနည်းငယ်သာရှိသည်ကလွဲ၍ အဖိုးတန်ရတနာပစ္စည်း များလည်း မရှိပါ။

''ဘာအလိုရှိပါသလဲ … ညီငယ်တို့''

''အင်း … အဲဒီလိုမှပေါ့။ ဘုရားကြီးနဖူးသင်းကျစ်က ပတ္တမြား ကြီးကို လိုချင်တယ်''

''အဲဒါတော့ မပြစ်မှားကောင်းပါဘူး … ညီငယ်တို့။ အစ်ကို မှာရှိသမျှငွေကြေးကို အကုန်ယူသွားပါ။ အစ်ကိုစွန့်ကြဲပါ့မယ်''

''ခင်ဗျားမှာ ဘယ်လောက်ချမ်းသာလို့လဲ''

''ငွေလေးငါးထောင်ရှိပါတယ်။ အကုန်ယူသွားပါ''





''ဟား … ဟား … ဟား … မလောက်လေးမလောက် စား၊ ကျုပ်တို့က လေးငါးသိန်းလိုချင်တာ။ ကဲ … ကြာပါတယ်။ ဘုရား ကြီး နဖူးသင်းကျစ်တော်ကပတ္တမြားကြီးကို ဖြုတ်ပေးပါ။ ရော့ … ပေါက်သည်မှာ ခါးမြှောင်''

''ငါ့ညီတို့ … အစ်ကိုက ဗုဒ္ဓဘာသာဝင်၊ ဘုရားလူကြီးပါ။ ဘုရားကြီးနဲ့ပတ်သက်ရင် ကာယကံမပြောနဲ့၊ မနောကံနဲ့တောင် မပြစ် မှားမိပါဘူး''

''ဒါဆို … ခင်ဗျားကိုသတ်ပြီးမှ ပတ္တမြားကို ယူရတော့မှာ ပေါ့''

''သတ်ပါ …။ သဘောရှိသလို လုပ်ကြပါ''

ကျွန်ုပ် ခေါင်းငုံ့ပြီး လည်စင်းပေးလိုက်သည်။ လည်ပင်းတွင် ပတ်ထားသော မာဖလာတဘက်ကိုပင် ဖြေပေးလိုက်သေးသည်။

''ဘုရားလူကြီး … တယ်သတ္တိကောင်းနေပါလား။ စိတ်ချ သတ်မှာပါ။ အခုတော့ မဟုတ်သေးဘူး။ ကဲ … အိုက်ပေါင်နဲ့ အိုက် လှ … ဒီဟာကြီးကို မပြေးနိုင်အောင် ကြိုးတုပ်စမ်း။ အိုက်ခေါင်နဲ့ အိုက်နဲ့က ဘုရားပေါ်တက်ပြီး ပတ္တမြားကြီးကို ခွာယူပါ''

သူတို့ ပတ္တမြားကြီးကို ခွာပြီးနောက် လူဆိုးဗိုလ်အားပေးသည်။ ပြီးသည်နှင့် ကျွန်ုပ်အား ဒယဉ့်တိုက်ဆွဲပြီး ကမ်းနားမှ လှေပေါ်သို့ တင်သည်။ ထိုစဉ် ဘုရားရင်ပြင်တော်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များမြင်သဖြင့် တုံးမောင်းခေါက်၍ ရွာကို အချက်ပေးသည်။ ရွာလူများမီးတုတ်ကိုယ်စီဖြင့်ဝိုင်းလာကြစဉ် လူဆိုးများက သေနတ်ဖြင့် ပစ်သည်။

''ဒိုင်း … ဒိုင်း … ဒိုင်း …''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့လှေ မလိခမြစ်လယ်သို့ရောက်ရှိစဉ် ဆန်တက်လာသောလှေတစ်စီးက သေနတ်ဖြင့် ပစ်ပြန်သည်။

"ဒက် ... ဒက် ... ဒက် ... ဒက် ... ဒက် ..."

စက်သေနတ်ပါလာ၍ ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်လာသော ပထမ လူဆိုးအဖွဲ့၊ တစ်ဖက်ကမ်းပေါ်သို့ ကျွန်ုပ်အားဆွဲပြီး တက်ပြေးကြစဉ် ကျွန်ုပ်၏ပေါင်အားဝှး ကျည်ဆန်မှန်သည်။ လူဆိုးဗိုလ်လည်း နောက်ကျောမှ သေနတ်မှန်၍ ကျွန်ုပ်နှင့်အတူလဲစဉ် ကျန်လူဆိုး(၄)ဦး ခြေဦးတည့်ရာ တောတွင်းဝင်ရောက်ပြေးကြသည်။

ကျွန်ုပ်လည်း လူဆိုးဗိုလ်ထံမှ ပတ္တမြားကြီးကိုရှာဖွေပြီး လူဆိုးဗိုလ်၏ခါးမှ ဓားမြှောင်ကိုဖြုတ်ယူ၍ တရွတ်ဆွဲကာ တောတွင်းဝင်ပြေးခဲ့သည်။ နောက်မှ ဒုတိယလူဆိုးအဖွဲ့ကလည်း အဆက်မပြတ်ပစ်ခတ်၍ ကမ်းပေါ်တက်လာကြသည်။

ကျွန်ုပ်တို့ရှေ့တွင် တောင်မြင့်ကြီးကခံနေသည်။ ပေါင်ကျိုးနေသောကျွန်ုပ်အတွက် ပြေးစရာမြေမရှိတော့ပါ။ ထို့ကြောင့် မလိခကမ်းစပ်တစ်ဖက်ရှိ မဟော်ဂနီပင်ကြီး၏ပင်စည်နှင့် ငါးပေကွာသောနေရာတွင် ကျင်းတူး၍ ပတ္တမြားကြီးအားမြှုပ်နှံပြီး အနီးရှိ ကျောက်တုံးကြီးတစ်တုံးနှင့်ဖိ၍ အမှတ်အသားထားခဲ့သည်။

ပါလာသောဓားမြှောင်ကိုလည်း သစ်ပင်ပင်စည်ကြီးအတွင်းသို့ တစ်ဆုံးထိုးသွင်းပြီး ဝေးရာသို့ တရွတ်ဆွဲပြီးပြေးခဲ့သည်။ မကြာပါ။ လက်နှိပ်ဓာတ်မီးအရောင်နှင့် တောတိုးသံများကိုကြားရသဖြင့် ကျွန်ုပ်၏အကြံအစည်အတိုင်း ကျူး၍အော်ရတော့သည်။

"ကျွန်တော် ... ဘုရားလူကြီးပါ။ ကယ်ကြပါဦးဗျို့ ..."

စိတ်ကူးသစ်စာပေ



မကြာပါ။ လက်နက်ကိုင်များ ကျွန်ုပ်အနီးသို့ ရောက်ရှိလာကြပြီး ဓာတ်မီးဖြင့် ဝိုင်းထိုးထားကြသည်။

"သြော် ... ဘုရားလူကြီး ဦးအိုက်မောင်းကိုး။ ပတ္တမြားကြီးဘယ်မှာလဲ"

"ပတ္တမြားကြီးက လူဆိုးဗိုလ်ဆီမှာပါ"

ငါးပါးသီလ အစဉ်မြဲခဲ့တဲ့ ကျွန်ုပ် ဤတစ်ကြိမ်တော့ ကောင်းမှုလုံဘုရားကြီးအတွက် လိမ်နေပါတော့သည်။

"ဟော့ကောင်တွေ ... ရှာကြစမ်း။ ပြီးရင် ဘုရားလူကြီးကိုပါ ဝင့်ချွတ်ပေးလိုက်။ ဒီဒဏ်ရာကြီးနဲ့ မသက်မသာ ခံစားနေရတာ ငါမကြည့်ရက်ဘူး"

ကျွန်ုပ်၏ကိုယ်အနှံ့ ရှာကြသည်။ ကျွန်ုပ် လူဆိုးဗိုလ်၏နောက်ဆုံးစကားကြောင့် ဘဝကူးကောင်းစေရန် သရဏဂုံ(၃)ပါးကို ဆောက်တည်ပြီး၊ မရဏာနုဿတိကမ္မဋ္ဌာန်းတရားကို ပွားများနေမိသည်။ မကြာပါ။ သေနတ်သံ(၂)ချက်ကို အနီးကပ်ကြားရပြီး ကျွန်ုပ်လည်း ဘဝကူးပြောင်းခဲ့ရသည်။

"အား ... အား ... အား ..."

ကျွန်ုပ်၏အသံနက်ကြီးဖြင့် အော်သံကြောင့် နံဘေးတွင်အိပ်နေကြသော အိုက်ပုနှင့် သံဒိုင်က လှုပ်နိုးသည်။

"ဆရာ ... ဆရာ ... ဘာဖြစ်တာလဲ"

အိမ်အပေါ်ထပ်မှ သူကြီးမိသားစုလည်း မီးအိမ်ကိုင်၍ ဆင်းလာကြသည်။ ကျွန်ုပ်က ရေတစ်ခွက်သောက်ပြီး အိပ်မက်အကြောင်းကို ရှင်းပြရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဆရာထောင်မှူးက ဘုရားလူကြီးကိုက်မောင်း ဝင်စားတာကိုး" ဟု သူကြီးက မှတ်ချက်ချသည်။

ကျွန်ုပ်က ...

"သူကြီး ... မိုးလင်းရင် ရပ်ရွာလူကြီးတွေနဲ့ လှေ(၂)စီးစီစဉ်ပေးပါ။ ကျွန်တော် ပတ္တမြားကြီးမြှုပ်နှံထားတဲ့နေရာကို အသေအချာ မှတ်မိတယ်။ ပတ္တမြားကြီးကို ပြန်ရှာပြီး ကောင်းမှုလုံဘုရားကြီး နဖူးသင်းကျစ်တော်မှာ ပြန်လှူရမယ်"

"ကောင်းပါလေ့ ... ဆရာထောင်မှူးရယ်။ ဒါမှလည်း ကောင်းမှုလုံဘုရားကြီးမှာ ပြည့်စုံသွားတာပေါ့။ ပျောက်ဆုံးသွားတဲ့ ပတ္တမြားကြီးကိုသာပြန်ရရင် ကျွန်တော်တို့ရွာသူရွာသားတွေ ဘယ်လောက်များဝမ်းသာကြမလဲနော်။ ဒီတစ်ခါတော့ ပတ္တမြားကြီးလုံခြုံရေးကို အထူးကြပ်မတ်ရတော့မယ်"

✿ ✿ ✿

| ၄ |

❑

နောက်တစ်နေ့မနက်ခင်းတွင် ကျွန်ုပ်တို့လှေများဖြင့် ရွာသူရွာသားများကိုပါခေါ်ကာ မလိခမြစ်တစ်ဖက်ကမ်းသို့ကူးကြပြီး ကျွန်ုပ်၏အိပ်မက်ထဲမှ အမှတ်အသားအတိုင်း မဟော်ဂနီပင်ကြီးအား ရှာကြရာ ကမ်းစပ်နှင့်တစ်မိုင်ခန့်အကွာ တောင်ခြေရင်းတွင်တွေ့ရသည်။ ဒထ်ရာကြီးဖြင့် ကမ်းစပ်မှ တစ်မိုင်ခန့်ကွာဝေးသောနေရာအထိ ကျွန်ုပ်တရွတ်တိုက်ပြေးခဲ့နိုင်သည်ကိုလည်း လွန်စွာအံ့ဩမိပါသည်။

မဟော်ဂနီပင်ကြီး၏ အနောက်ဘက်ပင်စည်တွင် ကျွန်ုပ်ထိုးစိုက်ခဲ့သော ဓားမြှောင်မှာ နှစ်ပေါင်းများစွာကြာ၍ ပင်စည်လုံးပတ်ကြီးမားလာသောကြောင့် ဓားမြှောင်ကို ပင်စည်ကမျိုသွားသဖြင့် ဓားမြှောင်လက်ကိုင်ရိုးထိပ်ကလေးသာ ပေါ်နေတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပင်စည်ကြီးနှင့်(၅) ပေခန့်အကွာ ပတ္တမြားကြီးအားဖိထားခဲ့သောကျောက်တုံးကြီးအား ရှာဖွေဖြန်ရာ တစ်စွန်းတစ်စမြေပေါ်ပေါ်နေသော ကျောက်တုံးအစကို တွေ့ရသည်။ တူးဆွရှာဖွေရာ ကျောက်တုံးကြီးမြေပေါ်ပေါ်လာပြီး အောက်ခြေတွင်းထဲ၌ ကျွန်ုပ်၏မာဖလာတဘက်ဖြင့် ရစ်ပတ်၍မြှုပ်နှံထားသော ပတ္တမြားကြီးမှာ နီရဲတောက်ပြောင်စွာဖြင့် အဝတ်ဆွေးပုံကြားမှ ထွက်ပေါ်လာသည်။

ထိုစဉ် အိုက်ပုက ဖိထားသောကျောက်တုံးကြီးအား အသေအချာကိုင်ကြည့်ပြီး ကျောက်စိမ်းတုံးကြီးဟုအော်တော့သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဘာသာသာသနာအကျိုးအတွက် ပတ္တမြားကြီးသာမက ကောင်းမှုလုံ့ဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်နိုင်ရန်အတွက် ကျောက်စိမ်းတုံးကြီးကိုပါ ကောင်းမှုလုံ့ဘုရားကြီးသို့ လှူလိုက်ပါသည်။

မကြာမီ ထုံးသက်နှံးကပ်ထားသော ကောင်းမှုလုံ့ဘုရားကြီးမှာ လုံးတော်ပြည့်မှာ ရွှေရောင်တဝင်းဝင်းဖြင့် မလီခမြစ်ကမ်းဘေး၌ဖူးတွေ့ရတော့သည် ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော် မြိတ်ထောင်တွင်တာဝန်ကျစဉ်က အတွေ့အကြုံ ကလေးဖြစ်သည်။ ကျွန်တော်နှင့်အတူ ထောင်မှူး စာကလေးစိုးသိန်း (စာရေးဆရာစိုးဝေ)လည်း အတူတာဝန်ကျသည်။ ထိုစဉ်က မြိတ်ထောင်ပိုင်မှာ ဦးတင်မြင့်ကိုဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်နှင့်ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မြိတ်ဝန်ဆောင်စခန်း (ဘုတ်ပြင်းမြို့နယ်)သို့ စခန်းတွင် လူသေမှုအတွက် သွားရောက်စစ်ဆေးရသည်။ ဝါးလတ်ခေါ် စက်လှေဖြင့် သွားရခြင်းဖြစ်သည်။

ပွင့်လင်းရာသီချိန်တွင် ပြဿနာမရှိသော်လည်း မိုးရာသီတွင် စက်လှေစီးရသည်မှာ အလွန်အန္တရာယ်များပါသည်။ ကျွန်တော်တို့ ခရီး





ထွက်စဉ်က နိုဝင်ဘာလ ဆောင်းရာသီဖြစ်၍ ရေလမ်းခရီးမှာ သာယာနေပါသည်။ ဘင်္ဂလားပင်လယ်အတွင်း၌ လှိုင်းလေငြိမ်သက်နေပြီး လှိုင်းကြက်ခွပ်ကလေးများသာရှိသည်။

ရောက်စညနေတွင် စခန်းညှိဂေဟာတွင်နားကြပြီး ဖြစ်မှုတွင်ပါဝင်ပတ်သက်သော ဝန်ထမ်းများနှင့် သက်သေများအား ဆင့်ခေါ်စာထုတ်ပြီး ကျွန်တော်တို့ မြိတ်ဝန်ဆောင်စခန်းအား လေ့လာကြသည်။ ညတွင် စခန်းတာဝန်ခံက ညှိခံပြုစုပါသည်။

နောက်တစ်နေ့တွင် မနက် ၉ နာရီမှစတင်၍ မှုခင်းတွင် ပါဝင်ပတ်သက်သူများအား တစ်ဦးချင်းစစ်ဆေးပါသည်။ သက်သေများလည်းများသဖြင့် ထိုနေ့က စစ်ဆေးခြင်းအမှုမပြတ်ပါ။ သုံးရက်ခန့်စစ်ဆေးပြီးသော်လည်း သက်သေတချို့ ခရီးထွက်နေကြသဖြင့် ကျွန်တော်တို့အဖွဲ့ စောင့်ဆိုင်းအနားယူရင်း စခန်းအနီးရှိကျေးရွာများသို့ လည်ပတ်ကြသည်။

စခန်းအတွင်းသို့လည်း ဝင်ရောက်ပြီး ရဲဘက်များနှင့် တွေ့ဆုံစကားပြောကြသည်။ ဤစခန်းမှာ ကျောက်စခန်းဖြစ်၍ ကျောက်စမှုန်သားသောဒဏ်ရာဖြင့် အနာ[illegible]းဖြစ်နေကြသောရဲဘက်ဦးရေ အတော်များသည်။ ဆေးဝါးကလည်း မပြည့်စုံပါ။

ကျွန်တော့်အတွေ့ ကြုံဖြင့် ရဲဘက်များ၏ ဒဏ်ရာအနာများအား Sulpha လို ဆေးမျိုးဖြင့် အုန်းဆီ၊ နှမ်းဆီဖြင့် ဖျော်လိမ်းလျှင် ပျောက်ကင်းချမ်းသာကြမည်ဟု ယုံကြည်နေသည်။ သို့သော် စခန်းက မြို့နှင့် အလှမ်းဝေးသည်။ ဆေးက အလွန်ရှားသည်။ အုန်းဆီ၊ နှမ်းဆီက ဝေးလာဝေး။ ထို့ကြောင့် စေတနာနှင့် ဆန္ဒရှိသော်လည်း အခက်ကြုံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် စခန်းက ဝန်ထမ်းတစ်ဦးနှင့်အတူ အနီးအနား ရွာများသို့လမ်းလျှောက်ရင်း လေ့လာရေးခရီးထွက်ခဲ့သည်။ အုန်းနှံပင် ကျေးရွာဟူသော ရွာကြီးတစ်ရွာအရောက်တွင် ရွာလယ်အိမ်ကြီးတစ် အိမ်အနီး ကနားဖျင်းအမိုးအောက်၌ အဘိုးကြီးတစ်ဦး နွားတစ်ကောင် ဖြင့် ဆုံဆီကြိတ်နေသည်။ ကျွန်တော်တို့ မမြင်ဖူးသဖြင့် ဝင်ရောက်လေ့ လာကြသည်။

"အဘ ... ဘာဆီကြိတ်နေတာလဲ။ ပဲဆီလား၊ နှမ်းဆီလား"

"မဟုတ်၊ ကန့်ဇော်ဆီ"

"ကန့်ဇော်ဆီက ဘာလုပ်ရတာလဲ။ စားရတာလား"

"မဟုတ်။ သောက်ဆေး၊ လိမ်းဆေးပါ"

"ဘယ်လိုဆေးဖက် အသုံးဝင်သလဲ အဘ"

"သောက်ရင် ရောဂါကြီးအမျိုးမျိုးပျောက်တယ်။ လိမ်းရင်

လေငန်းရောဂါနဲ့ ထိခိုက်ဒဏ်ရာမှန်သမျှ အကုန်ပျောက်တယ်"

ကျွန်တော်လည်း ထိခိုက်ဒဏ်ရာပျောက်သည်ဆိုသဖြင့် စခန်း

မှ ရဲဘက်များကိုသတိရပြီး အနာလိမ်းရန်အတွက် ...

"အဘ ဆေးတစ်ပုလင်းလောက် ရောင်းပါလား။ ကျွန်တော်

တို့က မြိတ်ဝန်ဆောင်ရဲဘက်စခန်းကပါ။ စခန်းက ရဲဘက်တွေ ကျောက်စ

မှန်ပြီး အနာတွေဖြစ်နေကြလို့ ဆေးကုပေးချင်လို့ပါ။ ဆေးတစ်ပုလင်း

ဘယ်လောက်ရောင်းပါသလဲ အဘ"

"ဆေးတစ်ပုလင်း သုံးသောင်းကျပ်ပါ ဆရာ။ ဒါပေမဲ့ အခု

ရောင်းလို့မရဘူး။ အော်ဒါမှာထားလို့ ကြိတ်နေတာပါ။ ဆုံတစ်ခါကြိတ်

မှ သုံးလေးပုလင်းပဲရပါတယ်။ ဒီကန့်ဇော်ဆီက အစွမ်းထက်ပြီး ရှားပါး





တော့ အလွန်ဈေးကြီးပါတယ်။ လိုချင်တိုင်းလည်း မရနိုင်ပါဘူး။ အခု လိုဆောင်းရာသီမှ အသီးကသီးတာ။ ရင့်တဲ့အသီးမှလည်း ဆီကြိတ် လို့ရတယ်။ နွေရာသီရောက်ရင်တော့ အသီးတွေအရင့်မှန်ပြီး ခူးဆွတ်နိုင် တာမို့ အဲဒီအချိန်မှာတော့ ရနိုင်ပါတယ်"

"အဘ ... ကျွန်တော့်ကို ဘယ်လိုကူညီနိုင်မလဲ။ ရဲဘက် တွေရဲ့ ဒဏ်ရာအနာတွေ အခြေအနေဆိုးနေလို့ပါ။ တတ်နိုင်သမျှ ရောင်း ပေးပါ"

"ဒီလိုလုပ် ... ဆရာလေး။ ဆီကတော့ ရောင်းမရသေးဘူး။ ဆီကြိတ်ဖတ်တွေကိုတော့ ဆရာလေးကို လှူလိုက်ပါ့မယ်။ ရဲဘက်တွေ ရဲ့အနာတွေကို ဆီကြိတ်ဖတ်နဲ့ ပွတ်လူးခိုင်းပါ။ ဒဏ်ရာကြီးရင်တော့ အုံပြီး အဝတ်နဲ့စည်းခိုင်းပါ။ တစ်ည၊ နှစ်ညအုံတာနဲ့ပဲ ဒဏ်ရာကြီးတွေ ပျောက်ကင်းချမ်းသာစေပါတယ်။ အလွန်အစွမ်းထက်တဲ့ဆေးပါ"

"အဘ ... ဒီဆေးပင်က ရှားတယ်ဆိုတော့ ဘယ်လိုအပင် မျိုးလဲ။ ဆေးဖက်အသုံးတည့်တာတွေကိုလည်း ပြည့်ပြည့်စုံစုံ ပြောပြ ပါဦး"

"ခဏစောင့်ကြကွယ်။ အဘ ဒီတစ်ဆုံ ပြီးခါနီးပါပြီ။ ပြီးတော့ မှ ရေနွေးကြမ်းသောက်ရင်း အသေအချာပြောပြပါ့မယ်။

ကျွန်တော်တို့ အဘ ဆီကြိတ်နေသည်ကို စောင့်ကြည့်ရင်း ကနားဖျင်းအောက်မှ စားပွဲရှည်ကြီးအနီး ခုံတန်းလျားများပေါ်တွင် ထိုင် ကြသည်။ အဘက ဆီကြိတ်ပြီးသည်နှင့် ကျလာသောဆီများကို ဆီဆုံ အောက်ခြေဆီတံလျှောက်တွင် ခွက်ဖြင့်ခံရင်းမှ ပုလင်းများအထဲသို့ ပြောင်းထည့်နေသည်။ အဘပြောသလိုပင် ဆီတစ်ဆုံကြိတ်ရာ ဆီ ၄ ပုလင်းခန့်သာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အဘက ဆီကြိတ်ဖတ်များအား ဆုံထဲမှ နှန်းပြ
ကလော်ပြီး ပလတ်စတစ်အိတ်ထဲထည့်၍ ကျွန်တော်တို့ထံ ယူလာ
ပေးသည်။ ပြီးနောက် ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့သောက်ပြီး ခုံတ
ရှည်တွင် ဝင်ထိုင်၍ . . .

"ဆရာလေးတို့ အမရပူရ ဦးပိန်တံတားအနီးက မယ်ဇ
ပင်ကြီးတွေကိုရော မြင်ဖူးသလား"

"မြင်ဖူးပါတယ်အဘ။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်း သ
ဘဝတုန်းက အသုံးလုံးကျောင်းဆရာလုပ်ရင်း အဲဒီဘက်မှာ တာ
ကျခဲ့ဖူးပါတယ်"

"အေးလကွယ့် . . .။ ကန့်ဇော်ပင်ဆိုတာ မယ်ဇယ်ပင်
နွယ်ဝင်ပဲ။ အပင်ကြီးမျိုး။ ပင်စည်က လူကြီးသုံးလေးဖက်ရှိတယ်။ ဒါ
မဲ့ မျိုးတူပေမယ့်မူကွဲတယ်။ မဲဇယ်သီးဆီကိုကြိတ်ရင် စားဆီလို သုံး
ရတယ်။ မနံဘူး။ ဆေးဖက်အသုံးမဝင်ဘူး။ အသီးအများကြီးသီ
ဆီလည်း အများကြီးရတယ်။

တစ်ခါ အဲဒီမျိုးနွယ်ဝင် မဇ္ဈူသကနတ်ပန်းပင်ဆိုတာ ရှိ
တယ်။ သူကတော့ အပွင့်ကို ပျားရည်နဲ့စိမ်ပြီးစားရတာ။ အသက်
အားဆေးပေါ့။ အပင်ကြီးမျိုးပဲ။ အိမ်ခြံဝင်းထဲမှာ မစိုက်ကောင်း
မြင့်မြတ်လွန်းလို့ ခိုက်တတ်တယ်။ ဘုန်းတော်ကြီးကျောင်းတွေနဲ့ ဘု
ပရိဝုဏ်တွေမှာပဲ ရှေးလူကြီးတွေ စိုက်တတ်ကြတယ်။

"ကန့်ဇော်ပင်ကတော့ ပိုထူးခြားတယ်။ အိမ်ဝင်းထဲမှာ
ရင် အိမ်သားတွေသေတတ်တယ်။ အသီးအပွင့်ကလည်း နှစ်
၅၀၊ ၁၀၀ ကြာမှ သီးတတ်၊ ပွင့်တတ်တယ်။ အဘတို့ မြန်မ





မဟုတ်ဘူး။ ကုလားပြည်ကမျိုး။ ဒါကြောင့်မို့ ရှားတယ်။ အဘ လေ့လာဖူးသမျှ ကန့်ဇော်ပင်က ဘုတ်ပြင်းမြို့နယ်အတွင်းမှာပဲ ရှိတယ်။ တခြားမှာမရှိဘူး။ သူ့အသီးကို အခြောက်ခံပြီး အဆီကြိတ်ရင် ကြမ်းပိုးနံ့ရတယ်။

နှလုံး၊ သွေးတိုး၊ လေငန်း၊ ဆီးချိုရောဂါတွေအတွက် ပျောက်ကင်းချမ်းသာစေတတ်တယ်။ အသက်လည်း ရှည်စေတယ်။ သူ့အပင်ရိပ်မှာ ခိုလှုံတာတောင်မှ ရောဂါကင်းပြီး အသက်ရှည်စေတတ်တယ်။ အလွန်အဖိုးတန်ပြီး အစောင့်အရှောက်ကြီးတဲ့ ဆေးပင်ပေါ့ကွယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

□

ကျွန်တော် ရဲဘက်စခန်းသို့ ပြန်လာပြီး ညနေစောင်း ရဲဘက် များရေချိုးချိန်တွင် အနာဖြစ်သောရဲဘက်များအား ကန့်ဇော်ကြိတ်ဖတ် များလိုက်ဝေပြီး အနာများအား ပွတ်တိုက်စေသည်။ ဒဏ်ရာကြီးသူ များအား အုံစေ၍ အဝတ်ဖြင့်စည်းနှောင်စေသည်။

နောက်တစ်နေ့မနက် တန်းစီကွင်းတွင် ကျွန်တော်သွားရောက် ကြည့်ရှုရာ အနာများခြောက်သွားကြောင်း သတင်းပို့ကြသည်။ ရဲဘက် များမှာ မနက်ခင်း ရေချိုးချိန်မရ။ ညနေစောင်းမှသာ ရေတစ်ကြိမ် တည်းချိုးရရာ ဆေးလိမ်းထားသဖြင့် အနာအတွက် ရေမချိုးရသည် မှာ အတော်ပင်ဖြစ်သွားဟန်တူပေသည်။





ညနေစောင်း အလုပ်ဆင်းပြီးပြန်လာကြတော့ အနာများမှာ ခြောက်ပြီး ပျောက်ကင်းစပြုနေပြီ။ ထို့ကြောင့် ကျွန်တော် ကန့်ဇော်ဆီ ဖတ်ဖြင့် သုံးညဆက်တိုက်လိမ်းနိုင်းရာ ဒဏ်ရာအနာများ လုံးဝပျောက် ကင်းသွားကြတော့သည်။

ကျွန်တော်တို့ မြိတ်ဝန်ဆောင်စခန်းတွင် ဌာနဆိုင်ရာစုံစမ်း စစ်ဆေးမှုပြီး၍ အပြန်တွင် မြိတ်အကျဉ်းထောင်၏ တည်နေရာမြေပုံ အတွင်း အဆောက်အဦများပုံစံနှင့် အကျယ်အဝန်းနောက်ခံသမိုင်း ကြောင်းကို အမြန်ဆုံးရေးဆွဲပေးပို့ရန် အကျဉ်းဦးစီးဌာနရုံးချုပ်မှ စာ ရောက်နေသဖြင့် နေရာတကာ စပ်စုတတ်သောကျွန်တော့်အား ထောင် ပိုင်ကြီးမှ နိုင်းစေပြန်ပါသည်။

အမှန်တော့ အကျဉ်းထောင်တိုင်း၌ နောက်ခံ မြေပုံများ၊ ဂရန် များရှိသည်။ သို့သော် အရေးပေါ်လာတော့ ရှာမရတော့။ ကျွန်တော် ထောင်ပိုင်ကြီးရုံးခန်း၊ စတိုခန်းများတွင် မွှေနောက်နေအောင်ရှာရသည်။ မတွေ့ရပါ။ ထို့ကြောင့် အသစ်တစ်ဖန်တိုင်းတာရန် မြေစာရင်းဦးစီး ဌာနနှင့်ညှိနှိုင်းရပြီး ထောင်တွင်းအဆောက်အဦများ ပုံစံကြမ်းကိုလည်း ကျွန်တော်တတ်နိုင်သမျှလေ့လာပြီး ရေးဆွဲရတော့သည်။

တော်ပါသေးသည်။ မြိတ်မြို့ မြိတ်ကျွန်းစု ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှ ပုဒ်မ (၄၀၆) ဖြင့် ထောင်ဒဏ် (၅) နှစ်ကျခံရသော အကျဉ်းသားအင်ဂျင်နီယာ ကိုကျော်စိုးမှာ Civil ဘာသာရပ်ဖြင့် ဘွဲ့ရ ထားသဖြင့် ကျွန်တော့်အား အကူအညီပေးပါသည်။

ထို့ကြောင့် ပေကြိုးဝယ်ပြီး အဆောက်အဦများအား တိုင်း တာ၍ အတိအကျပုံစံထုတ်နိုင်သည်။ မြေပုံဆွဲနိုင်သည်။ ထောင်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများပြီးတော့လည်း ထောင်ပြင်ဧရိယာကို မြို့နယ်မြေတိုင်းအဖွဲ့ကို၊
ပါ ဖိတ်ကြားအကူအညီတောင်း၍ အတိအကျတိုင်းတွာပြီး ခြံစည်းရိုး
များအား ရဲဘက်ဘုတ်ဖြင့် ခြံစည်းရိုးအသစ်ခတ်သည်။

ယုံကြည်စိတ်ချရသဖြင့် အကျဉ်းသားအင်ဂျင်နီယာကိုကျော်
စိုးအား ကျွန်တော်က ထောင်ပိုင်ကြီးထံခွင့်တောင်း၍ အပြင်ထုတ်ပါ
သည်။ သူကလည်း လွန်စွာအားကိုးယုံကြည်စိတ်ချရပြီး ကျခံရန်ရက်
မှာလည်း တစ်နှစ်ခန့်ပင်မလိုတော့ပါ။

မြို့နယ်မြေစာရင်းအဖွဲ့နှင့် ထောင်ပြင်ဧရိယာအားတိုင်းတွာ
ပြီး အပြင်ဘုတ်ရဲဘက်အဖွဲ့က ခြံစည်းရိုးအသစ်များခတ်နေစဉ် တစ်နေ့
နေ့လယ်ခင်း၌ ကျွန်တော်တို့ထောင်အနောက်ဘက် အပြင်တောင်ယာ
ဘုတ်ခြံစည်းရိုးအနီး အရိပ်ကောင်းလှသော လူကြီးနှစ်ဖက်ခန့်ရှိ သစ်
ပင်ကြီးတစ်ပင်အောက်၌ အနားယူရင်း ရေနွေးကြမ်းသောက်နေကြစဉ်
အင်ဂျင်နီယာကိုကျော်စိုးက အရိပ်ကောင်းလှသော သစ်ပင်ကြီးအား
အသေအချာကြည့်၍ ....

"ဆရာ ... ဒီအပင်ကြီးဟာ ဆေးဖက်အလွန်အသုံးဝင်ပြီး
တန်ဖိုးရှိတဲ့ကန့်ဇော်ဆီပင်ကြီးပဲ။ ဘယ်လိုကနေဘယ်လို ဒီမှာလာပေါက်
နေသလဲ မသိဘူး။ အသီးကိုငှက်တွေချီလာပြီး အစေ့ကျလို့အပင်ပေါက်
တာဖြစ်မယ်။

ကန့်ဇော်ဆီပင်ကြီးဆို၍ ကျွန်တော် အလွန်ဝမ်းသာသွားမိပါ
သည်။ အပင်ကြီးကို အသေအချာကြည့်တော့ အပင်ကြီးကြီးသမျှ အရွက်
များက ချွန်ချွန်သေးသေးကလေးများဖြစ်သည်။ အရွက်ကြွေသော်လည်း
အမြဲစိမ်းအပင်ကြီးမျိုးဖြစ်သည်။





အသီးများက မရမ်းသီးလို တိုးလို့တွဲလောင်းသီးနေကြသည်။
အပြွတ်လိုက်လည်း မသီးပါ။ ကျွန်တော်ကလည်း ကန့်ဇော်ဆီကို လို
ချင်သဖြင့် အလွန်ဝမ်းသာမိသည်။ ရဲဘက်တစ်ဦးအားခေါ်၍ အသီး
ခူးနိုင်းရန် ကျွန်တော် ပြင်ဆင်နေစဉ် အင်ဂျင်နီယာကိုကျော်စိုးက တား
သည်။

"ဆရာ ... မခူးနဲ့ဦး။ အသီးတွေက နုသေးတယ်။ နောက်
ပြီး အသီးကို ဒီအတိုင်းမခူးရဘူး။ ခူးမယ့်လူက ရေမိုးချိုးပြီး သန့်ရှင်း
တဲ့အဝတ်ဝတ်၊ ကန်တော့ပွဲပေးပြီးခူးမှ ဆေးဖက်အာနိသင် ပိုရှိတာ။
အသီးက အဝါရောင်သန်းမှရင့်တာ။ မှည့်သွားရင်လည်း အဆီမထွက်
တော့ဘူး။ တစ်လလောက်စောင့်ပါဦး ... ဆရာရယ်"

"ကိုကျော်စိုးက ဒီအပင်ကြီးအကြောင်း အတော်သိနေပါလား။
ကိုကျော်စိုးရဲ့ အတွေ့အကြုံကလေးတွေကိုလည်း ပြောပြပါဦး"

"အင်း ... ဒီအပင်ကြီးအကြောင်းပြောရရင် အတော်စိတ်
ကောင်းစရာတွေလည်း ပြန်သတိရပြန်တာပေါ့ ဆရာရယ်။ ကျွန်တော်
 ဒီအပင်မျိုးကိုရင်းနှီးကျွမ်းဝင်တာက အကြောင်းရှိတယ်ဆရာ။ ကျွန်
တော်တို့အိမ်က ဘုတ်ပြင်းမြို့နယ်ထဲက ရွာသာယာရွာပဲ။ နာမည်နဲ့
လိုက်အောင် သာယာတယ်။ ရွာဟောင်းကြီးဖြစ်လို့ သစ်ကြီးဝါးကြီးနဲ့
တော်စည်ကားအေးချမ်းတယ်"

"ဒီအပင်ကြီးအကြောင်းပြောရရင်တော့ ကျွန်တော့်အဘေးက
ကလိုပ်စစ်သားကြီး၊ အိန္ဒိယ၊ ပန်ဂျပ်၊ မက်ဆိုပိုတေးမီးယား စစ်မြေ
အထိ သွားရောက်တာဝန်ထမ်းဆောင်ရတာ။ အဆင့်က ဆာဂျင်
ပေါ့။ သူ အိန္ဒိယက သဘော်နဲ့ပြန်အလာမှာ ကန့်ဇော်ပင်ပေါက်
ပင်ကို ပန်းအိုးနဲ့ပျိုးပြီး ယူလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ဖော်ပင်ပေါက်ကလေးကို အိမ်ရှေ့ခြံဝင်းထဲကမြေပေါ်မှာ အကျအနကျင်းတူးပြီး စိုက်တယ်။ နေ့စဉ်တယုတယနဲ့ ရေလောင်းတယ်။ အပင်ကလေးရှင်သန်လာပြီး တစ်လလောက်ကြာတော့ အဘေားအဖျား ရောဂါနဲ့ကွယ်လွန်တယ်။

စစ်သားဟောင်းကြီးဆိုတော့ တောတောင်အနှံ့သွားရောက်ပြီး စစ်တိုက်ရတာကြောင့် ငှက်ဖျားရောဂါနဲ့ကွယ်လွန်တယ်လို့ပဲ မှတ်ယူကြ ပါတယ်။

ကန့်ဖော်ပင်ကလေးဟာ ရေမြေ ရာသီဥတုကြိုက်လို့ထင်ပါ ရဲ့။ တစ်ဟုန်ထိုး ကြီးထွားသန်မာလာတယ်။ ၁၀ နှစ်သားလောက်မှာ အပင်က ထွာဆိုင်၊ အမြင့်က လူနှစ်ရပ်လောက် ဖြစ်လာတယ်။ အပင် ၁၀နှစ်သားအရွယ်မှာပဲ အဘိုး အဖျားရောဂါနဲ့ ဆုံးပြန်တယ်။ အဘိုးက လည်း မြိတ်ကျွန်းစုကို လှည့်လည်ပြီး ငှက်သိုက်ရှာနေသူဖြစ်လို့ ငှက်ဖျား ရောဂါလို့ပဲ ထင်ကြတယ်။

ကန့်ဖော်ပင် အနှစ် ၂၀ ရောက်လာတော့ ပင်စည်က လူကြီး တစ်ဖက်လောက်ဖြစ်လာပြီ။ ဒါပေမဲ့ အသီးမသီးသေးဘူး။ အပွင့်လည်း မပွင့်ဘူး။ အမြဲစိမ်းလန်းနေပြီး အရိပ်ကတော့အလွန်ကောင်းတယ်။ အဲ အနှစ် ၂၀ ပြည့်တဲ့နှစ်မှာပဲ အဖေအပြင်းဖျားတယ်။ အဖေက လယ် သမား။ တောထဲတောင်ထဲသွားတတ်တာ မဟုတ်ဘူး။ လယ်တော အိမ်ပဲ အကူးအသန်းရှိတာ။ အဖေဖျားတော့လည်း ငှက်ဖျားလို တ ပြီးဖျားတာ။ ဒါကြောင့် ငှက်ဖျားပျောက်ဆေးတွေ တိုက်ရတော့ ပေါ့။

အဲဒီအချိန်မှာ အမှတ်[illegible]သားကောင်းတဲ့ ကျွန်တော်တို့ အဘွ





က [illegible] နှစ်တစ်ကြိမ် ကန့်ဖော်ပင်စိုက်ကတည်းက အိမ်ထောင်ဦးစီး တွေ[illegible]အသုံးရတယ်ဆိုပြီး ကန့်ဖော်ပင်ကြီးကို မသင်္ကာဖြစ် နေတာ။

ကံကောင်းချင်တော့ ပုလေပုလိုင်းဘက်က မြန်မာသမားတော် ကြီးတစ်ဦး သူကြီးအိမ်[illegible]ရင်းနဲ့ သူကြီးကလိုက်ပို့လို့ ကျွန်တော်တို့ အိမ်ရောက်လာတယ်။

ဆရာကြီး ရောက်လာတာနဲ့ အိမ်ရှေ့ကကန့်ဖော်ပင်ကြီးကို မော့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ဆရာကြီးဟာ ကျွန် တော်တို့ အိမ်ပေါ်ရောက်တာနဲ့ ဘုရားခန်းမှာထိုင်ပြီး ဘုရားဝတ်ပြု တယ်။ ပြီးတာနဲ့ လူနာကို ဘုရားခန်းမှာပြောင်းရွှေ့နေရာချစေပြီး နဖူး ကိုစမ်းတယ်။ လက်က သွေးခုန်နှုန်းကိုစမ်းတယ်။

ပြီးတာနဲ့ ခွက်တစ်ခုတောင်းပြီး သူယူလာတဲ့ ပုလင်းလေးထဲ က ဆေးဆီကိုထည့်။ ရေနွေးနဲ့ဖျော်ပြီး လူနာကိုတိုက်တယ်။ အဲဒီဆေး ဆီနဲ့ပဲ ရင်ဘတ်ကိုလည်း လူးပေးတယ်။ လူနာဟာ မညည်းတော့ဘဲ အိပ်ပျော်သွားတယ်။

အဲဒီအချိန်မှာ ဆရာကြီးက ကန့်ဖော်ပင်ကြီးအကြောင်း ပြော တော့တာပဲ။

"ဒီမှာ အိမ်သားတွေအားလုံး နားထောင်ကြ။ အိမ်ရှေ့က ကန့်ဖော်ပင်ကြီးဟာ အလွန်အဖိုးတန်တဲ့ ရှားပါးဆေးပင်ကြီးပဲ။ ဒါပေမဲ့ မြင့်မြတ်လွန်းလို့ အိမ်ခြံဝင်းထဲမှာစိုက်ရင် ခိုက်တတ်တယ်။ အခု ကျုပ် တိုက်တဲ့ ဆေးဟာလည်း ဒီအပင်ကြီးမျိုးကရတဲ့ ကန့်ဖော်သီးအဆီပဲ။ လူနာ မကြာမီကောင်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အမှတ်အသားကောင်းတဲ့ ကျွန်တော်တို့အဘွား က ကန့်ဇော်ပင်စိုက်ကတည်းက အဘေးနဲ့အဘိုးသေဆုံးပြီး ... အဖေ အသည်းအသန်ဖြစ်တာကို ပြောပြတယ်။ ဆရာကြီးက ခေါင်းညိတ်ပြီး နားထောင်နေတယ်။

အဘွားက ...

''ဆရာကြီးရှင် ... ဒါဆို ကန့်ဇော်ပင်ကြီးကို ခုတ်ပစ်ရမှာ လားလို့မေးတော့ ဆရာကြီးက ...

''အဲဒီလိုမဟုတ်ဘူးလေ အစ်မကြီးရဲ့။ အဖိုးတန်အပင်ကြီး ကို ဘာကြောင့်ခုတ်ရမှာတုံး။ နှစ် ၅၀ ပြည့်ရင် အသီးသီးတော့မှာ။ အသီးသီးတာနဲ့ အစ်မကြီးတို့ကိုအကျိုးပြုတော့မှာ။ ကန့်ဇော်ဆီတစ် ပုလင်းကို ငွေကျပ်သုံးထောင်တန်တယ်။ (ယခင်က ဈေးဖြစ်သည်။ ယခု တစ်ပုလင်းပေါက်ဈေး သုံးသောင်းဖြစ်နေသော်လည်း ဆေးဆီစစ်စစ် ကို ရနိုင်ရန်မလွယ်ပေ)။

အသီးရင့်လို့ အဝါရောင်သမ်းလာမှ ခူးရတာ။ ခူးရင်လည်း ကန်တော့ပွဲပေးပြီး တက်ခူးမယ့်သူက ရေမိုးချိုး၊ အဝတ်အစားသန့် သန့် ဝတ်ရတယ်။ ဒါကြောင့် ဒီအဖိုးတန်ဆေးပင်ကြီးကို ခုတ်မပစ်ဘဲ အိမ်ခြံဝင်းထဲက အပြင်ရောက်အောင် အိမ်ခြံစည်းရိုးကို နောက်ဆုတ် ကာလိုက်တာ အကောင်းဆုံးပါပဲ''

လို့ အကြံပေးတယ်။

အဘွားကလည်း လယ်လုပ်သားတွေကို ချက်ချင်းခေါ်ပြီး ခြံ စည်းရိုးကို အသစ်ကာတယ်။ ဆေးဆရာကြီး သုံးရက်ကုပြီးတာနဲ့ အဖေ ဟာ ထူထူထောင်ထောင်ဖြစ်လာပြီး ကြက်သားဆန်ပြုတ်ကို သောက်





နိုင်လာတယ်။ တစ်ပတ်ကြာတော့ လူကောင်းပကတိဖြစ်သွားတယ်။ အဲဒါ ဟာ ကျွန်တော့်ကိုယ်တွေ့ပါပဲ ဆရာ''

''အခု အဲဒီပင်ကြီးက အသီးသီးပြီလားကိုကျော်စိုး''

''သီးပြီ ဆရာ။ နှစ် ၅၀ပြည့်တာနဲ့ သီးတာပဲ။ ကန့်ဇော်ဆီကို လာမှာထားတဲ့ ဆေးဆရာတွေများလွန်းလို့ ရောင်းမလောက်ပါဘဲ။ ကျွန် တော်တို့အိမ်က ကန့်ဇော်ဆီကို သက်ကြီးရွယ်အိုဆင်းရဲသားတွေကိုလည်း လှူပါတယ်။ ကန့်ဇော်ပင်ဆိုတာဟာ ရောဂါကြီးအမျိုးမျိုးကို ပျောက် ကင်းစေတဲ့အပြင် အသက်ရှည်ဆေးပင်လည်းဖြစ်တယ်။


အခုဆို ကျွန်တော့်အဘွားက အသက်တစ်ရာပြည့်တော့မယ်။ ကန့်ဇော်ဆီမှီဝဲလို့ ကျန်းမာရေးကောင်းတယ်။ သွားနိုင်လာနိုင်တုန်းပဲ။ အဖေနဲ့အမေကလည်း အသက် ၇၀ ပြည့်တော့မယ်။ လယ်ယာလုပ် ငန်းလုပ်နေတုန်းပဲ။ ဒါကြောင့် ဆရာလည်းစားပါ။ ဒီမြို့ထောင်ထဲ ကအပင်ကြီးက ကန့်ဇော်ဆီမရခင် ကျွန်တော်တို့အိမ်ကမှာပေးပါ့မယ်။ ဆရာ ကြိုပြီးစားနှင့်ပါ။ ကျန်းမာရေး အလွန်ကောင်းသွားပါလိမ့်မယ်''

ဟုတ်ပါသည်။ ရောဂါစုံပြီး ချူချာလှသောကျွန်တော် ကန့် ဇော်ဆီ မှန်မှန်မှီဝဲသဖြင့် ယခု အသက် ၆၀ ကျော်၊ ဌာနမှ အငြိမ်းစား ယူသည်အထိ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ကောင်းနေသဲ ဖြစ်ပါတော့ သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




❑

ကျွန်တော်တာဝန်ကျရာစခန်းကို မအူပင်ဆိပ်စခန်းခွဲဟုခေါ်သည်။ ပဲခူးရိုးမတောင်ခြေ၊ ကျွန်းတောကြီးအတွင်း၌ စခန်းကိုတည်ထားသည်။ တပ်ကြပ်ကြီးနှစ်ဦးနှင့် ဝန်ထမ်းအင်အား (၂၀)၊ ရဲဘက်ကြီး (၂၀၀)ခန့်သာရှိသည်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရန် စီမံကိန်းအတွက် တောရှင်းရသော တောတွင်းရဲဘက်စခန်းကလေးသာဖြစ်ပါသည်။

တနင်္ဂနွေရုံးပိတ်ရက်မှတစ်ပါး နေ့စဉ်အလုပ်ဆင်းရသည်။ အလုပ်ချိန်မှာ မနက်ခုနစ်နာရီမှ ညနေလေးနာရီအထိဖြစ်သည်။ ခြေကျဉ်းစခန်းမဟုတ်၍ ရဲဘက်ကြီးများမှာ လွတ်လပ်ပါသည်။ နေ့လယ်နေပူချိန်၊ ထမင်းစားနားချိန် နေ့လယ် (၁၂) နာရီမှ မွန်းလွဲနှစ်နာရီထိ နားချိန်ပေးထားရာ ထိုအချိန်အတွင်း တောဟင်းသီးဟင်းရွက်များ ရှာကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ထားပြီးသားသစ်လုံးများကြားတွင် ပုန်းခိုနေကြသည့် ဖွတ် ‌ဘက်၊ ယုန်၊ ပူးတို့ကို ရှာကြသည်။ ဤလိုနွေဦးပေါက်ရာသီတွင် မြေ တွင်းအောင်းနေတတ်သောပူးများကိုရတတ်ရာ အဆီများသဖြင့် ရဲဘက် များက မြေဝက်ဟုခေါ်သည့် မျက်စိမှေးမှေး၊ နီညိုရောင်ပူးများမှာ ဤ လိုရာသီတွင် အသီးအနှံပေါသဖြင့် အလှန်ဝကြသည်။ အသားကလည်း ဝက်သားလိုပင် အဆီတစ်ထပ်၊ အသားတစ်ထပ်ဖြစ်သည်။ လေးငါးဆယ် သားကြောင်ပေါက်လောက်နီးနီး အကောင်ကြီးသည်။

ဝန်ထမ်းများမှာ တစ်ပတ်တစ်ခါသာ မအူပင်ဆိပ်စခန်းမကြီး က ပေးပို့ကျွေးမွေးသောအမဲသားကို အားမထားကြတော့။ နေ့စဉ်ပင် တောတွင်းမှရရှိသော တောကောင်ငယ်သားများဖြင့် ရောင့်ရဲတင်းတိမ် နေကြသည်။ ဤရာသီတွင် ဇင်ပြွန်းသီး၊ တောသရက်သီးကင်း၊ ပုတက် စာ၊ ယင်းတိုက်ရွက်နု၊ ညောင်ချဉ်ဖူး၊ ခံတက်ရွက်နု၊ သခွပ်ပွင့်၊ ကြော လျှာသီး၊ ဖက်သန်းသီး၊ ဇီးဖြူသီးတို့က ပေါလှသည်။

တောတွင်းစခန်းဖြစ်သော်လည်း လမ်းနယ်မြေအတွက် သ ခုတ်ရသဖြင့် လမ်းဖြင့်နီးသော ကျွန်တော်တို့စခန်းကလေးမှာ သစ်ပ ကြီးများ ကျိုးတိုးကျဲတဲဖြင့် အလွန်ပူသည်။ စခန်းကိုတောင်ထန်းများ မိုးထားပြီး ကျွန်တော်နေသောရုံးခန်းရှေ့တွင် ကနဖျင်းအား ရေငန် ရွက်များတင်ထားသဖြင့် အပူအတော်သက်သာသည်။ ရုံးခန်းအတွင်း ရဲဘက်တပည့်များလုပ်ပေးသော ကြိမ်ပက်လက်ကုလားထိုင်နှင့် သဘာ ကျွန်းတုံးကြီးများအား စားပွဲလုပ်ထားသည်။

ယနေ့ တနင်္ဂနွေနေ့။ စခန်းအလုပ်နားရက်ဖြစ်သည်။ ဝန်ထ နှင့်ရဲဘက်များ နေ့လယ်စာအတွက် ပြင်ဆင်ချက်ပြုတ်နေကြသလို ကျွ

---

တ်ကူးသစ်စာပေ



တော်နှင့် မုဆိုးတပည့်ကျော်တင်သောင်းလည်း တောလည့်၍ သား ကောင်များ ရှာဖွေပစ်ခတ်ရန် ပြင်ဆင်နေကြသည်။ အချိန်မှာ မနက် ခုနစ်နာရီကျော်ခန့်သာ ရှိပါသေးသည်။

ကျွန်တော်တို့ စမ်းချောင်းကိုဖြတ်တော့ ချေခြေရာ လတ်လတ် ဆတ်ဆတ်နှစ်စုံကို တွေ့ရသဖြင့် ခြေရာခံ၍ လိုက်ခဲ့ကြသည်။ ကမ်းပါး ပေါ်တက်ပြီး လျှိုစောင်းရောက်တော့ တောဂွေးသီးပင်ကြီးအောက်တွင် ချေဖိုမနှစ်ကောင်မြူးထူးရင်း တောဂွေးသီးများ ကောက်စားနေကြသည်။ ကျွန်တော် ဖိုမမောင်နှံကို ပစ်လေ့မရှိပါ။ ထို့အပြင် ချေမက ဗိုက်ကြီး ကားကား ဇီးကြီးဖြင့်ဖြစ်သည်။

ထိုအချိန်တွင် လျှိုအောက်ရေငန်းတောအတွင်းမှ ညင်သာစွာ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသည်။ အသေအချာကြည့်မှ ချေမောင်နှံ ကိုချောင်းနေသော ကျားကြီးတစ်ကောင်ဖြစ်သည်။ ကျွန်တော်ကျားကို လည်း တောမုဆိုးချင်းဖြစ်၍ ရှောင်ပါသည်။ သို့သော် ဤတစ်ကြိမ်တွင် တော့ ရှောင်လွှဲ၍ရတော့ပါ။ ကျွန်တော်ရှောင်လျှင် ဇီးနှင့်ချေမကြီးအစား ခံရပေတော့မည်။

ထို့ကြောင့် အသင့်ယူဆောင်လာသော ဒသမ ၃၀၃ အမေရိကန် ရိုင်ဖယ်ကြီးဖြင့် တောကောင်ကျားကြီး၏ ရှေ့လက်အနောက်သို့ အသေ အချာချိန်သည်။ လျှိုစောင်းမှ အောက်ဘက်သို့ ချိန်ရသဖြင့် ပစ်ကွင်း ကလည်း အလွန်ကောင်းသည်။ မောင်းခလုတ်နှစ်ဆင့်အား တစ်ဆင့်စီ ညင်သာစွာ ဆွဲလိုက်တော့သည်။

"ဒိုင်း ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောက်ဒိုက်ယမ်းအား ပေါက်ကွဲသံမှာ တောတွင်းဟိန်းသွားသည်။ တောကောင်ကျားကြီး တစ်ပတ်ကျွမ်းပစ်သွားသလို ချေမောင်နှံလည်း သေနတ်သံကြောင့်ပြေးတော့သည်။

ကျွန်တော် အရေးပေါ်မောင်းတင်လိုက်ပြီး ပြောင်းရင်းထဲသို့ ကျည်ဆန်တစ်တောင့်ထိုးသွင်းပြီး အသင့်ပြင်ထားလိုက်သည်။ ကျားကြီးမှာ တဂူးဂူးတဂဲဂဲအော်မြည်၍ အနီးတွင်ရှိသောပျဉ်းမပင်မြစ်ကြီးကိုကိုက်၍ ငြိမ်သက်သွားသည်။

"ဟာ ... ဆရာ၊ ချေကို ပစ်တာမဟုတ်ဘူးလား"

"ချေမကြီးက ဗိုက်ကြီးနဲ့ကွ။ နောက်ပြီး မောင်နှံစုံ။ ငါဘယ်တော့မှမပစ်ဘူး"

"ကျွန်တော်က ကျားကြီးကို မမြင်ဘူးဆရာ။ ဆရာ မျက်စိအတော်လျင်တာပဲ"

"ကျားကိုလည်းမပစ်ချင်ပါဘူးကွာ။ တောမုဆိုးချင်းမို့ ငါအမြဲတမ်းရှောင်ပါတယ်။ ဒီတစ်ခါတော့ ချေမကြီးကိုကယ်လိုက်ပြီး ငါတို့အသက်အန္တရာယ်အတွက် ပစ်လိုက်ရတာ။ ချေကိုသာမဲပြီးပစ်ရင်တော့ အစာလုသလိုဖြစ်ပြီး ငါတို့ ကျားနဲ့ရင်ဆိုင်တွေ့ရတော့မှာပဲ"

"ကဲ ... မင်း စခန်းကိုပြန်။ ရှေ့တန်းတပ်ကြပ်ကြီး ဦးအေးမောင်ကို သတင်းပေးပို့ပြီး ကျားကြီးထမ်းဖို့ ရဲဘက်လေးယောက်လောက်ခေါ်ခဲ့။ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ။ ဒီမှာ ဆရာ့အတွက် ရေဘူးပါထားခဲ့ပါတယ်။ ဆရာတစ်ယောက်တည်း နေရဲရဲ့လား"





"ရပါတယ်ကွာ သွားပါ"

မုဆိုးတင်သောင်း စခန်းပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့သည်။ ရေဘူးကို မော့သောက်အပန်းဖြေနေစဉ် မျောက်အော်သံများကြားရပြီး တောငွေးပင်အောက်မှ ခြေသံတချွတ်ချွတ်ကြားရသည်။ ဤရာသီမှာ သစ်ရွက်ကြွေချိန် ခြေသံမလုံပါ။ ကျွန်တော်ကြည့်လိုက်တော့ တောငွေးပင်အောက်တွင် တောငွေးသီးလာစားနေသော ချေဖိုကြီးတစ်ကောင်ကို တွေ့ရသည်။ အကောင်မှာ အတော်ကြီးသည်။

ကျွန်တော် သေနတ်ဖြင့်ထိုးချိန်လိုက်ချိန်တွင် ချေဖိုကြီးက သန့်၍ခုန်သည်။ အောက်သို့ပြန်အကျ ကျွန်တော်မောင်းအဖြုတ်နှင့် ကွက်တိပင်။

"ဒိုင်း ... ဘုန်း ..."

ချေဖိုကြီးမှာ နေရာတွင်လဲသည်။ ကျွန်တော် စောင့်ကြည့်နေဉ် လျှိုတစ်ဖက်ထိပ်မှ ဦးထုပ်ဖြူဆောင်းထားသော မုဆိုးကြီးဦးလေးမာင်နှင့် အဖွဲ့ထွက်လာကြသည်။ ကျွန်တော်ကလည်း မတ်တတ်ရပ်၍တ်ဆက်လိုက်ပါသည်။

"ဟေး ... ဦးလေးမောင်၊ ဆောရီးပဲဗျို့။ ကျွန်တော်က ခင်ဗျားချောင်းနေမှန်း မသိလိုက်ဘူး"

"ရတယ် ဆရာသိန်းဝင်းရေ၊ ကျွန်တော်တို့ဘက်က ခြေသံလုံလို့ ချေကထခုန်ပြီးပြေးတော့မှာ။ ဆရာသိန်းဝင်းလက်ဦးသွားလို့ာ။ ဟောဒီမှာလည်း ကျားကြီးတစ်ကောင်ပါလား။ ဆရာပစ်ထားပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေးမောင်ရေ့။ မမျှော်လင့်ဘဲ ဒီနေ့နှစ်ကောင် တောင်ရတာ။ မုဆိုးကြီးတို့အဖွဲ့ ကျွန်တော့်စခန်းလိုက်ခဲ့ပါ။ ကျွန်တော် ပြုစုပါ့မယ်"

"ကောင်းလှပေါ့ဗျာ။ ကျွန်တော်တို့က ကျားပစ်ထွက်လာတာ။ ပဲခူးမှာ ကျားဝယ်မယ့်တရုတ်တွေ ရောက်နေတယ်။ ဈေးကောင်းပေး ဝယ်လိမ့်မယ်။ ဆရာသိန်းဝင်းက ရောင်းမှာလား"

"ကျားသား စားလို့မှမကောင်းဘဲဗျာ။ ဈေးကောင်းရရင် ရောင်းတာပေါ့။ ဒါနဲ့ ဘယ်လိုသယ်ကြမှာလဲ"

"ဇီးတောကြီးရွာမှာ ကျွန်တော်တို့ စက်လှေပါတယ် ဆရာသိန်း ဝင်းရဲ့၊ ဝေးတာမှမဟုတ်ဘဲ။ စက်လှေနဲ့ ပဲခူးသယ်သွားပြီး ညနေစောင် ပြန်လာနိုင်ပါတယ်"

"ကဲ ... အဲဒါဆိုရင်လည်း ဦးလေးမောင် သဘောအတိုင်းပဲ ကျွန်တော်တို့စခန်းက စောင့်နေမယ်။ ညစခန်းမှာပဲ ညအိပ်ကြပါ။ လိုအ တာတွေလည်း ဝယ်ခဲ့ကြပေါ့ဗျာ"

"ကျွန်တော် ပဲခူးလိုက်မသွားဘူး ဆရာသိန်းဝင်းရဲ့။ မွန် အာလူးတို့ကိုပဲ လွှတ်လိုက်မယ်။ ကျွန်တော်နဲ့ ဦးသိန်းလွင်၊ အဘကော တို့က ဒီနေ့တော့ပင်ပန်းပြီ။ ဆရာ့စခန်းမှာပဲ အနားယူရင်း စောင့်နေ မယ်"

"ကောင်းပါတယ် ဦးလေးမောင်။ ကျွန်တော်တို့စခန်းက အ နာစရာမရှိပါဘူး။ လွတ်လပ်ပါတယ်။ ငုံးခန်းကလည်း ကျယ်ပါတယ်"

ထိုအချိန်တွင် စခန်းသို့ကျားသေထမ်းရန် ရဲဘက်ပြန်ခေါ်သေ မုဆိုးတင်သောင်းတို့အဖွဲ့ ပြန်ရောက်လာပါသည်။





"ဟာ ... ဆရာ၊ ကျားက ဘယ်လို ချေဖြစ်သွားတာလဲ"

"ကျားသားစားမကောင်းလို့ မုဆိုးကြီး ဦးလေးမောင်တို့အဖွဲ့ ပဲခူးသွားရောင်းဖို့ သယ်သွားပြီ။ ချေကိုသာ စခန်းမြန်မြန်သယ်သွား ပြီး ချက်ကြပြုတ်ကြ၊ ကြော်လှော်ကြပေရော့။ ဒီက မုဆိုးကြီးတို့အဖွဲ့ ဒီည စခန်းမှာညအိပ်ကြလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ"

တင်သောင်းတို့အဖွဲ့က ချေသေကြီးကိုထမ်းသွားသဖြင့် ကျွန်တော်တို့အဖွဲ့က သေနတ်ထမ်းကာ စကားတပြောပြောနှင့် လိုက်ခဲ့ကြသည်။ စခန်းအနီးရောက်တော့ ဆူဆူညံညံအသံများကြားရသဖြင့် အရေးပေါ်ပြီအထင်ဖြင့် ကျွန်တော်တို့သည် သေနတ်များအားမောင်းတင်ကာ အပြေးအလွှားချီတက်ခဲ့ကြသည်။

"လိုက်ဟ၊ ဖမ်းဟ၊ ဆီးဟ"

ဟူသောအသံများက စခန်းဘက်တွင်ဆူညံနေသည်။ ကျွန်တော်တို့ စခန်းဝင်းအတွင်းရောက်မှ ရဲဘက်ဘားတိုက်ဆူးကြိုးဝင်းနှင့် တောင်ယာကိုကာရံထားသည့် ဝါးစည်းရိုးအတွင်း မုန်လာပင်များကို ဝင်စားနေသည့်ချေတစ်ကောင်အား ဝန်ထမ်းနှင့် ရဲဘက်များဝိုင်းလိုက် နေကြခြင်းဖြစ်သည်။

ချေကလည်း နှစ်ဖက်ညှပ်ဝိုင်းထားသဖြင့် ထွက်ပေါက်မရှိ။ ါးစည်းရိုးဝင်းကို ပတ်ချာလှည့်ပြေးလွှားနေသည်။ တောရိုင်းတိရစ္ဆာန် ြစ်၍ ဝင်၍လည်းမဖမ်းရဲကြ။ ထို့ကြောင့် ကျွန်တော်ကပင် ဝန်ထမ်း င့် ရဲဘက်များအားရှင်းပြီး လူရှင်းရာ စခန်းအနောက်ဘက်သို့ မောင်း စပြီး ပစ်ခတ်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

ချေမှာ ချေဖိုကြီးပင် ဖြစ်သည်။ အစောပိုင်းက ကျွန်တော် ပစ်ခဲ့သောချေဖိုကြီးနှင့် မတိမ်းမယိမ်း အရွယ်ခန့်ရှိသည်။ ကျွန်တော် က ဝန်ထမ်းနှင့်ရဲဘက်များစားသုံးရန် နောက်တန်းတပ်ကြပ်ဦးအိုက်ရှိ အား လွှဲပြောင်းပေးလိုက်သဖြင့် ရဲဘက်များတပေါ်ပေါ်ဖြင့် အလွန် ပျော်သွားကြသည်။

ကျွန်တော် ညွှန်သည်များဖြင့် ရုံးခန်းအတွင်းနားနေကြစဉ် ဘပည့်ကျော် မုဆိုးတင်သောင်းက ကျွန်တော်ပစ်လာသော ချေကိုဖျက် နေပြီး ကလီစာဟင်းများကိုလည်း အရေးပေါ်စားသုံးရန် ချက်နေပါ သည်။

ထိုစဉ် ရှေ့တန်းတပ်ကြပ်ကြီး ဦးအေးမောင် ကျွန်တော့်အနား ရောက်လာပြီး ..

"ဆရာထောင်မှူး ... ကျွန်တော်ပြောစရာရှိလို့ပါ"

ကျွန်တော်ထလိုက်သွားတော့ ရုံးခန်းအနောက်ဘက်ကျွန်းပင် ကြီးအောက်သို့ ခေါ်သွားပြီး ...

"ဆရာ ... စခန်းထဲကို တောကောင်ဝင်တာ မကောင်းဘူး ဆရာ။ စခန်းပျက်တတ်တယ်။ ကျွန်တော်က လက်တွေ့ကြုံခဲ့ရတာ ဝါးယားကုန်းစခန်းမှာ ကျွန်တော်တာဝန်ကျတုန်းက အခုလိုပဲ တောထဲ က ချေတစ်ကောင်ဝင်ဖူးတယ်။ ရဲဘက်နဲ့ဝန်ထမ်းတွေ ဝိုင်းရိုက်ပြီး ဖမ်း လိုက်ကြတယ်။

မကြာဘူး ... စခန်းကို ငြှပ်ဆိုးဝင်တော့တာပဲ။ ငှက်ဖျား ရောဂါနဲ့ ဝမ်းရောဂါဖြစ်ပြီး စခန်းပျက်တယ်။ ဝန်ထမ်းရော၊ ရဲဘက်ပ





ဆုံးပါးသူမနည်းဘူး။ ဒါကြောင့် ကျွန်တော် ဒီစခန်းပြောင်းလာရတာ။ ကိုယ်တွေ့ပါ ဆရာ။ ဆရာ့ကို သတိပေးတာပါ"

"တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ဆရာကြီးရယ်။ ဒါ ပေမဲ့ ဆရာကြီးကိုယ်တွေ့မို့ ကျွန်တော်ဆရာကြီးပြောစကားကို လေး စားပါတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဝန်ထမ်းနဲ့ရဲဘက် တွေကို ရေကိုကျိုချက်ပြီးမှ သောက်ခိုင်းပါ။ စနေနေ့ညနေတိုင်း ငှက်ဖျား ရောဂါကာကွယ်ဆေးကို ဖိဖိစီးစီးတိုက်ပါ။ ဒါဆို ကာကွယ်ရာရောက် ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွနတော်က လက်တွေ့သမားဖြစ်၍ လူကြီးစကားကိုလည်း မပယ်ဘဲ မယုတ်မလွန်ပြောလိုက်တော့ တပ်ကြပ်ကြီးဦးအေးမောင် ကျေ နပ်သွားဟန်တူပါသည်။ ကျွန်တော်တို့စခန်းမှာ ရှေးကပြောခဲ့သလို တော တွင်းစခန်းဖြစ်ပြီး ရာသီပေါ်သီးနှံများစိုက်ပျိုးထားသဖြင့် စိမ်းစိမ်းစိုစို မြင်ရသော့တောကောင်က ဝင်စားဟန်တူပါသည်။

တောတွင်းကစခန်းသို့ တောကောင်ဝင်သည်ဆိုသည်မှာ ထူး ဆန်းလှသည်တော့မဟုတ်ပါ။ သို့သော် စခန်းအတွင်းလူအများရှေ့ နေ့ ခင်းကြောင်တောင်ကြီး တောကောင်ဝင်သည်မှာတော့ အံ့သြစရာပင်။

ညနေစောင်းတွင် ကျွန်တော် ညွှန်သည်မုဆိုးကြီးတို့အဖွဲ့အား ညနေစာပြင်ဆင်နေစဉ် မုဆိုးကြီးဦးလေးမောင်၏ တပည့်များဖြစ်ကြ သော မွန်နှင့်အာလူးတို့ ပြန်ရောက်လာကြသည်။ စားစရာများနှင့် အရက် ပုလင်းများလည်း တပွေ့တပိုက်ကြီး ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာထောင်မှူး ... ကျားရောင်းရငွေ တစ်သိန်းခွဲရတယ်။ တစ်သောင်းဖိုးတော့ ကျွန်တော်တို့ စားသောက်ဖို့ မြည်းစရာနဲ့ အရက်တွေ ဝယ်လာခဲ့တယ်။ ဟောဒီမှာ တစ်သိန်းလေးသောင်းပါ။ ဒါတောင် စက်လှေခကို ကျားဝယ်တဲ့တရုတ်က ပေးသွားတာ"

"အေးဗျာ ... ကျေးဇူးပဲ။ ကျွန်တော် တစ်သိန်းပဲ ယူပါ့မယ်။ ကျန်တဲ့လေးသောင်းကို မုဆိုးကြီးဦးလေးမောင်တို့ပဲ ဝေယူကြပါ"

"ဆရာဦးလေးမောင်ရေ ... ဒီတစ်ခါတော့ ဝက်ဝံသည်းခြေ နဲ့ စပါးကြီးသည်းခြေ လိုချင်သတဲ့။ ကြီးရင်ကြီးသလို ဈေးကောင်းပေး မယ် ပြောပါတယ်"

"အေး ... အေး ... ရှာကြတာပေါ့။ ဝက်ဝံနဲ့ စပါးကြီးက ကျားလောက်မခက်ပါဘူး။ နတ်ရေတွင်းဘက်မှာ ပေါပါတယ်။ မင်းတို့ လည်း တောတက်သူတွေဆီက နားစွင့်ထားကြပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးလေး"

ထိုညက စားသောက်ရင်း စကားကောင်းနေကြရာ ညဉ့်သန် ခေါင် (၁၂) နာရီထိုးပြီးမှ ကျွန်တော်တို့ဝိုင်းသိမ်းပြီး အိပ်ရာဝင်ကြ သည်။ ရိုးမတောင်ကြောဘက်မှ တဝေါင်းဝေါင်းနှင့် ချေတစ်ကော ဟောက်နေသည်။

ကျွန်တော်တို့အဖွဲ့လည်း ပင်ပန်းပြီး ဗိုက်ကားအောင်စ သောက်ထားကြ၍ မိုးလင်းမှတစ်ရေးနိုးတော့သည်။ မုဆိုးကြီးဦးလေ မောင်တို့အဖွဲ့မှာ ကျွန်တော်မင်းကုန်းစခန်းတွင် တာဝန်ကျစဉ်ကတည် က လက်တွဲ၍ အမဲလိုက်ခဲ့သောအဖွဲ့ဖြစ်၍ အလွန်ရင်းနှီးလှသည်။ ကြောင့်လည်း မနက်စာစားပြီးမှ အေးဆေးစွာပြန်ကြသည်။

---

စိတ်ကူးသစ်စာပေ



BOOK RENTAL HOUSE

တစ်ပတ်ခန့်ကြာတော့ မင်းကုန်းကွပ်ကဲမှုစခန်းမှ ရုံးတွင်း အမိန့်စာတစ်စောင် ရောက်လာသည်။ ကျွန်တော့်အား လက်ရှိတာဝန် ထမ်းဆောင်နေရသော မအူပင်ဆိပ်စခန်းခွဲကိုဖျက်သိမ်းပြီး ရှေ့တန်း စခန်းမကြီးဖြစ်သော စခန်းမကြီး အမှတ် (၉)သို့ ပူးပေါင်းပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန်ဖြစ်ပေသည်။

တိုက်ဆိုင်မှုလော၊ မလိုအပ်တော့၍ စခန်းဖျက်ခြင်းလော၊ ကျွန် တော့်စခန်းမှ ရှေ့တန်းတပ်ကြပ်ကြီးဦးအေးမောင်၏ နိမိတ်ဖတ်ခြင်း မှန်ကန်သောကြောင့်လားဟုတော့ မသိပါ။ စခန်းအတွင်း တောကောင် ချေဝင်၍ တစ်ပတ်အတွင်း စခန်းဖျက်သိမ်း၍ ပြောင်းရွှေ့ရခြင်းကတော့ အမှန်ပင် ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

စခန်းအတွင်း တောကောင်ဝင်လျှင် စခန်းပျက်တတ်သည် ဟူသောအယူအဆမှာ ကျွန်တော်တို့လောကတွင် ရှိသည်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဖောက်စဉ်က ၁၉၈၀ ခုနှစ်ခန့်တွင် ဝါးယားကန်းစခန်းအတွင်း ဂျီ (ချေ)ဝင်၍ စခန်းအတွင်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ ငှက်ဖျားနှင့်ဝမ်းရောဂါဖြစ်ကြ၍ သေကြေပျက်စီးသောကြောင့် စခန်းဖျက်သိမ်းခဲ့ရဖူးသည်။ ရေမသန့်၍လည်းကောင်း၊ ငှက်ဖျားခြင်ပေါသောကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။

သို့သော် ကျွန်တော်တာပန်ကျသော မအူပင်ဆိပ်၊ စခန်းခွဲ (၁)အတွင်းချေဝင်တော့ ရောဂါကြောင့် စခန်းမပျက်ပါ။ သို့သော် အထ... အမိန့်နှင့် စခန်းကိုဖျက်ပြီး ၃ မိုင်ခန့်ဝေးသော လျှော်တုန်းစခန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောင်းရွှေ့ရသည်ကတော့ ကိုယ်တွေ့ဖြစ်ပါသည်။ တိုက်ဆိုင်မှုလား၊ စခန်းအတွင်း တောကောင်ဝင်သည့် နိမိတ်ကြောင့်လား ဆိုသည်ကိုတော့ ကျွန်တော် ယခုချိန်အထိ ကွဲကွဲပြားပြားခြားနားပြီး မသိသေးပါ။ လူကြီးများကတော့ အယူအစွဲရှိကြသည်။

လျှော်တုန်းစခန်းပြောင်းရတော့ ကျွန်တော်က စခန်းတာဝန်ခံဖြစ်သည်။ လျှော်တုန်းစခန်းတာဝန်ခံ ထောင်မှူးကြီး ဦးကျော်သာ ငှက်ဖျားဖြစ်၍ ပဲခူးဆေးရုံကြီးသို့တင်ရသဖြင့် ကျွန်တော့်အား စခန်းတာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန်ပေးခြင်းဖြစ်သည်။

လျှော်တုန်းစခန်းမှာ လျှော်တုန်းချောင်းခုံဘေး ကျွန်းတောကြီးအတွင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အရိပ်အာဝါသကောင်း၍ အေးချမ်းသော်လည်း ချောင်းရေနှင့်နီးသဖြင့် အလွန်ခြင်ပေါပြီး ငှက်ဖျားထူထပ်သည်။

ယခင်ကတော့ မုဆိုးများပင် ငှက်ဖျားရောဂါဖြင့် သေကြေသဖြင့် လူသေမျှောင်စခန်းဟုပင် ခေါ်တွင်ခဲ့ဖူးကြောင်း ကြားသိရသည်။ စခန်းဖွင့်စက ကျားပေါသဖြင့် ကျားသိုက်စခန်းဟုလည်း ခေါ်တွင်ခဲ့သေးသည်။ စခန်းအမည်အရ ကောင်းသောနိမိတ်မရှိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

✿ ✿ ✿

[ ၂ ]

❑

စခန်းရောက်တော့လည်း အနားရသည်မဟုတ်။ ပြောင်းရွှေ့ဝန်ထမ်းနှင့်ရဲဘက်များအား နေရာချထားပြီး ကျွေးမွေးရေးစီစဉ်ရသည်။ ပြီးနောက် စခန်းမှ ဦး၊ ရေး၊ ထောက် လုပ်ငန်းတာဝန်များကို ယာယီတာဝန်ခံထောင်မှူး ဦးအုန်းဖော်ထံမှ လွှဲပြောင်းယူရတော့သည်။ 'ရေး' တာဝန်က ဝန်ထမ်းကိစ္စဖြစ်၍ မကြာပါ။ 'ထောက်' တာဝန်ကို ဦးအုန်းဖော်အားပေးထားသဖြင့် လွှဲပြောင်းရန်မလို။ လက်ကျန်ပစ္စည်းစစ်ဆေးရုံသာ။

'ဦး' တာဝန်ကတော့ ရဲဘက်များကိစ္စဖြစ်သဖြင့် ဝရမ်းများစစ်ဆေးရသည်ဖြစ်၍ အချိန်အလွန်ကုန်သည်။ ထောင်ကျဝရမ်းများတွင် မှားယွင်းမှုရှိပါက ငွေစိုက်လျော်၍မရ။ ရာထူးချ၊ အလုပ်ပြုတ်၊ ထောင်ပင်ကျနိုင်သေးသည်။ ထို့ကြောင့် ညနေပိုင်းကစ၍ လွှဲပြောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများမှာ ည ၉ နာရီထိုးခါနီးမှ ခေတ္တရပ်နား၍ ညစာစားရန် ပြင်ဆင်ကြရသည်။

နားချိန်တွင် ထောက်ထောင်မှူး ဦးအုန်းဖော်က ...

"ဆရာ ... ကျွန်တော်တို့စခန်းမှာ ထူးဆန်းတာတွေရှိတယ်။ အခြောက်အလှန့်ကလည်း အလွန်ကြီးတယ်။ ဆရာ သရဲတစ္ဆေကြောက်တတ်သလား"

"ကျွန်တော် အင်းစိန်ထောင်က လာတာပါ။ တောစခန်းလည်း အတော်စုံနေပါပြီ။ တစ်ခါမှတော့ သရဲတစ္ဆေဆိုတာကို အကောင်အထည် မမြင်ဖူးသေးဘူး"

"ဒီစခန်းမှာတော့ ရှိတယ်ဆရာ။ ဆရာ တစ်နေ့ကြုံပါလိမ့်မယ်။ စခန်းကဆေးမှူးဆိုရင် သူ့ အိပ်နေတုန်းအိပ်မက်လိုလို၊ တကယ်လိုလို ငှက်ဖျားရောဂါနဲ့ သေဆုံးသွားကြတဲ့ ရဲဘက်တွေက ဆေးလာလာ တောင်းကြလို့ ကြောက်လန့်ပြီး ထွက်ကိုပြေးသွားတာ။

အခုဆို ဒီစခန်းမှာ ဆေးမှူးမရှိဘူး။ ကျွန်တော်နဲ့ ရဲဘက်ထဲက ဆေးနားလည်သူတစ်ဦးတို့ပဲ ဆေးပေးနေရတာ။ ဆေးဝါးကလည်း မစုံတော့ဘူး ဆရာရေ။ တကယ်ရောဂါဖြစ်လာရင် မလွယ်ဘူး။ ဒီကနေ မင်းကုန်းစခန်းဆေးရုံကလည်း အဝေးကြီး။ ကားမရှိဘူး။ အထမ်းနဲ့ သယ်ရတာ။ ပဲခူးဆေးရုံကလည်း ပဲခူးချောင်းကတစ်ဆင့် စက်လှေနဲ့ သွားရတာ။ ဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။

ဒါကြောင့် ဆရာ ကျန်းမာရေးကိုတော့ အထူးဂရုစိုက်ပါ။ ထောင်မှူးကြီးဦးကျော်သာတုန်းကလည်း ကံကောင်းလို့ အချိန်မီရုံကလေး ပဲခူးဆေးရုံရောက်တာ။ သူကတော့ အလုပ်ထွက်ရင်ထွက်ရပါစေ ပြန်မလာတော့ဘူးလို့ ပြောသွားခဲ့တာပဲ"





"ငှက်ဖျားဆေးကြိုတင်ကာကွယ်ပြီး မသောက်ဘူးလား"

"သောက်တာပေါ့ ဆရာရယ်။ ဘယ်နေပါ့မလဲ။ အပတ်စဉ် စနေနေ့တိုင်း ဝန်ထမ်း၊ ရဲဘက် အကုန်သောက်ကြရတယ်။ ဖျားတော့ မယ်ထင်တာနဲ့ ထပ်ပြီးသောက်ကြရတာ။ ဆေးက အလွန်ခါးပြီး အစားအသောက်တွေပျက်၊ နားတွေပါ အူကုန်တာပေါ့။

ငှက်ဖျားရောဂါသဘောက ချွေးထွက်လွန်အအေးမိပြီး အစားအသောက်ပျက်တာနဲ့ ဝင်တော့တာပဲ။ ဒီစခန်းမှာကလည်း ကလိုရိုကွင်း၊ ကလိုရိုဖော့ ထိုးဆေးတို့၊ စားဆေးတို့က မရှိဘူးလေ"

"စီမံကိန်းက ဆရာဝန်နဲ့ ဆေးဘက်ဆိုင်ရာက မလာကြဘူးလား"

"ခေတ္တခဏတော့ လာကြပါတယ်။ တစ်ပတ်လောက်နေပြီး ပြန်ပြေးကြတာ များပါတယ်။ ပြီးခဲ့တဲ့လကဆိုရင် ငှက်ဖျားရေးက လင်ရှိဗာကားနဲ့ကို လာကြတာ။ ဆရာဝန်တစ်ယောက် ငှက်ဖျားဖြစ်တာနဲ့ တစ်ပတ်တောင် မကြာဘူး၊ ပြန်ပြေးကြတယ်"

"ဟုတ်သလား ... ဦးအုန်းဖော်။ ကျွန်တော့်အမြင် ပြောရရင်တော့ ကျွန်တော်တို့ အခုသောက်နေကြရတဲ့ ကလိုရိုကွင်း၊ ကလိုရိုဖော့ဆေးတွေက ဒီကခြင်တွေနဲ့ ယဉ်သွားပြီ။ တစ်ပတ်တစ်ကြိမ် ကာကွယ်ဆေးသောက်ပေမယ့် ငှက်ဖျားရောဂါဖြစ်နိုင်တယ်။

ဒါပေမဲ့ ဆေးသောက်ထားတဲ့သူဟာ ငှက်ဖျားရောဂါကြောင့် မသေနိုင်ဘူး။ ဆေးမသောက်တဲ့လူသာ ငှက်ဖျားရောဂါဝင်တာနဲ့ ခံနိုင်ရည်အင်အားမရှိရင် တစ်ခါတည်းသေတာပဲ။ ကျွန်တော်လည်း သုံးတန်လူးစခန်းမှာ ဖြစ်ဖူးတယ်။ ဆေးသောက်ထားတော့ ခံနိုင်တယ်။ ဒါပေမဲ့ အတော်ခံစားရတာ။



www.burmeseclassic.com

www.burmeseclassic.com



မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အချိန်မှန် တုန်ပြီးဖျားတာ။ ...ာမှမစားချင်ဘူး။ အစာမဝင်လေ ပိုဆိုးလေ၊ ပိုအားနည်းလေ ပဲ။ ဆန်ပြုတ်လိုဟာမျိုးကို ပူပူကလေး မှိတ်ကျိတ်သောက်ရင် ချွေးထွက်တာနဲ့ သက်သာသွားတာပဲ။ ဒါပေမဲ့ အချိန်မှန်ပြန်တက်တယ်။ ဆေးကောင်းဝါးကောင်းနဲ့တွေ့လို့ ပျောက်ကင်းရင်လည်း ငှက်ဖျားဒေသပြန်ဝင်မိရင် ပြန်ဖြစ်တတ်ပြန်တယ်။ အလွန်ဆိုးတဲ့ရောဂါပါပဲ''

ကျွန်တော်တို့ စကားကောင်းကြရင်း ညစာစားရန် ထမင်းစားပွဲတွင် ထိုင်မိကြတော့ ရုံးခန်းနှင့် ရဲဘက်ဘားတိုက်များကြားမှ သစ်ပင်ကြီးတစ်ပင် လဲပြိုကျသံကို ကြားလိုက်ရသည်။

''ဝုန်း ... အုန်း ... အုန်း ...''

''ဟာ ... သစ်ပင်ကြီး လဲပြီ။ ရဲဘက်ဘားတိုက်တွေ ပိကုန်ပြီလား မသိဘူး''

လေမတိုက်၊ မိုးမရွာဘဲ သစ်ပင်ကြီးလဲခြင်းမှာ လွန်စွာကူးဆန်းလှသည်။ ထို့အပြင် ထူးခြားချက်မှာ ရဲဘက်ဘားတိုက်များဘက်မှ အော်သံဟစ်သံများ မကြားရ။ ပကတိ ငြိမ်သက်နေသည်။ ထိုစဉ်မှ ထောင်မှူးဦးအုန်းဖော်က ...

''ဘာမှမဖြစ်ပါဘူး ဆရာ။ ည ၉ နာရီထိုးတာပါ''

''ည ၉ နာရီထိုးတာနဲ့ သစ်ပင်လဲတာ ဘာဆိုင်သလဲ။ လာဗျာ ... သွားကြည့်ကြရအောင်''

''ဆရာရယ် ... ထမင်းစားပျက်ပါတယ်၊ သွားကြည့်မနေပါနဲ့။ အဲဒါ သရဲခြောက်တာပါ။ ကျွန်တော်တို့ 'စခန်းရဲ့ ထူးခြားချက်ထဲက တစ်ခုပါ။ ဆရာမယုံရင်တော့ ...ကြည့်ပေါ့။ အဲဒီ လဲတဲ့ကျွန်းပင်ကြီးက လူနှစ်ဖက်လောက်ရှိတယ်။

ကူးသစ်စာပေ



စခန်းစဆောက်တုန်းကတည်းက ထောင်မှူးကြီးဦးကျော်ထင် (ခြောက်ပေကြီး)တို့ မြေထိုးစက်နဲ့ ကလော်ပြီးလှဲခဲ့တာ အခုဆို ၉ လလောက်ရှိပြီပေါ့။ ဒါပေမဲ့ အဲဒီကျွန်းပင်စောင့်သရဲက ဘာကိုမကျေနပ်သလဲမသိဘူး။ ညစဉ် သူမှို့မပျင်းမရိ ည ၉ နာရီမှာတစ်ကြိမ်၊ နောက်တစ်နေ့မနက် ၃ နာရီမှာတစ်ကြိမ်၊ အခုလိုပဲ တော်လည်းသံကြီးပေးပြီးခြောက်တာပဲ။ သွားကြည့်ရင် ဘာမှမဖြစ်ဘူး။ အချိန်ကလည်း အတိအကျပဲ။ နာရီကြည့်ရင် ကွက်တိပဲ''

''ကဲ ... ထားပါ ဦးအုန်းဖော်ရယ်။ ကျွန်တော်တို့ သွားကြည့်ရအောင်ပါ''

''ဆရာ့သဘောပါပဲ။ လာ ... သွားကြည့်မယ်''

ကျွန်တော်တို့နှစ်ဦး လက်နှိပ်ဓာတ်မီးကိုယ်စီဆွဲ၍ ရုံးခန်းအောက်ဆင်းခဲ့ကြရာ ရုံးခန်းနှင့် ရဲဘက်ဘားတိုက် ဆူးကြိုးဝင်းအကြား တုံးလုံးလဲနေသော ကျွန်းပင်ကြီးကို တွေ့ရသည်။ ကျွန်းပင်ကြီးမှာ လှဲထားသည်မှာကြာပြီဖြစ်၍ မိုးတွ...ကမိုးမိပြီး ရေညှိစိမ်းများတက်နေသည်။ နွယ်ပင်စိမ်းများကလည်း သစ်ပင်လုံးကြီးအား နွယ်တက်နေသည်။

အဘယ်ကြောင့် ကြာမြင့်စွာလှဲထားသောသစ်ပင်ကြီးက ညစဉ် အချိန်နာရီအတိအကျ ပြန်လဲနေသည်ကိုတော့ ကျွန်တော် မစဉ်းစားတတ်တော့ပါ။ အစွဲအ...မ်း အမှားအယွင်းတစ်စုံတစ်ရာတော့ ရှိပါလိမ့်မည်။ သစ်ပင်ကြီးအားလှဲခဲ့သူ ထောင်မှူးကြီး ဦးကျော်ထင်နဲ့ဆုံမှ မေးမြန်းကြည့်ရပါဦးမည်။

ကျွန်တော်တို့ ညစာစားပြီး ဝရမ်းများ ဆက်၍စစ်ဆေးကြပြန်သည်။ မနက်ဖြန်မနက်တွင် ဆက်သွားဖြင့် မင်းကုန်းကွပ်ကဲမှုစခန်းသို့ လွှဲပြောင်းလက်ခံခြင်း အစီရင်ခံစာကို ပေးပို့ရမည်ဖြစ်သောကြောင့်ဖြစ်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထမင်းစားပြီးတော့လည်း မိုက်လေး၍ အိပ်ငိုက်လာသည်။ သို့သော် ကျွန်တော်တို့ မနားနိုင်ပါ။ ရေနွေးကြမ်းခါးခါးကိုသောက်ပြီး ဆကလက်စစ်ဆေးကြရသည်။

ကျွန်တော်တို့ လုပ်ငန်းအားလုံးစစ်ဆေးပြီး၍ အစီရင်ခံစာရေး နေချိန်တွင် နောက်တစ်နေ့မနက် ၃ နာရီ ထိုးခါနီးပြီဖြစ်သည်။ မကြာမီ သစ်ပင်ကြီးလဲပြိုသံကြားရသည်။

"ဝုန်း ... အုန်း ... အုန်း ... အုန်း"

"ဟော ... ဆရာ၊ မနက် ၃ နာရီထိုးပြီ"

ထောင်မှူးဦးအုန်းဖေ်ပြော၍ ကျွန်တော် နာရီကိုငုံ့ကြည့်မိ တော့ မနက် ၃ နာရီ အတိအကျပင်။ သစ်ပင်စောင့်တာဝန်ခံသရဲကို ကျွန်တော်ချီးကျူးမိသည်။ အလွန်အချိန်တိကျပါပေသည်။ သူ့တွင် ဘယ် ကနာရီရှိသည်မသိ။

ဝန်ထမ်းများနှင့် ရဲဘက်များကလည်း ရိုးနေဟန်တူသည်။ စကားသံ၊ လူသံ၊ ဆူသံ သိပ်မကြားရ။ စခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ပင်။ သစ်ပင်ကြီးလဲသော အရှိန်အဟုန်မှာ နည်းသည် မဟုတ်။ မြေကြီးပင် တုန်ဟည်းသွားသည်။

ထောင်မှူးဦးအုန်းဖေ်ကတော့ သစ်ပင်ကြီးလဲသည်မှာ ဤ စခန်း၏ အထာတစ်ခုသာရှိသေးကြောင်း ပြောသဖြင့် နောင်တွင် ဘာ များဖြစ်လာဦးမလဲဟု ကျွန်တော်တွေးတောရင်း အလုပ်သိမ်း၍ အိပ်ရာ ဝင်ခဲ့သည်။ ပင်ပန်းပြီး အိပ်ရေးပျက်သောကြောင့် ခေါင်းချသည်နှင့် အိပ်ပျော်သည်။ ကြောက်လန့်ခြင်းဆိုသည်မှာ အိပ်ရေးပျက်ခြင်းကို မလွှမ်းမိုးနိုင်တော့ပါ။

✿ ✿ ✿

[ ၃ ]

❑

နောက်တစ်နေ့မနက်တွင် ဆက်သွားလွှတ်ပြီး မင်းကုန်းစခန်း သို့ အစီရင်ခံစာပို့ရသည်။ အားချိန်ရသည်နှင့် ကျွန်တော်တို့ ရဲဘက် တားတိုက်များဆူးကြိုးဝင်းနှင့် စခန်းပတ်ဝန်းကျင်ကို စစ်ဆေး၍ လှေ့ လာသည်။ လျှော်တုန်းချောင်းမှာ စခန်းအား မြောက်ဘက်မှအနား သတ်၍ စီးဆင်းနေခြင်းဖြစ်သည်။

နွေဦးပေါက်ရာသီ၌ပင် ချောင်းရေက လူတစ်ရပ်မြုပ်သေး သည်။ ရေစီးသောအကျယ်က ပေ ၃၀ ခန့်ရှိပြီး ရေမရှိသော ချောင်း အကျယ်သောင်ထွန်းနေသည်က ပေ ၁၅၀ ခန့် ကျယ်ပြန့်သည်။ မိုး ခါတွင် ဝါးလုံးထိုးစီးဆင်းသည်ဟု ထောင်မှူးဦးအုန်းဖေ်ကပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှော်တုန်းစခန်းမှာ နေ့အခါတွင် ကျွန်းပင်ကြီးများ၏ အရိပ် အာဝါသကြောင့် အေးမြပြီး ရေနှင့်နီးသောကြောင့် အလွန်သာယာ အေးချမ်းသော စခန်းကြီးဖြစ်လေသည်။ မူလ ရဲဘက်အင်အားနှင့် ကျွန်တော် စခန်းဖျက်၍ခေါ်လာသော ရဲဘက်အင်အားတို့ပေါင်းပါက ရဲဘက် ၅၀၀ ခန့်ရှိသော စခန်းကြီးဖြစ်ပေသည်။

သို့သော် တကယ်တမ်း အလုပ်ဆင်းအင်အားကိုစစ်ကြည့်တော့ ကျွန်တော့်စခန်းအင်အား ၂၀၀ နှင့် မူလစခန်းအင်အား ၁၀၀ ခန့်သာ အလုပ်ဆင်းနိုင်သည်။ ကျန်အင်အား ၃၀၀ ခန့်မှာ ဖိုကြီးနှင့်နောက် တန်းအင်အား ၅၀ ခန့်၊ ကျန် ၂၅၀ မှာ ငှက်ဖျားရောဂါခံစားနေ သည့် ဂိလာနရဲဘက်လူနာများဖြစ်ကြသည်။

ထို့ကြောင့် ကျွန်တော် စာရင်းအတိအကျကောက်ခိုင်းပြီး လူနာ များအား မင်းကုန်းစခန်းဆေးရုံပို့၍ ရဲဘက်သစ်များတောင်းရန် ထော ကျဝရမ်းနှင့် လူစစ်ဆေးရပြန်သည်။ ယခင် ထောင်တာဝန်ခံများ ရဲဘက် လူနာများအား နောက်တန်းဆေးရုံသို့ မပို့သည်ကို ကျွန်တော် အလွ အံ့ဩမိပါသည်။

ဤစခန်း၌ ဆေးဝါးက မပြည့်စုံ။ ကျွမ်းကျင်သော ဆေးဝ ထမ်းက မရှိ။ ကျွန်တော် နောက်တန်းပြန်ပို့ရန် စာရင်းကောက်တော ရဲဘက်လူနာများ အလွန်ဝမ်းသာကြရှာသည်။ အချို့သော ရဲဘက်မျ ကတော့ ဤစခန်းတွင် ပျော်နေကြသည်ကို တွေ့ရသည်။

အလုပ်ပါးပြီး အစားအသောက်၊ တောစာ၊ တောင်စာမ ပေါများသောကြောင့် ဖြစ်ပါလိမ့်မည်။ သို့သော် [illegible]သာစခန်း ကျွန်တော်ထင်သည်။ ကျွန်တော်ကတော့ ဆေးဝါးမျိုးစုံဖြင့် ကာကွ ထားပြီး ငှက်ဖျားရောဂါလည်း ဖြစ်ဖူးသဖြင့် မကြောက်လန့်ပါ။

စိတ်ကူးသစ်စာ



နောက်တစ်နေ့ နေ့လယ်ခင်းတွင် ရိက္ခာပို့သော(တီးအီး)ကားကြီးနှစ်စီးနှင့်အတူ ကျွန်တော် စာပို့လွှတ်လိုက်သောဆက်သားပါ ပြန်ပါလာသည်။ ထို့ကြောင့် ရိက္ခာချအပြီး၌ ရဲဘက်လူနာ ၁၀၀ ယောက်အား ပထမဦးစားပေးအနေဖြင့် နောက်တန်းဆေးရုံသို့ ပြန်ပို့သည်။ အကြောင်းကြားစာနှင့် ဝန်ထမ်းအစောင့်များအားလည်း ထည့်ပေးလိုက်သည်။ နောက်နေ့များတွင်လည်း ရဲဘက်သစ်များရောက်လာပြီး ရဲဘက်လူနာများအား ဆက်ပို့သည်။

နောက်ဆုံးနေ့တွင် မအူပင်ဆိပ်စခန်းတာဝန်ခံက ရိက္ခာကိစ္စ ညှိရန်ခေါ်သဖြင့် ကျွန်တော်နှင့်တပည့်များ ကားကြုံဖြင့် လိုက်သွားကြသည်။ မအူပင်ဆိပ်စခန်းတွင် ရဲဘက်အဝင်အထွက်စာရင်းညှိပြီး အတည်ပြုသည်နှင့် ကိစ္စက ပြီးပြတ်သည်။ မအူပင်ဆိပ်စခန်းတာဝန်ခံ ဦးကျော်ထင်မှာ ကျွန်တော်နှင့် အင်းစိန်ထောင်ကတည်းက လက်တွဲလာခဲ့သူဖြစ်သဖြင့် အတင်းညအိပ်ရန်ဆွဲထားသောကြောင့် ညအိပ်ရတော့သည်။

ညစာစားပွဲတွင် ကျွန်တော်ကညစဉ် လဲပြိုသံပေးသော ကျွန်းပင်ကြီးအကြောင်းကို မေးရာ ဦးကျော်ထင်က ...

''ကိုသိန်းဝင်းရေ ... အဲဒီစခန်းကို ဆောက်ဖို့မြေနေရာရှာတော့ ကျွန်တော်က ခေါင်းဆောင်ပေါ့။ နယ်ခံမုဆိုးတွေကို လမ်းပြငှားပြီးရှာရတာ အလွန်ကျားပေါလို့ ကျားသိုက်စခန်းလို့လည်းခေါ်တယ်။ ငှက်ဖျားဖျားပြီး မုဆိုးတွေပါသေလို့ လူသေမျှောင်စခန်းလို့လည်းခေါ်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ရောက်တော့ မြေထိုးစက်တွေနဲ့ လမ်းထွင်ပြီး စခန်းကုန်းကိုအရင်ညှိရတယ်။ ကျွန်းပင်တွေအလွန်ပေါတာ။ ပထမဆုံး မြေတူးစက်နဲ့ကလော်တာကတော့ အခုခင်ဗျားတို့ပြောတဲ့ လူနှစ်ဖက်လောက် အဓိကရကျွန်းပင်ကြီးပဲ။

အပင်ကြီးကိုင်းခွဆုံအောက်မှာ အပေါက်ကြီးနဲ့ သစ်တံခါးလို့ခေါ်သတဲ့။ အဓိကရအပင်ကြီးပေါ့။ အဲဒီညနေက စခန်းဝင်းကိုရှင်းပြီးတာနဲ့ ညနေစောင်းလာလို့ ကျွန်တော်တို့ ဝန်ထမ်းနဲ့ ရဲဘက်တွေ မြေတူးစက်ကြီး ၄ လုံးကိုဝန်းရံပြီး ကြားထဲမှာ မီးဖိုကြီးတွေဖိုပြီး ချက်ပြုတ်စားသောက်ကြတယ်။

ဝန်ထမ်းက ၁၀ ယောက်။ လက်နက်အပြည့်အစုံနဲ့ ရဲဘက်ကြီးက ၂၀ လောက်ပါတယ်။ လူများတော့ အချိန်အတော်ကြာ ချက်ပြုတ်ရတယ်။ ည ၈ နာရီလောက်မှ ညစာစားကြရတယ်။ ည ၉ နာရီလည်းထိုးရော ကျွန်တော်တို့အလှည့်ကျ ကင်းစောင့်အိပ်ကြဖို့ လူခွဲနေတုန်း ကျားဟိန်းသံတွေ ကြားရတော့တာပဲ။

ကျားဟိန်းသံတွေ တဖြည်းဖြည်းနီးလာတာကြောင့် မြေထိုးစက်ကြီး ၄ စီးကို စက်တွေနှိုးပြီး မီးတွေထိန်နေအောင် ဖွင့်ထားကြရတယ်။ ကျားအုပ်ကြီးက မြေထိုးစက်ကြီးတွေဝိုင်းထားတဲ့ စည်းဝိုင်းအပြင်ဘက်က ပတ်နေကြပြီး ဟိန်းဟောက်နေကြတာ။ ကျွန်တော်တို့နဲ့ လက်တစ်ကမ်းအကွာပဲ။ သေနတ်တွေပါပေမယ့် မပစ်ရဲကြဘူး။

တစ်ညလုံး မအိပ်ကြရဘူးပေါ့ဗျာ။ ကျားတွေက စည်းဝိုင်းထဲကိုဝင်မဆွဲတာတော့ အံ့သြစရာပဲ။ မနက် ၃ နာရီထိုးတော့ အဓိကရကျွန်းပင်ကြီးဘက်က တော်လည်းသံကြီးပေးပြီး လဲတယ်။ အဲဒီအချိန်





မှာ ကျားတွေ ပြန်ဆုတ်သွားကြတာပဲ။ နောက်တစ်နေ့မနက်မှာတော့ ဒေသခံမုဆိုးတွေတိုက်တွန်းတာနဲ့ နီးစပ်ရာက ငှက်ပျောပွဲ၊ အုန်းပွဲရှာပြီး အဓိကရကျွန်းပင်ကြီးပင်စည်ပေါ်မှာတင်ပြီး တောင်းပန်ရတယ်။


နောက်ညတွေမှာ ကျားတွေမလာတော့ပေမယ့် အဓိကရကျွန်းပင်ကြီးက ၉ နာရီ တစ်ကြိမ်၊ မနက် ၃ နာရီ တစ်ကြိမ် လဲပြိုသံပေးတယ်။ အန္တရာယ်တော့ မရှိပါဘူး။ လဲသံပေးရုံသက်သက်ပါ။ နောက်တော့လည်း ရိုးသွားတာပါပဲဗျာ။ သူ့ဘာသာသူ အသံပေးတာ ကျွန်တော်တို့နဲ့ မဆိုင်ဘူးပေါ့။ အချိန်နာရီအတိအကျ လဲသံပေးတာ။ မလွဲစေရဘူး။ ဒါကြောင့် ကျွန်တော်တို့က 'သရဲနာရီပင်ကြီး' လို့ အမည်ပေးခဲ့ကြတာ။ အခုလည်း လဲသံပေးတုန်းပဲလား''

''ပေးတုန်းပဲပျို့။ အချိန်ကို မှန်နေတာပဲ''

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

၁၉၈၅ ခုနှစ် မေလဆန်းပိုင်းက ဖြစ်သည်။ ကျွန်တော်တို့ ကော့သောင်းမြို့ ဆီအုန်းစိုက်ပျိုးရေးစခန်းများတွင် အုပ်စုကြီးသုံးခု ခွဲထားရာ ပါဆယ်ပါညွန်းအုပ်စု၊ အော်ကြီးအုပ်စု၊ ဟပ်စတင်းအုပ်စု ဟူ၍ဖြစ်သည်။

ပါဆယ်ပါညွန်းအုပ်စုမှာ ရေတံခွန်စခန်း၊ ပါဆယ်ပါညွန်းစခန်း၊ အောက်ချိုင့်စခန်းနှင့် လဲမွန်စခန်းတို့ ပါဝင်သည်။ လဲမွန်စခန်းတွင် ကွပ်ကဲမှုဌာနချုပ်အဖြစ် ဖွင့်လှစ်ထားပြီး စခန်းများတာဝန်ခံအဖြစ် ထောင်ပိုင်ကြီးဦးဘညိုက အုပ်ချုပ်သည်။

ယနေ့ မော်လမြိုင်အုပ်စု၊ ညွှန်ကြားရေးမှူး ဦးမင်းဆွေ ဆီအုန်းစိုက်ပျိုးရေးစခန်းများအား စစ်ဆေးရန် လေယာဉ်ဖြင့် ရောက်ရှိလာမည်ဖြစ်သဖြင့် ကော့သောင်းမြို့နှင့်အနီးဆုံး ကျွန်တော်တို့ ပါဆယ်ပါညွန်းစခန်းတာဝန်ခံ ထောင်ပိုင်ဦးဟန်မြင့်၊ ရေတံခွန်စခန်းတာဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးဦးကျော်ရှိန်၊ အောက်ချိုင့်ခြံစခန်းတာဝန်ခံ ကျွန်တော်နှင့် လဲမွန်စခန်းတာဝန်ခံ ထောင်မှူးကြီးဦးအုန်းမောင်တို့ ပါဆယ်ပါညန်းအုပ်စုတွင် စုရပ်လုပ်ကြပြီး Hino Ranger ကားဖြင့် ခုနစ်မိုင်လေယာဉ်ကွင်းသို့ မနက်ကိုးနာရီအချိန်တွင် စခန်းမှ ထွက်ခွာလာခဲ့ကြပါသည်။

စခန်းလမ်းများမှာ တောင်ဆင်းတောင်တက်မြေလမ်းဖြစ်သည်။ ဆီအုန်းခင်းများအကြားမှလမ်းဖြစ်ပြီး အင်မဒိုင်း၊ ပါဆယ်ပါညန်းရေတံခွန်ရွာများကို ခုနစ်မိုင်ခန့်တောလမ်းခရီးဖြတ်သန်းပြီးမှ ကော့သောင်းဘန်းကချွန်သွား ကတ္တရာကားလမ်းဘေးရှိ (၁၀)မိုင်ရွာသို့ရောက်သည်။ (၁၀)မိုင်ရွာမှ သုံးမိုင်ခန့်သွားလျှင် ခုနစ်မိုင်လေယာဉ်ကွင်းသို့ရောက်ရှိပါသည်။

လေယာဉ်ကွင်းသို့ ကျွန်တော်တို့ကား (၁၀)နာရီတွင် ရောက်ရှိသဖြင့် စောင့်ဆိုင်းနေကြရာ မနက် (၁၀း၄၅) တွင် လေယာဉ်ကွင်းအချက်ပေးသံချောင်း ခေါက်သံကြားရပြီး လေယာဉ်ပျံသံကို စတင်ကြားရတော့သည်။ သို့သော် လေယာဉ်ပျံကို မမြင်ကြရသေးပါ။ (၁၀း၅၀)နာရီအချိန်တွင် ဘင်္ဂလားပင်လယ်အော်ပေါ်မှ ဖြတ်သန်းပျံလာသည့် လေယာဉ်ပျံကို မြင်ရသည်။

(၁၁)နာရီထိုးခါနီးအချိန်တွင် ဖော်ကာလေယာဉ်ကြီးကွင်းအားပတ်ပြီး တဖြည်းဖြည်းနိမ့်ဆင်းလာပါသည်။ ကျွန်တော်တို့ ညွှန်မှူးအားကြိုဆိုကြပြီး ပါဆယ်ပါညန်းစခန်းသို့ ခေါ်ဆောင်ခဲ့ကြသည်။ ထိုအချိန်က သုံးမိုင်စခန်းတွင် အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးထင်အောင်နှင့် ညွှန်မှူးအချို့ ဆောက်လုပ်ဆဲဖြစ်သည်။

ပါဆယ်ပါညန်းစခန်းတွင် ညွှန်မှူးအား ခေတ္တအနားယူစေပြီး ကြိုတင်စီစဉ်ထားသောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါသည်။ တော





တွင်းစခန်းဖြစ်၍ တောကောင်ဟင်းများ အတော်စုံလင်ပါသည်။ ညွှန်မှူးလည်း သဘောကျသည်။

ညနေပိုင်းတွင် ဆီအုန်းခင်းများအခြေအနေအား ရေတံခွန်၊ ပါဆယ်ပါညန်း၊ အောက်ချိုင့်၊ လဲမွန်ခြံများ အခြေအနေအလိုက် စခန်းတာဝန်ခံများကို ကိုယ်တိုင်တစ်ဦးချင်း၊ တစ်ခြံချင်း၊ မြေပုံကားချပ်များကို ထောက်၍ ရှင်းလင်းပြရပါသည်။ ညွှန်မှူးပီအေ ထောင်မှူးဦးဇော်အုန်းက မှတ်တမ်းယူသည်။ ညနေငါးနာရီတွင် အစည်းအဝေးပြီးဆုံး၍ နားကြသည်။ ညွှန်မှူးအနေဖြင့် မနက်ဖြန်မနက်တွင် အော်ကြီးစခန်းများနှင့် ဟပ်စတင်းစခန်းများကို သွားရောက်စစ်ဆေးမည်ဖြစ်သည်။

ရေမိုးချိုးခေတ္တနားကြပြီး ညနေခြောက်နာရီအချိန်တွင် ပါဆယ်ပါညန်းစခန်းအုပ်စု၊ ထောင်ပိုင်ဦးဟန်မြင့်က ညစာစားပွဲဖြင့် ဧည့်ခံရာ ကျွန်တော်တို့အဖွဲ့လည်း ပါဝင်ခွဲရတော့သည်။ ညွှန်မှူးဦးမင်းဆွေမှာ အရက်ပိုင်းတွင် လက်အောက်ခံအရာရှိများဖြင့်သောက်ပြီး ပုံတိုပတ်စများအတွေ့အကြုံများ၊ ဟာသများ အပြောကောင်း၍ အရက်ဝိုင်းမှာ တဝါးဝါးတဟားဟားဖြင့် လွန်စွာစည်ကားလှသည်။

ကျွန်တော်တို့စခန်းများမှာ တောတွင်းစခန်းများဖြစ်ကြသော်လည်း နယ်စပ်ဒေသဖြစ်သဖြင့် နိုင်ငံခြားအရက်မျိုးစုံသလို အမြည်းအတွက်လည်း ဒေသထွက် တောဝက်၊ ချေသား၊ မျောက်သား၊ တောကြက်၊ ရစ်နှင့်ဒေါင်းသားတို့ စုံလင်လှသည်။ ထို့ကြောင့် စားသောက်၊ စကားကောင်းကြရင်း တဖြည်းဖြည်း ညဉ့်နက်လာသည်။ သောက်ဝိုင်း၊ ပြောဝိုင်းမှာ မပြတ်သေး။ ညစာထမင်းစားဖို့တော့ ဝေးသေးသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ညွှန်မှူးမှာ ပါဆယ်ပါညွှန်းစခန်း၌ပင် ညအိပ်မည်ဖြစ်ရာ အေးဆေးစွာ စားသောက်ပြောဆိုနေနိုင်သော်လည်း ကျွန်တော်နှင့် ထောင်မှူးကြီးဦးကျော်ရှိန်တို့မှာ အောက်ချိုင့်စခန်းနှင့် ရေတံခွန်စခန်းများသို့ ပြန်အိပ်ကြရမည်ဖြစ်ရာ ဖင်တကြွကြွဖြင့် ရင်မောနေကြရတော့သည်။

ည (၁၁)နာရီထိုးမှ အရက်ဝိုင်းသိမ်းပြီး ညစာစားကြရာ ညမှန်းတည့် (၁၂)နာရီထိုးမှ စားသောက်ဝိုင်းပြီးစီးသည်။ ထိုမှ ကျွန်တော်နှင့် ဦးကျော်ရှိန်တို့ ညွှန်မှူးနှင့် ထောင်ပိုင်ဦးဟန်မြင့်အားနှုတ်ဆက်၍ လမ်းခွဲပြီး ပြန်ခဲ့ကြသည်။ ကျွန်တော်က အရှေ့ဘက်အရပ်၊ ဦးကျော်ရှိန်က အနောက်ဘက်အရပ်သို့ ဖြစ်သည်။ Honda ဆိုင်ကယ်ကိုယ်စီဖြင့် ပြန်ခဲ့ကြခြင်းဖြစ်သည်။





ဦးကျော်ရှိန် ပြန်ရမည့် ပါဆယ်ပါညွှန်းစခန်းမှ ရေတံခွန်စခန်းသို့ တောလမ်းခရီးမှာ ငါးမိုင်ခန့်ဝေးသော်လည်း လမ်းကောင်းသည်။ ကျွန်တော်ပြန်ရမည့် အောက်ချိုင့်ခြံစခန်းမှာ သုံးမိုင်ခန့်သာဝေးသော်လည်း ပါဆယ်ပါညွှန်းဆီအုန်းခင်းကြီးအား ဖြတ်ကျော်ပြီး အတွင်းလမ်းကသွားမည်ဆိုပါက ပိုနီးသည်။

သို့သော် ကျွန်တော်ကိုယ်တိုင် ပသျှူးသချိုင်းအား မွမ်းမံပြင်ဆင်၍ ဝန်ထမ်း၊ ရဲဘက်သချိုင်းအဖြစ် ပြုလုပ်ထားသော ပိတောက်ပင်များ၊ အုပ်အုပ်ဆိုင်းဆိုင်းနှင့် သချိုင်းကုန်းကြီးအား ညဥ့်သန်းခေါင်ကျော်အချိန်တွင် တစ်ယောက်တည်းမဖြတ်ရဲသဖြင့် ဘန်နွားရွာ၊ ဗွက်တောကြီးလမ်းဘက်မှသွား၍ ခက်ခက်ခဲခဲဖြတ်ကျော်ပြီး ပြန်ရန်ဆုံးဖြတ်ခဲ့ပါသည်။

တောလမ်းခရီးဖြစ်၍ ပတ်ဝန်းကျင်တွင် မီးအလင်းရောင်မရှိပါ။ သန်းခေါင်သန်းလွဲ လူခြေတိတ်အိပ်ချိန်ဖြစ်၍ လွန်စွာတိတ်ဆိတ်လှသည်။ လမိုက်ညဖြစ်၍ ဆိုင်ကယ်မီးကြီးအလင်းရောင်ကြောင့်သာ ရှေ့လမ်းကို မြင်နိုင်သည်။ ပုစဉ်းရင်ကွဲအော်သံကိုတော့ တစီစီကြားနေရသည်။ စပါးကွင်းနှင့် တောစပ်မှဗွက်ကြီးလမ်းကို ဖြတ်ကျော်ရသည်။

အနိမ့်ပိုင်းဖြစ်၍ ရေဝပ်နေသောကြောင့် ဤလမ်းမှာ အမြဲတမ်းဗွက်ထနေတတ်သည်။ ဗွက်ချော်၍ ဆိုင်ကယ်မမှောက်စေရန် နံပါတ်ဝမ်းဂီယာကြီးသုံး၍ တဖြည်းဖြည်း ဖြတ်ကျော်ရသည်။ ဗွက်ကြီးလွန်တော့ ဘန်နွားရွာထဲသို့ ဝင်လာသည်။ ရွာမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ မီးရောင်ပင် မမြင်ရပါ။

ဘန်နွားရွာအစပ်မှ အောက်ချိုင့်ခြံလမ်းခွဲသို့ဝင်ခဲ့ရာ လမ်းဘေးဝဲယာတွင် ကျယ်ဝန်းလှသော ပသျှူးခြံဝင်းကြီးများမှ သီဟိုဠ်များ



www.burmeseclassic.com

www.burmeseclassic.com



က လမ်းမပေါ်သို့ လက်ယှက်ထိုးအုပ်မိုးနေကြသည်။ ခြံဝင်းကြီးများ ထဲ၌လည်း အုန်းပင်၊ သရက်ပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်နှင့် ရေတ် ကောင်းချုံကြီးများက အုပ်ဆိုင်းနေသဖြင့် မှောင်မည်းနေပြန်သည်။

လမ်းမှာ မြေလမ်းဖြစ်သော်လည်း ကျွန်တော်တို့ခန်းမှ အပတ် စဉ် တနင်္ဂနွေနေ့တိုင်း လုပ်အားပေးချဲ့ထွင်ဖောက်လုပ်ထားသဖြင့် ညီ ညာပြန့်ပြူးနေပါသည်။ ရွာစပ်လွန်သည်နှင့် စခန်းအဝင် ပသျှူးသင်္ချိုင်း အားဖြတ်ရမည်ဖြစ်သည်။ ကိုယ့်လူမျိုးသင်္ချိုင်းမဟုတ်သဖြင့် ကျွန်တော် မကြောက်ပါ။

ဆိုင်ကယ်ရှေ့မီးကြီးအလင်းရောင်အောက်တွင် လမ်းဘေး ပသျှူးသင်္ချိုင်းမှ မြေပုံမို့မို့နှင့် မှတ်ပုံတိုင်ကလေးများအား အစီအရီမြင် ရပြီးနောက် သင်္ချိုင်းအစပ်နှင့် ကျွန်တော်တို့စခန်းအဝင်လမ်းခုံအနီး သို့ ရောက်လာသည်။ ထိုစဉ် ပြဿနာက စတော့သည်။

ဆိုင်ကယ်မီးရောင်ဖွေးဖွေးအောက်တွင် အမွေးစုတ်ဖွားဖွားနှင့် မည်းမည်းအကောင်ကြီးက လမ်းလယ်ခေါင်တွင် ဆောင့်ကြောင့်ထိုင် နေပြီး မျက်လုံးနှစ်လုံးမှာ မီးအလင်းရောင်ကြောင့် ဝင်းလက်တောက်ပ နေသည်။

အစွယ်ဖွေးဖွေးကြီးနှစ်ချောင်းကလည်း ပြူး၍ထွက်နေပြီး ကျွန် တော့်အား စိုက်ကြည့်နေခြင်းဖြစ်သည်။ လမိုက်ရက် ညဥ့်သန်းခေါင် ကျော် သင်္ချိုင်းကုန်းအနီးတစ်ဦးတည်းဖြစ်၍ ကျွန်တော်အတော်ဖြုံသွား သည်။ အကြောက်တရားကဖိစီးပြီး ဖောချွေးများပြန်လာသဖြင့် ဆိုင် ကယ်ကိုရပ်ကာ စိုက်ကြည့်နေမိသည်။ သို့မှ တောဝက်သိုးကြီးဖြစ်မှန်း သိရတော့သည်။

ထို့ကြောင့် အသင့်ပါလာသော (၃၈) ဗို့ Colt အမျိုးအစား အင်္ဂလန်နိုင်ငံလုပ် ပြောင်းတိုခြောက်လုံးပြူးသေနတ်ကလေးအား ဘေး





လွယ်အိတ်မှ ဆွဲထုတ်ပြီး မောင်းတင်လိုက်ရတော့သည်။ အကွာအဝေး ပေ(၂၀)ခန့်သာဝေးသဖြင့် ထိရောက်မှု ရှိမရှိလည်း ချိန်ဆရသည်။ ထို့ ကြောင့် ဆိုင်ကယ်ဂီယာအား Free လုပ်၊ ဘေးဒေါက်ထောက်ပြီး စက် ကုန်မြင့် ဟွန်းတီး၊ ပါးစပ်မှလည်း တဟေးဟေးအော်ကာ ခြောက်လှန့် ရပါသည်။

သို့သော် တောဝက်ကြီးမှာ မပြေးသည့်အပြင် နေရာမှ ကုန်း ထလာပြီး တဂူးဂူးမာန်သွင်း၍ ကျွန်တော့်အား ရန်မူတော့သည်။ မတတ် နိုင်တော့ပါ။ ထိရောက်မှုနည်းမှန်းသိသော်လည်း တောဝက်ကြီး မျက်လုံး နှစ်လုံးကြားချိန်ရွယ်ပြီး နှစ်ဆင့်ဆွဲ၍ ပစ်ခတ်လိုက်ရတော့သည်။

"ဒိုင်း ... ဒိုင်း ..."

တောဝက်တို့အကြောင်း ကောင်းစွာသိထားသဖြင့် ပစ်ခတ်ပြီး သည်နှင့် ဆိုင်ကယ်အပေါ်မှ ညာဘက်သို့လိုမ့်ဆင်းပြီး မှဆိုးဒူးထောက် အသင့်နေရာယူလိုက်စဉ် မျှော်လင့်ထားသည့်အတိုင်း တောဝက်သိုးကြီး က ဆိုင်ကယ်အား တစ်ရှိန်ထိုး ပြေးထိုးပါတော့သည်။

"ဂုန်း ... ဒုန်း ... ဖောင်း ... ဂူး ... ဂူး ... ဘုန်း"

ဆိုင်ကယ်မှာ ဝက်သိုးကြီးပက်သောအရှိန်ကြောင့် လမ်းမပေါ် ၌ ကန့်လန့်ဖြတ်လဲသော်လည်း စက်မရပ်။ မီးက မပိတ်ပါ။ ဆိုင်ကယ် စက်သံ၊ သေနတ်သံကြောင့် ထင်ပါသည်။ အနီးရှိ ခြံအတွင်းမှ ပသျှူး လူမျိုးတစ်ဦး မီးအိမ်ဆွဲ၍ထွက်လာရာ ကျွန်တော့်ကို ယူနီဖောင်းဖြင့် မြင်သည်နှင့် ...

"ဆရာ ... ဆရာ ... ဘာဖြစ်၊ ကျွန်တော်ဘာလုပ်ပေးရ"

"မူးမူး (ဝက် ... ဝက်) ကျွန်တော်ကို ရန်မူလို့ ပစ်လိုက်ရ တာ"



www.burmeseclassic.com

www.burmeseclassic.com



"မှူးနော် ဆရာ . . . အလွန်ကြောက်ဖို့ကောင်း . . . ဆရာ ကံကောင်း"

ကျွန်တော် လဲနေသောဆိုင်ကယ်အားပြန်ထောင်နေစဉ် သူက မီးပြပေးပါသည်။ ဆိုင်ကယ်မှာ ရှေ့ဘီးတာယာ ပေါက်ကွဲသွားပြီး ခွေလည်းခွေသွားသဖြင့် တွန်း၍ပင် မရနိုင်တော့ပါ။ ထို့ကြောင့် ကျွန်တော် စက်ကိုပိတ်လိုက်တော့ မီးလည်းမှိတ်သွားသည်။

ထိုအချိန်တွင် အောက်ချိုင့်ခြံစခန်းဘက်မှ ခွေးဟောင်သံနှင့် လူသံများကို ကြားလိုက်ရသည်။ ကျွန်တော့်သေနတ်သံကြောင့် စခန်းမှ တပ်ကြပ်ဦးထွန်းမောင်နှင့်အဖွဲ့ မီးတုတ်ကိုယ်စီ၊ သေနတ်ကိုယ်စီကိုင်၍ ပြေးလာကြခြင်းဖြစ်သည်။ ရှေ့ဆုံးမှ ကျွန်တော့်အချစ်တော် ဘိုဖြူနှင့် ဘိုနီဟူသော ခွေးနှစ်ကောင်လည်း ပါလာသည်။ အနီးရောက်တော့ တပ်ကြပ်ကြီး ဦးထွန်းမော[င်]က . . .

"ဆရာ မဟုတ်လား။ ဘာဖြစ်တာလဲ ဆရာ"

"လမ်းမပေါ်မှ တောဝက်ကြီးနဲ့ တိုးလို့ဗျို့။ မရှောင်ဘဲရန်မှ တာနဲ့ ပစ်လိုက်ရတယ်။ တောဝက်ကြီးတော့ သေပါပြီ။ ကျွန်တော်က တော့ လိမ့်ချလို့ ပွန်းရုံပဲ့ရုံပါပဲ။ ဆိုင်ကယ်တော့ 'ပျက်သွားပြီ'"

"တော်သေးတာပေါ့ ဆရာရယ်။ ကျွန်တော်တို့ဆရာနောက် ကျနေတာနဲ့ လိုက်ရကောင်းနိုးနိုး မျှော်နေကြတာ။ ဆိုင်ကယ်သံကြား ပြီး သေနတ်သံကြားရတာနဲ့ ချက်ချင်းလိုက်လာကြတာ။ ဆရာ့ခွေးတွေ က အစောကြီးကတည်းက သိနေကြတယ်ထင်ပါရဲ့။ ရုံးခန်းတံခါးပိတ် ပြီး သွင်းထားတာ။ အတင်းတိုးထွက်နေကြတယ်။ မသေကောင်းမပျောက် ကောင်း ဆရာရယ်။ ဝက်သိုးကြ . . . ခြောက်လုံးပြူးကလေးနဲ့ ပစ်ရ တယ်လို့ အံ့သြစရာပဲ"





"မပစ်ချင်လို့ ရှောင်တာပဲ ဦးထွန်းမောင်ရေ။ မရတော့လည်း အနီးကပ်၊ လေးချက်တောင် ချက်ကောင်းထိတော့ သေတာပါပဲ။ ဒါ တောင် မသေခင် ဆိုင်ကယ်ကို ဝင်ကျုံးသွားသေးတယ်။ လူဆိုရင်တော့ သွားပြီပေါ့ဗျာ"

ထိုစဉ် ခွေးနှစ်ကောင်က ကျွန်တော့်ကိုယ်ပေါ်သို့ မတ်တတ် ရပ်ပြီးခုန်တက်၍ နှုတ်ဆက်ကြသည်။ ပြီးနောက်ဝက်ကြီးအား မြင်သဖြင့် တဝုတ်ဝုတ်ထိုးဟောင်နေကြသည်။ ထို့နောက် ကျွန်တော်၏တပည့်ကျော် ရုံးခန်းစောင့်သံချောင်းနှင့် ရဲဘက်ကြီးအဖွဲ့ တုတ်၊ ဓားများကိုင်ဆောင် ၍ ရောက်လာကြပြန်သည်။ ကျွန်တော့်အပေါ် လေးစားချစ်ခင်ကြမှု အား ယခုမှ မျက်ဝါးထင်ထင်မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ထို့ကြောင့် ကျွန်တော်က . . .

"ကဲ . . . သံချော[င်း]နဲ့ ရဲဘက်ကြီးအဖွဲ့ ဒီမီးအိမ်ကိုင်ထားတဲ့ ဆရာကြီးဆီက ကြိုးငှား၊ အနီးပတ်ဝန်းကျင်က ဝါးခုတ်၊ မင်းတို့အဖွဲ့ လူအင်အားတောင့်သားပဲ။ ဝက်ရော၊ ဆိုင်ကယ်ရော ထမ်းပြီးပြန်ခဲ့ကြ။ ငါတို့ ပြန်နှင့်မယ်။ မီးအိမ်ပြတဲ့ ဆရာကြီးကူညီတာကို ကျေးဇူးတင်ပါ တယ်"

"ရ . . . ဆရာ၊ ကျွန်တော့်အိမ်မှာ လှေချည်တဲ့ကြိုးတွေရှိပါ တယ်။ ကြိုးဟောင်းတွေဆိုတော့ ပြန်ပေးစရာမလိုပါဘူး"

အခုမှ ကျွန်တော် သတိရမိသည်။ ပသျှူးလူမျိုးနှင့် ဝက်မှာ မတည့်ပါ။ ဝက်ကိုမြင်လျှင်ပင် မျက်တောင်မွေးကို နုတ်ပစ်ရသည်ဟု အဆိုရှိသည်။ အားနာလှသော်လည်း ကျွန်တော် ငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စခန်းနှင့်အခင်းဖြစ်နေရာမှာ မဝေးလှသဖြင့် ကျွန်တော်တို့ ~ ` ၂နှ်လာရာ (၁၀)မိနစ်ခန့်နှင့် စခန်းသို့ ပြန်ရောက်သည်။ တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့်အဖွဲ့ကတော့ မနက်ဖြန်မနက်စာ ရဲဘက်နှင့်ဝန်ထမ်းများအားကျွေးမွေးရန် တောဝက်သိုးကြီးအားဖျက်၍ တစ်ညလုံးချက်ကြလိမ့်မည်ဖြစ်သည်။

ကံကောင်းထောက်မသဖြင့် အသက်ဘေးမှ သီသီကလေးလွတ်ခဲ့ရသော ကျွန်တော့်အတွက်တော့ နောင်တွင်ညဘက် တောလမ်းခရီးကို တစ်ဦးတည်းအရဲစွန့်၍ မပြန်ရန် ဆုံးဖြတ်မိသည်။ ယခု အဖြစ်အပျက်ကိုလည်း အ,ကာလမရဏပုံပြင်ဟုသာ မှတ်ယူလိုက်တော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

မှတ်ချက် –

ကော့သောင်း ဆီအုန်းစခန်းများအကြောင်း ရေးသားရန် တိုက်တွန်းကြသူများအတွက် အမှတ်တရရေးခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

သန္ဓေဗီဇဖြစ်ပေါ်လာသော တောကောင်များကို စာဖတ်သူ မြင်ဖူးကြားဖူးပါလိမ့်မည်။ သစ်ရွက်မှ နှံကောင်များဖြစ်လာသည်။ ပဲနွယ် ပင်(ပဲပုစွန်ပင်)မှ မြွေဖြစ်လာခြင်း စသည်တို့ဖြစ်သည်။ ကျွန်ုပ်တို့အလုပ် မှာ တောတောင်ထဲ၌ကျင်လည်ပြီး နှစ်ပေါက်စခန်းချနေထိုင်ရခြင်းဖြစ် သဖြင့် အခြားသာမန်လူများထက် တောသဘာဝကို နှံ့စပ်ကျွမ်းကျင် ပါသည်။

တောတောင်နှင့်တောကောင်၊ တောထွက်ထူးခြားဆန်းကြယ် သော သဘာဝပစ္စည်းများကို နေ့စဉ်ပင် မြင်တွေ့နေကြရပါသည်။ လုပ် ငန်းမှာလည်း တောတွင်းလမ်းဖောက်လုပ်ရေးလုပ်ငန်းဖြစ်သဖြင့် သစ် ပင်ကြီးများ ခုတ်ခြင်း၊ ချုံနွယ်များရှင်းခြင်း၊ ငုတ်ထုတ်ခြင်းတို့မှာ ကျွန်ုပ် တို့၏ နိစ္စဓူဝ ပင်မအလုပ်ပင်ဖြစ်ပါသည်။





ထို့ကြောင့်ပင် နွယ်ပင်အားခုတ်လိုက်တိုင်း သွေးရောင်အရည် များစီးထွက်လာပြီး နွယ်သားကွင်းပြတ်အလယ်တွင် ကျားခြေရာပေါ် ထွန်းနေသော ကျားမနိုင်နွယ်၊ ဈေးရောင်းကောင်းစေသော နွယ်ကွင်း တို့၊ ဂမ္ဘီရပစ္စည်းသစ်ဖောက်နွယ်ပင်၊ သစ်ကွင်း၊ သစ်တံခါး စသည် တို့ကိုလည်း နေ့စဉ်လိုလိုပင် ရှေ့တန်းရဲဘက်တပ်စိပ်မှ ရရှိနေပါသည်။

၁၉၉၁ ခုနှစ် အလွန်ချမ်းအေးလှသော ရာသီဥတုရှိသည့် မြန်မာ ပြည်မြောက်ဖျား ဆွမ်ပရာဘွန်စခန်းတွင် ကျွန်ုပ်တာဝန်ကျနေစဉ်အချိန် ကဖြစ်ပေသည်။ ရဲဘက်စခန်းမှာ မြစ်ကြီးနား-ဆွမ်ပရာဘွန်သွား ကား လမ်းပေါင်းနံဘေးတွင် တည်ရှိသည်။

ကားလမ်းဆိုသော်လည်း အင်္ဂလိပ်ခေတ်ကတည်းက ဖောက် လုပ်ခဲ့သောလမ်းဖြစ်၍ (၁၀)ပေခန့်သာအကျယ်ရှိပြီး ကျောက်ကြမ်း တစ်စွန်းတစ်စသာ ကျန်ရှိတော့သော လမ်းပျက်လမ်းဟောင်းကြီးသာ ဖြစ်ပါသည်။

အချို့နေရာများ၌ ကတ္တရာတစ်စွန်းတစ်စကျန်ရှိနေသည်ကို တွေ့ရပြီး အချို့နေရာ၌ ရေတိုက်စားထားသဖြင့် လမ်းမြေသားပင် မရှိ တော့။ ကျင်းချိုင့်ကြီးဖြစ်နေသည်။ အချို့နေရာများတွင် လမ်းလယ် ကောင်၌ သစ်ပင်ကြီးများက ထိုးထိုးထောင်ထောင်ပေါက်ရောက်နေလေ ဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

မြစ်ကြီးနားမြို့နှင့် ဆွမ်ပရာဘွမ်စခန်းမှာ (၈၇) မိုင်သာ
သော်လည်း တောင်ဆင်းတောင်တက်လမ်းကြမ်းကြီးဖြစ်သဖြင့် ကျွ
တို့ ကားကြီး(၃၇)စီးဖြင့်လာခြင်းဖြစ်သော်လည်း လမ်းခရီးတွင် ခြေ
ညအိပ်ခုနစ်ရက်ကြာခဲ့သည်။

မြစ်ကြီးနားမှ စခန်းသို့လာလျှင် ကြမ်စာရန် (မြစ်ဆုံ)၊ တ
ရွာ၊ အင်ဂျစ်ရွာ၊ ဖုံအင်ခ၊ အင်လုစ်၊ ဆွတ်ခါ။ တီယန်စွပ်ရွာများ
မှ ဆွမ်ဘရာဘွမ်(ဒရုခ) စခန်းကို ရောက်နိုင်ပါသည်။

ဒရုခရဲဘက်စခန်းကြီးကို ကျွန်ုပ်ကိုယ်တိုင်ဆောက်လုပ်ရ
ဖြစ်သည်။ ဆောက်လုပ်ရေးသုံးပစ္စည်းမစုံလင်၍ ဆောက်လုပ်ရ
အတော်ပင်ပန်းပါသည်။ နဂိုမူလ ဆွမ်ပရာဘွမ်ရဲဘက်ယာယီ
ဟောင်းကလေးမှာ အင်္ဂလိပ်ခေတ်က ဆောက်လုပ်အသုံးပြုခဲ့သော





တားပျက်ကြီးတစ်ဖက်ကမ်း၌ရှိပြီး အထိုင်တပ်စခန်း (ခလရ-၃၇) နှင့် အလှမ်းဝေးသဖြင့် လုံခြုံရေးမကောင်းပါ။

ထိုစဉ်အခါက နယ်မြေကလည်း မအေးချမ်းသေး။ ထို့ကြောင့် ကျွန်ုပ်နှင့် ဝန်ထမ်း၊ ရဲဘက်အင်အား (၅၀၀)ခန့် ထပ်မံရောက်တော့ ဆွမ်ပရာဘွမ်(ဒရုခ)စခန်းသစ်ကို လိုအပ်ချက်အရ အခိုင်အခံ့စခန်းအဖြစ် ထပ်မံဆောက်လုပ်ရခြင်းဖြစ်ပေသည်။

စခန်းသစ်ဆောက်လုပ်ရာနေရာမှာ တစ်ကေခန့်သာ ကျယ်ဝန်းပြီး (ခလရ-၃၇) တပ်စွဲထားရာ တောင်ကုန်းအောက်ခြေ ကားလမ်းမကြီးအနီးတွင်ရှိသဖြင့် လုံခြုံရေးအရ စိတ်ချရသည်။ ဒရုခချောင်းလက်တက်ဖြင့်လည်း နီးသဖြင့် သောက်သုံးရေလည်း အဆင်ပြေပါသည်။

ပထမဆုံး စခန်းဆောက်ရန်နေရာတွင်ရှိသည့် သစ်တောကြီးနှင့် ဆူးချုံများအား ရှင်းရသည်။ ပြီးနောက် မြေညှိ၍ ကျားမှောက်ကျားလှန်ဆူးကြိုးဝင်း ကာရသည်။ အကာအရံပြီးမှ အိပ်ဆောင်အဆောက်အဦများကို စတင်ဆောက်လုပ်ရသည်။ လုပ်ငန်းကို ကြပ်မတ်နိုင်ရန်အတွက်လည်း ဆူးကြိုးဝင်းပြီးသည်နှင့် ကျွန်ုပ်၏ ကြီးကြပ်တည်းအိမ်နှင့်တပည့်များ အရင်ပြောင်းရွှေ့လာကြသည်။

အလုပ်ခွင်နှင့် နေထိုင်ရာနီးတော့ လုပ်ငန်းတိုးတက်မှု မြန်ဆန်လာသည်။ ရဲဘက်များကတော့ ဘားတိုက်များမပြီးသေး၍ ဒရုခချောင်းတစ်ဖက်ကမ်းမှ အလုပ်ဆင်းကြရတုန်းပင်ဖြစ်သည်။ လုပ်ငန်းခွင်နှင့် အိပ်ဆောင်တဲများမှာ အလှမ်းမဝေးလှသော်လည်း ဒရုခချောင်းကြီးခံနေ၍ အသွားအလာခက်ခဲပေသည်။

ဒရုခချောင်းမှာ ပေ(၂၀၀)ခန့်ကျယ်ဝန်းပြီး ရေစီးကြောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအလယ်၌ နွေရာသီတွင် (၁၀)ပေ၊ (၁၅) ပေခန့်သာကျယ်ပြီး ဒူးခေါင်းမြုပ်ရုံသာနက်သော်လည်း မိုးရာသီ၌ လူနှစ်ရပ်ခန့်နက်ပေသည်။

စခန်းဆောက်ရာတွင် တိုင်လုပ်ရန်၊ ဆင့်ခင်းရန်အတွက် သစ်အမျိုးမျိုးမှာ အနီးအနားတွင် ပေါများလှသော်လည်း အမိုးအကာအတွက် ချည်ရန်နှီးဝါးနှင့် အမိုးအတွက် တောင်ထန်းရွက်တို့မှာ ရှားပါးသွားပြီဖြစ်၍ အဝေး (ဒရုဒမြစ်ချောင်းဖျား) ဘက်သို့ သွားရောက်ရှာဖွေခုတ်သယ်ရသည်မှာ အလွန်အချိန်ကုန်ပါသည်။

ကျွန်ုပ်ရောက်စက ပါလာသော စည်သွပ်ဘူးများဖြင့် အဆင်ပြေသည်။ စခန်းတွင် ထမင်းနှင့်ပဲဟင်းသာရှိသည်။ စားစရာ ဟင်းသီးဟင်းရွက်ပင်မရှိပါ။ တောတွင်းဖြစ်သော်လည်း နယ်မြေမအေးချမ်းသဖြင့် တောလည်းမလည်ရဲ။ ထို့ကြောင့် တောကောင်သားလည်း မစားရ။ တောထွက်သီးနှံ၊ တောငှက်ပျောပင်မှလွဲ၍ အလှမ်းဝေးနေပါသည်။ နှစ်ပတ်ခန့်နေသားကျတော့ စည်သွပ်ဘူးနှင့် ငါးခြောက်ငါးခြမ်းလည်း ပြတ်ပေပြီ။

စခန်းသို့ ဒေသခံဈေးသည် ကချင်မကလေးများ လာတတ်သည်ဆိုသော်လည်း သူတို့လာ၍ရောင်းသောပစ္စည်းများမှာ ဆေးလိပ်၊ အရက်နှင့် လူသုံးကုန်ပစ္စည်းကလေးများသာဖြစ်၍ အသားရိက္ခာမဟုတ်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့မှာ ကုလားပဲဟင်းကို တောငှက်ပျောအူနှင့် ရော၍ချက်စားရသည်မှာ တစ်ပတ်တိတိရှိသွားသောအချိန်တွင် စခန်းဆောက်လုပ်ရေးလက်သမားဘုတ်မှ ရဲဘက်တစ်ဦး ကျွန်ုပ်ထံရောက်လာပါသည်။ ၎င်းရဲဘက်မှာ အသားညို၊ အရပ်ပြတ်ပြတ်၊ တောင့်တင်းသောခန္ဓာကိုယ်နှင့် မုဆိုးတစ်ဦးပုံစံပေါက်နေပါသည်။ မြန်မာလူမျိုးတော့မဟုတ်။ တိုင်းရင်းသားဖြစ်ပုံရသည်။





''ဆရာ . . . ကျွန်တော်က ခန္တီးရှမ်းလူမျိုး ဆင်ဦးစီးမုဆိုးပါ။ ဒီတောထဲမှာ ဆရာတို့ အစားအသောက်ရှားတာမို့ ကျွန်တော်ရှာကျွေးချင်ပါတယ်။ ကျွန်တော့်ကို စိတ်ချပါ။ ဘယ်တော့မှ ထွက်မပြေးပါဘူး ဆရာ''

''အေးကွာ . . .။ ငါလည်း မြန်မာတစ်ပြည်လုံးက တောတောင်တွေအထဲမှာ နှစ်နဲ့ချီပြီး တာဝန်ထမ်းဆောင်ဖူးခဲ့လို့ မုဆိုးပါပဲကွာ။ ဒါပေမဲ့ ဒီနယ်မြေကမအေးချမ်းတော့ တောမလည်ရဲလို့ အစားအသောက်ကဆင်းရဲလှသကွာ၊ ကော့သောင်းဆီအုန်းစခန်းမှာနေတုန်းက တနင်္သာရီရိုးမခြေရင်းတောင်ခြေတောဖြစ်နေလို့ နေ့တိုင်း ချေ၊ စိုင်၊ ဆတ်၊ တောဝက်တစ်မျိုးမျိုးတော့ ရတတ်လို့ ဝန်ထမ်း၊ ရဲဘက်အူစိုတာပေါ့ကွာ''

''ကျွန်တော့်နာမည် ကျော်ထွားလို့ ခေါ်ပါတယ်။ ခန္တီးမြို့နယ်မှာနေခဲ့လို့ ဒီဘက်ကတောတွေကို ကျွန်တော် ကျွမ်းပါတယ်။ ကြက်ငှက်အပြင် စားလို့ရတဲ့အသီးအရွက်တွေကိုပါ ကျွန်တော်ရှာပေးပါ့မယ်''

''အေးကွာ . . . ကျော်ထွားရယ်။ ဒီနယ်မြေမှာ ငါတို့အောက်ပြည်အောက်သားတွေမသိတဲ့ အပင်တွေက ပိုများတယ်ကွ။ ဟိုတစ်နေ့က ဒရုခချောင်းကမ်းဘေးမှာ ရေချိုးရင်းတွေ့ရတဲ့ ကင်ပွန်းချဉ်ရွက်တွေကိုခူးပြီး ချက်ခိုင်းတာ။ ခါးလိုက်တာကွာ ထမင်းစားကို ပျက်ကရောပဲ။ နောက်မှသိရတာ ကင်ပွန်းပင်မဟုတ်ဘူး။ ဆူးရစ်ပင်တဲ့လေ''

''နောက်ဆို ကျွန်တော်ရှာပေးပါ့မယ် ဆရာ။ ဒီတောဒီတောင်ထဲမှာ ဒေသကျွမ်းလို့ နားလည်ရင် စားကောင်းတဲ့ အသီးအရွက်တွေ ပေါပါတယ်။ ကမ္ဘာပေါ်မှာ နာမည်ကြီးတဲ့ ဂျင်ဆင်းဆေးမြစ်ပင်လည်း ချောင်းကမ်းဘေးမှာတင် ပေါက်နေတာပါ။ ဆရာတို့မသိလို့ပါ၊ ကျွန်တော့်အဖေက ဗိန္ဒောဆေးဆရာကြီးဖြစ်လို့ ကျွန်တော်သိပါတယ်။ ရွှေကြား



www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖျားဆေး၊ ဝမ်းရောဂါပျောက်ဆေးပင်တွေကိုလည်း ကျွန်တော်သိပါတယ်''

''အေးကွာ ... မင်းကိုပဲ အားကိုးရတော့မှာပေါ့။ ဒါပေမဲ့ ငါတို့စခန်းရောက်တာ ခြောက်လမပြည့်သေးတော့ မင်းကို ခြေကျဉ်းဖြုတ်ပေးဖို့ ငါ့မှာ အကျဉ်းထောင်ဥပဒေအရ အခက်အခဲဖြစ်နေတယ်။ ခြေကျဉ်းနဲ့တောလည်ရမှာ မလွတ်မလပ်ကြီးနဲ့ မင်းဒုက္ခရောက်မှာစိုးလို့ပါ''

''ဆရာ ... ကျွန်တော့်အတွက် မြစ်ကြီးနား ပိုးစာခြံရဲဘက်စခန်း နေသားနဲ့တွက်ရင် ရဲဘက်စခန်းထွက်လာတာ ဒီလကုန်ရင်ခြောက်လပြည့်ပါပြီ ဆရာ။ ကျွန်တော့် ထောင်ကျဝရမ်းကို စစ်ဆေးကြည့်ရင် သိနိုင်ပါတယ် ခင်ဗျာ''

''ဟေ ... ဟုတ်လား။ ဒါဆိုရင် ပိုကောင်းတာပေါ့။ မနက်ဖြန် လကုန်ရက်ပဲ။ မင်းကို ခြေကျဉ်းဖြုတ်ပေးမယ်။ လက်သမားအဖွဲ့နဲ့ မိုးကြိုးအဖွဲ့ကိုလည်း ခြေကျဉ်းဖြုတ်ပေးရမယ်''

''ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော်မပြေးပါဘူး။ ကတိပေးပါတယ်။ ဒီတောဒီတောင်က ကျွန်တော့်အိမ်ပဲ။ ပြေးချင်ရင် အစောကတည်းက ပြေးနိုင်ပါတယ် ဆရာ''

''အေး ... အေး ... ကောင်းပြီ။ ဒီနေ့ပဲ ခြေကျဉ်းဖြုတ်ရမယ့် ရဲဘက်စာရင်းပြုစုပြီး ညနေစာတင်ပြီး မြစ်ကြီးနားပိုးစာခြံစခန်းကို ပို့လိုက်မယ်။ မနက်ဖြန်မနက် ဖြုတ်ပေးမယ်ကွာ''

''ဟုတ်ကဲ့ပါဆရာ''

✿ ✿ ✿

| ၃ |

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော် ခြေကျဉ်းဖြုတ်ပေးသဖြင့် ရဲဘက်မုဆိုးကျော်ထွား တောစလည်ပါသည်။ ပထမနေ့တွင် အကောင် ပလောင်မရပါ။ ဖောက်ကိုင်းများ ထောင်ခဲ့သည်ဟုသိရသည်။ တောသီး တောရွက်ဖြစ်သော မက်လင်ချဉ်သီး၊ မှုရင်ကောက်ညွှန့်၊ တောငှက်ပျော မှုံ၊ တောင်ချဉ်ပေါင်ခေါ် ပိန်းပင်အနီကြီးများ ပါလာသည်။

မုဆိုးကျော်ထွားမှာ အချက်အပြုတ်လည်း ကျွမ်းကျင်ပါသည်။ သူ့လက်ရာ ဟင်းသီးဟင်းရွက်ဟင်းမှာ အလွန်စားကောင်းသည်။ နောက် ရက်များတွင် တောကြက်၊ တောငှက်နှင့် ရစ်ကြက်များရလာတတ်၍ အသားဟင်းလျာပါ တိုးလာပါသည်။

ဖောက်ကိုင်း၊ နင်းကိုင်းကြိုးအတွက် ရက်စေ့ငင်မှ ကြိုးထုတ်၍ ကျစ်ပြီးသုံးခြင်းဖြစ်ကြောင်းသိရသဖြင့် ကျွန်ုပ်က ကျော်ထွားအား ဂွမ်း စောင်အသစ်တစ်ထည် ထုတ်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ညနေတွင် မုဆိုးကျော်ထွားအပြန်နောက်ကျသဖြင့် ကျွန်ုပ် စိတ်ပူနေမိသည်။ မိုးချုပ်စမှပြန်ရောက်လာရာ တောကြက်တစ်ကောင်နှင့် ကျောက်ငါးကြင်းနှစ်ကောင်ပါလာသည်။

"ကျော်ထွားရေ . . . မင်းအပြန်နောက်ကျလို့ ငါစိတ်ပူနေတာ။ မင်းက ကုန်းမုဆိုးအပြင်၊ ရေမုဆိုးပါ လုပ်နေတာလား"

"ဆရာ . . . စိတ်မပူပါနဲ့။ ဒီနေ့ ကျွန်တော် ရွှေမုဆိုးပါလုပ်နေလို့ အပြန်နောက်ကျတာပါ။ ဆရာ့အတွက် ကျွန်တော် ရွှေနှစ်ရွှေးသားလောက်ကျင်ခဲ့ပါတယ်။ ကျင်ဝိုင်းနဲ့ပစ္စည်းကိရိယာ ကိုယ့်မှာမရှိတော့ ရွှေကျင်တဲ့ 'ထားဝယ်လင်မယားနားချိန်မှာ ငှားပြီးကျင်ရတော့ အချိန်ကုန်တာပေါ့။ ဒီဒရချောင်းက ရွှေထွက်တယ်လို့ သိရပါတယ်ဆရာ"

မုဆိုးကျော်ထွားသည် ၎င်း၏လွယ်အိတ်အတွင်းမှ ပင်နယ်စလင်ပုလင်းလေးတစ်လုံးကို ကျွန်ုပ်အား ထုတ်ပြသည်။ ပုလင်းလေးထဲ၌ ရေနှင့်အတူ အနည်ထိုင်နေသော မည်းမည်းအမှုန်လေးများအား တွေ့ရပြီးနောက် ပုလင်းတစ်လုံးထဲမှ ပြဒါးရည်ကို ပထမပုလင်းကလေးအတွင်းသို့ လောင်းထည့်ပါသည်။

မည်းမည်းအမှုန်ကလေးများ ပြဒါးအရည်ဖြင့် စုစည်းသွားချိန်တွင် လက်ကိုင်ပဝါတစ်ထည်ကို ထုတ်၍ပြဒါးရည်အား သွန်ချရာ ရေရိုးရိုးများ ထွက်ကျလာပြီး ရွှေမှုန့်နှင့်ပြဒါးသာ ကျန်ရှိနေပါသည်။

ထို့နောက် ပြဒါးထည့်ထားခဲ့သော ပုလင်းလေးအား အောက်မှခံ၍ လက်ကိုင်ပဝါအား ညှစ်ချရာ ပြဒါးရည်မှာ ပုလင်းကလေးအတွင်းသို့ ကျသွားပြီး မည်းမည်းအမှုန်ကလေးများ စုစည်းထားသော အလုံးကလေးသာ လက်ကိုင်ပဝါအတွင်း၌ ကျန်ရှိနေခဲ့ပါသည်။

---

စိတ်ကူးသစ်စာပေ



ထိုအလုံးကလေးအား အနီးရှိ မီးဖိုအတွင်းမှ မီးလောင်နေသည့် ထင်းစတစ်ချောင်းပေါ်သို့ တင်ပါသည်။ ထို့နောက် ဝါးပြောင်းကလေးဖြင့် မီးမှုတ်ပေးရာ အလုံးကလေးမှာနီရဲလာပြီး ရွှေဝါရောင်ပြောင်းလဲလာသည်။ ချေးများစင်သွားသော ရွှေရိုင်းတုံးကလေးဖြစ်ပေသည်။

မုဆိုးကျော်ထွားက လက်ဖြင့်ကိုင်၍ ကျွန်ုပ်အားပြသဖြင့် ကျွန်ုပ်က ကိုင်ကြည့်မည်ပြုရာ . . .

"ဆရာ . . . မကိုင်နဲ့ အပူလောင်လိမ့်မယ်"

ဟုပြောကာ ပထမ ရေပုလင်းကလေးထဲသို့ထည့်ပြီးမှ ကျွန်ုပ်ကိုပေးသည်။

"ဟာ . . . ကျော်ထွားရ၊ ငါ့ကျတော့ မကိုင်နဲ့တဲ့။ မင်းကိုင်တော့ မပူပါလား။ ဘယ်လိုဖြစ်တာလဲကွ"

"အရည်ပျော်နေတဲ့ ရွှေပဲ ပူတာပေါ့ဆရာရယ်။ ဒါပေမဲ့ ကျွန်တော်ကပြီးဆေးတွေ ထိုးထားလို့မပူတာပါ။ ကျွန်တော်က မြွေဆိပ်နဲ့မီးပြီးတယ်ဆရာ"

လူထူးလူဆန်း မုဆိုးကျော်ထွားဖြစ်ပါသည်။

ညဘက်တွင် မုဆိုးကျော်ထွားချက်ကျွေးသော မက်လင်ချဉ်သီးနှင့် ကျောက်ငါးကြင်းချဉ်ရည်ဟင်းမှာ အလွန်စားကောင်းသည်။ ကုလားပဲနှင့်ငှက်ပျောဖူးဟင်းမှာလည်း မုန့်ဟင်းခါးနံ့ရနေသည်။ တောင်ချဉ်ပေါင်ရွက်ခေါ် ပိန်းရိုးအနီရောင် ကြော်ချက်ဟင်းမှာလည်း ချဉ်ပေါင်ရွက်စားရသလို ချဉ်ပြုံးပြုံးကလေးဖြင့် စားကောင်းလှသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

□

တစ်နေ့တွင် မုဆိုးကျော်ထွားတောက ပြန်လာပြီး ရစ်ကြက်ဆီပြန်ဟင်းနှင့်ကြက်ရိုးနှင့်မှို အရည်သောက်ဟင်း ချက်ကျွေးပါသည်။ လွန်စွာအရသာရှိသည်။

"ကျော်ထွားရေ ... ဘယ်က အချိုမှုန့်ရလို့လဲကွ။ မင်းဟင်းချိုက အလွန်ချိုပေတာပဲ။ မှိုကရော ဘာမှိုလဲ။ အဆိပ်အတောက်လည်း ဖြစ်နေပါဦးမယ်"

"စိတ်ချလက်ချ စားပါဆရာ။ အဆိပ်အတောက်မရှိပါဘူး။ အဆိပ်အတောက်ရှိတဲ့မှိုတွေက ခြေကျဉ်းပါတယ်။ လက်နဲ့ခြေရင် မည်းသွားတယ်။ အခုစားတဲ့မှိုက ဝါးမှိုပါ။ အဆိပ်မရှိပါဘူး။ ချိုတာက တော ထွက်ဟင်းချိုရွက် ခပ်ထားလို့ပါဆရာ"





"အေး ... အေး ... ကောင်းတယ်။ တောကျွမ်းတော့လည်း စားစရာက မရှားဘူးပေါ့ကွာ"

"ဒါနဲ့ဆရာ အောင်ဝါဆိုတာ ကြားဖူးသလား"

"မင်းပြောတာ ငှက်နာမည်လား၊ ငါမကြားဖူးဘူး။ အောင်လောင်ငှက်ကိုတော့ မြင်ဖူးတယ်။ အောက်ချင်းငှက်ထက်ကြီးတယ်။ နှုတ်သီးနှစ်ထပ်ကြီးနဲ့ အဝါနဲ့အနက်ကြားပဲ"

"အောင်ဝါဆိုတာက ငှက်မဟုတ်ဘူးဆရာ။ သူက ကြောင်လိုအကောင်မျိုး သစ်ပင်နွယ်က ဖြစ်လာတာ"

"ငါမြင်ဖူးတာတော့ ဝါးရွက်ကနေ နံ့ကောင်ဖြစ်တာ။ ပဲနွယ်ကနေ မြွေဖြစ်တာပဲ မြင်ဖူးကြားဖူးတယ်။ သစ်ပင်နွယ်က အောင်ဝါဖြစ်တာတော့ ကြားလည်းမကြားဖူးဘူး၊ မြင်လည်းမမြင်ဖူးဘူး"

"ဟုတ်ပါတယ် ဆရာ၊ အလွန်ရှားပါတယ်။ သူက အလွန်ထူးဆန်းပြီး ဂမ္ဘီရဆန်တယ်။ နွယ်ကနေ အကောင်ပုံစံ တဖြည်းဖြည်းပြောင်းလဲလာတာ။ အင်္ဂါစုံလို့ ညဘက်ရောက်တာနဲ့ ခေါင်းပိုင်းနဲ့ဆက်နေတဲ့နွယ်က ပြုတ်ကျပြီး သက်ဝင်လာတယ်။

ရုန်းကန်လာတာနဲ့ အမြီးနဲ့ဆက်နေတဲ့ နွယ်ဟာလည်း လမွန်းတည့်တာနဲ့ ပြုတ်ကျသွားပြန်ရော။ အဲဒီအချိန်ကိုသိလို့ လူကစောင့်ပြီး ဖမ်းနိုင်ရင် အောင်ဝါအကောင်ကို ညဆက်မှာ လိုသလို ခိုင်းစေနိုင်တယ် ဆရာ။ သူက နေ့ဘက်မှာ အရုပ်လိုပဲ စားပွဲပေါ်မှာ တင်ထားနိုင်တယ်။

ညဘက်မှာတော့ အသက်ဝင်ပြီး 'အောင်ဝါ ... အောင်ဝါ' လို့အော်ပြီး တောထဲလျှောက်သွားနေတာ။ ပိုင်ရှင်က ရွှေငွေရတနာ မြှုပ်ထားတဲ့နေရာကို ရှာခိုင်းရင် အောင်ဝါက ရှာပြီးတာနဲ့ အိပ်မက်တစ်ဆင့် အသိပေးတယ်။ မကောင်းတဲ့ဘက်က ပစ္စည်းခိုးခိုင်းရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆရာ။ ပိုင်ရှင်ရဲ့ သမာဓိအပေါ်မှာမူတည်ပြီး နိုင်းစေချင်သလို နိုင်းစေနိုင်တယ်။

အခု အဲဒီအကောင်ဖြစ်မယ့် နွယ်ပင်ကြီးတစ်မျိုး ဒရုခချောင်းများက ပျဉ်းကတိုးပင်ကြီးပေါ်မှာ ကျွန်တော်တွေ့ခဲ့တယ်ဆရာ။ အကောင်က သိပ်မပီပြင်သေးဘူး။ တစ်လလောက် စောင့်ရဦးမယ်''

''မင်းဟာက အန္တရာယ်တော့ အတော်များတာပဲ။ ကွက်တိ ဖမ်းဆီးဖို့ကလည်း မလွယ်လှဘူးနော်''

''အခုဟာက အမြီးနဲ့ခန္ဓာကိုယ် ဦးခေါင်းစုံနေပြီဆရာ။ မျက်နှာနဲ့နားရွက်ပီပြင်လာဖို့ တစ်လလောက်စောင့်ရဦးမယ်။ ကျွန်တော်က အဲဒီဘက်ကို နေတိုင်းရောက်နေလို့ အခြေအနေကိုသိပါတယ် ဆရာ။ နီးရင် ဆရာကျွန်တော့်ကို အကူအညီပေးပါ။ ခါးထက်ထက်တစ်ချောင်း၊ ဓာတ်မီးကောင်းကောင်းတစ်လက်နဲ့ သတ္တိရှိပြီး စိတ်ချရတဲ့ လူတစ်ယောက်ပဲလိုပါတယ် ဆရာ''

''အေး . . . အေး . . . နီးတော့ပြော၊ ငါရှာပေးမယ်။ ဒီမြောက်ပိုင်းက ရွှေပေါတော့ ရွှေကြောဘယ်နားမှာရှိလဲ မေးရမယ်''

✿ ✿ ✿

[ ၅ ]

❑

နောက်နှစ်ပတ်ခန့်ကြာသောညတွင် ကျွန်ုပ်နှင့်မုဆိုးကျော်ထွားတို့ ညစာစားအပြီး ရေနွေးကြမ်းသောက်ရင်း စကားစမြီ ပြောနေကြစဉ် . . .

''အောင်ဝါ . . . အောင်ဝါ . . . အောင်ဝါ . . .''

ဟူသော ကျယ်လောင်သည့် အော်သံကြီးကို ဒရုခချောင်းဘက်မှ ကြားလိုက်ရသဖြင့် မုဆိုးကျော်ထွားအရေးပေါ်ခေါ်သောကြောင့် ကျွန်ုပ်သေနတ်နှင့် ဓာတ်မီးဆွဲကာ လိုက်ခဲ့သည်။ ဒရုခချောင်းဖျား ပျဉ်းကတိုးပင်ကြီးအခြေရောက်သည်နှင့် မုဆိုးကျော်ထွားက အရင်တက်သည်။

အပင်ပေါ်မှရှန်းကန်ပြီး 'အောင်ဝါ' ဟုအော်သံကြီးက ကြောက်မမန်းလိလိပင်။ ကျွန်ုပ်အပင်ပေါ်တက်ရန် ပင်စည်အားကိုင်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် 'ဖျန်း' ဟူသောအသံကြီးကြားရ၍ မီးထိုးကြည့်ရာ မီးခဲလိုရဲေ သော မျက်လုံးနှစ်လုံးပိုင်ရှင် ကြောင်ဝါကြီးတစ်ကောင်အား ရိပ်ခ လျှပ်ပြက်သလို တွေ့လိုက်ရသည်။ ပါးစပ်ကြီးဖြဲ၍ 'အောင်ဝါ ... အောင်ဝါ' ဟူသော အော်သံကြီးမှာလည်း ကျယ်လောင်လွန်းလှသည

''လွတ်သွားပြီ ... ဆရာရေ့။ သဘက်ခါလပြည့်နေ့မှ အသ ဝင်မယ် ထင်ထားတာ။ အတွက်အချက်လွဲသွားပြီဗျို့''

''အောင်ဝါ .... အောင်ဝါ ... အောင်ဝါ''

ထောင်မှူးကြီးသိန်းဝ



www.burmeseclassic.com

www.burmeseclassic.com

□

၁၉၈၄ ခုနှစ်၊ ဖွန်လအတွင်းဖြစ်သည်။ ကော့သောင်းမိုးက တစိမ့်စိမ့်။ မိုးရွာသော်လည်း အိုက်စပ်စပ်။ ကော့သောင်းမြို့တွင် ရန်ကုန် လို မိုးအတိတ်ကို စောင့်၍မရ။ သည်းရာက ဖွဲဖွဲရွာပြီး၊ ဖွဲရာက သည်း သည်းပြန် ရွာတတ်သဖြင့် ကော့သောင်းမြို့မိုးရာသီမှာ မိုးဥတုတစ် လျှောက်လုံး မိုးလုံးပတ်လည်ဖြစ်၍ နေပါတော့သည်။

ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိုး ရွာသော်လည်း နားမနေနိုင်ပါ။ တာဝန်က ရှိသေးသည်။ ယနေ့ ရန်ကုန် မှ ဆီအုန်းမျိုးစေ့များ အထူးလေယာဉ်ဖြင့် ရောက်ရှိလာမည်ဖြစ်သဖြ စခန်းတာဝန်ခံ ထောင်ပိုင်ဦးယဉ်မောင်နှင့်အတူ သွားရောက်ကြိုဆိုရ အတွက် ပြင်ဆင်နေရပါသည်။

မနက် ၆ နာရီခန့်ဖြစ်သော်လည်း ကျွန်တော်တို့ မိုးသည် သည်းအတွင်း ပြေးလွှားကာ ရဲဘက်တပ်ခွဲများ အလုပ်ဆင်းရန်၊ စခ လုံခြုံရေးအတွက် တာဝန်များလွှဲပြောင်းပေးရန် ကိစ္စများအား ရှေ့တန် နောက်တန်းတာဝန်ကျထောင်မှူးများနှင့် တပ်ကြပ်ကြီးများအား ကြားစီစဉ်နေရပါသည်။ ထို့အပြင် ဆီအုန်းမျိုးစေ့သေတ္တာများ သယ်





ရန်အတွက် Hino(TE) ကားတစ်စီးနှင့် Hino (Ranger) ကားတစ်စီး တို့အား ယာဉ်မောင်းစက်ပြင်များနှင့်အတူ စစ်ဆေးစီစဉ်ရပါသေးသည်။

ကျွန်တော်တို့ဆီအုန်းစိုက်ပျိုးရေးစခန်းမှ ဘန်းကချွန်၊ ကော့ သောင်းမြို့သို့သွားသည့် ကတ္တရာလမ်းဆုံရွာအထိ ၁၀ မိုင်ခန့်ဝေးသော် လည်း လမ်းမှာ တောတွင်းမြေလမ်းဖြစ်သည်။ တောင်ဆင်းတောင် တက်လမ်းဖြစ်သဖြင့် အလွန်အန္တရာယ်များသည်။ ထို့ကြောင့် ကားများ ကို ခရီးမသွားမီ စိတ်ချရအောင် ကြံ့ခိုင်မှုစစ်ဆေးရပါသည်။

မနက်စောစော စားသောက်ကြအပြီး နံနက် ၈ နာရီခန့်တွင် ကျွန်တော်တို့အဖွဲ့ ကားနှစ်စီးဖြင့် ထွက်ခဲ့ကြပါသည်။ ဝန်ထမ်းမိသားစု မိခိုသူများကလည်း ကော့သောင်းမြို့၌ ဈေးဝယ်ရန် လိုက်လာကြသဖြင့် ကားနှစ်စီးလုံး လူကအပြည့်ပင်။ အပြန်တော့ ၎င်းတို့အား တင်ဆောင် ရန်မဖြစ်နိုင်တော့။ ဆီအုန်းမျိုးစေ့သေတ္တာများ တင်ရမည်ဖြစ်သော ကြောင့် ညနေပြန်လာမည့် ချန်းဖန်းရွာ လိုင်းကားဖြင့်သာ ပြန်ကြရ မည်ဖြစ်သည်။

၇ မိုင်လေယာဉ်ကွင်းသို့ရောက်သောအခါ အချိန်စောနေသေး သဖြင့် ထောင်ပိုင်ကြီးမှ ဈေးဝယ်မည့်သူများအဆင်ပြေစေရန် ကားတစ် စီးအား လေယာဉ်ကွင်း၌ Stand By ထားစေပြီး ကျန်တစ်စီးအား ကော့သောင်းမြို့ထဲအထိ လိုက်ပို့စေပါသည်။

အကျဉ်းဦးစီးဌာနမှ ငှားရမ်းထားသော Charter Plane အထူး လေယာဉ်မှာ နံနက် ၁၁ နာရီမှ ရောက်ရှိမည်ဖြစ်သဖြင့် အချိန် ၂ နာရီခန့် ရပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့ ကြိုဆိုရေးအဖွဲ့ လေဆိပ်နားနေဆောင်တွင် လေယာဉ်အလာကိုစောင့်ရင်း နားနိုကြပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကော့သောင်းလေယာဉ်ကွင်းမှာ တစ်ဖက်တွင် ဘင်္ဂလားပ လယ်ကြီးနှင့် တစ်ဖက်တွင် တနင်္သာရီရိုးမတောင်တန်းကြီး ကာဆီ ထားသဖြင့် လေယာဉ်ကွင်းမှာ ကျဉ်းလွန်းလှသည်။ ကော့သောင်းဂေါ ကွင်းမှာလည်း လေယာဉ်ကွင်းနှင့် တစ်ဆက်တည်းဖြစ်သည်။ ပြေးလမ် တို့၍ ဂျက်လေယာဉ်များ မဆင်းနိုင်။

ဖော့ကာလေယာဉ်နှင့် လေယာဉ်ငယ်များသာ ဆင်းနိုင်တ နိုင်ပါသည်။ နှစ်ပတ်တစ်ကြိမ်သာ လေယာဉ်အဆင်းအတက်ရှိသဖြ လေယာဉ်လာသောနေ့သည် ဂေါက်ကွင်းပိတ်သောနေ့ဖြစ်သည်။

မနက် ၁၀ နာရီ ၄၅ မိနစ်တွင် ယာဉ်မောင်းတွက်ကြီး Hino (TE)ကားကြီး ပြန်ရောက်လာသည်။ လေယာဉ်ဆင်းရန်လ ၁၅ မိနစ်အလိုဖြစ်ရာ လေယာဉ်ကွင်းမှ သံချောင်းခေါက်သံကိုလ ကြားရသည်။ သို့သော် လေယာဉ်ကိုမမြင်ရသေး။ လေယာဉ်သံကိုလ ကြားလာရသည်။ ၁၀ နာရီ ၅၀ မိနစ်တွင် လေယာဉ်ကို မြင်ရ သည်။

ပင်လယ်ဘက်မှ ပျံဝဲလာပြီး ကွင်းအားတစ်ပတ်ပတ်၍ တဖြ ဖြည်းဆင်းလာသည်။ XYADE ဖော့ကာလေယာဉ်အသစ်ကြီးဖြစ်သ ဆီအုန်းမျိုးစေ့သေတ္တာများ သယ်ယူလာ၍ အဲကွန်းအား အမြင့် ဖွင့်ထားဟန်တူပါသည်။ လေယာဉ်အဆိုက် တံခါးအဖွင့်တွင် လိုက် လာကြသူများအားလုံး အနွေးထည်ကိုယ်စီဖြင့်ဖြစ်ကြသည်။

အကျဉ်းဦးစီးဌာန စီမံကိန်းရုံးမှ ထောင်မှူးကြီးဦးဖေအေ နှင့် ထောင်မှူးကြီးဦးအောင်လှိုင်တို့အဖွဲ့အပြင် စက်မှု(၁)မှ AE ဦးဉ ဝေ ခေါင်းဆောင်သော ဆီအုန်းကြိတ်စက်ရုံ ဆောက်လုပ်ရေးအဖွဲ့ ကလည်း ပါလာကြသည်။ ကျွန်တော်တို့ ဆီအုန်းမျိုးစေ့ သေတ္တာ





အား ကားနှစ်စီးဖြင့် ခွဲဝေတင်ဆောင်ပြီး ဧည့်သည်များကိုပါ ခေါ်ဆောင် စခန်းသို့ ပြန်လာကြသည်။

ပါဆယ်ပါညွန်းစခန်းသို့ရောက်လျှင် ဧည့်သည်များအား ဧည့် ရိပ်သာတွင် နေရာချထားပြီး နေ့လယ်စာထမင်းကျွေးသည်။ ကျွန်တော် တို့ အိမ်ရှင်များကတော့ အနားမယူနိုင်သေးပါ။ ဆီအုန်းမျိုးစေ့သေတ္တာ များအား အောက်ချိုင့်ခြံ ပျိုးပင်ဖောက်စခန်းအတွက် သုံးပုံတစ်ပုံ၊ ချန်း နန်းဆိပ်ကမ်းမှတစ်ဆင့် အော်ကြီးနှင့် ဟင်္ဂစတင်းစခန်းများအတွက် သုံးပုံတစ်ပုံစီ ခွဲဝေပေးပို့ရဦးမည်ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော်နှင့်ထောင်ပိုင်ဦးယဉ်မောင်တို့က Hino (TE) ကားကြီးဖြင့် မျိုးစေ့သေတ္တာသုံးပုံနှစ်ပုံအား သယ်ဆောင်၍ ချန်း နန်းဆိပ်ကမ်းသို့ ထွက်ခွာလာသလို၊ ထောင်မှူးကြီးဦးဖေအောင်တို့ အဖွဲ့ က မျိုးစေ့သေတ္တာသုံးပုံတစ်ပုံကို သယ်ဆောင်၍ Hino (Ranger) ကား ဖြင့် အောက်ချိုင့်ခြံ ပျိုးပင်ဖောက်စခန်းသို့ သယ်ဆောင်သွားကြပါသည်။

ကျွန်တော်တို့အဖွဲ့က ချန်းဖန်းရွာဆိပ်ကမ်းတွင် အသင့်မှာ ထားသော စက်လှေပေါ်သို့ မျိုးစေ့သေတ္တာများအား တင်ပြီး မိုးကာ ပင်များအုပ်မိုး၍ အော်ကြီးစခန်းသို့ ထွက်ခွာလာကြသည်။ ပင်လယ် ကမ်းစပ်အတိုင်း စက်လှေဖြင့်လာကြပြီး အော်ကြီးချောင်းအတွင်းသို့ ဝင်မိုင်ကျော်ခန့်ဝင်ရသည်။

ရေတက်ချိန်ဖြစ်သော်လည်း ချောင်းမှာ အကွေ့အကောက် များပြီး ကျဉ်းလွန်းလှသည်။ အော်ကြီးစခန်း (၃)ကမ်းစပ်သို့ရောက် သော် ထောင်မှူးကြီး ဦးအယ်ဖော်ထူးတို့အဖွဲ့က အသင့်စောင့်ကြိုနေ ပါသည်။ အချိန်မှာ ညနေစောင်း ၅ နာရီခန့်ဖြစ်သည်။ တောရိပ် တောင်ရိပ်ကြောင့် မှောင်စပြုပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ကြီးစခန်းခွဲ (၃)မှာ ပျိုးပင်ဖောက်စခန်းဖြစ်သည်။ စခန်းခွဲတာဝန်ခံ၊ ထောင်မှူးကြီး ဦးအယ်လ်ဖော်ထူးမှာ ကချင်လူမျိုးပီပီ အမဲလိုက်ဝါသနာပါသည်။ စိုက်ပျိုးရေးသင်တန်းဆင်းတစ်ဦးဖြစ်သဖြင့် ဆီအုန်းမျိုးစေ့များအား ၎င်း၏ပျိုးပင်စခန်းတွင်မျိုးဖောက်ပြီး အော်ကြီးစခန်းခွဲများသို့ ပေးဝေရမည်ဖြစ်သည်။ ၎င်း၏စခန်း၌ မျိုးခြံနှင့် စိုက်ပျိုးရေးခြံကို တွဲလျက်ထားသည်။ ဆီအုန်းစိုက်ပျိုးပင်များအား ရှင်းလင်းသောမြေပြင်၌ အတန်းလိုက်စနစ်တကျ စိုက်ပျိုးထားရာ လွန်စွာလှပသည်။ စိုက်ပျိုးခင်းအဆုံးတွင်တော့ တောကြီးကညို့နေသည်။

စခန်းခွဲတာဝန်ခံရုံးမှာ ပျိုးခြံများအလယ် တောင်ကုန်းမြင့်ကလေးပေါ်၌ တည်ဆောက်ထားသော သစ်လုံးအိမ်ကလေးဖြစ်သည်။ ရုံးခန်းနှင့် တွဲလျက်တည်ဆောက်ထားခြင်းဖြစ်၍ စိုက်ပျိုးရေးခြံတစ်ခုလုံးအား အပေါ်စီးမှ မြင်နိုင်ပါသည်။

ဦးအယ်လ်ဖော်ထူးက ကျွန်တော်တို့အဖွဲ့အား ရုံးခန်းအတွင်း နေရာချထားပေးပြီး ...

"ကဲ ... ထောင်ပိုင်ကြီးတို့ အဖွဲ့ရောက်လာတာ အတော်ပဲဗျာ။ ကျွန်တော့်စခန်းကမုဆိုးအဖွဲ့ကို ဧည့်သည်တွေလာမယ်ဆိုလို့ အမဲလိုက်ခိုင်းထားတာ ဝက်ဝံတစ်ကောင်၊ ကျားတစ်ကောင်နဲ့ တောဝက်တစ်ကောင်၊ မျောက်ညိုတစ်ကောင်ပါ ရထားတယ်။ တောကောင်သားတော့ တစ်ဝကြီးစားကြပေရော့ဗျာ"

"ကဲ ... ဆရာတို့ ထမင်းမစားခင်ကျအား (ကျားအား) နဲ့ မဲခေါင်အရက်စိမ်ထားတဲ့ ဆေးအရက်ကလေးမြည်းစမ်းပြီး သုံးဆောင်ကြပါဦး။ ယောကျ်ားတွေအတွက် အားတိုးဆေးပါ"





ကျွန်တော်တို့အဖွဲ့ မြည်းကြည့်ကြတော့ အရက်မှာချိုနေပြီး အရက်နံ့ပျောက်နေသည်။ ပျားရည်လည်း ရောထားဟန်တူပါသည်။

"ဆရာဦးအယ်လ်ဖော်ထူး ကျအား (ကျားအား)ဆိုတာ ဘာလဲဗျ။ ဘယ်ကရတာလဲ"

"ဆရာဦးသိန်းဝင်းရေ ... ကျအားဆိုတာက ကျားတစ်ကောင်ရဲ့အားပေါ့။ မုဆိုးတိုင်းတောင် သိတာရှားပါတယ်။ ကျားတစ်ကောင်ရဲ့ ရှေ့ရင်ညွန့်မှာ ရွေ့လျားနေတာ။ ခန္ဓာကိုယ်အတိမ်းအစောင်းအလိုက် ကျအားက Balance ချိန်သလို တည်နေတယ်။

သားကောင်တစ်ကောင်ကို ကိုက်ချီပြီး ခြံစည်းရိုးကို ခုန်ကျော်မယ်ဆိုရင် ကျအားက ကျားရဲ့ခန္ဓာကိုယ်အင်အားကိုထိန်းညှိပြီး အားပေးတယ်။ ဒါကြောင့် ခုန်ကျော်နိုင်ကြတာ။ ကျအားဆိုတာ ပြောရရင် မှန်လက်ကောက်ကွင်းကြီးလို အကြောထုံးဖြူဖြူကြီးပဲ။

အရက်နဲ့စိမ်သောက်ရင် ယောကျ်ားတွေအတွက် အလွန်တန်ဖိုးရှိတဲ့ အားဆေးပေါ့။ ဒါဟာ ကျွန်တော်တို့ ကချင်လူမျိုးတွေ အမြဲတမ်းသုံးတဲ့ တိရစ္ဆာန်ထွက် သဘာဝအားဆေးပါ။ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ယုံယုံကြည်ကြည် သုံးဆောင်ကြပါခင်ဗျာ။

ကျအားက ယောကျ်ားအားဆေးဟုပြောသည်မှာ မှန်မမှန်တော့ မသိပါ။ သို့သော် ညစာမှာ အလွန်စားကောင်းပြီး အိပ်၍လည်းအလွန်ကောင်းလှသည်။ နောက်တစ်နေ့မနက် ၆ နာရီခန့်မှ တစ်ရေးနိုးတော့သည်။ အိပ်ရေးဝသဖြင့် အားအင်ပြည့်ဖြိုးပြီး လန်းဆန်းတက်ကြွနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

"ထောင်ပိုင်ကြီးတို့အဖွဲ့ ညနေမှ အေးအေးဆေးဆေးပြန်မှာဟုတ်လား။ စခန်းပတ်ဝန်းကျင်လေ့လာရင်း မျောက်ပစ်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စီစဉ်ထားပါတယ်။ မျောက်သွေးနဲ့ မျောက်ဦးနှောက်က အင်မတန်ရှားပါတယ်။ မျောက်ချေးခါးဟင်းလည်း အလွန်စားကောင်းပါတယ်။

"မျောက်ချေးခါးဟင်းဆိုတော့ ကောင်းပါ့မလားဗျာ၊ ရွံစရာကြီးဖြစ်မနေဘူးလား"

ဟု ကျွန်တော်ကမေးရာ ဦးအယ်လ်ဖော်ထူးက ...

"မျောက်ချေးခါးဟင်းဆိုတာ ချေးမဖြစ်သေးဘူး ဆရာရဲ့။ မျောက်ဆိုတာက ဆေးဖက်ဝင်တဲ့ သစ်သီး၊ သစ်ရွက်၊ သစ်မြစ်တွေကိုစားတာ။ သူစားထားတဲ့ အစာသစ်တွေကို သူ့အစာအိမ်ထဲက ထုတ်ပြီး ချက်တဲ့ဟင်းကို ပြောတာပါ။ ချေးမဖြစ်သေးတော့ ရွံစရာမဟုတ်ပါဘူး။ အလွန်နူးညံ့ပြီး လက်ဖက်စားရသလို အရသာရှိပါတယ်။ အနံ့ကလည်း လက်ဖက်နံ့ပါပဲ။ ပန်းနာရင်ကျပ်ရောဂါ ပျောက်တယ်။ နှလုံးသွေးလည်ပတ်မှုကို အားပေးတယ်။ အစာကိုကြေလွယ်စေတယ်။ အလွန်ဆေးဖက်ဝင်ပါတယ်။

"ဟုတ်ရဲ့လားဗျာ။ ကျွန်တော်တော့ မျောက်ချေးခါးဟင်းကို ကြားဖူးနေတာတော့ ကြာပါပြီ။ မစားဖူးသေးဘူး။ နာမည်ကြားတာနဲ့ ရွံလို့ပါ"

"ဘာအသားဟင်းပဲချက်ချက် မျောက်ချေးခါးကို နည်းနည်းထည့်ချက်ရင် ဟင်းအနူးမြန်ပြီး အရသာပိုရှိစေတယ် ဆရာ။ ကဲ ... ဆရာတို့ လက်နက်တွေပါသားပဲ။ လက်တွေ့စမ်းကြရအောင်။ စခန်းရှေ့ဘက်တောရှင်း တပ်စိတ်ဘက်သွားပြီး မျောက်ပစ်ကြရအောင်ဗျာ။ အဲဒီဘက်မှာ မျောက်ညိုအုပ်တွေ အလွန်ပေါတယ်"

"ကောင်းဗျာ ... သွားကြတာပေါ့"





ထိုစဉ် ထောင်ပိုင်ကြီး ဦးယဉ်မောင်က ...

"အတော်ပါပဲ ဦးအယ်လ်ဖော်ထူးရေ။ ကျွန်တော့်မှာလည်း ပွိုင့်တူးတူး Semi Auto ငှက်ပစ်သေနတ်လေးပါတော့ စမ်းကြည့်ကြတာပေါ့"

သို့နှင့် ကျွန်တော်တို့အဖွဲ့ မနက်စောစော ချေသားခြောက်ကြော်နှင့် ထမင်းကြော်ကို စားသောက်ကြအပြီး စခန်းအရှေ့ဘက်တောစပ်သို့ တစ်မိုင်ခန့် လမ်းလျှောက်လာခဲ့ကြသည်။ လမ်းမှာ ဆီအုန်းပင်များစိုက်ပျိုးရန် တောရှင်း၊ ငုတ်တိုမီးရှို့ထားသော မြေပြင်မညီညာသည့် တောလမ်းဖြစ်သည်။ တောစပ်ရောက်သော် တောရှင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး ဦးလှမောင်မှ ...

"ဆရာတို့အဖွဲ့လာတာ အတော်ပဲဗျို့။ တောစပ်က ကညင်ပင်ကြီးပေါ်မှာ မျောက်အုပ်ကြီးတစ်အုပ်တွေ့ထားတယ်။ ၁၀ ကောင်ကျော်မယ်ထင်တယ်။ ဘေးနားက အပင်တွေကိုကူးပြီး တောထဲဝင်မပြေးနိုင်အောင် ကျွန်တော်တို့ ပတ်ဝန်းကျင်ကအပင်ကြီးတွေကို အရင်ရှင်းမယ်။ ဘေးအပင်တွေကိုကူးတဲ့ မျောက်တွေကို ဆရာတို့က အရင်ပစ်ပေါ့။ ကညင်ပင်ကြီးပေါ်မှာကျန်ခဲ့တဲ့ မျောက်တွေကိုတော့ ကညင်ပင်ကြီးကို လှဲချလိုက်ရင် အကုန်ရမှာပဲ။ ကညင်ပင်ကြီးက လူကြီးသုံးဖက်စာလောက်ရှိပြီး ပေ ၃၀၀ လောက်မြင့်တယ်"

သို့နှင့် ကျွန်တော်တို့အဖွဲ့ ကညင်ပင်ကြီးကို အဝေးမှလှမ်းကြည့်ရာ မြိုင်တောကြီးအတွင်း အမြင့်ဆုံးနှင့် အကြီးဆုံး အပင်ကြီးဖြစ်ပြီး အပင်ကြီးအနီး၌လည်း အုတ်ဖြင့်ပြုလုပ်ထားသော နတ်ကွန်းလိုလို အဆောက်အဦပျက်တစ်ခုအား မြင်တွေ့ရသည်။ မျောက်ညိုအုပ်မှာ အပင်အမြင့်ကြီးပေါ်၌ စုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တိုင်ပင်ထားသည့်အတိုင်း ဦးလှမောင်တို့အဖွဲ့က ကညင်ပင်ကြီးအနီးရှိ သစ်ပင်ကြီးများအား စက်လွှများဖြင့်တိုက်ဖြတ်ရာ မျောက်ညိုအချို့က ခုန်အကူး ထောင်ပိုင်ဦးယဉ်မောင်က သူ၏ ပွိုင့်တူးတူး သေနတ်လေးဖြင့် စတင်ပစ်တော့သည်။ မျောက်တစ်ကောင်မှာ ဗိုက်ပွင့်သွားပြီး ပြုတ်ကျလာရာ ကျန်သောမျောက်များ ကညင်ပင်ကြီးပေါ်သို့ ပြန်လည်တက်ပြေးကြသည်။

ဗုန်းခနဲပြုတ်ကျလာသော မျောက်ကြီးမှာ မသေသေးဘဲ ကုန်းထလာပြီး ကျွန်တော်တို့အဖွဲ့အား ထိုင်လျက် ရှိုးနေပါသည်။ ရင်ဘတ်တွင်လည်း မျောက်ပေါက်စကလေးတစ်ကောင်က ဖက်တွယ်ထားသေးသည်။ မိခင်မျောက်မကြီးဖြစ်ဟန်တူသည်။ ကျွန်တော်မင်သက်မိနေစဉ် ရဲဘက်များက မျောက်မကြီးအား ဝိုင်းဝန်းရိုက်နှက်ကြတော့သည်။ ထို့ကြောင့် မျောက်မကြီးလည်း အသက်ပျောက်သွားသည်။

ဘေးအပင်များရှင်းလင်းပြီးနောက် ကညင်ပင်ကြီးမှာ ထီးတည်းကြီးကျန်ခဲ့သည်။ မျောက်များလည်း ကူးပြေးစရာသစ်ပင်မရှိတော့။ မကြာမီ စက်လွှများဖြင့် ကညင်ပင်ကြီးအား ထိုးလှန်ကြရာ ကညင်ပင်ကြီးလည်း တော်လဲသံကြီးမြည်ဟည်း၍ ဗုန်းခနဲ လဲပြိုတော့သည်။ ကညင်ပင်ကြီးပေါ်၌ ၁၀ ကောင်ခန့် မျောက်အုပ်ကြီးလည်း ပါရှိသွားရာ ပေ ၃၀၀ ခန့်အမြင့်မှ မြေပြင်နှင့် ကိုင်ရိုက်သလိုဖြစ်၍ တစ်ကောင်မျှ အသက်ရှင်ကျန်ရစ်ရန် မရှိပါ။

သို့သော် 'ဝုန်း . . . အုန်း . . . ဝုန်း'' ဟူသော တော်လဲသံကြီးထွက်ပေါ်လာပြီး သစ်ပင်ကြီးအလဲ၌ ဖုန်မှုန့်များလွင့်ပါးသွားချိန်တွင် ကညင်ကိုင်းများအကြားမှ မျောက်ဖြူကြီးတစ်ကောင် တိုးထွက်လာသည်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးလျက် လူတစ်ရပ်ခန့်ရှိသည်။

စိတ်ကူးသစ်စာပေ



ဒဏ်ရာရဟန်လည်း မတူပါ။ လေးကန်သောခြေလှမ်းဖြင့် လျှောက်လှမ်းလာပြီး ခုတ်လှဲလိုက်သော ၄ ပေခန့်မြင့်သည့် မြစ်ဆုံပေါ်သို့ တက်၍ထိုင်သည်။

ကျွန်တော်တို့အဖွဲ့လည်း အလွန်အံ့အားသင့်နေကြပြီး တိုင်ပင်မထားဘဲ သေနတ်ကိုယ်စီဖြင့် ပေ ၃၀ ခန့်အကွာအဝေးမှ မျောက်ဖြူကြီးအား ပစ်ခတ်ကြတော့သည်။ သို့သော် မည်သူ့ကျည်ဆန်မျှ မျောက်ဖြူကြီးအား ထိမှန်ပုံမပေါ်ပါ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီး ဒုတိယအကြိမ် ပစ်ခတ်ကြပြန်ပါသည်။

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း''

တိုက်ပွဲငယ်လေး ဖြစ်သည့်အလား၊ သေနတ်သမားများ၏ ကျည်ဆန်များ ထွက်သွားသော်လည်း မျောက်ဖြူကြီးက သစ်ဆုံပေါ်တွင် ငုတ်တုတ်။ ယိမ်းယိုင်သွားခြင်းပင်မရှိပါ။ ထို့ကြောင့် ဆရာဦးယဉ်မောင်က . . .

''မပစ်ကြတော့နဲ့ဟေ့၊ ကညင်ပင်စောင့်ကြီးထင်တယ်။ စောစောကလည်း ဒီလောက်ကြီးတဲ့ အကောင်ကြီးကို ငါတို့ကညင်ပင်ပေါ်မှာ တစ်ယောက်မှမတွေ့ခဲ့ကြဘူး။ သူ့ဘာသာလွှတ်ရာ သွားပါစေ''

ထိုအချိန်မှ မျောက်ဖြူကြီးမှာ သစ်ငုတ်ပေါ်မှာဆင်း၍ တစ်လှမ်းချင်း တောတွင်းဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ကညင်ပင်ကြီး၏သစ်ကိုင်းများအကြားမှ မျောက်ညို ၁၁ ကောင်ကို အုပ်လိုက်ရသည်။ သို့သော် ကျွန်တော်တို့မှဆိုးအဖွဲ့ အပျော်များ ဘယ်ဆီရောက်ကုန်သည်မသိ။ စိတ်မကောင်းခြင်းကြီးစွာဖြင့် ငေးငိုင်နေမိသည်။ ထိုစဉ် အော်ကြီးကျေးရွာမှ အသက် ၇၀ ခန့်ရှိ သူကြီးဟောင်းကြီး ဦးလှတင် ရောက်ရှိလာပြီး . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဆရာတို့ သေနတ်သံတွေညံနေလို့ လာကြည့်တာပါ။ ဒီကညင်ဖြူပင်ကြီးက အမိကရအပင်ကြီး။ ကျွန်တော်တို့ဒေသမှာ ‘ရုက္ခရာဇာ’ သစ်ပင်ကြီးလို့ခေါ်တယ်။ အစောင့်အကြပ်ကြီးတယ်။ ဒီတောထဲမှာ အမြင့်ဆုံးနဲ့အကြီးဆုံးပဲ။ ဆရာတို့ အစိုးရဝန်ထမ်းတွေ ခုတ်လှဲလို့ရတာ။ ဒါတောင် အဆင်ပြေမယ်မထင်ဘူး။ စခန်းကို ခိုက်လိမ့်မယ်။ ကန်တော့ပွဲပေးပြီး တောင်းပန်လိုက်ပါ။

ထို့ကြောင့် စခန်းခွဲ တာဝန်ခံဦးအယ်လ်ဖော်ထူးက ကချင်လူမျိုး ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း ကန်တော့ပွဲပေး၍ တောင်းပန်ပါသည်။ သို့သော် ကျွန်တော်တို့အဖွဲ့ ပါဆယ်ပါညန်းစခန်းသို့ ပြန်လာပြီး တစ်ပတ်ခန့်အကြာတွင် အော်ကြီးစခန်းမှ ဆက်သားရောက်လာပြီးအကြောင်းကြားသည်မှာ ကညင်ပင်ကြီးခုတ်လှဲသူ ရဲဘက်ကြီး (၉)ဦး Heart Stroke ဖြစ်ပြီး ရှေ့တန်းလုပ်ငန်းခွင်၌ တစ်ချိန်တည်းကွယ်လွန်ကြောင်း သတင်းဆိုးဖြစ်ကော့သည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ ကုက္ကိုပင်ကြီးများ၊ ပင်စည်လုံးပတ်ကြီးသည်ကို စာရှုသူများ မြင်ဖူးကြပါမည်။ ထိုအပင်ကြီးများထက် ပင်စည်လုံးပတ်ကြီးသော ပျဉ်းမပင်ကြီးများကတော့ တောနက်အတွင်း၌သာ ပေါက်ရောက်ကြသည်။

အချို့ပင်စည်ကြီးသော ပျဉ်းမပင်ကြီးများဆိုလျှင် လူကြီး လေးငါးဖက်ခန့်ရှိကြသည်။ ပျဉ်းမပင်ကြီးများလို ပင်စည်ကြီးသောအပင်မျိုးများလည်း ရှိသေးသည်။ ထိုအပင်မျိုးမှာ မည်စည် (မယ်ဇယ်)ပင်မျိုးနွယ်ဝင် မဥ္ဇူသကနတ်ပန်းပင်နှင့် ကန့်ဇော်ပင်ကြီးများဖြစ်သည်။ ဤအပင်မျိုးနွယ်ဝင်များမှာ မြန်မာ့တိုင်းရင်းမျိုးနွယ်မဟုတ်ပါ။ အိန္ဒိယပြည်မှယူဆောင်လာသော မျိုးနွယ်များဟုသိရသည်။





အရွက်သေးသေး၊ ပြောင်လက်လက်ဖြစ်သော်လည်း ပင်စည်ကြီးမားပြီး ကိုင်းလက်တက်များ စည်ကားဝေဆာ၍ အရိပ်အလွန်ကောင်းသည်။ အမြဲစိမ်းအပင်မျိုးဖြစ်သည်။ အရွက်ကြွေသော်လည်း တစ်နှစ်လုံး ရွက်နုထွက်၍ဝေနေသည်။

မယ်စည် (မယ်ဇယ်)ပင်ကြီးများမှာ ကျွန်တော်တို့အညာတွင် ပေါက်ရောက်ကြသည်။ ဦးပိန်တံတားအနီးတွင် ကြီးမားသော မည်စည် (မယ်ဇယ်) ပင်ကြီးများကို မြင်တွေ့နိုင်သည်။ အမရပူရမြို့နယ်တွင် အပေါက်များသည်။ လယ်တွင်းကိုးခရိုင်ဖြစ်သော ကျောက်ဆည်မြို့နယ်တွင်လည်း ပေါက်ရောက်ကြသည်။

သူ့အသီးက ခရေသီးလို ထိပ်ချွန်ချွန်၊ ဆီကြိတ်လျှင် စားဆီထွက်သောအသီးမျိုးဖြစ်၍ အသုံးဝင်သည်။ အပင်မြင့်လွန်း၍ ခူးဆွတ်ရာတွင်တော့ အလွန်အန္တရာယ်များသည်။ လင်းဆွဲငှက်များ အလွန်ကြိုက်သောအသီးဖြစ်၏။ မည်စည် (မယ်ဇယ်) သီးက အတွဲလိုက်၊ အပြွတ်လိုက်သီးသည်။ အပွင့်ကြွေများကိုတော့ မဥ္ဇူသကနတ်ပန်းပွင့်ဟု၍ ညာရောင်းကြသည်။ အပွင့်ချင်းအလွန်တူသည်။ သို့သော် မှုကွဲပါသည်။

မဥ္ဇူသကနတ်ပန်းပွင့်က အစိမ်း၊ အပွင့်ကြွေကို စားကြည့်လျှင် စပါးပေါ်ဆန်းမွှေးအနံ့သင်းနေ၏။ အခြောက်ခံပြီး ဖန်ပုလင်းထဲထည့်ထားပါက ပျားရည်ကဲ့သို့အချိုရည်များထွက်လာသည်။ ပျားရည်စစ်စစ်ဖြင့် စိမ်စားပါက အသက်ရှည်အားဆေးဟု လူကြီးသူမများပြောကြပါသည်။

ကန့်ဇော်ပင်ကတော့ တစ်မျိုးထူးခြားသည်။ နှစ်ပေါင်း (၅၀) ကျော်မှ အသီးသီး၊ အပွင့်ပွင့်သည်။ အသီးကိုအခြောက်ခံပြီး ဆီကြိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒါက စားဆိန့်မရ။ ကြမ်းပိုးနံ့ရသည်။ သို့သော် ထိုဆီက ဝမ်းတွင်း
ရောဂါအမျိုးမျိုးအပြင် အရေပြားပေါ်တွင်ပေါက်သော အနာအမျိုးမျိုး
ကို အထူးပျောက်ကင်းစေသည်။

သို့သော် မဥ္ဇူသကနတ်ပန်းပင်နှင့် ကန့်ဇော်ပင်ကို လူနေ
အိမ်ခြံဝင်းထဲ၌ မစိုက်ကောင်း၊ အလွန်ခိုက်တတ်သည်။ လူသေတတ်
သည်ဟု အဆိုရှိသည်။ သစ်ပင်စိုက်သည်နှင့် လူသေတတ်သည် ခိုက်
တတ်သည်ဟု ကျွန်ုပ်တော်ကရေးတော့ မယုံကြည်သူများ အံ့သြကြပါ
လိမ့်မည်။ ထို့ကြောင့် ကျွန်တော် လက်တွေ့ကြုံဖူး၊ ကြားဖူးသောဓာတ်
လမ်းများဖြင့် စာဖတ်သူများအား တင်ပြပါမည်။

ကျွန်တော့်တွင် မွေးစားမိခင်ကြီးတစ်ဦးရှိသည်။ နာမည်က
ဒေါ်သန်းသန်းနု၊ အသက်က (၈၄)နှစ်ရှိပါပြီ။ လ ၀ ၀ က ရုံးချုပ်မှ
ပင်စင်စား ရုံးချုပ်စာရေးမကြီးဖြစ်သည်။ အသက် (၈၀)နှစ်ကျော်သော်
လည်း သန်မာဖျတ်လတ်ဆဲပင်။ လမ်းလျှောက်ခြင်း၊ ခရီးထွက်ခြင်း
လက်ဖက်ရည်သောက်ခြင်းကို အလွန်ဝါသနာပါသည်။

အမှတ် (၃၁၆)၊ မဟာဗန္ဓုလလမ်း၊ သမိုင်း၊ မရမ်းကုန်း မြို့
နယ်တွင် နေထိုင်သည်။ အမေနေထိုင်သောခြံမှာ ပေ(၄၀)ပေ (၆၀)ခန့်
ကျယ်ဝန်းပြီး အိမ်ကြီးမှာ နှစ်ထပ်လည်ပေါ်နှင့် မော်လမြိုင်ခေါင်၊ မော်
လမြိုင်အိမ်ပုံစံမျိုးဖြစ်သည်။ ယခင်ပိုင်ရှင် ဗိုလ်မှူးတစ်ဦးက ခေတ်
ဒီဇိုင်းဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အိမ်ကြီးရှေ့၌လည်း မဥ္ဇူ
သကနတ်ပန်းပင်ကို စိုက်ထားသေးသည်။

အပင်မှာ နှစ်မည်မျှ သက်တမ်းကြာသည်တော့မသိ။ အမေ
ဒေါ်သန်းနုတို့ ငှားနေပြီး (၁၀)နှစ်ခန့်အကြာတွင် အသီးအပွင့်များဝေဝေ
သီးပွင့်သည်။ စစ်သားပီပီ မယုံကြည်၍ စိုက်ထားခြင်းဖြစ်သော်လည်း





အိမ်ခြံဝင်းအတွင်း မစိုက်ကောင်းသောအပင်မျိုးဖြစ်ကြောင်း အမေက
ပြောပြသဖြင့် သိရပါသည်။

"အမေ ... မဥ္ဇူသကနတ်ပန်းပင်က အိမ်ခြံဝင်းထဲမှာမစိုက်
ကောင်းတဲ့အပင်ဆိုတော့ ဘယ်လိုမျိုးခိုက်တတ်လို့လဲ။ နောက်ပြီး အမေ
တို့ကျတော့ ဘာမှမဖြစ်ပါလား"

"ခိုက်တာတော့ အလွန်ပါပဲ သားရယ်။ အမေတို့ရှေ့က အိမ်
ငှားမိသားစု (၃)ယောက်စလုံး ဆုံးပါးသွားတယ်။ ဒီအိမ်ကြီးမှာပဲ မကျွတ်
မလွတ်ဘဝနဲ့ရှိနေကြတုန်းပဲ။ အမေတို့ကလည်း ပြောင်းလာတာ အမေ
ရယ်၊ သမီးကြီးရယ်၊ မြေးမရယ်ဆိုတော့ သုံးဦးကွက်တိပဲ။ ဒါကြောင့်
လမ်းထဲကလူတွေက အမေတို့လည်းဘယ်နှေ့လဲလို့ စောင့်ကြည့်နေကြ
တာ။

ဒါပေမဲ့ အမေတို့က ဘုရားတရားလုပ်ပြီး အိမ်ခြံတွင်းထဲမှာရှိ
တဲ့ အစောင့်အရှောက်များနဲ့ မကျွတ်မလွတ်သေးသူများအပြင် မဥ္ဇူ
သကနတ်ပန်းပင်အစောင့်ကိုလည်း နေ့စဉ်၊ ညစဉ် မေတ္တာပို့အမျှဝေ
တော့ အမေတို့ ဒီအိမ်ကြီးမှာငှားနေတာ (၁၄)နှစ်ရှိပြီ။ လူတွေ ဘာမှ
မဖြစ်ဘူးသားရဲ့။ ဒါပေမဲ့ အိမ်မှာမွေးထားတဲ့ ကြောင်သုံးကောင်က
တော့ တစ်ကောင်ပြီးတစ်ကောင် ဆုံးကုန်ကြတာပဲ။

အမေက ဒီအိမ်မှာနေသင့်တယ်ဆိုရင် မဥ္ဇူသကနတ်ပန်းပင်
ပန်းပွင့်ပြပါလို့ အဓိဋ္ဌာန်ပြီးဆုတောင်းတော့လည်း နတ်ပန်းပင်က ဖူး
ပွင့်ပြီး အသီးပါသီးပြတယ်။ အဲဒီနတ်ပန်းပွင့်ကို ပျားရည်နဲ့စိမ်စားလို့
လည်း အမေအသက်ရှည်ပြီး ကျန်းမာရေးကောင်းနေတာ။ အခု အသက်
(၈၄)နှစ်ရှိပြီ။ ဘာရောဂါမှ မဖြစ်သေးဘူး။ သွားနိုင်လာနိုင်တုန်းပဲ။ ဒါ
ကြောင့် အမေတို့ ဒီအိမ်မှာဆက်နေတာ။ ဒီအိမ်ပိုင်ရှင်တွေက ပဲခူးမြို့



www.burmeseclassic.com

www.burmeseclassic.com



မှာနေကြတာ။ တစ်နှစ်တစ်ကြိမ် အိမ်လခလာယူရင်တောင်မှ ဒီအိမ်မှာ မတည်းကြဘူး၊ တခြားမှာ သွားတည်းကြတယ်။

အခုအိမ်ပိုင်ရှင်တွေနဲ့ ဆွေလိုမျိုးလိုဖြစ်နေကြတော့မှ သူတို့ကပြောပြတာ။ ဒီအိမ်မှာ သူတို့တည်းရင် ကျန်းမာရေးပြဿနာတစ်ခုခုဖြစ်တတ်လို့ မတည်းကြတာတဲ့။ အမေတို့မိသားစု (၁၄)နှစ်တိုင်တိုင်နေနိုင်တာကိုလည်း သူတို့က အလွန်အံ့သြနေကြတာ။ ဒါကြောင့် အမေတို့ကို ဒီအိမ်ကြီးကိုဝယ်ဖို့ ကမ်းလှမ်းနေကြတယ်။

အမေ ဒီအိမ်ကို ဝယ်နိုင်ပါတယ်။ ဒါပေမဲ့ အမေ့ဆရာတော်တွေက ကိုယ်ပိုင်ဝယ်မနေဖို့ တားထားတာကြောင့် အမေမဝယ်တာပါ။ ဆရာတော်တွေခွင့်ပြုလို့ အမေဝယ်နိုင်ရင်လည်း အမေက ဒီအိမ်ကြီးနဲ့ခြံကြီးကို သာသနာ့အကျိုးအတွက် ဓမ္မာရုံအဖြစ် ပြန်လှူဒါန်းမှာပါ။ ဒီအိမ်ကြီးက သာမန်လူတွေနေဖို့မသင့်ဘူး သားရဲ့''

✿ ✿ ✿

[၂]

❑

ကျွန်တော် မြိတ်အကျဉ်းထောင်တွင် တာဝန်ကျစဉ်ကလည်း မဗျူသကနတ်ပန်းမျိုးနွယ်ဝင် ကန့်ဖော်ပင်ဖာတ်လမ်းနှင့် ကြုံဆုံခဲ့ရပြန်သည်။ ဘုတ်ပြင်းမြို့နယ် ဝန်ဆောင်ရဲဘက်စခန်းတွင် လူသေမှုဖြစ်၍ ကျွန်တော်တို့ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးရသည်။

စခန်းတွင် ရဲဘက်အလုပ်သမား (၄၀၀)ခန့်ရှိရာ (၁၀၀)ခန့်မှာ လမ်းလုပ်ငန်းကျောက်ထုရ၍ ကျောက်စမှန်ပြီး ဒဏ်ရာအနာများရနေကြ၏။ ဆေးဝါးက မလုံလောက်၊ ထို့ကြောင့် ဈေးပေါပေါဖြင့်ရနိုင်သော ကန့်၊ လက်ချား၊ ကျောက်ချဉ်ကိုအမှုန့်ပြု၍ ဆီတစ်မျိုးမျိုးဖြင့်လိမ်းလျှင် ပျောက်ကင်းနိုင်ကြောင်း၊ ကျွန်တော့်အတွေ့အကြုံအရ သိပါသည်။ သို့သော် တောတွင်းစခန်းဖြစ်၍ ဖော်စပ်ရမည့်ဆေးဝါးပစ္စည်းများက လွယ်ကူစွာမရရှိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကျွန်တော် စခန်းမှ ဝန်ထမ်းတစ်ဦးကို အဖော်ခေါ်၍ စခန်းပတ်ဝန်းကျင်ရွာများသို့ အလည်ထွက်ရာ 'အင်ရွာ' အမည်ရှိ ရွာလေးတစ်ရွာသို့ ရောက်ရှိသည်။

ရွာမှာ ရွာသိမ်ရွာငယ်ဖြစ်သော်လည်း နှစ်ရှည်သီးပင်စားပင်ကြီးများနှင့် ဖုံးအုပ်နေသဖြင့် အလွန်အရိပ်ကောင်းပြီး အေးချမ်းသာယာလှသည်။ ရွာထိပ် ခြံကျယ်ကြီးအတွင်း၌ အသက်(၇၀)အရွယ် အဘိုးကြီးတစ်ဦး နွားလှည်းဆီဆုံဖြင့် ဆီကြိတ်နေသဖြင့် ကျွန်တော်တို့ ခွင့်တောင်းပြီး ဝင်ရောက်လေ့လာကြသည်။

"အဘ ...ကျွန်တော်တို့ ခဏဝင်ပြီး လေ့လာနေပါရစေနော်"

"ဩော် ...ဧည့်သည်တွေထင်ပါရဲ့။ လာကြကွယ့် ...အခါးရည်သောက်ကြ။ လက်ဖက်ဆီစိမ်လည်းရှိပါတယ်။ စားကြလကွယ့်"

"အဘ ...ဘာဆီတွေကြိတ်နေတာလဲ။ မြေပဲဆီလား၊ နှမ်းဆီလား"

"မဟုတ်ဘူးကွယ့် ...ကန့်ဖော်ဆီကြိတ်နေတာ"

"ကန့်ဖော်ဆီက ဘာတွက်အသုံးပြုရသလဲ အဘ"

"ဩော် ...လူကလေးတို့က ကန့်ဖော်ဆီအကြောင်း မသိဘူးထင်ပါရဲ့။ ကန့်ဖော်ဆီဆိုတာက အနာပေါက်မျိုးစုံကို လိမ်းရင် ပျောက်ကင်းသလို ခန္ဓာကိုယ်တွင်း ရောဂါမှန်သမျှကိုလည်း သောက်ရင် ပျောက်ကင်းချမ်းသာစေသကွယ့်။ အလွန်စွမ်းတဲ့ဆေးပေါ့။ မြန်မာနိုင်ငံလုံးမှာ အဘိုးတို့ ဘုတ်ပြင်းဒေသမှာပဲ ရနိုင်တာကွယ့်။ ဘုတ်ပြင်းဒေသ ရာသီဥတုကို ကြိုက်လို့ထင်ပါရဲ့။ ဒီဒေသမှာပဲ ဖြစ်ထွန်းတယ်။ နှစ်ရှည်အပင်ကြီးမျိုးပဲ"





"အဘ ...ကန့်ဖော်ဆီတစ်ပုလင်းကို ဘယ်လောက်ရောင်းပါသလဲ။ ကျွန်တော် တစ်ပုလင်းလောက်ဝယ်ချင်လို့ပါ"

"လူကလေးက ဘာအသုံးပြုမှာမို့လဲ။ အခုတော့ ရောင်းလို့မရသေးဘူးကွယ့်။ အမှာရှိလို့ ကြိတ်ပေးနေတာ။ တစ်ပုလင်း သုံးထောင်ကျပ်ပါ။ ကန့်ဖော်ဆီအစစ်က အလွန်ရှားတယ်။ တစ်နှစ်မှာ ဆောင်းရာသီတစ်ရာသီတည်း သီးတာကွယ့်။ သီးတော့လည်း ပေါပေါများများ သီးတာမဟုတ်ဘူး၊ အလွန်ရှားတယ်ကွယ့်"

"ကျွန်တော်က ဘုတ်ပြင်းရဲဘက်စခန်းကဧည့်သည်ပါ အဘ။ ရဲဘက်တွေ ကျောက်ထုရင်း ကျောက်စမှန်တော့ အနာတွေဖြစ်နေလို့ ကုချင်တာပါ"

"ဩော် ...အေး ...အေး ...ဒါဆို ဒီလိုလုပ်။ အဘ ဆီကြိတ်ပြီးအောင်စောင့်။ ဆီကြိတ်ဖတ်တွေ ပေးလိုက်မယ်။ အဲဒါတွေနဲ့ အနာကို တစ်ညအုံထားရင် အနာတွေ ချက်ချင်းပျောက်တယ်။ ဝယ်စရာမလိုဘူး။ အဘ ကုသိုလ်ပြုလိုက်မယ်"

"ဟုတ်ကဲ့ ...။ ကျေးဇူးတင်ပါတယ် အဘ"

ဆီကြိတ်ပြီးတော့ အဘက ကျွန်တော့အား ကန့်ဖော်ဆီကြိတ်ဖတ် တစ်ပိဿာခန့်ကို ပလတ်စတစ်အိတ်ထဲထည့်၍ ပေးပါသည်။ ကျွန်တော်တို့ အဘအား ကျေးဇူးတင်နှုတ်ဆက်စကားဆိုပြီး စခန်းသို့ ပြန်လာကြသည်။ ညနေစောင်းတွင် အလုပ်သိမ်းပြီး ရေချိုးပြီးစ၌ အနာပေါက်သူရဲဘက်များအား ရှင်းလင်းပြ၍ ကန့်ဖော်ဆီကြိတ်ဖတ်များကို အနာများအားပွတ်လိမ်းစေ၍ အုံပြီး အဝတ်စည်းနှောင်ထားရသည်။

နောက်တစ်နေ့မနက် အလုပ်မဆင်းမီ စစ်ဆေးကြည့်ရာ အနာဖေးများကွာကျပြီး ပြည်စိုအနာများခြောက်၍ ပျောက်ကင်းသွားသ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို အံ့သြဝမ်းသာစွာ တွေ့ရတော့သည်။ ထို့ကြောင့် (၃)ည ခန့် ဆက်လက်လိမ်းနိုင်းရာ ကျွန်တော်တို့ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး ရေးအဖွဲ့ ပြန်မည့်နေ့တွင် ရဲဘက်လူနာများ အနာလုံးဝပျောက်ကင်း သွားသဖြင့် ကျွန်တော့်အား လာရောက်နှုတ်ဆက်ကန်တော့ကြပါသည်။

အလွန်အစွမ်းထက်သော ကန့်ဖော်ဆီဖတ်ဖြစ်၍ ကျွန်တော် လည်း အားကိုးယုံကြည်မိပါသည်။ ထို့ကြောင့် အင်းရွာမှ အဘထံတွင် ကန့်ဖော်ဆီရရှိပါက ရောင်းချပေးပါရန် စခန်းတာဝန်ခံကတစ်ဆင့် မှာ ကြားခဲ့ရပါသည်။

✿ ✿ ✿

| ၃ |

❑

ကန့်ဖော်ဆီနှင့် ကျွန်တော်က ဇာတ်လမ်းမပြတ်သေးပါ။ တစ်နေ့ တွင် မြိတ်အကျဉ်းထောင် တာဝန်ခံထောင်ပိုင်ကြီး ဦးတင်မြင့်ကိုက ကျွန်တော့်အားခေါ်ယူ၍ တာဝန်တစ်ခုပေးပါသည်။

"ဦးသိန်းဝင်းရေ . . . အကျဉ်းဦးစီးဌာန (ရုံးချုပ်)က အမိန့် ရောက်လာတယ်။ မြိတ်ထောင်ပုံစံမြေပုံ အတိအကျဆွဲပြီး အကျယ် အဝန်းပါ တိုင်းပေးဖို့ပဲ။ ခင်ဗျားကန့်စပ်တော့ ဝန်ထမ်းနဲ့ ရဲဘက်ထဲ က နားလည်တဲ့လူရွေးပြီး တိုင်းထွာမြေပုံဆွဲပါ။ မြေစာရင်းဦးစီးဌာန (မြို့နယ်)နဲ့ တိုင်ပင်ညှိနှိုင်းပြီးလုပ်ပါ။

ကျွန်တော်ကတော့ တစ်လက်စတည်း ထောင်ခြံစည်းရိုးကို လည်း အသစ်ပြန်ခတ်ချင်တယ်။ လက်သမားအဖွဲ့ကို ဘုတ်ထုတ်ပေး မယ်။ ခင်ဗျားက ဦးစီးပါ။ လိုအပ်သမျှ အသုံးစရိတ်ကို ထောက်ဌာန



www.burmeseclassic.com

www.burmeseclassic.com



က ထုတ်ပါ။ မြေစာရင်းအဖွဲ့ကိုလည်း ညှိခံကျွေးမွေးပါ။ အားလုံး အစစအရာရာ ခင်ဗျားတာဝန်ယူပါ''

''ဟုတ်ကဲ့ ထောင်ပိုင်ကြီး''

ထို့ကြောင့် ကျွန်တော် လက်သမားအဖွဲ့နှင့် ညှိနှိုင်းရသည်။ နား အဆောက်အအုံပုံစံများ မြေပုံဆွဲရမည်ဖြစ်သဖြင့် အကျဉ်းသားထဲမှ နား လည်ကျွမ်းကျင်သောသူများကို ရှာဖွေရတော့သည်။

ကျွန်တော် ကံကောင်းပါသည်။ မြိတ်ကျွန်းစုဟိုတယ် ဆောက် လုပ်ရေးမှ ငွေကျွာမှု ပုဒ်မ(၄၀၉)ဖြင့် ထောင်ဒဏ် (၅)နှစ်ကျနေသော မြို့ပြအင်ဂျင်နီယာဘွဲ့ရ မောင်ကျော်စိုးဆိုသူကို ရရှိလိုက်သည်။ သူက ဘုတ်ပြင်းမြို့နယ်သား၊ အင်းရွာမှဖြစ်၏။

ထောင်တွင်းသို့ အပြင်လူမဝင်ရသဖြင့် ကျွန်တော်နှင့် မောင် ကျော်စိုးအပြင် ထောင်တွင်းလက်သမားအဖွဲ့ဖြင့် အဆောက်အအုံများ အား တိုင်းထွာ၍ ပုံစံထုတ်ကြသည်။ ရှေးယခင်က ထောင်ပုံစံမြေပုံ များရှိမည်ဖြစ်သော်လည်း နှစ်ကာလကြာမြင့်ပြီဖြစ်၍ ရှာမရတော့ပါ။

မောင်ကျော်စိုးက မြို့ပြအင်ဂျင်နီယာဘွဲ့ရဖြစ်၍ အလွန်တော် ၏။ ထောင်တွင်းအဆောက်အအုံများမြေပုံကို တစ်ပတ်အတွင်း အတိ အကျတိုင်းထွာ၍ မြေပုံဆွဲပေးသည်။ နောက်တစ်ပတ်တွင် ထောင်ပြင် ဧရိယာနှင့် အဆောက်အအုံများ ပုံစံတိုင်းထွာ၊ ပုံစံထုတ်ရန်ရှိရာ မြို့နယ် မြေစာရင်းတာဝန်ခံများအား ဖိတ်ကြားသည့်အပြင် ထောင်ကျအင်ဂျင် နီယာ မောင်ကျော်စိုးကိုလည်း ထောင်ပြင်ထွက်၍ ကြီးကြပ်နိုင်းစေနိုင် ရန် ကျွန်တော် ထောင်ပိုင်ကြီးထံမှ ခွင့်ပြုချက်တောင်းရာ ထောင်ပိုင် ကြီးက ခွင့်ပြု၏။





ကျွန်တော်တို့အဖွဲ့ တစ်ပတ်ခန့်ထောင်ပြင်ဧရိယာအား တိုင်း ထွာကြပါသည်။ မြေစာရင်းဦးစီးဌာနက အတည်ပြုသည်နှင့် ထောင် ပြင်ဧရိယာကို သတ်မှတ်ပြီး လက်သမားအဖွဲ့ဖြင့် စည်းရိုးသစ်ခြံစည်း ရိုး ကာရံရတော့သည်။ မောင်ကျော်စိုးက တကယ်အလုပ်လုပ်သူဖြစ် သည်။ ထောင်အပြင်ထွက် အလုပ်လုပ်ရသဖြင့် အလွန်ပျော်ရွှင်နေရှာ သည်။

မြို့နယ်မြေစာရင်းအဖွဲ့မှာ တစ်ပတ်ခန့်အကြာတွင် တိုင်းထွာ မှုပြီးစီး၍ ပြန်ကြသော်လည်း ကျွန်တော်တို့လက်သမားအဖွဲ့မှာ ခြံစည်း ရိုးအသစ်များ ကာရံနေရသဖြင့် အလုပ်မပြီးစီးသေးပါ။ နေပူထဲ၌ လှုပ် ရှားနေရဆဲဖြစ်သည်။

လက်သမားရဲဘက်အဖွဲ့မှာလည်း အစားကောင်းအသောက် ကောင်း ကျွေးမွေးထားသဖြင့် စိတ်ပါဝင်စားစွာ လုပ်ဆောင်နေကြသည်။ တိုင်ကျင်းတူးခြင်း၊ တိုင်စိုက်ခြင်း၊ သွပ်ဆူးကြိုးကာရံခြင်းတို့မှာ တကယ် တော့ မလွယ်ကူပါ။ အလွန်ပင်ပန်းသော အလုပ်ကြမ်းများ ဖြစ်ကြပါ သည်။ သို့သော် သူတို့ ပျော်ရွှင်စွာ လုပ်ကိုင်ကြပါသည်။

တစ်နေ့ ကျွန်တော့်အဖွဲ့ မြိတ်အကျဉ်းထောင်ကြီး အနောက် ဘက် အပြင်တောင်ယာစိုက်ခင်းအနီးတွင် ဆူးကြိုးကာရံနေကြသည်။ ကျွန်တော်နှင့်မောင်ကျော်စိုးကတော့ ရေနွေးကြမ်းသောက်ရင်း အရိပ် ကောင်းသော သစ်ပင်ကြီးအောက်၌ အနားယူနေကြသည်။ မောင်ကျော်စိုး နှင့်ကျွန်တော်မှာ ရင်းနှီးခင်မင်နေပြီဖြစ်သဖြင့် သူ့အမှုဖြစ်စဉ် အကြောင်း အရာအား ကျွန်တော်က မေးမြန်းနေမိခြင်းဖြစ်သည်။

ထိုစဉ် မောင်ကျော်စိုးက အနီးရှိ အရိပ်ကောင်းသောအပင် ကြီးအား မော့၍ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ဒီအပင်ကြီးက ဆေးဖက်အလွန်အသုံးဝင် အဖိုးတန်တဲ့ ကန့်ဇော်ပင်ကြီးဘဲ။ ဘယ်လိုက ဘယ်လို ဒီနေရာမှာ လာပေါက်နေတာလဲ မသိဘူး"

"ကန့်ဇော်ပင် ဟုတ်သလား မောင်ကျော်စိုး။ အသီး၊ အပွင့်လည်း မမြင်ပါလား။ မင်း ဘယ်လိုလုပ်သိသလဲ"

"ဒီအပင်က အပင်ကြီးမျိုးဆရာ။ နှစ်(၅၀)သက်တမ်းရှိမှ သီးပွင့်တာ။ အခု လူကြီးတစ်ဖက်စာလောက်ရှိပြီဆိုတော့ မကြာခင် သီးပွင့်တော့မှာပါ။ တော်ပါသေးရဲ့။ ဝန်ထမ်းအိမ်ကွေနဲ့ ဝေးတော့ ပြဿနာမရှိလောက်ပါဘူး။ ဒီအပင်မျိုးက ဆေးဖက်မှာ အလွန်အသုံးအဝင် အဖိုးတန်သလိုလည်း အလွန်လည်းခိုက်တတ်တယ်ဆရာ။ အိမ်ခြံဝင်းထဲမှာ မစိုက်ကောင်းဘူး။ လူသေစေတယ်။ အစောင့်အရှောက်လည်း အလွန်ကြီးတယ်"

"အေး . . . ငါလည်း ကြားဖူးတယ်။ မြိတ်ဝန်ဆောင် စခန်းသွားတုန်းက ငါအင်းရွာကို ရောက်ခဲ့တယ်။ အဲဒီရွာက အဘဦးရွှေမှန်းပြောလို့ သိခဲ့ရတာ။ ကန့်ဇော်ဆိုက အလွန်အဖိုးတန်တာပဲနော်။ မင်းအတွေ့အကြုံလေးရှိရင်လည်း ပြောပြစမ်းပါဦးကွာ။ ငါ စိတ်ဝင်စားလို့ပါ"

"ရှိပြီလား ဆရာရယ်။ ကျွန်တော့်အဘိုးနဲ့ အဖေဟာ အသက်နဲ့ ရင်းခဲ့ရတာ။ ဒီအပင်ကြီးမျိုးက လူတွေအတွက် ကျန်းမာရေးအကျိုးတော့ ပေးပါရဲ့။ ဒါပေမဲ့ အကြောင်းမသိရင် အလွန်ခိုက်တတ်တယ်ဆရာ။ ကျွန်တော့်အတွေ့အကြုံကို ပြောပြပါ့မယ်။ ဒီလိုပါဆရာ"

❀ ❀ ❀

[ ၄ ]

"ကျွန်တော့်အဘိုးက အင်္ဂလိပ်ခေတ်က စစ်သားဟောင်းကြီးပါ။ နာမည်က ဦးမောင်ကြိုင်တဲ့။ ဂျပန်အဝင် အင်္ဂလိပ်အပြေး၊ ဒုတိယကမ္ဘာစစ်တုန်းက အိန္ဒိယကိုပါသွားတယ်။ စစ်ကြီးပြီးလို့ မြန်မာပြည်ကို သင်္ဘောနဲ့ပြန်လာတော့ အဲဒီ ကန့်ဇော်ပေါက်တစ်ပင်ကို ပန်းအိုးနဲ့ ယူလာခဲ့တယ်။

အဲ . . . ပြောရဦးမယ်။ ကျွန်တော်တို့နေတဲ့ရွာကလည်း ဘုတ်ပြင်းမြို့နယ်က အင်းရွာပဲဆရာ။ ရွာလယ်ပိုင်းမှာနေတာ။ အဘိုးဟာ ကန့်ဇော်ပင်ကလေးကို အိမ်ရှေ့ခြံဝင်းထဲမှာပဲ တယုတယ စိုက်ပျိုးထားခဲ့တယ်။

တစ်နှစ်လောက်ကြာတော့ ကန့်ဇော်ပင်ကလေး ရှင်သန်လာတာနဲ့အမျှ အဘိုးဟာ မမာမကျန်းဖြစ်ပြီး သေဆုံးသွားခဲ့တယ်။ စစ်သား



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကြီးဆိုတော့ တောထဲတောင်ထဲသွားရလို့ ငှက်ဖျားရောဂါလို့ ထင်ကြတယ်။

တစ်ခါ ကန့်ဇော်ပင်ကလေး (၁၀)နှစ်သားအရွယ်ရောက်တော့ လည်း အိမ်ထောင်ဦးစီးဖြစ်တဲ့ ကျွန်တော့်အဖေဟာ မမာမကျန်းဖြစ်ပြန်တယ်။ အဘိုးဖြစ်တဲ့ ငှက်ဖျားရောဂါပုံစံပဲ။ ရွာကကျန်းမာရေးမှူးက ငှက်ဖျားပျောက်ဆေးတွေ တိုက်ပေမယ့် မပျောက်ဘူး။

အဖေဟာ အရိုးပေါ်အရေတင် ဖြစ်နေသတဲ့။ အစာကလည်း မဝင်တော့ နေ့လားညလားပေါ့။ အဲဒါနဲ့ ကျွန်တော်တို့အမျိုး ရွာသူကြီးက သူတို့အိမ်ကိုကြွလာတဲ့ ဂန္ဓာရီဆရာမြဆိုသူကို ပင့်လာပြီး လူနာကိုပြတယ်။ ဆရာမြက ကျွန်တော်တို့အိမ်ခြံဝင်းထဲ ဝင်လာတာနဲ့ အရိပ်ကောင်းလှတဲ့ ကန့်ဇော်ပင်ကိုမော့ကြည့်ပြီး ...

"ဒီအပင်ကို ဘယ်သူစိုက်တာလဲ"

လို့ မေးသတဲ့။

"အဘိုး အိန္ဒိယက တကူးတကယူလာပြီး စိုက်တာပါ"

လို့ အဘွားကပြောတော့ ...

"ဒီအပင်မျိုး အိမ်ဝင်းထဲမှာစိုက်လို့ အခုလိုဖြစ်တာ"

လို့ ဆရာမြက ပြောသတဲ့။ ဒါကြောင့် အဘွားက ...

"ကန့်ဇော်ပင်ကို ခုတ်ပစ်ရမလား"

လို့ပြောတော့ ဆရာမြက ...

"မခုတ်နဲ့။ ဒီအပင်မျိုးက အစောင့်အရှောက်အလွန်ကြီးတယ်။ ခုတ်ရင် ခုတ်တဲ့သူသေလိမ့်မယ်"

လို့ ပြောပြသတဲ့။

ဒါကြောင့် အဘွားက ...



BURMESE CLASSIC .com



"ဘယ်လိုလုပ်ရမှာလဲ"

လို့မေးတော့ ဆရာမြက ...

"မြစည်းရိုးကို နောက်ရွှေ့ပြီးကာလိုက်။ ဒါဆို အပင်ကြီး အိမ်ခြံဝင်းအပြင် ရောက်သွားတာပေါ့"

လို့ အကြံပေးသတဲ့။

ဒါကြောင့် အဘွားက ချက်ချင်းပဲ အလုပ်သမားတွေကိုခေါ်ပြီး ခြံစည်းရိုးကိုရွှေ့ အသစ်ကာတယ်။ ဆရာမြက အဖေ့ကို ဆေးတစ်ခွက်တိုက်တာ။ ဆေးက ကြမ်းပိုးနံ့နံ့လို့ အဖေက မသောက်ချင်ပေမယ့် ဆရာက အတင်းတိုက်ပါတယ်။ ဆေးဝင်သွားတာနဲ့ အဖေဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသတဲ့။

ဆရာမြကတော့ အိမ်ရှေ့ဘုရားဆောင်အောက်မှာပဲနေပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့နေတယ်။ ညနေစောင်းတော့ အဖေနိုးလာပြီး စားစရာတောင်းတယ်။ ဆရာမြက ထမင်းမကျွေးစေဘဲ ကြက်သားဆန်ပြုတ်ပဲ တိုက်ခိုင်းတယ်။ စားပြီးတာနဲ့ အဖေ့ကို ဆေးတစ်ခွက် တိုက်ပြန်သတဲ့။

နောက်တစ်နေ့မနက်ကျတော့ အဖေဟာ စောစောနိုးလာပြီး စားစရာတောင်းပြန်တယ်။ ဆရာမြက ကြက်သားဆန်ပြုတ်ပဲ တိုက်ခိုင်းပြန်တယ်။ (၃)ရက်လောက်ကြာတော့ အဖေ စားချင်ရာစားဖို့ ဆရာမြက ခွင့်ပြုတယ်။ အဖေလည်း ပြည့်ဖြိုးလာပြီး လူကောင်းပကတိပြန်ဖြစ်သွားတယ်။ အဲဒီတော့မှ ဆရာမြပြောတာက အဖေ့ကိုတိုက်တာက ကန့်ဇော်ဆီတဲ့။



www.burmeseclassic.com

www.burmeseclassic.com




ကန့်ဖော်ပင်ဟာ အိမ်ခြံဝင်းထဲမှာစိုက်ရင် လူကိုခိုက်တတ်သလို ကန့်ဖော်ဆီကတော့ ဝမ်းတွင်းမှာဖြစ်တတ်တဲ့ ဝေဒနာကြီးတွေကို ကာကွယ်ကုသပေးနိုင်သတဲ့။ အခုဆိုရင် ကျွန်တော့်အဖေဟာ အသက် (၇၀) နှစ်ကျော်ပြီ။ ဘာရောဂါမှ မဖြစ်တော့ဘူး။ ကျွန်တော်ကတော့ အငယ်ဆုံးဆိုတော့ ဒီအကြောင်းတွေကို အမေပြောပြမှ သိရတာပါဆရာ''

''ဒါဆို မောင်ကျော်စိုးတို့ ခြံဝင်းရှေ့က ကန့်ဖော်ပင်ကြီးဟာ အခုအချိန်လောက်ဆို သီးရောပေါ့နော်''

''သီးပါပြီဆရာ။ ပင်စည်ကြီးကလည်း လူကြီးလက်နှစ်ဖက်စာလောက်ရှိနေပါပြီ။ တစ်နှစ်တစ်ကြိမ် သီးပါတယ်။ တစ်ခါသီးရင်လည်း အသီးရောင်းရတဲ့ငွေက သိန်းဂဏန်းကျော်ရပါတယ်။ ကျွန်တော်တို့ မိသားစုလည်း ကန့်ဖော်ဆီကိုမှီဝဲလို့ ကျန်းမာရေးကောင်းကြပါတယ်။ ဆရာ့ကိုလည်း ကျွန်တော် ကန့်ဖော်ဆီတစ်ပုလင်း လက်ဆောင်ပေးပါမယ်။ ကြိုတင်သောက်ထားရင်လည်း ရောဂါမှန်သမျှကို ကာကွယ်ပေးနိုင်ပါတယ်။ နတ်ဆေးတစ်ပါးပါပဲ ဆရာရယ်။

ထောင်မှူးကြီးသိန်းဝင်း




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

❑

ကျွန်တော့်အမည် မောင်ကောင်းမြတ်ပါ။ အဖေနှင့်အမေက ဦးထွန်းလှအောင်၊ ဒေါ်မွှေး။ ကျွန်တော်တို့မှာ မွေးချင်းမောင်နှမ (၄)ဦး ရှိပါသည်။ အကြီးက အစ်မ(၂)ယောက်၊ အငယ်ကညီလေးပါ။ ကျွန်တော်နှင့်အစ်မများက ဘွဲ့အသီးသီးရပြီးဖြစ်ပေမယ့် မိသားစုလုပ်ငန်းဖြစ်သည့် စားသောက်ဆိုင်လုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ဝက်၊ ငါး မွေးမြူရေးလုပ်ငန်းတွေကိုလည်း တွဲဖက်လုပ်ကိုင်ပါသည်။ ထို့ကြောင့် မိသားစုစီးပွားရေး အဆင်ပြေပါသည်။

ကွမ်းခြံကုန်းမြို့မပိုင်းက 'အန်းကိုးစားသောက်ဆိုင်' ဆိုလျှင် ကွမ်းခြံကုန်းတစ်မြို့လုံးသိကြပါသည်။ ကျွန်တော့်ကိုလည်း အဲဒီမှာမွေးသည်။ နာဂစ်လေမုန်တိုင်းတိုက်တော့ အင်္ဂလိပ်ခေတ်ကတည်းက အဘိုး





အဘွားတွေ ဆောက်လုပ်ထားခဲ့သည့် ရှေးဟောင်းနှစ်ထပ်ကျွန်းအိမ်ကြီး ပြိုလဲသွားခဲ့သော်လည်း ကျွန်တော်တို့ အသစ်ပြန်ဆောက်ပြီး မိသားစု မောင်နှမတွေ စည်းစည်းရုံးရုံး ဥမကွဲသိုက်မပျက် ဆက်လက်နေထိုင်နိုင်ခဲ့ကြပါသည်။

ကွမ်းခြံကုန်းမြို့ကလေးမှာ နာဂစ်လေမုန်တိုင်းတိုက်ပြီးမှ ပိုမိုစည်ကားလာသည်။ ယခင်က အိမ်ဟောင်းများနေရာတွင် အိမ်သစ်များ အစားထိုးဝင်ရောက်လာသဖြင့် မြို့မှာ ပိုမိုစည်ကားသပ်ရပ်လာသည်။ ကျွန်တော်တို့နေထိုင်သည့် မြို့မပိုင်းနှင့် မြို့လယ်ဈေးပိုင်းရပ်ကွက်၌ အိမ်ကြီးအိမ်ကောင်းပေါပြီး အလွန်စည်ကားသည်။

မြို့မပိုင်းနှင့် မြို့လယ်ရပ်ကွက်ကြား၌ လက်ခုပ်ကုန်းအပန်းဖြေစခန်းသို့သွားသည့် ကားလမ်းရှိ၏။ ကွမ်းခြံကုန်းချောင်းကိုဖြတ်၍ သစ်သားတံတားကြီး ထိုးထားသည်။ တံတားကြီးမှာ အိုမင်းလှပြီဖြစ်သဖြင့် နာဂစ်လေမုန်တိုင်းတိုက်စဉ်က ပြိုပျက်သွားသဖြင့် ယခုတော့ ခံ့ညားလှသောတံတားသစ်ကြီး ဆောက်လုပ်ပြီးဖြစ်သည်။

ကားနှင့်ဆိုင်ကယ်များ၊ လူများ၊ ဥဒဟို ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။ ယခုမှ ကွမ်းခြံကုန်းမြို့သစ်နှင့် တံတားသစ်ကြီးမှာ ပန်ရတော့သည်။ နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် အကူအညီပေးကြသော နိုင်ငံတကာအဖွဲ့အစည်းများအလယ်၌လည်း တင့်တယ်သွားပေတော့သည်။

ချောင်းကူးတံတားကြီး တစ်ဖက်ရပ်ကွက်တွင် ကျွန်တော်တို့မိဘများငယ်စဉ်ကတည်းက သားချင်းအရင်းအချာလိုခင်တွယ်ရသော 'အမေနီ'နေသည်။ အမေနီက သမီးတစ်ယောက်တည်းသာရှိပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျပြီဖြစ်၍ မြေးမလေးတစ်ဦးပင်ရရှိနေပါသည်။ မြေးမလေးက (၁၀)တန်း၊ အပျိုပေါက်အရွယ်။ သမီးနှင့်သမက်က ဈေးထဲ၌ ကုန်စုံဆိုင် ရောင်းသည်။ မရှိမရှား အလယ်အလတ်တန်းစားထဲကဖြစ်သည်။

ထို့ကြောင့် အသက်ကြီး၍ အနားရနေသော အမေနီမှာ မြိန်ရာ ဟင်းကောင်း၊ ခင်ရာဆွေမျိုးဆိုသကဲ့သို့ အပတ်စဉ် ကျွန်တော်တို့အိမ် သို့ရောက်လာတတ်သည်။ ကျွန်တော်တို့အိမ်မှာလည်း စားသောက်ဆိုင် နှင့်တွဲဖက်ထားသဖြင့် အမေနီလာလျှင် ဟင်းကောင်းကောင်းဖြင့် ကျွေး မွေးနိုင်သည်။

အမေနီက အသက်ကြီးလာပြီဖြစ်သဖြင့် အစားနည်းသော် လည်း ဟင်းကောင်းကောင်းတော့ကြိုက်သည်။ ကွမ်းခြံကုန်းမြို့ထွက် 'ဘောကြား' ခေါ် ပေါ်ဆန်းမွှေးဆန်ကို အလွန်ကြိုက်၏။ သူ့မအကြိုက် ဆုံးအသားမှာ ဝက်သား။

ကျွန်တော့်အမေ ဒေါ်မွှေးကြော်သော ဝက်ခေါက်ဆွဲကြော်နှင့် တရုတ်ဟင်းလျာများကို အမေနီ အလွန်ကြိုက်သည်။ ကျွန်တော်တို့ မိသားစုကလည်း အမေနီအားအမေအရင်းသဖွယ် ပြုစုလုပ်ကျွေးကြ ပါသည်။ တစ်လုတ်တစ်ဆုပ်သာစားသော အမေနီအတွက် ကျွန်တော် တို့မိသားစုတွင် အပန်းမကြီးပါ။

အမေနီရောက်လာလျှင်လည်း ဘုရားပန်းအိုးကအစ၊ သ ရှင်းရေးအဆုံး စေ့စေ့စပ်စပ်ညွှန်ကြားသွန်သင်ပြီး နိုင်းစေတတ်သည် အမြင်မတော်လျှင် သူကိုယ်တိုင်ထလုပ်သည်။ အသက်(၇၀) နှစ်ခ ပြီဖြစ်သော်လည်း အလွန်သန်မာဖျတ်လတ်၏။ လူကပိန်သော်လည် ကျန်းမာရေးအလွန်ကောင်းသည်။

ဆံမဖြူ၊ သွားမကျိုးဘဲ ရှေးဘဝကုသိုလ်အကျိုးပေးက ကော





လှသည်။ ကျွန်တော်တို့အိမ်သားများ နေထိုင်မကောင်းလျှင်လည်း နှိပ် နယ်ပြုစုပေးတတ်သေးသည်။ အလွန်အားကိုးရသော အမေနီဖြစ်ပါ သည်။

ထို့အပြင်အမေနီက အချုပ်အလုပ်လည်းကောင်းသည်။ မြန်မာ့ ရိုးရာဗေဒင်ပညာကိုလည်း တတ်သေးသည်။ အမေနီမှာ အတန်းပညာ မတတ်ရှာပါ။ အသက်(၇၀)ခန့်ရှိပြီဖြစ်သော်လည်း မျက်စိကကောင်း လှသည်။ အပ်ပေါက်ပင် ထိုးနိုင်သေးသည်။

အမေနီက ကျွန်တော်တို့ဘိုးဘွားများနှင့် ငယ်ပေါင်းမိတ်ဆွေ များဖြစ်၏။ ကျွန်တော်တို့ အဘိုးအဘွားများကတော့ အမေနီလို သက် ရှည်ကျန်းမာခြင်း မရှိကြ။ စောစီးစွာပင် ဆုံးပါးကုန်သည်။ ထို့ကြောင့် အဘွားအရွယ်အမေနီကို ကျွန်တော်တို့၏မိဘများနှင့် မောင်နှမများက အဘွားဟုမခေါ်ကြပါ။ 'အမေနီ'ဟုပင် နှုတ်ကျိုး၍ခေါ်နေကြသည်။

အမေနီရောက်လာလျှင် ပုံတိုပတ်စရှေးဟောင်း အဖြစ်အပျက် များအပြင် ကျွန်တော်တို့၏ အဘိုးအဘွားများအကြောင်းကိုလည်း ခရေစေ့တွင်းကျ ပြောပြတတ်ပါသည်။ အမေနီက စကားပြောအလွန် ကောင်းသလို မမောနိုင်မပန်းနိုင်လည်း ပြောတတ်သေးသည်။

အမေနီက အမယ်အိုကြီးပင်ဖြစ်လင့်ကစား သူလာလျှင် သနပ် ခါးခြေဆုံးခေါင်းဆုံး လိမ်းပြီး ပဒုမ္မာရှန်သားအင်္ကျီရင်ဖုံးလက်ရှည်နှင့် သရက်ထည်ပွင့်ရိုက်လုံချည်ကို အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာ ဝတ် ဆင်ထားတတ်သည်။ ဆံပင်မှာ အသက်ကြီး၍ ပါးစ, ပြုပြီဖြစ်သော် လည်း ဘီးကျော်ပတ်ဆံထုံးနှင့် အလွန်စံညားသည်။

စကားပြော၍မောလျှင်တော့ လက်ဖက်သုပ်ဆီရွှဲဆမ်းပြီး လက် ဖက်ရည်ကြမ်းကျကျကို အမေနီအလွန်နှစ်သက်သည်။ သူမက နှော



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ကော်ဖီ၊ လက်ဖက်ရည်ကို မကြိုက်။ ရေနွေးကြမ်း ကျကျခါးခါးကို သာ ကြိုက်၏။ အမေနီကျွန်တော်တို့အိမ်သို့ တစ်ပတ်နှစ်ခါခန့် လာ တတ်၏။ လာလျှင်လည်း နေ့လယ်စာနှင့် ညနေစာစားပြီးမှ ပြန်တတ် သည်။ ကျွန်တော်တို့မိသားစုကလည်း ကျွေးမွေးပြီးမှ ပြန်လွှတ်တတ် သည်။ ကျန်းမာရေးကောင်းသော အမေနီသည် ဘယ်တော့မှ ဆိုက်ကား မစီး။ ကုန်းကြောင်းလာ၍ ကုန်းကြောင်းပင် ပြန်တတ်သည်။

ယခုအပတ်အမေနီ မလာသည်မှာ နှစ်ရက်သုံးရက်ရှိချေပြီ။ အမေနီ နေတိုင်မကောင်းဖြစ်နေသလား မသိပါ။ ကျွန်တော်တို့အိမ်နှင့် အမေနီတို့အိမ်မှာ မဝေးလှသော်လည်း ကွမ်းခြံကုန်းချောင်းကူးတံတား တစ်ဖက်ထိပ်၌ရှိသော အမေနီတို့အိမ်မှာ နည်းနည်းတော့လှမ်းသည်။ ခရီးမကြဲ။ တကူးတကသွားမှ ရောက်ပေလိမ့်မည်။ ကျွန်တော်တို့မှာ လည်း စားသောက်ဆိုင်ကတစ်ဖက်ဖြစ်၍ အမေနီတို့အိမ်သို့ သီးသန့် တော့ မသွားဖြစ်ကြပါ။ မိခင်ဒေါ်မွေးက သတိပေးလာ၏။

''သားတို့သမီးတို့ . . . အမေနီမလာတာ အတော်ကြာသွားပြီ နေထိုင်မကောင်းလို့လား၊ သတင်းလေးဘာလေး သွားမေးကြဦး''

''ဟုတ်ကဲ့ပါ အမေ။ ကျွန်တော်တို့လည်း အမေနီကို သတိ နေကြတာပါ။ နေ့လယ်ခင်းအားချိန် ကျွန်တော်စက်ဘီးနဲ့ သတင်းသွား မေးပါ့မယ်''

''အေး . . . အေး . . . သား၊ မင်းသွားရင် အမေ ခေါက်ဆွဲ ကြော်ပေးလိုက်ဦးမယ်။ အမေနီက ခေါက်ဆွဲကြော်ကြိုက်တတ်တယ်''

ထိုစဉ် တံတားတစ်ဖက်ထိပ်တွင်နေသော အစ်မကြီး၏ ကျော နေဖက်သူငယ်ချင်း မသူဇာ ဆိုင်တွင်းသို့ဝင်လာသည်။





''ဇင်မော်ရေ . . . နင်တို့အိမ်လာလာလည်တဲ့ အမေနီ ဟိုတစ် နေ့က ဆိုင်ကယ်တိုက်မိလို့ ခြေထောက်ကျိုးသွားတယ်။ သတင်းသွား မေးလိုက်ကြပါဦး။ ကွမ်းခြံကုန်းဆေးရုံမှာ တက်နေရတယ်။ ဒါကြောင့် ဒီဘက်ကိုမလာနိုင်တာ''

''ဩော် . . . ဖြစ်မှဖြစ်ရလေ အမေနီရယ်။ အခုပဲ တို့အမေ က အမေနီမလာတာကြာလို့ဆိုပြီး သတင်းသွားမေးခိုင်းနေတာ''

''အေးဟယ် . . . တိုက်ပဲတိုင်ဆိုင်လွန်းလှတယ်။ နင်တို့နဲ့က ဆွေမျိုးအရင်းအချာ မဟုတ်ပေမယ့် ပဋ္ဌာန်းဆက်တွေထင်ပါရဲ့။ အမေ နီက တို့အိမ်တွေနဲ့နီးပေမယ့် အလည်မလာတတ်ဘူး။ နည်းနည်းလှမ်း ပေမယ့် နင်တို့အိမ်ကိုတော့ မကြာခဏလာတယ်နော်''

''အေး . . . ဟုတ်တယ်။ အမေနီက တို့မိသားစုကို အရမ်း ခင်တာ။ တို့ကလည်း အဘွားလို အမေလို သဘောထားပြီး ကျွေးမွေး ပြုစုတာပါ။ ဒါဆို အမေနီကို သွားတွေ့ဦးမှဖြစ်မယ်။ နို့မဟုတ်ရင် ဆေးရုံ မှာ အားငယ်နေရှာမှာ''

ဆေးရုံတက်နေရသောအမေနီကို ကျွန်တော်တို့ သတင်းမေး သွားရန်ပြင်ဆင်တော့ အမေဒေါ်မွေးက အမေနီအတွက် ကြက်စွပ်ပြုတ် လုပ်ပေးနေစဉ် ကျွန်တော် ကွမ်းခြံကုန်းဈေးထဲသွား၍ လူမမာစာ ပန်းသီး လိမ္မော်သီးနှင့် ကိတ်မုန့်များဝယ်သည်။ အမေနီက လက်ဖက်ရည် မသောက်တတ်သဖြင့် ဟောလစ်အိုဗာတင်းတော့ မဝယ်တော့ပါ။ ဆေးရုံ သို့ ကျွန်တော်နှင့်အစ်မဇင်ဇင်မော်တို့သွားကြသည်။

ဆေးရုံပေါ်တွင် အမေနီကို ညာဘက်ခြေထောက်အား ပလတ် စတာကိုင်လျက် တွေ့ရသည်။ အနီးတွင်လည်း အမေနီ၏ သမီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သမက်တို့ကို တွေ့ရပါသည်။ အမေနီက ကျွန်တော်တို့အားတွေ့သည် နှင့် ဝမ်းသာအယ်လဲ နှုတ်ဆက်ရှာသည်။

"လာကြဟေ့ . . . သားနဲ့သမီးတို့ ထိုင်ကြ၊ ထိုင်ကြ"

"အမေနီရယ် . . . ဆေးရုံတက်ရတာကို ဘာလို့ ကျွန်တော်တို့ကို အကြောင်းမကြားတာလဲ။ အခုတော့ မသူဇာလာပြောမှ သိရတော့တယ်"

"ဩော် . . . သားရယ်၊ သားတို့သမီးတို့ကို ဒုက္ခမပေးချင်လို့ပါ။ ဒဏ်ရာကလည်း သက်သာနေပါပြီ။ နောက်နှစ်ရက်၊ သုံးရက်ဆိုရင် ဆေးရုံက ဆင်းရတော့မှာပါ။ အဲဒါကြောင့် အကြောင်းမကြားတာပါ"

"ဒီမှာ အမေနီအတွက် ကျွန်တော်တို့အမေက ကြက်သားစွပ်ပြုတ်လုပ်ပေးလိုက်ပါတယ်။ အမေနီဒဏ်ရာပျောက်အောင် များများစားပါ။ နေ့တိုင်းလာပို့ပါ့မယ်"

"ဒုက္ခရှာလို့ သားတို့သမီးတို့ရယ်။ ဒီမှာလည်း ပြည့်စုံပါတယ်။ နေ့တိုင်းတော့ လာမပို့ပါနဲ့ကွယ်။ အမေနီနေကောင်းတာနဲ့ မင်းတို့အိမ်လာခဲ့မယ်"

"လာခဲ့ပါ အမေနီ။ ကျွန်တော်တို့အိမ်က စားသောက်ဆိုင်ဆိုတော့ အမေနီစားချင်ရာကို ချက်ကျွေးပါ့မယ်။ အခုတော့ ကြက်သားစွပ်ပြုတ်လေး မအေးသေးခင် သောက်လိုက်ပါဦးနော်"

"အေး . . . အေး . . . သားတို့, သမီးတို့ စိတ်ချမ်းသာကိုယ်ကျန်းမာ ရှိကြပါစေကွယ်"

အစ်မဇင်ဇင်မော်က အမေနီအား ကြက်စွပ်ပြုတ်တိုက်သည်။ ကျွန်တော်က လိမ္မော်သီးကို အခွံနွှာပေးသည်။ အမေနီ၏ သမီးနှင့်





သမက်ကတော့ ကျွန်တော်တို့အားကြည့်ပြီး သဘောကျနေကြ၏။ နှစ်ရက်၊ သုံးရက်ကြာသော်လည်း အမေနီဆေးရုံက မဆင်းနိုင်သေးပါ။ ဒဏ်ရာက မပျောက်ပါ။

နောက်ဆုံး ဆရာဝန်က သွေးစစ်ကြည့်မှ အမေနီတွင် ဆီးချိုရောဂါရှိကြောင်း သိရတော့သည်။ အချိုမကြိုက်၊ လက်ဖက်ရည်, ကော်ဖီတို့ပင် မသောက်တတ်သော အမေနီမှာ မည်သို့ ဆီးချိုရောဂါစွဲသည်ကို မမှန်းဆတတ်တော့။ နောက်ဆုံး ခြေထောက်အား ဒူးဆစ်မှ ဖြတ်ပစ်လိုက်ရတော့၏။

တစ်လခန့်ကြာ၍ ဆေးရုံကဆင်းရတော့ အမေနီမှာ ချိုင်းထောက်ကြီးဖြင့်ဖြစ်သည်။ ကျွန်တော်တို့ အိမ်ကိုတော့ ဆိုက်ကားစီး၍ လာတတ်၏။ သို့သော် ယခင်ကလို စကားကို အသံကျယ်ကျယ်ဖြင့် ရှည်ရှည်ဝေးဝေး မပြောတော့ပေ။

ကျွန်တော့်အမေ၏လက်ရာ ဝက်ခေါက်ဆွဲကြော်နှင့် လက်ဖက်သုပ်ကိုတော့ စားသေးသည်။ အမေနီမှာ ဆီးချိုရောဂါကြောင့်ထင်ပါသည်၊ အစားနည်းသွားသဖြင့် အတော်ပိန်သွားသည်။ သို့သော် တစ်ပတ်တစ်ခါခန့်တော့ ကျွန်တော်တို့အိမ်ကိုလာပြီး တစ်နေကုန်နေတတ်၏။ ကျွန်တော်တို့မိသားစုကလည်း အားရှိစေသော အစာအာဟာရများကျွေး၍ အမေနီစိတ်ပျော်စေရန် ထားတတ်၏။ အမေနီမှာ ယခင်ကလို ဟက်ဟက်ပက်ပက် မရှိတော့သည်မှာတော့ အမှန်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

။ ၂ ။

□

ကျွန်တော်ဆိုင်အတွက် ပစ္စည်းများဝယ်ရန် ရန်ကုန်တက်သည်မှာ သုံးလေးရက်ကြာသွားသည်။ ကျွန်တော် ကွမ်းခြံကုန်းပြန်ရောက်တော့ အမေနီမလာသည်မှာ ကြာပြီဖြစ်၍ အိမ်သို့သွားကြည့်ရန် အမေကခိုင်းသဖြင့် ကျွန်တော် စက်ဘီးစီး၍ ထွက်ခဲ့၏။ အမေနီကို သူ့အိမ်တွင် တစ်ယောက်တည်းတွေ့ရသည်။ အိပ်ရာထဲလဲနေခြင်းဖြစ်သည်။ သမက်ကဆိုင်ထွက်ပြီး သမီးက ထမင်းသွားပို့ကြောင်း သိရသည်။

ထို့ကြောင့် လူစောင့်မရှိ၍ ကျွန်တော် အမေနီ၏ ဘေးတွင်ထိုင်ရင်း အားပေးစကားများပြောသည်။ အမေနီ စားလိုရာ သောက်လိုရာကို မေးကြည့်တော့ ခံတွင်းပျက်နေကြောင်း ပြောသည်။ အမေနီမှာ နဂိုကပိန်ရသည့်အထဲ အစားအသောက်ပျက်ပြီး အိပ်ရာထဲလဲနေသဖြင့် ပိုပြီးပိန်သွားရှာသည်။





အမေနီ၏သမီးပြန်လာမှ ကျွန်တော် အမေနီအား ဆေးဖိုးဝါးခငွေကျပ် (၁၀,၀၀၀) ကန်တော့ပြီး အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့ အမေနှင့် အစ်မများကိုပြောပြရာ အားလုံး စိတ်မကောင်းဖြစ်ကြရလေသည်။ အမေနှင့်အစ်မများ နောက်တစ်နေ့တွင် သတင်းသွားမေးရန်နှင့် သင့်တော်မည့်အစားအစာများကျွေးရန်လည်း စီစဉ်နေကြသည်။

သို့သော် နောက်တစ်နေ့မနက်စောစောတွင် အမေနီအရုဏ်တက်ချိန်၌ဆုံးပါးသွားကြောင်း အစ်မကြီး၏သူငယ်ချင်း မသူဇာလာပြောမှ သိရတော့သည်။ မနေ့က ကျွန်တော် အမေနီအား နောက်ဆုံးတွေ့ခဲ့ရခြင်းဖြစ်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့မိသားစု အမေနီ၏အိမ်သို့သွားကြသည်။

အမေနီ၏အလောင်းအား ရပ်ရွာထုံးစံအတိုင်း အိမ်ပေါ်၌ပင် ပြင်ဆင်ထားသည်။ အမေနီ၏အလောင်းမှာ မျက်စိများမှိတ်ထားသော်လည်း ပါးစပ်ပွင့်လျက်အနေအထားဖြစ်သည်။ ကျွန်တော်က အမေနီ၏သမီးကိုမေးကြည့်ရာ အရုဏ်ဦးပိုင်းတွင် အမောဖောက်လာသဖြင့် နီးစပ်ရာဆရာဝန်အားပင့်၍ခေါ်ပြရာ 'ကောင်းမြတ်၊ ကောင်းမြတ်' ဟု ကျွန်တော့်နာမည်အားတ,နေ၍ ဆရာဝန်က အရေးပေါ်ဆေးထိုးပေးပြီး ဆေးရုံတင်ရန်စီစဉ်နေစဉ် ဆုံးပါးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် ကျွန်တော် အလွန်ဝမ်းနည်းမိပါသည်။ အမေနီ ကျွန်တော့်အား ဘာပြောရန် ကိစ္စရှိသည်မသိပါ။

ကျွန်တော်တို့မိသားစု အမေနီ၏ဈာပနအတွက် အရေးပေါ်အသုံးပြုရန် ငွေကျပ် (၅၀,၀၀၀) လှူခဲ့ကြပြီး အိမ်ပြန်ခဲ့ကြပါသည်။ အားလုံး စိတ်မကောင်းလည်း ဖြစ်ကြသည်။ ညဘက် အိပ်ရာဝင်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘုရားရှိခိုးပုတီးစိပ်ပြီး အမေနီ ကောင်းရာသုဂတိလားစေရန် ဆုတောင်းမိသည်။

ကျွန်တော်အိပ်ပျော်တော့ စိတ်ခွဲလမ်း၍လားမသိ။ အမေနီကို အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် အမေနီက သူဝတ်နေကျ ပဒုမ္မာရှန်သားအင်္ကျီလက်ရှည်၊ သရက်ထည်ထဘီတို့ကို ဆင်မြန်းထားသော်လည်း အဝတ်အစားများမှာ အသစ်များဖြစ်သည်။

ခေါင်းတွင် တစ်ပတ်လျှိုပတ်ထားသောဘီးက ယခင်ကလို ပလတ်စတစ်ဘီးမဟုတ်။ ရွှေဘီးကြီးဖြစ်သည်။ နားမှာလည်း တောက်ပြောင်သောစိန်နားကပ်ကို ပန်ထားသေးသည်။ လည်ပင်း၌လည်း ကျောက်စိမ်းခေါင်းဘယက်ရွှေကြိုးကြီးဖြင့် လက်နှစ်ဖက်တွင် ရွှေလက်ကောက် (၅)ကွင်းစီ ဝတ်ဆင်ထားသေးသည်။

တောက်ပြောင်လှသော အမေနီကိုကြည့်ပြီး ကျွန်တော်က–

"အမေနီ ... ဘယ်ဘုံကို ရောက်သွားတာလဲ။ ကျွန်တော့်ကို ပြောပြပါဦး"

ဆိုတော့ ...

"ကောင်းရာသုဂတိဘုံပါပဲ သားရယ်။ သားကို မှာစရာရှိလို့ အမေနီတ,နေတာ။ ဒါကြောင့် အခုလာပြီးပြောရတာ။ သားတို့မိသားစု ကျေးဇူး အမေနီ့အပေါ်မှာ အလွန်ကြီးတယ်။ ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ထီထိုးစမ်းပါသားရယ်"

"အမေနီ ... ဘာဂဏန်းထိုးရမှာလဲ။ ကျွန်တော်က ထီထိုးတာ ဝါသနာမပါဘူး။ လက်တွေ့အလုပ်ပဲ ဝါသနာပါတာ"

"ဒီတစ်ခါ အမေနီပြောတဲ့ဂဏန်းကိုပဲ ရအောင်ရှာပြီး ထိုးစမ်းပါကွယ်။ မင်းက တနင်္လာသား။ ကောင်းမြတ်ဆိုတော့ ကကြီးအက္ခရာ





အစဂဏန်း (၂)နဲ့ အဆုံးဂဏန်း(၅)ကိုယူပြီး အတွဲလိုက်ထိုးစမ်းပါ။ ထီဆုကြီးပေါက်ပါလိမ့်မယ်။ ယုံယုံကြည်ကြည်ထိုးပါ။ ပေါက်မလွဲသေချာပါတယ်။ အမေနီက တမလွန်ရောက်နေတော့ ဒီနည်းနဲ့ပဲ ငါ့သားတို့မိသားစုကို ကျေးဇူးဆပ်လို့ရမှာလေ"

"ဟုတ်ကဲ့ပါ အမေနီ။ ကျွန်တော် မှတ်ထားပါ့မယ်။ ထီဆုကြီးပေါက်ရင်လည်း အမေနီအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးမှာပါ"

"အေးကွယ် ... သာဓု ... သာဓု ... သာဓု။ အမေနီ သာဓုခေါ်ဖို့ စောင့်မျှော်ပါ့မယ်။ သားလေး ကံကောင်းပါစေ

အမေနီ၏ရုပ်သွင်မှာ ကျွန်တော့်ရှေ့မှ တဖြည်းဖြည်းပျောက်ကွယ်သွားသဖြင့် ကျွန်တော် အိပ်မက်ကမ္ဘာမှ နိုးထပြီး လန့်နိုးသည်။ တကယ့်ကို ထင်ထင်ရှားရှားမြင်မက်သော အိပ်မက်ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော့်အနီးရှိ စာရေးစားပွဲပေါ်မှ နေ့စဉ်မှတ်တမ်းစာရွက်ထိပ်တွင် အသေအချာရေးမှတ်ထားလိုက်သည်။ ပြီးနောက် ကျွန်တော်ပြန်လည် အိပ်ပျော်သွားပြန်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

"ဟုတ်ကဲ့ ခင်ဗျား ... (၂၂၆)ကြိမ်မြောက် သန်းကြွယ်သူဌေး လောင်းရွေးချယ်ပွဲကြီး နီးကပ်လာပြန်ပါပြီ။ နှစ်ပတ်ပဲလိုပါတော့တယ် ခင်ဗျား။ မင်္ဂလာရှိလှတဲ့ လူကြီးမင်းများ၏အိမ်ရှေ့သို့ မင်္ဂလာထီလှည်း ရောက်ရှိနေပါပြီ။

တနင်္ဂနွေသားသမီးများအတွက် အ,အက္ခရာ(၁) အစ(၁)အဆုံး နဲ့ တနင်္လာသားသမီးများအတွက် က, အက္ခရာ(၂)အစ(၅)အဆုံး၊ အင် သားသမီးများအတွက် စ, အက္ခရာ(၃) အစ(၃)အဆုံး မင်္ဂလာစုံတွဲ ထီ ဂဏန်းများ စုံလင်စွာပါရှိပါတယ်ခင်ဗျား။ ထီပေါက်ကိန်းရှိပေမယ့် ထီ မထိုးရင်တော့ ထီပေါက်ဖို့မဖြစ်နိုင်ပါဘူး ခင်ဗျား"

"ကျန်းကျန်းမာမာ × × × ချမ်းချမ်းသာသာ × × ×





ဘေးရန်ကာဆီးမည် × × × လူမွဲတွေက မနေ့းခေတ်မီ × × ×

သူဌေးဖြစ်တော့မည် × × × တို့နဂါးနီ × × ×"

အောင်ဘာလေထီလှည်း၏ စပီကာမှသီချင်းသံကြောင့် ကျွန်တော်အိပ်ရာမှ လန့်နိုးသည်။ အိပ်မက်ထဲမှ အမေနီပေးခဲ့သော အက္ခရာနှင့် ဂဏန်းများကိုလည်း အလွတ်ရမှတ်မိနေသည်။ ထို့အပြင် ယနေ့ တနင်္လာနေ့၊ ကျွန်တော်၏မွေးရက်လည်းကျသည်။ တနင်္လာဆိုသည်က ငွေနံ့လည်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်အိမ်ပေါ်ထပ်မှ အောက်ကဆိုင်အတွင်းသို့ လှမ်းအော်မိသည်။

"အမေရေ ... ထီသည်ကြီးကို ခဏစောင့်နိုင်းထားပါဦး။ သား မျက်နှာသစ်ပြီး ဆင်းလာပါ့မယ်"

"အေး ... အေး ... သားရေ၊ အမေကြားတယ်။ ဘယ့်နှယ် ထီမထိုးစဖူး အထိုးထူးလို့ပါလား"

ကျွန်တော် မျက်နှာသစ်အပြီး ကမန်းကတန်းအောက်ဆင်း တော့ ထီသည်ကြီးက စောင့်နေသည်။ ကျွန်တော်က အမေ့ဆီမှပိုက်ဆံ တောင်းပြီး အိပ်မက်ထဲမှအမေနီမှာသည့် က,အက္ခရာ (၂)အစ(၅)အဆုံး ထီဂဏန်းကိုရှာဖွေရာ အလွယ်တကူတွေ့ရသည်။ (၁၀) စောင်မင်္ဂလာ စုံတွဲဖြစ်သည်။ ပေါက်၊မပေါက် မသေချာသော်လည်း အိပ်မက်ထဲမှ ဂဏန်းနှင့် တိုက်ဆိုင်စွာရရှိသဖြင့် အလွန်ဝမ်းသာမိသည်။

ပြီးနောက် ကျွန်တော်ဘုရားဝတ်ပြု ပုတီးစိပ်ပြီး အမျှဝေတော့ အမေနီအားရည်မှန်းပြီး လေးနက်စွာ မေတ္တာပို့ပါသည်။ မနက်ခင်း ဆိုင်သန့်ရှင်းရေး၊ ဈေးဝယ်ခြင်းနှင့် အိမ်အလုပ်များ ဝိုင်းဝန်းလုပ်ကိုင် နေရတော့လည်း အမေနီကို မေ့လျော့သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့များတွင်လည်း ကွင်းထဲဆင်း၊ စပါးဝယ်၊ ပဲကောက်၊ ငါးကန်ဆင်းအလုပ်များကြောင့် လပင် မည်သို့ကုန်သွားမှန်းမသိပါ။ လဆန်းပိုင်းမနက်ခင်းတွင် ဧည့်သည့်လာသည်ဆိုသဖြင့် ကျွန်တော် အိပ်ရာမှ ကမန်းကတန်းထပြီး အိမ်ပေါ်မှဆင်း၍ ဆိုင်အတွင်းဝင်လာရာ ကျွန်တော်၏ဧည့်သည်ဆိုသော ဦးထုပ်ဆောင်းထားသည့် လူကြီးတစ်ဦးကို တွေ့ရ၏။ မြင်ဖူးသလိုတော့ ရှိသော်လည်း မမှတ်မိပါ။

"တူလေး ... ဦးလေးကို မမှတ်မိဘူးလား။ ထီသည်ကြီးပါ"

"ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်တော်မမှတ်မိတာ ခွင့်လွှတ်ပါ။ ဘာကိစ္စရှိပါသလဲ ခင်ဗျာ"

"ငါ့တူက မောင်ကောင်းမြတ်မဟုတ်လား။ ထီပေါက်တယ်လေ။ ပေါက်တာမှ သိန်း (၁၀၀) ဆုကြီး။ မင်္ဂလာစုံတွဲစနစ်ဆိုတော့ တွဲတွေပါရပြီး ပင်ရင်းထီဆိုင်ကလည်း အပိုဆုတွေပေးမှာဖြစ်လို့ သိန်း (၁၅၀) လောက်ကိုရမှာ။ ငါ့တူ အလွန်ကံကောင်းတာပဲ။ အဲဒါ လာအကြောင်းကြားတာပါ"

"ဟုတ်ရဲ့လား ဦးလေးရယ်"

"အဟုတ်ပေါ့ ... ငါ့တူရယ်။ ဒီမှာ ဦးလေးက မှတ်ထားတယ်။ က/၂၁၇၀၆၅ မောင်ကောင်းမြတ်၊ အနီးကိုးစားသောက်ဆိုင် လေ"

"ဟာ ... ဟုတ်သလား။ ခဏစောင့်ပါဦး ဦးလေး၊ ကျွန်တော် ထီလက်မှတ်ကို အိမ်ပေါ်တက်ကြည့်လိုက်ဦးမယ်"

ကျွန်တော် အိမ်ပေါ်ထပ်သို့ အလျင်အမြန်တက်ပြေးပြီး အိပ်ခန်းအတွင်း စာရေးစားပွဲပေါ်ရှိ နေ့စဉ်မှတ်တမ်းကိုလှန်ကြည့်တော့ ကြိုညှပ်ထားသော ထီလက်မှတ်များကို တွေ့ရသည်။ ပေါက်ဂဏန်းအား





အသေအချာကြည့်တော့မှ က/၂၁၇၀၆၅ စီးရီးအတွဲလိုက်ဖြစ်၏။ အမေနီမ,စခြင်းမှာ အမှန်အကန်ဖြစ်ပေတော့သည်။ ကျွန်တော် အိမ်ပေါ်ထပ်မှ တဒုန်းဒုန်းပြေးဆင်းလာတော့ အမေက ...

"ဟဲ့ ... သား ဘာဖြစ်တာလဲ။ မုထိတ်သာမလန့်သာကွယ်"

"အမေ ... သား ထီပေါက်ပြီဗျ။ သိန်း(၁၀၀)ဆုကြီး။ မင်္ဂလာစုံတွဲစနစ်။ အမေနီပေးတဲ့ဂဏန်း"

"ဟယ် ... အဟုတ်လား သားရယ်။ ဝမ်းသာလိုက်တာ"

"အဟုတ်ပေါ့ ... အမေရယ်။ ဆိုင်ထဲမှာ ထီသည်ကြီးက လာပြီးအကြောင်းကြားတာ။ ဒီမှာ သားထိုးထားတဲ့ ထီလက်မှတ်တွေ"

"ဩော် ... ဟုတ်ပါရဲ့။ အမေနီ ... အမေနီ ... သံဃောဇဉ်ကြီးရှာတယ်နော်။ သူ့အတွက်လည်း အလှူအတန်း လုပ်ပေးရဦးမှာပေါ့ကွယ်"

ထိုမနက်က ကျွန်တော်တို့သည် ထီသည်ကြီးအား ကျေးဇူးတင်လှသဖြင့် ခေါက်ဆွဲကြော်ကျွေး၍ ဆိုက်ကားခပင် ပေးလိုက်သေးသည်။ ထီသည်ကြီးကလည်း ထီရောင်းကိုယ်စားလှယ်ဆု ရမည်ဖြစ်သဖြင့် အလွန်ပျော်နေရှာသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ဆုငွေထုတ်ပြီးတော့ ဘုရားကြီးကျောင်းတိုက်တွင် အမေနီကို ရည်စူးပြီး ဆွမ်းသွတ်အလှူလုပ်သည်။ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြား၍ အမေနီကြိုက်သော ဝက်သားဟင်းဖြင့် ထမင်းကျွေးသည်။ ကျန်ရစ်ခဲ့သော အမေနီ၏ သမီးအိမ်ထောင်စုအတွက်လည်း ကျပ်ငွေ (၁) သိန်းတိတိ ထောက်ပံ့လိုက်ပါသည်။ အမေနီအတွက်လည်း အမှုအတန်း ဝေပါသည်။

နောက်ပိုင်း အမေနီအား ကျွန်တော်တို့က သတိရအောက်မေ့နေသော်လည်း အိပ်မက်ပင် မမက်တော့ပါ။ စိတ်သဘောထားဖြူစင်သော အမေနီတစ်ယောက် ကောင်းရာသုဂတိဘုံသို့ ရောက်သွားပြီဟု ထင်ပါသည်။





မည်သို့ဖြစ်စေ၊ တမလွန်ဘဝမှပင် ကျေးဇူးသိတတ်သော အမေနီအတွက် ကျွန်တော်တို့မိသားစုကမမေ့ပါ။ နှစ်စဉ်နှစ်တိုင်း အမေနီ ဆုံးပါးသွားသော ရက်တစ်ရက်၏ အရုဏ်ဦးအချိန်၌ အမေနီအတွက် သံဃာတော်(၅)ပါးအား ကျွန်တော်တို့မိသားစု ဆွမ်းကပ်၍ အမှုအတန်း ဝေလာခဲ့သည်မှာ ယခုဆိုလျှင် (၅)နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ ကျေးဇူးသိတတ်သော အမေနီ ကောင်းရာသုဂတိလားစေရန်လည်း ကျွန်တော်တို့မိသားစုက နေ့စဉ် ဆုတောင်းမေတ္တာပို့သလျက် ရှိပါသည်။

ထောင်မှူးဖြိုးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

မိုးကြီးဆိုသူက လူကောင်းတစ်ယောက်တော့မဟုတ်။ လူမိုက်လူကြမ်းတစ်ဦးသာဖြစ်သည်။ အသားဖြူဖြူ၊ ခပ်တောင့်တောင့်၊ ကတုံး (ခေါင်းတုံး) ဘိုကေဆံပင်နှင့်။ လူကတော့ ခန့်ညားသည်။ ရှင်ကြီးဝမ်းလည်း ဝင်ဖူးသည်။ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးသည်။

တပ်ထွက်တစ်ဦးဖြစ်သဖြင့် အတွေ့အကြုံကလည်း စုံလှသည်။ ရုပ်ဖြောင့်သူဖြစ်၍လည်း ကျွန်တော်သိသမျှ မယားနှစ်ယောက်ရှိသည်။ ကျွန်တော်မသိသော တရားမဝင်ဇနီးမယားများကတော့ မည်မျှရှိသည် မသိ။ ထောင်တွင်းသို့လည်း ရိုက်မှု၊ ဓားခုတ်မှုများဖြင့် မကြာခဏ ရောက်လာတတ်သည်။

အချုပ်နှင့်ဖြစ်၍ ရောက်လာတိုင်း ကျွန်တော်နှင့်တွေ့သည်။ တွေ့သည့်အခါတိုင်းလည်း မရတ်တတ်သည့်ကြောင်ကလေးလို ခြေသုတ်



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုး မြွေစွယ်ကျိုးပမာ ရိုကျိုးစွာ ဆက်ဆံတတ်သည်။ သို့သော် သူ့နောက်တွင် မိဘဖြစ်စေ၊ တစ်ဦးဦးက လိုက်လံကယ်တင်ဟန်တူသည်။ အချုပ်အာမခံဖြင့် လွတ်ခြင်းကများသည်။

သို့သော် သည်တစ်ကြိမ်တွင်တော့ မိုးကြီးတစ်ယောက် ကယ်မည့်သူ ဝေးဟန်တူသည်။ ဓားခုတ်မှုဖြင့် ထောင်ဒဏ် (၂) နှစ် အပြစ်ကျသည်။ ယခင်ကလို ဇနီးမယားနှင့် တပည့်တပန်းများကပင် ထောင်ဝင်စာလာတွေ့သူမရှိတော့။

ထို့အတွက် သံယောဇဉ်ရှိသောကြောင့် ကျွန်တော်က အချုပ်ရုံးခန်းတွင် လက်တိုလက်တောင်းခိုင်းစေရန် ရဲဘက်စခန်းမထွက်မီ ခေါ်ပြီးကြည့်ရှုထားရသည်။ မိုးကြီးက အပြင်တွင် လူမိုက်ဖြစ်သော်လည်း ထောင်တွင်း၌ ဆက်ဆံရေးကောင်းမွန်ပြီး အပြောအဆိုယဉ်ကျေးသိမ်မွေ့၍ ဝန်ထမ်း၊ ရုံးဘက်၊ အချုပ်သား၊ အကျဉ်းသားချင်း၊ လူချစ်လူခင်များသည်။

ထို့ကြောင့် ပြင်ပမှ ထောင်ဝင်စာမလာသော်လည်း မိုးကြီးတွင် အစားအသောက်မရှားပါ။ ကျွန်တော်ကလည်း မိုးကြီးရောက်လာတိုင်း တပည့်ရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်တတ်ခြင်းကြောင့်လည်း ဖြစ်ပါလိမ့်မည်။ သို့သော် မိုးကြီးက စိတ်ထွက်ပိပိ၊ စည်းကမ်းတော့ရှိသည်။ ကျွန်တော်စောင့်ရှောက်ထားခြင်းကို အခွင့်အရေးတော့မယူတတ်ပါ။

တနင်္ဂနွေနေ့တစ်ရက် ကျွန်ဘော် ထောင်တွင်း၌ တာဝန်ကျစဉ် နေ့လယ်နေ့ခင်း၊ အားလပ်နေသောကြောင့် မိုးကြီးနှင့် စကားပြောဖြစ်ကြသည်။





"မိုးကြီး . . . ဒီတစ်ခါအမှုက ဓားခုတ်မှုပဲမဟုတ်လား။ အရင်အခါတွေလို မင်းမိန်းမတွေလည်း ထောင်ဝင်စာမလာပါလား။ ဘာဖြစ်လို့လဲ"

"အရင်အမှုတွေနဲ့ မတူဘူးဆရာရေ့ . . .။ ဒီတစ်ခါအမှုက ယောက်ဖကို ဓားနဲ့ထိုးမိတာ"

"ဘယ်ယောက်ဖကိုတုံးကွ။ မင်းက မိန်းမကအများသား"

"အငယ်မ မစန္ဒာမောင်ကိုပါ ဆရာ။ ကျွန်တော် ဝက်သတ်နေတုန်း ပိုက်ဆံတောင်းတာ မပေးတာနဲ့ ရစ်နေလို့ ထိုးထည့်လိုက်တာ"

"မင်းကလည်း အတော်မိုက်တဲ့ကောင်ပဲ။ လက်သီးနဲ့ထိုး တော်သေး။ ဓားနဲ့ထိုးရတယ်လို့ကွာ"

"ဆရာမသိဘူးနော်။ ယောက်ဖတွေက လူမိုက်တွေ။ ဆင်မလိုက်ဝက်သတ်ရုံမှာ အလုပ်လုပ်ကြတော့ လက်က အလွန်ယဉ်တယ်။ ကျွန်တော်မထိုးရင် သူတို့ကထိုးမှာ။ ဒါကြောင့် ကျွန်တော်က လက်စွမ်းပြလိုက်ရတာပါ"

"ဘယ်ထိသွားသလဲ ဒဏ်ရာအတော်ပြင်းသလား"

"ဒဏ်ရာက မပြင်းပါဘူးဆရာရယ်။ ကျွန်တော်က မသေအောင် ညာရင်အုံကို ခပ်ဆဆကလေးထိုးတာပါ။ အသက်နဲ့ ဝေးပါတယ်။ အခုတောင် ဆေးရုံက ဆင်းသွားပါပြီ"

"ဒါကြောင့် မင်းမိန်းမအငယ်မ မလာတာကိုး။ သူ့မောင်ထိတော့ စိတ်ဆိုးရှာမှာပေါ့။ ဒါနဲ့ အကြီးမကရော ဘာကြောင့် ထောင်ဝင်စာလာမတွေ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဆရာကိုတော့ ဆရာသမားအရင်းဆိုတော့ ပြောပြပါ့မယ်။ အကြီးမနာမည်ကလည်း မစန္ဒာပဲ ဆရာရဲ့။ မစန္ဒာနံ့ပါတ်ဝမ်းပေါ့၊ အငယ်မက မစန္ဒာနံ့ပါတ်တူးပေါ့ ဆရာရယ်။ အငယ်မနဲ့က ဝက်သတ်ရုံမှာ အလုပ်လုပ်ရင်းငြိကြတာ။

ကျွန်တော်တို့အလုပ်ကလည်း ညနေစောင်းက နောက်တစ်နေ့မနက်မိုးလင်းသည်အထိ အလုပ်ရုံမှာ လုပ်ရတာ။ တစ်နေ့တစ်နေ့ ဝက်ကောင်ရေ(၂၀)ကနေ (၅၀)လောက်အထိ နေ့စဉ်သတ်ရတာ။ တစ်ခါတစ်ရံ အော်ဒါရှိရင် (၁၀၀)လောက်တောင် ဖြစ်သွားတတ်တယ်။

ခေါင်းဆောင်ဆရာက နောက်လိုက်တွေနဲ့ ဝက်ဖမ်းပြီး သတ်ရတာ။ လက်ထောက်ဆရာက ဝက်ပေါ်၊ အမျိုးသမီးနဲ့ ကလေးတွေက ဝက်မွေးရိတ်၊ ဝက်မွေးနုတ်၊ အရိုးကအသားများကိုခွာပေါ့။ တစ်ညလုံး လုပ်ကြရတာ။ မစန္ဒာမောင်က လက်ထောက်ဆရာ။ မစန္ဒာက အသားခြစ်အလုပ်သမပါဆရာ။ ကျွန်တော်နဲ့က မစန္ဒာတူးနဲ့ညဘက်တွေ့၊ နေ့ဘက်အိမ်ပြန်တော့ မစန္ဒာဝမ်းနဲ့ လှိုင်သာယာမှာ တွေ့ပေါ့ဆရာရယ်။

"အခုကိစ္စက ဓားထိုးမှုဖြစ်မှ ပေါ်ကုန်တာဆရာ။ ဒါကြောင့် အကြီးမ မစန္ဒာဝမ်းက စိတ်ကောက်ပြီး မလာတာ။ အငယ်မ မစန္ဒာတူးက သူ့မောင်ကို ဓားနဲ့ထိုးလို့ စိတ်နာပြီးမလာတာပါ"

"ဒါနဲ့ အရင်အခေါက်တွေတုန်းကတော့ နှစ်ယောက်စလုံး လာကြတယ်မဟုတ်လား"

"ဟုတ်တယ်လေ ဆရာ။ အဲဒီတုန်းက အချုပ်ပဲကျတော့ တစ်ပတ်တစ်ခါ ထောင်ဝင်စာတွေ့ရတာ။ ကျွန်တော်က တစ်ပတ်ခြားစီတွေ့နိုင်အောင် လုပ်ထားတော့ သူတို့နှစ်ဦး မဆုံဖြစ်ကြဘူးလေ။ ဒါပေမဲ့





မပူပါနဲ့ဆရာရယ်။ သူတို့နှစ်ဦးက ကျွန်တော့်ကို အလွန်ချစ်ကြတာပါ။ မနေနိုင်ပါဘူး။ ကျွန်တော့်ကို လာတွေ့ကြပါလိမ့်မယ်။ လိပ်ပတ်လည်သွားတော့လည်း ခွင့်လွှတ်ကြမှာပါ။ ကျွန်တော့်ကောင်းကွက်တွေ သူတို့သိပါတယ်။ ကျွန်တော့်ကို တစ်ဆိတ်လောက် ကူညီပါဦးဆရာ။ ကျွန်တော် လှေလှော်အင်းရဲဘက်စခန်းကို ထွက်ချင်တယ်။ ဒါမှ သူတို့နဲ့ လွတ်လွတ်လပ်လပ်တွေ့နိုင်မှာပါ။

"လှေလှော်အင်းရဲဘက်စခန်းဆိုတာက ဝက်မွေးတာ။ ဝက်သတ်တဲ့စခန်းမဟုတ်ဘူး မိုးကြီးရ"

"ကျွန်တော်က အသက်မွေးဝမ်းကျောင်းမှုအရ ဝက်သတ်နေရပေမဲ့ ဝက်ဆရာပါ ဆရာ။ ဝက်တစ်ကောင် မှိုင်နေတာနဲ့ ဘာရောဂါဆိုတာ တန်းပြောလို့ရပါတယ်။ ဆရာ့တပည့်မိုးကြီးက လက်မှတ်မရပေမဲ့ ဝက်ခွဲစိတ်ဆရာဝန်ပါ ဆရာ။ ဝက်စခန်းမှာ ကျွန်တော်အများကြီး အကူအညီပေးနိုင်ပါတယ်"

"အေး . . . အေး . . . ဒါဆို ငါထည့်ပေးပါ့မယ်။ ဘယ်တော့ ..ည်းတော့ ငါမသိဘူး။ ထောင်ကျရုံးကို မေးကြည့်ရဦးမယ်"

တစ်လခန့်ကြာတော့ ထောင်ကျရုံးက လှေလှော်အင်းဝက် ..ခန်းသို့ ရဲဘက် (၅၀) ထုတ်မည်ဆိုသဖြင့် ကျွန်တော်တပည့်မိုးကြီး ..ား စာရင်းပေးသွင်းလိုက်ပါသည်။ လှေလှော်အင်းစခန်းမှာ ရန်ကုန် ..င့်နီးပြီး အသွားအလာလွယ်ကူသဖြင့် ရဲဘက်လိုက်ချင်သောအကျဉ်း ..ားကများသည်။ မွေးမြူရေးစခန်းဖြစ်၍ အလုပ်သက်သာသဖြင့် လိုက် ..ကြခြင်းဖြစ်သည်။ သို့သော် လိုအပ်သမျှ ရဲဘက်အင်အားသာ ကန့် ..တ်ခေါ်သဖြင့် ရဲဘက်လိုက်ရန် ခဲယဉ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်လလယ်ခန့်တွင် လှေလှော်အင်းစခန်းသို့ ရဲဘက် (၅၀) လောက်ထုတ်ရာ မိုးကြီးပါသွားသည်။ ကျွန်တော့်အား လာရောက်နှုတ်ဆက်ကန်တော့စဉ် စခန်းတွင် မျက်နှာမငယ်ရအောင် မှန့်ဖိုးပေးရသေးသည်။ လှေလှော်အင်းစခန်းတွင် အနေအထိုင်ကောင်းမွန်စေရန်အတွက်လည်း လာခေါ်သူဝန်ထမ်းနှင့် မိုးကြီးအား အပ်လိုက်ရသေးသည်။ စိတ်ထက်သူ မိုးကြီးအားလည်း စခန်းစည်းကမ်းမဖောက်ဖျက်ရန်နှင့် ထွက်မပြေးရန် အတန်တန်မှာရသေးသည်။ မိုးကြီးကလည်း ကတိအကြိမ်ကြိမ်ပေးပါသည်။

✿ ✿ ✿

[ ၂ ]

❏

လှေလှော်အင်းစခန်းတွင် မော်တော်ယာဉ်တိုက်မှု ပြဿနာပေါ်တော့ ထောင်ပိုင်ကြီး ဦးစိန်ငွေခေါင်းဆောင်သော ကျွန်တော်တို့ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရန်သွားကြရသည်။ ထိုစဉ်က လှေလှော်အင်းကြီးကို အလယ်ဗဟိုထား၍ ဝက်စခန်း (၂)ခု ခွဲခြားထားသည်။ လှေလှော်အင်း (၁)စခန်းနှင့် လှေလှော်အင်း (၂) စခန်းဟူ၍ဖြစ်သည်။

လှေလှော်အင်းဝက်စခန်းများမှ ဖောင်ကြီးသွားကားလမ်းမဘေး၊ လှေလှော်အင်းရဲဘက်တာဆုံလမ်းမှ အတွင်းသို့ (၃)မိုင်ခန့်ဝင်ရသည်။ လမ်းဆုံလမ်းအစမှာ မြေနီလမ်းမကြီးဖြစ်ပြီး စာဘူးတောင်ရွာနောက်ကျော (ဆလက) မော်တော်ယာဉ်စခန်းအကျော်၊ အစမ်းခင်းထားသည့် အင်္ဂတေလမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ရောက်ရှိသော နေ့လယ်ခင်းတွင် သတင်းကြား၍ထင်ပါသည်။ စခန်းတွင် အရင်ရောက်ရှိနေသော မိုးကြီးက ကျွန်တော့်အား မုန့်ပဲသရေစာများဖြင့် လာကန်တော့သည်။ အမျိုးသမီးနှစ်ဦးလည်း ပါလာသည်။

"မိုးကြီး . . . ဒီစခန်းမှာနေရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပြီလား ဆရာရယ်။ လွတ်လွတ်လပ်လပ်လည်း နေရတယ်။ လေကောင်းလေသန့်လည်း ရှူရတယ်။ စားချင်တာလည်း ဝယ်စားလို့ရတယ်။ အခုဆိုရင် ကျွန်တော်က လေ့လော့အင်းစခန်း (၁) က ရဲဘက်တပ်စိပ်မှူးတောင်ဖြစ်နေပြီ။ ဆရာ့ကျေးဇူးပါ ဆရာရယ်။ ထောင်မှူးကြီး ဦးဝင်းဆန်းကလည်း ကျွန်တော့်ကိုကြည့်ပါတယ်။ ဆရာ့သူငယ်ချင်း အပတ်စဉ် (၆)ကလို့လည်း သိရပါတယ်"

"အေး . . . ဟုတ်တယ်။ မင်းလည်း လိမ်လိမ်မာမာနေပါ။ အခွင့်အရေးရတိုင်းလည်း အလွဲသုံးစားမလုပ်နဲ့။ အခု မင်းအလုပ်က ဘာလုပ်ရသလဲ"

"ဆရာ့ကို ကျွန်တော်ပြောခဲ့တဲ့ အတိုင်းပဲလေ။ ဝက်ဆေးကု ရဲဘက်ဆေးမှူးပေါ့။ ကျွန်တော်က လက်တွေ့ဝက်အကြောင်း နားလည်တော့ စခန်းရောက်ပြီး မကြာပါဘူး ဆေးမှူးဖြစ်တာ။ လူမှန်နေရာမှန်ပေါ့ဆရာရယ်"

"အေး . . . ကောင်းပါတယ်။ အလုပ်တာဝန်ကို ဂရုစိုက်ပါ။ မပေါ့နဲ့။ ဒါနဲ့ အမျိုးသမီး(၂)ဦးက မစန္ဒာ ဝမ်းနဲ့တူးထင်ပါရဲ့"

"ဟုတ်ပါ့ ဆရာရယ်။ ဆရာက အကဲခတ်အလွန်တော်တာပဲ"





"မင်းရဲ့ လူတစ်ဖက်သားကို ကျအောင်ပြောတတ်တဲ့ အရည်အချင်းနဲ့ အစွမ်းအစကို ငါနားလည်ပါတယ်။ ဒါနဲ့ ညီမတို့ မိုးကြီးအပေါ် သဘောပေါက်နားလည် ခွင့်လွှတ်ကြပြီလား"

"ဟုတ်ကဲ့ပါ ဆရာ။ ကိုမိုးမရှိလို့ ကျွန်မတို့ဘဝမှာ မဖြစ်ပါဘူး။ အမှန်တကယ် သူလုပ်ကျွေးနေတာပါ။ ဒါကြောင့်လည်း သဘောထားကြီးကြီးထားပြီး ခွင့်လွှတ်ကြရတာပါ။ ကလေးတွေက ရှိသေးတယ်လေ"

"အေး . . . အေး . . . ဦးညွှတ်ကြတာ ကောင်းပါတယ်။ ဖြစ်ပြီးကြပြီပဲ။ သဘောထားကြီးရမှာပေါ့။ သင့်တင့်အောင်နေကြ။ အိမ်ထောင်တစ်ခုတည်ဆောက်တယ်ဆိုတာ ခွင့်လွှတ်အနစ်နာခံရတာတွေလည်း ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်မတို့အချင်းချင်း နားလည်မှုရှိပါတယ်"

"အေးကွယ် . . . ဝမ်းသာပါတယ်။ မိုးကြီးလည်း စည်းနဲ့ကမ်းနဲ့နေရင် ထောင်နှစ်နှစ်ကျပေမဲ့ ချုပ်ရက်၊ ထောင်နေသားနဲ့ လျှော့ရက်တွေနုတ်လိုက်ရင် ဒီစခန်းမှာ (၁) နှစ်လောက်နေတာနဲ့တင် လွတ်မှာပါ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်က ဒီစခန်းမှာ ပျော်တောင်နေပါတယ်။ အစားအသောက်နဲ့ လေကောင်းလေသန့်ရလို့ ဝတောင်လာပါတယ်။ အနားယူခြင်းတစ်မျိုးပါပဲ ဆရာရယ်။ ဒါတွေအားလုံး ဆရာ့ကျေးဇူးတွေပါဆရာ။ ဆရာတို့ ဒီစခန်းမှာ ညအိပ်ကြမယ်မဟုတ်လား။ ညနေ ကျွန်တော် ဟင်းစားလာပို့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ။ စခန်းက စီစဉ်ပေးမှာပါ။ ငါတို့က (DE) စစ်ရမှာဆိုတော့ ဒီစခန်းမှာ နှစ်ရက်သုံးရက် နေရဦးမှာပါ။ မင်းတို့ ဘာသာ အိမ်က ထောင်ဝင်စာလာတွေ့တုန်း လွတ်လွတ်လပ်လပ်နေကြပါ"

"မဟုတ်သေးဘူးဆရာ။ ကြုံကြိုက်တုန်း ကျွန်တော့်မိန်းမ၊ မစန္ဒာတူးရဲ့ ဟင်းလက်ရာနဲ့ ညစာပို့ချင်လို့ပါ။ ဒီမှာ အင်းကြီးရှိတော့ ငါး၊ ငါးရှဉ့်၊ ဖား၊ လိပ်၊ အကုန်ရတယ်ဆရာ။ ကျွန်တော်တို့က အရာရှိတွေအတွက် နေ့စဉ်ရှာပေးပါတယ်။ အထူးလုပ်ရတာ မဟုတ်ပါဘူး"

"အေးကွာ . . . ဒါဖြင့်လည်း ကျေးဇူးပဲ"

မိုးကြီးတို့လင်မယားတစ်တွေ ပြန်သွားကြတော့ ကျွန်တော်တို့အဖွဲ့ အမှုတွင်ပါဝင်သည့် တရားခံနှင့်သက်သေများအား မနက်ဖြန်မနက် (၉)နာရီတိတိတွင် စတင်စစ်ဆေးရန် သမ္မန်စာရိုက်၍ ဆင့်ခေါ်ရသည်။

ယနေ့ညအတွက်တော့ စစ်ဆေးရန် အလုပ်မရှိသေး၍ နေ့လယ်စာစားသောက်ပြီးသည်နှင့် ပတ်ဝန်းကျင်ကို လေ့လာရသည်။ ယာဉ်ချင်းတိုက်မှုဖြစ်သော ကားကိုလည်း လေ့လာရသည်။ ကားမှာ(T-2000) မာစတာကားအမျိုးအစားဖြစ်ပြီး လေကာမှန်ကြီးကွဲသွား၍ ရှေ့ခေါင်းပိုင်းထိထားသည်။ လူအသေအပျောက်မရှိ၊ ဒဏ်ရာအနည်းငယ်စီရရှိသာဖြစ်၍ အမှုပေ့ါပါသည်။

ညစာစားချိန်တွင်တော့ ဟင်းအမယ်များကစုံလှသည်။ ဟိုတယ်လက်ရာအတိုင်း ဟင်းပွဲများကို သေသပ်လှပစွာ ပြင်ဆင်ထားသည်။ က,ကတစ်ငါးပေါင်း၊ ဝက်လက်ပေါင်း၊ ကြက်ကုန်းဘောင်ကြီးကြော်၊





ငါးရှူကြော်နှပ်၊ ယိုးဒယားဟင်းချို၊ ကြက်သားသုပ်၊ ကန်စွန်းရွက် အစိမ်းကြော်တို့လည်း ပါသေးသည်။

နောက်မှ ထောင်မှူးကြီးဦးဝင်းဆန်းပြောပြ၍ မိုးကြီး၏ ဇနီးများလက်ရာဖြစ်ကြောင်း သိရတော့သည်။ သို့ကလို အာဂမိုးကြီးဖြစ်လေသည်။ ဝက်အကြောင်း အူမ၊ ချေးခါးအထိ နားလည်သူဖြစ်သဖြင့် မိုးကြီးမှာ မကြာမီ လှေလှော်အင်းရဲဘက်စခန်းအတွက် မရှိမဖြစ်လိုအပ်သော ရဲဘက်ခေါင်းဆောင်ဆရာကြီး ဖြစ်လာပေလိမ့်မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

❑

နောက်တစ်နေ့တွင် BREAKFAST စားရန်အတွက်လည်း မိုးကြီး၏ ဇနီးများက အရာရှိဖိုသို့လာရောက်ပြီး ထမင်းကြော်၊ ကြက်ဥကြော်၊ အသားကြော်များနှင့် ကော်ဖီကို စီစဉ်ပေးသည်။ ကျွန်တော်တို့အဖွဲ့ မနက် (၉)နာရီတွင် သက်သေများအားစစ်ဆေးပြီး မော်တော်ယာဉ်မှူးကို စစ်ဆေးသည်။

နေ့လယ်စာစားပြီးနောက် ယာဉ်မောင်းသူဝန်ထမ်းအေးကျော်အား အသေးစိတ်စစ်ဆေးသည်။ သက်သေများ၏ စစ်ချက်၊ ယာဉ်ထိန်း ဌာန၏ မှတ်ချက်များအရ နစ်ဖက်မှားခြင်းဖြစ်ကြောင်း ပေါ်လွင်လာ သည်။ ထို့ကြောင့် ယာဉ်ပြင်ဆင်စရိတ်နှင့် ကုန်ကျငွေများအား ယာဉ်





မောင်းမှစိုက်လျော်ရန် လူအထိအခိုက်မရှိသဖြင့် အမှုပိတ်သိမ်းရန် ကျွန်တော်တို့အဖွဲ့က ညှာတာစွာဖြင့် သုံးသပ်ကြသည်။

ထိုစဉ် စက်စခန်းတာဝန်ခံက ယာဉ်မောင်းမှ တပ်သားအဆင့်ဖြစ်၍ ဆင်းရဲသောကြောင့် ကုန်ကျငွေများအား စခန်းတာဝန်ခံနှင့် မော်တော်ယာဉ်မှူးက စိုက်လျော်မည်ဖြစ်ကြောင်း အဆိုပြုကြသည်။

ထို့ကြောင့် အမှုက ပြီးပြတ်ပြီဖြစ်သည်။ သို့သော် လူကြီးများကျေနပ်စေရန် ယာဉ်မောင်းအား ယာဉ်မောင်းအဖြစ်မှ အရာချပြီး ရိုးရိုးဝန်ထမ်းအဖြစ်သာ တာဝန်ထမ်းဆောင်စေရန် ကျွန်တော်တို့အဖွဲ့က အပြစ်ပေး အရေးယူရဦးမည်ဖြစ်သည်။ -

ထိုညက အမှုစစ်ဆေးပြီးဖြစ်၍ အချောရိုက်စေရန် လက်နှိပ်စက်သမားက တာဝန်ယူရသလို ကျွန်တော်တို့အဖွဲ့ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို ခေါင်းချင်းဆိုင်၍ ဥပဒေအကိုးအကားအထောက်အထားဖြင့် ညှိနှိုင်းပြီး အကြမ်းရေးကြရသည်။

မနက်ဖြန်မနက်တွင် အချောရိုက်ပြီးပါက ကျွန်တော်တို့ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ အလုပ်တာဝန်ပြီးပြတ်ပြီဖြစ်၍ ဌာနေပြန်ကြရန်သာရှိတော့သည်။ ထို့ကြောင့် စခန်းတာဝန်ခံက နှုတ်ဆက်ညစာစီစဉ်ပေးသည်။

CHIEF COOK များကတော့ မိုးကြီး၏ ဇနီးမယားများပင်ဖြစ်ကြသည်။ ဟိုတယ်လက်ရာအတိုင်း တစ်ပွဲပြီးတစ်ပွဲရောက်လာသည်။ လက်ရာကောင်းလွန်း၍ ကျွန်တော်တို့အဖွဲ့ကလည်း ဘောက်ဆူးများပေးကြသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အဖွဲ့ BREAK FAST စား၍ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များ ရိုက်အပြီး မနက် (၁၀)နာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြရန် ဖြစ်သော်လည်း စခန်းတာဝန်ခံနှင့် မိုးကြီးတို့လင်မယားက နေ့လယ်စာ စားပြီးမှပြန်ရန် ဆွဲထားကြပြန်သည်။

ထို့ကြောင့် နေ့လယ်စာ စားရပြန်သည်။ နေ့လည်စာစားပွဲတွင်တော့ လေ့လော့်အင်းထဲမှရသော လိပ်သားဟင်း၊ ငါးရှဉ့်ခြောက်စပ်၊ ဖားပေါင်စင်းကြော်၊ မုန်ညှင်းကြွမဆိုင်ဟင်းချို၊ ပန်းဂေါ်ဖီကြော်နှင့် မုန်ညှင်းဖြူကြော်တို့ ဖြစ်ကြသည်။ မိုးကြီးက နောက်ကွယ်မှ ရှာဖွေစီစဉ်ပေးခြင်းဖြစ်သည်။

စားပွဲတွင် စခန်းတာဝန်ခံက ...

"ဆရာသိန်းဝင်း ... ဆရာတပည့်မိုးကြီး ကျွန်တော်တို့စခန်းရောက်လာတာ အလွန်အားကိုးရပါတယ်။ နေ့စဉ်လည်း ကျွန်တော်တို့အရာရှိတွေစားဖို့ သား၊ ငါးနဲ့ အသားအနှံကို စီစဉ်ပေးတတ်တယ်။ ဝက်တွေအသားတိုးပြီး ရောင်းပန်းလှအောင်လည်း သူကလုပ်တတ်တယ်။ ဒီစခန်းက တိရစ္ဆာန်ဆရာဝန်တွေထက် မိုးကြီးက လက်တွေ့ပိုင်းမှာ ပိုတော်လို့ အားကိုးရပါတယ်။ ဝက်ဆရာကြီးဆိုပါတော့ဗျာ"

"ဝက်တွေအသားတိုးအောင် ဘယ်လိုနည်းသုံးတာလဲ"

"ဟဲ ... ဟဲ ... ဒီနည်းက ဆရာ့တပည့်မိုးကြီး အကြံပေးလို့ ကျွန်တော်တို့လုပ်တာပါ။ လျှို့ဝှက်နည်းပေါ့။ ဝက်စခန်းတိုင်းတော့ အသုံးပြုလို့ရမယ်မထင်ဘူး။ ဝက်ဖျန်းဖြစ်လာအောင် ဝက်အားဆေး (LINCOMIX) ကျွေးတာကတော့ စခန်းတိုင်းလုပ်နေကျပဲ။

ပါးစုန်တွေ ကျပြီး ဗိုက်အိုးကျလာတာနဲ့ ကျွန်တော်တို့စခန်းနဲ့နီးတဲ့၊ မရမ်းချောင်၊ အရက်ချက်စခန်းက စွန့်ပစ်တဲ့ ကစော်ဖတ်တွေကို ကားနဲ့တိုက်ပြီး ကျွေးရတယ်ဆရာ။ ဝက်တစ်နှစ်သားရောက်တာနဲ့ အလေးချိန်ပိသာ (၁၀၀)တန်းနေတာပဲ။

စိတ်ကူးသစ်စာပေ



အဲ ... တစ်ခုသတိထားရမှာကတော့ ဟစ်နှစ်ကျော်ရင်တော့ အဲဒီ ကစော်ဖတ်ကျွေးထားတဲ့ ဝက်တွေဟာ ရောဂါရပြီး သေတော့တာပဲ"

"ဩော် ... မိုးကြီးဆိုတဲ့ကောင်က သူတင်မက ဝက်တွေကိုပါ အရက်စွဲအောင်လုပ်တဲ့ကောင်မျိုး။ ဟား ... ဟား ... ဟား"

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

သစ်ပင်ကြီးလျှင် ရက္ခစိုးရှိသည်။ အဓိကရသစ်ပင်ကြီးများ အောက်တွင် အပေါ့အလေးသွားခြင်း၊ မဖွယ်မရာဆဲဆိုခြင်း၊ မလေး မစားပြုလုပ်ခြင်းများတို့ကို မပြုလုပ်ရန် ရှေးလူကြီးသူမများ ဆုံးမစကား ပြောကြားသည်ကို စာဖတ်သူလည်း ကြုံဖူးပါလိမ့်မည်။

သို့သော် ရက္ခစိုးနတ်ကြီးကို ကိုယ်တိုင်မြင်ဖူးသူ ရှိပါလေစ။ သာမန်ပုထုဇဉ်လူသားများအနေဖြင့်တော့ ပုံပြင်စာအုပ်များ ကာတွန်း စာအုပ်များနှင့် ရုပ်ရှင်ဗီဒီယိုကားများထဲ၌သာ မြင်ဖူးကြပါလိမ့်မည်။

တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ရက္ခစိုးရှိသည်ဟုဆိုသော သစ်ပင်ကြီးများတွင် သားဆုပန်ခြင်း၊ အမဲပစ်တောလည်ရာတွင် လက် ဖက်၊ ကြက်ဥ၊ ထမင်းဦးပေါင်း၊ စသည်တို့ဖြင့် တင်မြှောက်ပူဇော်ပသ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချိုကျိုးနားရွက်ပဲ့သားကောင်များအား ပေးသနားပါရန် တောင်းပန်ခြင်း စသည်တို့ကိုတော့ လူတိုင်းကြားဖူးနားဝ ရှိကြပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်တွေ့ကြုံဖူးသည့် ထူးဆန်းအံ့သြဖွယ်ရာကောင်းသော ရုက္ခစိုးနှင့်ပတ်သက်သည့် အဖြစ်အပျက်ကလေးကို တင်ပြပါမည်။ ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်းအရ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက (Man Power) လုပ်အားဖြင့် အနံပေ (၆၀၀) အကျယ်ရှိသော လမ်းမကြီးအတွင်းရှိ သစ်ပင်ကြီး သစ်ပင်ငယ်များကို အပြောင်ရှင်းရရာ ထောင်ပေါင်းများစွာသော သစ်ပင်ကြီးများကို ခုတ်လှဲရပါသည်။ လူအင်အားများ၍လား မသိပါ။

ပဲခူးရိုးမတောတွင် ထူးဆန်းသော သစ်ပင်နှင့်ပတ်သက်သည့် အဖြစ်အပျက်များ မကြုံဖူးခဲ့ပါ။ နေ့စဉ်ပင် ရဲဘက်တပ်ခွဲများအလိုက် 'ကိုတာ' ဖြင့် တောရှင်းရရာ တောရှင်း၊ သစ်ခုတ်လုပ်ငန်းများကိုလည်း အတော်ကျွမ်းကျင်နေကြပြီဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ရေနက်ကြီးစခန်းအနီးတွင် တာဝန်ကျနေစဉ် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုကိုတော့ ကိုယ်တွေ့ကြုံဖူးခဲ့ပါသည်။ ရုက္ခစိုးနတ်ကြီးအား ကိုယ်တွေ့မကြုံဖူးခဲ့သော်လည်း ၎င်း၏ခြေရာစစ်စစ်ကိုတော့ ကျွန်တော်နှင့်တကွ ဝန်ထမ်းများ၊ အရာရှိများ ရဲဘက်များအားလုံး ကိုယ်တွေ့မျက်မြင် ကြုံဖူးခဲ့ပါသည်။

၁၉၇၈ ခု၊ မတ်လအတွင်းက ဖြစ်သည်။ ကျွန်တော်တို့ တာဝန်ကျရာ ရေနက်ကြီးစခန်းမှာ တောအလွန်ထူသည်။ အမြန်လမ်းနယ်မြေနှင့် ကိုက် (၂၀၀)ခန့် ကွာလှမ်းပြီး ဒယ်အိုးပုံချိုင့်ဝှမ်းကြီးအတွင်း စခန်းဆောက်လုပ်ထားခြင်း ဖြစ်သည်။





စမ်းချောင်းများရှိခြင်း၊ မြေပြန့်လွင်ပြင်ကျယ်ဝန်းခြင်းတို့ကြောင့် စခန်းဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရဲဘက်(၅၀၀)ယောက်ဆန့် တစ်ဆောင်လျှင် ရဲဘက် (၁၀၀) ဦးနေထိုင်နိုင်သော ရင်ကွဲဘားတိုက်ကြီး ငါးလုံးဆောက်လုပ်ထားပြီး စခန်းတာဝန်ခံရုံး၊ အရာရှိတဲအိမ်များ၊ ဝန်ထမ်းတဲအိမ်များနှင့် ထမင်းချက်ဖိုကြီး၊ ရိက္ခာဂိုဒေါင်များစသဖြင့် စခန်းဧရိယာမှာ ပေ(၄၀၀)ပတ်လည် နစ်ကေခန့်ကျယ်ဝန်းပါသည်။

ဝါးပေါ၊ သစ်ပေါဒေသဖြစ်သဖြင့် အဆောက်အဦအားလုံး သစ်တိုင်ထူ၊ မျောဆင့်လုပ်၍ ဝါးကြမ်းခင်း၊ ဝါးထရံကာ၊ တောင်ထန်းမိုးအဆောက်အဦများသာ ဖြစ်ကြသည်။ စခန်းအမည်အား မူလက ဝါးခုတ်၊ သစ်ခုတ်၊ စခန်းဟောင်းအမည်ဖြစ်သော 'ရေနက်ကြီးစခန်း'ဟူ၍သာ ခေါ်တွင်ပါသည်။

စခန်းမြောက်ဘက်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော တောင်ကုန်းလေးပေါ်၌ ကျောက်ဖျာကြီးတစ်ချပ်မှာ မြေတွင် အလျားလိုက်ခင်းသားပြီး ကျောက်ဖျာကြီး သုံးချပ်မှာ ဒေါင်လိုက်အနေအထားဖြင့် မြေကြီးထဲ စိုက်ဝင်လျက်ရှိသည်။

ခင်းထားသော ကျောက်ဖျာကြီးအား တစ်ဖက်ဖွင့်လျက် အရွယ်တူကျောက်ဖျာကြီးသုံးချပ်က ဝိုင်းဝန်းကာရံထားသလို ထူးဆန်းလှပေသည်။ ဒေသခံများပြောစကားအရတော့ ပသီမောင်နှမ သဘာဝနတ်နန်းဖြစ်၍ သန့်ရှင်းစွာထားရန်နှင့် မရှိမသေ၊ မလေးမစား မလုပ်ကြရန် သတိပေးကြပါသည်။

သို့သော် အနယ်နယ်အရပ်ရပ်မှ အမှုမျိုးစုံ၊ စရိုက်ဗီဇမျိုးစုံတို့ဖြင့် ရောက်ရှိလာကြသော ရဲဘက်များဖြစ်ကြသည့်အလျောက် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျာပေါ်၌ နိုး၍အိပ်ခြင်း၊ ကျောက်ဖျာများအား အကာအကွယ်ယူ၍ ထမင်းဟင်းချက်စားခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်သောအမှုများကို ပြုကြရကား ထိုသို့ပြုသူများ ဝမ်းလျှောဝမ်းပျက်ရောဂါဖြင့် မကြာခဏ နောက်တန်းဆေးရုံသို့ပို့ရသော လူနာဦးရေများလာမှ စခန်းတာဝန်ခံကသိရှိပြီး စခန်းတာဝန်ခံအမိန့်အရ ထိုနေရာအား သန့်ရှင်းရေးပြုလုပ်၊ သံဆူးကြိုးကာရံပြီး အမွှေးနံ့သာဆီမီးများ ဆက်ကပ်လှူပူဇော်၍ မြင့်မြတ်သော နေရာအဖြစ်သတ်မှတ်တော့မှ ဝမ်းရောဂါများ ရပ်တန့်သွားတော့သည်။ သို့မှသာ ဂမ္ဘီရနေရာထူးအဖြစ် ယုံကြည်ကိုးစားကြတော့သည်။

✿ ✿ ✿

[ ၂ ]

❑

ကျွန်တော် တာဝန်ယူရသော တပ်ခွဲမှာ ဝန်ထမ်း (၁၀) ဦး၊ တပ်ကြပ်တစ်ဦးနှင့် ရဲဘက် (၁၀၀)ယောက် ဖြစ်သည်။ အဓိကလုပ်ငန်းတာဝန်မှာ သစ်ပင်ကြီးများအား ခုတ်လှဲရခြင်းဖြစ်သည်။ ကျွန်တော်၏ တပ်ခွဲတွင် သစ်ခုတ်လုပ်ငန်း ကျွမ်းကျင်သော မတ္တရာနယ်သားများ အများစုပါဝင်သဖြင့် သစ်ပင်ကြီးများ ခုတ်လှဲရာတွင် နာမည်ရတပ်ခွဲ ဖြစ်သည်။

နေ့စဉ် 'ကိုတာ' သတ်မှတ်ထားသော အလျား (၁၀၀)ပေ၊ အနံ (၆၀)ပေ အကျယ်အဝန်းရှိသောလုပ်ငန်းကို တက်ညီလက်ညီလုပ်ကိုင်နိုင်သောကြောင့် နံနက်ခုနစ်နာရီ အလုပ်စချိန်မှာ ညနေလေးနာရီ အလုပ်သိမ်းချိန်အတွင်း သတ်မှတ်ဧရိယာ တောရှင်းခြင်းလုပ်ငန်းကို ပြီးစီးလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားတပ်ခွဲများကတော့ အလုပ်သိမ်းချိန်တွင် သတ်မှတ်ရေရှိယာမပြီးစီးကြသဖြင့် နောက်နေ့များတွင် အလုပ်ကြွေးများ ဆက်ကျန်နေတတ်သည်။ ထို့ကြောင့် တနင်္ဂနွေအားလပ်ရက်တွင် မနားကြရဘဲ အလုပ်ဆက်၍ဆင်းကြရသည်။

ရိုးမတောကြီးအတွင်း ဖြစ်သဖြင့် ညနေလေးနာရီထိုးလျှင်ပင် တောရိပ်တောင်ရိပ်ကြောင့် မှောင်စပြုပေပြီ။ တောကောင်ကြီးများ အန္တရာယ်ရှိသဖြင့် လုပ်ငန်းကို စောစောသိမ်းကြရသည်။

ယနေ့ စနေနေ့ဖြစ်ရာ မနက်ဖြန်အလုပ်ပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သော်လည်း တနင်္ဂနွေနေ့တွင် လုပ်ငန်းခွင်သို့ လူကြီးများလာရောက်စစ်ဆေးကြမည်ဖြစ်သဖြင့် ယနေ့လုပ်ငန်းခွင်တွင် အလုပ်ကြွေးကျန်ရှိသော တပ်ခွဲများ မနက်ဖြန်တနင်္ဂနွေနေ့တွင် အလုပ်ဆင်းရမည်ဟု စခန်းတာဝန်ခံက မနက်ခင်းတန်းစီတွင် မှာကြားထားသောကြောင့် ကျွန်တော်၏တပ်ခွဲအား စိတ်ချယုံကြည်သော်လည်း သတိပေး တပ်လှန့်နှိုးဆော်ထားရပါသည်။

ယနေ့ ကျွန်တော်တို့တပ်ခွဲ တာဝန်ကျသောအပိုင်းမှာ ပျဉ်းကတိုး၊ ပိတောက်နှင့် ပျဉ်းမပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေသဖြင့် ကျွန်တော်၏တပ်ခွဲ မတ္တရာနယ်သားများပင် . လက်မြှောက်ရတော့မလို ဖြစ်နေပါသည်။

နေမွန်းတည့် (၁၂)နာရီအချိန်တွင် ကျွန်တော်၏ တပ်ခွဲမှာ သတ်မှတ်ကိုတာ တစ်ဝက်ကျော်သာ ပြီးစီးသေးသည်။ ထို့ပြင် တောနက်အတွင်းဝင်လာပြီဖြစ်၍ ပင်စည်လုံးပတ်ကြီးသော အပင်ကြီးများဖြင့် လျှိုမြောင်ချောက်ကမ်းပါးများလည်း ခံနေ၍လည်း ခုတ်လှဲရာတွင်ခက်ခဲလှပါသည်။





သို့သော် ကျွန်တော်တို့တပ်ခွဲ၏ ကြိုးစားမှုကြောင့် သတ်မှတ်ကိုတာပြီးသော်လည်း လုပ်ငန်းခွင်အစ အူကြောင်းအလယ်တည့်တည့်ပေါ်၌ ပေ(၃၀၀)အမြင့်ခန့်၊ လူကြီးသုံးဖက်ကျော်ကျော်ရှိသော ဖယောင်းတိုင်လို ဖြောင့်တန်းနေသည့် ကညင်ဖြူပင်ကြီးတစ်ပင် ကျန်ရှိနေခဲ့ပါသည်။

မြစ်ပျဉ်းကြီးများမှာ ဖောင်းထ၍ လူကြီးနှစ်ရပ်ကျော်မြင့်မားသဖြင့် ဝါးငြမ်းဆင်ပြီး လူနှစ်ရပ်ကျော်မှအမြင့်သို့ လွှဆွဲရမည်ဖြစ်၍ ချန်လှပ်ခဲ့ရခြင်းဖြစ်သည်။ ကညင်ဖြူပင်ကြီးမှာ လမ်းနယ်ပေ (၆၀၀) အတွင်း ထီးထီးကြီး ငုတ်တုတ်ကျန်ရှိနေခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မနက်ဖြန် အလုပ်ပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သော်လည်း ကျွန်တော်တို့တပ်ခွဲ အနားမရဘဲ အချိန်ပိုဆင်းရတော့မှာ အသေအချာပင်ဖြစ်ပါတော့သည်။ ထို့ကြောင့် ကျွန်တော်က တပ်ခွဲအား အနားပေးပြီး မတ္တရာနယ်သား တပ်စိပ်ခေါင်းဆောင်လေးဦးနှင့် ကျွန်တော်အပါအဝင် တပ်ခွဲတပ်ကြပ်ကြီး ဦးအောင်ထိကိုသာ အချိန်ပိုအလုပ်ဆင်းရန် တပ်လှန့်နှိုးဆော်ထားရပါသည်။

တနင်္ဂနွေနေ့မနက်ခင်း ထောင်ဖွင့်ပြီးချိန် ခြောက်နာရီကျော်ခန့်တွင် ကျွန်တော် တပ်စိပ်မှူးလေးဦးအား ခေါ်ဆောင်လျက် ကညင်ဖြူပင်ကြီးဆီသို့ ချီတက်ခဲ့ကြပါသည်။ လုပ်ငန်းသုံးပစ္စည်းများအား ကညင်ပင်ကြီးအောက်ခြေတွင် နေရာချထားပြီးနောက် တပ်ခွဲတပ်ကြပ် ဦးအောင်ထိမှ အနီးတွင်ရှိသည့် ခုတ်ထွင်ရှင်းလင်းထားသော ဝါးရုံပင်မှ ဝါးများဖြင့် ကညင်ဖြူပင်ကြီး မြစ်ပျဉ်းလွတ်ရာအထိ ငြမ်းဆင်စေသည်။ လူနှစ်ရပ်ခန့်ရှိသဖြင့် ငြမ်းမှာ (၁၂)ပေခန့် မြင့်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဲဘက်တပ်စိပ်မှူးလေးဦးတို့အား တစ်ဆိုင်းလျှင် နှစ်ဦးစီခွဲ၍ နှစ်ဆိုင်း၊ တစ်လှည့်စီတက်၍ လွှဆွဲစေသည်။ ပထမအဆိုင်း စိုးမြင့်နှင့်မောင်ဝင်းတို့ လွှဆွဲကြသည်။ လွှကြောင်းရာမှာပင် ပင်စည် တစ်ဝက်ကျော် ပြတ်သွားသော်လည်း ကညင်ပင်ကြီးက အသံမပေး လှုပ်ပင်မလှုပ်။

ထို့ကြောင့် လဲစေလိုသည့်ဘက်မှ လွှကြောင်းရာ အသစ်ဆွဲကြ ပြန်သည်။ လွှကြောင်းရာမှာ ဟိုဘက်သည်ဘက်ပေါက်သွားသည်။ ကညင် ဖြူပင်ကြီးက ကြွကြွခံလျက် အသံပင် ဖြိုးဖြိုးဖျစ်ဖျစ်မထွက်။ ထို့ကြောင့် တပ်ခွဲတပ်ကြပ်ကြီးက တစ်ဆိုင်းလဲပြီး ဖိုးထူးနှင့် မောင်မဲတို့အတွဲအား ငြမ်းစင်ပေါ်သို့တက်စေပြီး လွှကြောင်းရာအတိုင်း သစ်ခုတ်ပုဆိန်ဖြင့် ခုတ်ခိုင်းတော့သည်။

"ဒုတ် ... ဒုတ် ... ဒုတ် ... ဒုတ် ... ဒုတ် ..."

ဖိုးထူး လေးငါးချက်ခုတ်ပြီး 'အား' ဟူသော အော်သံကြီး ကြားရပြီး ငြမ်းစင်ပေါ်မှ ပြုတ်ကျမလိုဖြစ်၍ အနားရှိမောင်မဲက လှမ်း ဆွဲလိုက်ရသည်။

"ဖိုးထူး ... သစ်စမှန်သွားတယ်ထင်တယ်။ လုပ်ကြပါဦး .. ဆရာတို့"

ဟု လှမ်းအော်သဖြင့် အောက်တွင်စောင့်နေကြသည့် ဒုတိယ အဆိုင်းမှ စိုးမြင့်နှင့်မောင်ဝင်းအတွဲက ငြမ်းစင်ပေါ်တက်ပြီး ဖိုးထူး အားထိန်း၍ အောက်သို့ချပေးသည်။ ဖိုးထူးမှာ မျက်လုံးကြီးပြူးပြီး သတိလစ်မေ့မြောနေသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရတော့သည်။

✿ ✿ ✿

The Early Bird
BOOK RENTAL HOUSE

| ၃ |

❑

ရဲဘက်ဖိုးထူးအား ပက်လက်အနေအထားဖြင့် အသက်ရှူ အားကူနည်းပြုစုခြင်း၊ မျက်နှာအား ရေဖြင့်ပက်ခြင်းပြုလုပ်သော်လည်း သတိမရသဖြင့် ရဲဘက်များအားထမ်းပိုးစေပြီး စခန်းသို့ ပြန်ခဲ့ကြပါ သည်။

စခန်းအဝင်ဝတွင် လုပ်ငန်းခွင်စစ်ဆေးရန်ထွက်လာသော ထောင်ပိုင်ကြီးဦးသက်ထွန်းနှင့်တွေ့သဖြင့် စခန်းမှဆေးမှူးအား အမြန် ခေါ်ယူကာ စခန်းရုံးမှ ပြုစုကြပါသည်။ (၁၅) မိနစ်ကြာတော့ ဖိုးထူးမှာ သတိပြန်ရလာပါသည်။ နှုတ်က တရွရွပြော၍ ၎င်းရင်ဘတ်အား ပုတ် ပြပါသည်။ သို့သော် စကားသံ လုံးဝထွက်မလာပါ။

"ဖိုးထူး ... ဘာဖြစ်တာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်ကမေးရာ နှုတ်ခမ်းလှုပ်သော်လည်း စကားသံ ထွက်မလာပါ။ လက်ဟန်ခြေဟန်ဖြင့်သာ ၎င်း၏ရင်ဘတ်အား ပုတ်ပြ ပြန်ပါသည်။ ထို့ကြောင့် ထောင်ပိုင်ကြီးဦးသက်ထွန်းက စောင်ပုခက် အားအမြန်ဆင်စေပြီး ရဲဘက်ကြီး(၁၀)ဦးအား နှစ်ဦးစီ အဆိုင်းငါးဆိုင်း ခွဲ၍ တစ်လှည့်စီထမ်းစေကာ မင်းကုန်းအခြေစိုက်စခန်းဆေးရုံသို့ အမြန် ဆုံးပို့စေပါသည်။

လူနာမှာ ကျွန်တော်၏တပ်ခွဲမှဖြစ်သဖြင့် ကျွန်တော်လည်း မင်းကုန်းစခန်းဆေးရုံအထိ သုံးမိုင်ကျော်ခန့်ဝေးသောခရီးကို ကုန်း ကြောင်းလျှောက်၍ ပို့ရပါတော့သည်။ မင်းကုန်းစခန်းရောက်တော့ စခန်း တာဝန်ခံ ထောင်ပိုင်ကြီးဦးအုန်းကျော်အား သတင်းပို့၍ စခန်းဆေးရုံ သို့ အရေးပေါ်တင်ကာ ဆရာဝန်များဖြင့် ပြုစုရပါသည်။

ရဲဘက်ဖိုးထူးမှာ သတိကောင်းစွာ ရလာပြီဖြစ်သော်လည်း စကားလုံးဝပြောဆိုနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဆရာဝန်ကြီး၏ ညွှန်ကြား ချက်အရ ဖိုးထူးအား စာရွက်တစ်ရွက်နှင့် ဘောပင်တစ်ချောင်းပေးပြီး ၎င်း၏ဖြစ်ပျက်ပုံနှင့် ခံစားရမှုများအား စာဖြင့်ရေးပြရန်ပြောဆိုရာ အောက်ပါအတိုင်းရေးပြသည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရှိရပါတော့ သည်။

ကျွန်တော် သတိလစ်မေ့မြောသွားရာ သတိပြန်ရသောအချိန် တွင် စကားမပြောနိုင်တော့ပါ။ ဆရာဝန်ကြီးများ ကျွန်တော့်အား ကာ တင်ပေးပါရန် လေးစားစွာတောင်းပန်ပါသည်ဟု စာရေး၍ ရှင်းလင်း ပြပါသည်။

ဝိုင်းဝန်းကြည့်ရှု ကုသနေသူအားလုံး ...

"ဟင်ခနဲ ... ဟာခနဲ"





အသံထွက်ကာ အံ့ဩခြင်းကြီးစွာ ဖြစ်ကြရပါသည်။ ဆရာဝန် ကြီးများအနေဖြင့်လည်း မကြုံဖူးသောကိစ္စဖြစ်၍ ဆေးပညာဖြင့် လက် လှမ်းမမီသောကြောင့် နားလည်သောရှေးလူကြီးများကို အကူအညီ တောင်းရန် အကြံပေးကြပါသည်။

ထို့ကြောင့် မင်းကုန်းစခန်းမှ တာဝန်ရှိလူကြီးများသည် အနီး ရှိ မင်းကုန်းကျေးရွာမှ အတွေ့အကြုံရှိသော လူကြီးသူမများအား ပင့် ဖိတ်၍ အကူအညီတောင်းခံကြရပါတော့သည်။

သို့နှင့် မင်းကုန်းကျေးရွာမှ အသက်(၈၅)နှစ်ရှိသူ မုဆိုးဟောင်း ကြီး အဘဦးတောက်ထိန်မှ ...

"အဲဒီကညင်ပင်ကြီးက အဓိကရအပင်ကြီးကွ။ တောထဲမှာ သူအမြင့်ဆုံးပဲ။ ငါတို့ငယ်စဉ်တုန်းက အောက်ကို တစ်ယောက်တည်း မသွားရဲဘူး။ နတ်ကွန်းတစ်ခုလည်း သစ်ပင်ကြီးအောက်မှာရှိသေးတယ်။ ရေနက်ကြီးတောမှာတော့ အလွန်အရေးပါတဲ့ အပင်ကြီးပဲ။

တို့ရွာနီးချုပ်စပ်မှာ ရောဂါဘယထူပြောလို့ဖြစ်စေ၊ မုဆိုးတွေ တောလည်ရာမှဖြစ်စေ အန္တရာယ်ကင်းပြီး သားကောင်ရအောင် ထမင်း ဦးပေါင်း၊ လက်ဖက်၊ ကြက်ဥပြုတ်၊ ဘဲဥပြုတ်တွေနဲ့ တင်မြှောက်ပသ ကြရတယ်။ အခု နှစ်ပေါင်းကြာလာတော့လည်း တောကထူပြီး သစ်ပင် ခြုံနွယ်တွေဖုံးလွှမ်းလို့ နတ်ကွန်းလည်း ရှိတော့ဟန်မတူပါဘူး။

ဒါပေမဲ့ ငါတို့ရွာတွေက မုဆိုးနဲ့ သစ်ခုတ်သမားအားလုံး ဒီ ကညင်ဖြူပင်ကြီးကို မှတ်မိသိရှိကြတယ်။ သစ်ပင်ကြီးအောက်မှာ မရှိ သေးမလေးမစားတော့ မလုပ်နဲ့မောင်။ မျက်စိလည်လမ်းမှားပြီး တော ပျောက်တော့တာပဲ။ တောထဲမှာ ခုနစ်ရက်ခုနစ်လီ လမ်းစပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူသူတစ်ဦးတစ်ယောက်နဲ့တွေ့မှ အိမ်ပြန်ရောက်တာ၊ မယုံမရှိနဲ့ အဘက ကိုယ်တွေ့ကြုံခဲ့ဖူးလို့ ပြောရတာပါ''

''အဘက ကညင်ပင်ကြီးအောက်မှာ ဘာသွားလုပ်လို့လဲ''

ဟု ကျွန်တော်ကမေးတော့ . . .

''ငါကွာ ကညင်ပင်ကြီးကို မယုံကြည်မလေးစားလို့ မဟုတ် ပါဘူး။ မအောင့်နိုင်တာနဲ့ အပေါ့သွားမိတာ။ ခုနစ်ရက်ခုနစ်လီ တောထဲ မှာ မျက်စိလည်နေတော့တာ။ ငါတို့ရွာက မုဆိုးတာတီးနဲ့တွေ့မှ အိမ် ပြန်ရောက်တော့တာ။ စပါးကြီးမြွေ ညို့သလိုပဲဟေ့။ တောကျွမ်းတဲ့မုဆိုး ငါတောင်ခံလိုက်ရတာ။

ငှက်ဖျားလည်းမိ၊ အစာရေစာလည်းပြတ်လို့ အိမ်ပြန်ရောက် တော့ တစ်လလောက်ဆေးကုယူရတယ်။ ဒါတောင် ရွေးလူကြီးသူ တွေပြောလို့ အဘမိဘတွေက ကညင်ပင်ကြီးအောက်က နတ်ကွန်းမှာ အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးနံ့သာတိုင်တွေနဲ့ သွားပြီးတောင်းပန်လို့ အသက်မသေတာ။ နို့မို . . . ဘယ်လွယ်မလဲကွာ။ မင်းတို့ကတော့ မ အာဏာနဲ့ခုတ်တာဆိုတော့ တော်သေးတာပေါ့''

''ဒါပေမဲ့ ရက္ခစိုးနတ်ကြီးစိတ်ပြေအောင် ဒီနေ့ချင်းပဲ ငှက် ပျောပွဲ၊ အုန်းပွဲ၊ ဆီမီးနံ့သာတိုင်တွေနဲ့ မင်းတို့တာဝန်ရှိသူတွေ သွား တောင်းပန်လိုက်ပါ။ သစ်ခုတ်လက်နက်တွေကိုလည်း ကညင်ပင်ကြီး ခြေရင်းမှာထောင်ထားပြီး တစ်ညသိပ်ထားပါ။

အစိုးရစီမံကိန်းအရ မခုတ်မဖြစ် ခုတ်ရတာဖြစ်လို့ အပြစ် မယူဖို့၊ ခွင့်လွှတ်ဖို့နဲ့ ရက္ခစိုးနတ်မင်းကြီးလည်း သင့်ရာနေရာပြောင်း ပြီး ဖယ်ရှားပေးဖို့ တောင်းပန်လိုက်ပါ။ နှစ်ဦးနှစ်ဖက် အဆင်ပြေသွား ပါလိမ့်မယ်''





ဟု အကြံပေးစကား ပြောကြားပါသည်။

ထို့ကြောင့် ကျွန်တော်နှင့်အတူ တာဝန်ရှိလူကြီးများမှာ မယုံ တစ်ဝက် ယုံတစ်ဝက်ဖြင့် မုဆိုးဟောင်းကြီးဦးတောက်ထိန် ပြောကြား သည့်အတိုင်း ငှက်ပျောပွဲ၊ အုန်းပွဲများအား ဖောင်ကြီးဈေးမှအလျင် အမြန်ဝယ်ယူ၍ ထွန်စက်ကြီးတစ်စီးဖြင့် ညနေစောင်းတွင် အဓိကရ ကညင်ပင်ကြီးဆီသို့ သွားရောက်ပူဇော်ကန်တော့ကြပါသည်။

ထူးဆန်းသည်မှာတော့ နောက်တစ်နေ့မနက်လင်းအားကြီး အချိန်တွင် လေမတိုက်မိုးမရွာဘဲနှင့် ကညင်ဖြူပင်ကြီးမှာ တော်လဲသံ ပေး၍ အလိုအလျောက် လဲပြိုသွားခဲ့ပါသည်။ သစ်ပင်ခုတ်လုပ်သူ ရဲဘက် ဖိုးထူးမှာလည်း ယင်းနေ့ မနက်ခင်း၌ပင် အကောင်းပကတိ စကား ပြန်လည်ပြောဆိုလာနိုင်ပါသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❏

ပုသိမ်ထောင်ကို အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့သဖြင့် နှစ် (၁၀၀)ခန့် သက်တမ်းရှိပြီဖြစ်သည်။ စစ်တွေထောင်ကို (၁၈၂၆)၊ အင်္ဂလိပ်မြန်မာစစ်ပွဲ (ပထမ)အပြီး ဆောက်လုပ်ခဲ့သဖြင့် မြန်မာပြည်၌ အင်္ဂလိပ်ဆောက်လုပ်သော ရှေးဦးဆုံးထောင်ဟု အဆိုရှိသည်။

ပုသိမ်ထောင်မှာလည်း ရှေးထောင်ဟောင်းကြီးဖြစ်၍ စစ်တွေထောင်နှင့် သက်တမ်းသိပ်ကွာမည်မထင်ပါ။ သို့သော် ပုသိမ်ထောင်က စစ်တွေထောင်ထက် အကွက်အကွင်းစနစ်ကျသည်ဟု ဆိုနိုင်ပါသည်။

ပုသိမ်ထောင်မှာ လေးထောင့်စပ်စပ်ပုံစံရှိသည်။ ထောင်အရှေ့ဘက်ဝင်ပေါက်မှာ ဈေးချောင်းလမ်းကို မျက်နှာမူထားပြီး မရမ်းချိုလမ်းနှင့် ပြည်တော်သာလမ်းကြား၌ ထောင်ကြီးတည်ရှိသည်။ မျှော်စင်များ



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့်လည်း ထောင်အရှေ့ အမျိုးသမီးဆောင်အနီး၌ (၁) မျှော်စင် မရမ်းချိုလမ်းဘက်၌ (၂) မျှော်စင်နှင့်၊ (၃) မျှော်စင်၊ ထောင်အနောက်ဘက်၌ (၄) မျှော်စင်၊ (၅) မျှော်စင်နှင့် (၆) မျှော်စင်တို့ရှိသည်။

ထောင်ဖွဲ့စည်းပုံမှာ အတော်စနစ်ကျသည်။ ဈေးချောင်းလမ်းဘက်၌ ထောင်ဘူးဝတံခါးမကြီးရှိပြီး အပေါ်ထပ်၌ ထောင်ပိုင်အိမ် ဂိတ်မကြီး၊ ထောင်တွင်းဝင်လိုက်သည်နှင့် လက်ယာဘက်၌ လက်သမား အလုပ်ရုံ၊ ရိက္ခာဂိုဒေါင်၊ အစာစပ်စက်ရုံနှင့် စက်ပြင်ဂိုဒေါင်ရှိသည်။

အနောက်ဘက်အလုပ်ရုံဝင်းထဲ၌ အလုပ်ရုံအမှတ် (၁)၊ (၂) (၃)နှင့် မီးစက်ရှိသည်။ မိန်းဂျေး Main Jail အဝင်လမ်းကိုလည်း တံခါးမကြီးအဝင်လမ်းနှင့် ဆက်သွယ်ဖောက်လုပ်ထားသည်။

တံခါးမကြီးလမ်း လက်ဝဲဘက်၌ ဖိုကြီးနှင့် မီးစက်အလယ် မိန်းဂျေးကို ပတ်ပိုင်းထားသည်။ (၁) ဆောင်၊ (၂) ဆောင်၊ (၃) ဆော နှင့် ဂေါ်ရာဆောင်၊ (၄) ဆောင်နှင့် ကုန်ကြမ်းဂိုဒေါင် နှစ်လုံးရှိသည်။

အုတ်ရိုးအတွင်း (၁) မျှော်စင်အနီး၌ အမျိုးသမီးတစ်ထ ဆောင်နှင့် နှစ်ထပ်ဆောင်၊ တိုက်ခန်းများရှိသည်။ ဘုရားစေတီကလေး လည်းရှိသည်။ မိန်းဂျေးမှဆက်လာလျှင် (၄) တံခါးကိုကျော်ပြီးသ နှင့် နှစ်ထပ်ထောင်ဆေးရုံ၊ ရင်ကွဲတိုက်ခန်းများ၊ သီးသန့်တိုက်ခန်းများ နှင့် ကြိုးစင်ရှိသည်။ ထောင်၏အစွန်ဆုံးဖြစ်၍ ချောင်ကျသည်။ ထို့ကြော လုံခြုံရေးအရ (၃)မျှော်စင်နှင့် (၄)မျှော်စင်ကို အနီးကပ်ထားခြင်းဖြ သည်။

ထောင်အပြင်မှာ လမ်းနှင့် ရပ်ကွက်များဖြစ်ပြီး ထောင်အု ရိုးမဲမဲကြီးက ကာရံထားသဖြင့် အတွင်းနှင့်အပြင်မှာ ကမ္ဘာခြားသွ တော့သည်။





ပြည်တော်သာလမ်းဘက်၌ (၆) မျှော်စင်သာရှိသည်။ အလုပ်ချိန်၌သာ လူရှိပြီး ထောင်ပိတ်ချိန်၌ အလုပ်ရုံဝင်းတံခါးများအား သော့ခတ်ထားသဖြင့် လူမရှိ။ အစောင့်အနေအထားလည်း မရှိပါ။ ကျွန်ုပ်တို့ထောင်အလုပ်မှာ ဘဏ်၌ ငွေအဝင်အထွက်ပေါင်းပြီးမှ ဘဏ်ပိတ်နိုင်သလိုပင်။ နေ့စဉ် လူအဝင်အထွက်ပေါင်းနုတ်ပြီးမှ ထောင်ပိတ်ရလေ့ရှိသည်။ အားနည်းချက်မှာ အချုပ်သား၊ အကျဉ်းသားကိုသာ သတိထားသဖြင့် ဝန်ထမ်းပိုင်းအဝင်အထွက်အား မေ့လျော့နေတတ်ခြင်းဖြစ်သည်။

အလုပ်ကြီးဘက်သို့ အကျဉ်းသားများအဝင်အထွက်ကို စန္ဒာဂိတ်ဟုဆိုသော ဂိတ်စောင့်မှ အသေအချာ အဝင်၊ အထွက်ကို စီစစ်တတ်သည်။ ဝန်ထမ်းများအနေဖြင့်တော့ အလုပ်ဘက်အမြဲဆင်းသည့် ဘုတ်ကိုင်နှင့် နည်းပြဆရာများ၊ အရာရှိများကိုသာ အလေးပေးဂရုထားသည်။ အဆောင်နှင့် အခြားနေရာများမှ ဝင်ထွက်တတ်သည့် ဝန်ထမ်းများမှာ ယာယီအဝင်အထွက်သာရှိတတ်သဖြင့် အလေးပေးဂရုစိုက်ခြင်း နည်းပါးတတ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

မောင်လှငြိမ်းမှာ နာမည်နှင့်လိုက်ဖက်အောင် အေးအေးငြိမ်း
ငြိမ်းနေတတ်ပြီး ချောမောသူတစ်ယောက်လည်း ဖြစ်သည်။ မိဘများ
မှာ လယ်သမားများဖြစ်ကြပြီး မိသားစုများသဖြင့် မောင်လှငြိမ်းမှာ
(၉)တန်းအောင်သည်နှင့် ယာဉ်မောင်းသင်တန်းတက်ပြီး အကျဉ်းဌာန
သို့ဝင်ရောက်ကာ မော်တော်ယာဉ်မောင်းသမား ဒရိုင်ဘာ ဖြစ်လာသူ
ဖြစ်ပေသည်။

ပထမ ထောင်ရိက္ခာဌာနတွင် ယာဉ်မောင်းလုပ်သည်။ အကျ
စာရိတ္တကောင်းပြီး မွန်ရည်သူဖြစ်၍ လူတကာက သူ့ကိုချစ်ခင်ကြသည်
လူငယ်ဖြစ်သော်လည်း ကားမောင်းရာ၀ွင် ညင်သာသည်။ ကျွမ်းလည်း
ကျွမ်းကျင်သည်။ ထို့ကြောင့် ထောင်ပိုင်ကြီးကသဘောကျပြီး ထော
ပိုင်ကြီးစီးသည့် မာစတာဂျစ်ကားကို မောင်းနိုင်းသည်။ ထို့ကြော





မောင်လှငြိမ်းမှာ ထောင်ပိုင်ကြီး၏ ကားဒရိုင်ဘာဘ၀ ရောက်ရတော့
သည်။

မောင်လှငြိမ်းက သူမောင်းသည့်ကားကို အလွန်ရှိသေသည်။
ကားဘော်ဒီ အတွင်းအပြင်သာမက ကားဘီးလေးဘီးစလုံးကိုလည်း
ရေဆေးအခြောက်ခံပြီး ဖိနပ်တိုက်ဆေးဖြင့် နက်ပြောင်နေအောင် တိုက်
တတ်သည်။ ထို့ကြောင့် ထောင်ပိုင်ကြီးက အလွန်သဘောကျသည်။
မကြာခဏလည်း 'ဘောက်ဆူး' ခေါ် မုန့်ဖိုးကိုပေးတတ်သည်။

ထောင်ပိုင်ကြီးမှာ ဇနီးနှင့် သမီးတစ်ဦးသာရှိသည်။ သမီးမှာ
လေ့ဖြူဖြစ်ပြီး (၉) တန်းကျောင်းသူဖြစ်သည်။ ထောင်ပိုင်ကြီးက ကား
အသုံးနည်းသည်။ ရန်ကုန်ရုံးချုပ် အစည်းအဝေးနှင့် ပုသိမ်မြို့အတွင်း
အစည်းအဝေးပွဲများ၌သာ ကားကို အသုံးပြုတတ်သည်။

ဆိုရလျှင် နှစ်ပတ်တစ်ခါခန့်သာဖြစ်သည်။ နေ့စဉ် ကားအသုံး
ပြုနေသူများကတော့ ထောင်ပိုင်ကြီးကတော်နှင့် သမီးသာဖြစ်သည်။
ထောင်ပိုင်ကြီးကတော်က မနက် ညနေ ဈေးသွားသည်။ သမီးက မနက်
ကျောင်း၊ ညနေကျူရှင်ဖြစ်သည်။

မောင်လှငြိမ်းမှာ မိသားစုအခြေအနေအရ (၉)တန်းအောင်
သည်နှင့် ကျောင်းထွက်လိုက်ရသော်လည်း စာအလွန်တော်သူဖြစ်သည်။
ထို့ကြောင့်လည်း မလှဖြူမသိသော နားမလည်သဘောမပေါက်သော
ဘာသာရပ်များကို ရှင်းလင်းပြတတ်သည်။ ထို့ကြောင့် မလှဖြူစာတော်
တသလို မောင်လှငြိမ်းကိုလည်း အစ်ကိုကြီးတစ်ဦးအနေဖြင့် ခင်မင်
ရယ်တာလာသည်။

ကျောင်းကြို ကျောင်းပို့လုပ်ရင်း မောင်လှငြိမ်းက သင်ကြား
ပေးခြင်းသာဖြစ်သည်။ ထောင်ပိုင်ကြီးအိမ်ပေါ်တွင် စားပွဲဝိုင်းချ၍
ကျသင်ကြားပေးသော အခြေအနေတော့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက် (၉)နာရီတွင် မလှဖြူအား အထက်တန်းကျောင်းသို့ ပို့ရသည်။ ညနေ (၃း၃၀)နာရီ ကျောင်းပြန်ကြိုပြီး ညနေ (၅)နာရီတွင် ကျူရှင်ပို့ရသည်။ ကျူရှင်မှာ ည (၇)နာရီမှပြီးသည်။ အပြန်လမ်းက မှောင်ပြီဖြစ်သည်။

မလှဖြူမှာ (၉)တန်းကျောင်းသူ၊ အသက် (၁၆)နှစ်ကျော်ရှိ သာဖြစ်သော်လည်း ဖွံ့ထွားသည်။ ရခိုင်အနွယ်များဖြစ်၍ ယဉ်ကျေးပြီး ကျော့ရှင်းလှပသည်။

တစ်နေ့ ညနေစောင်းတွင်ဖြစ်သည်။ မလှဖြူအား ကျူရှင် ကြိုအပြီး ထောင်အိမ်သို့ပြန်လာစဉ် မလှဖြူက မောင်လှငြိမ်းအား တိုင် သည်။

"အစ်ကိုကြီး ... လှဝေတို့အုပ်စု ညီမကို စာအတင်းလိုက် ပေးတယ်။ ညီမ ဘယ်လိုလုပ်ရမလဲ"

"ဘယ်ကလှဝေလဲ ညီမ"

"ဟို ရေလုပ်ငန်းပိုင်ရှင်သူဌေး ဦးလှကျော်ရဲ့သားလေ။ ညီမ တို့ကျူရှင်ကပဲ။ သူက (၉)တန်းမှာ တဖုန်းဖုန်းကျနေတာ"

"ညီမ အလိမ္မာသုံးပြီးနေပေါ့ကွယ်။ အပျိုအရွယ်၊ လူပျိုအရွယ် စာပေးတာတော့ မဆန်းပါဘူး။ လွန်ကဲလာရင်တော့ ဆရာ့ကိုတိုင်ပေါ့"

"သူတို့က အုပ်စုနဲ့အစ်ကိုရဲ့။ စာပေးတာ ရိုးရိုးပေးတာမဟုတ် ဘူး။ လက်ဆွဲပြီး အတင်း မယူမချင်းပေးတာ"

"အင်း ... ဒါဆို ထောင်ပိုင်ကြီးကို သတင်းပို့ရတော့မယ် ထင်တယ်"

"မလုပ်နဲ့ဦး ... အစ်ကို။ ဖေဖေက သဘောကောင်းပေမဲ့ လူဖြောင့်စိတ်တို ဒေါသအလွန်ကြီးတယ်"





"ဒါဆို ဒီလိုပဲ ငြိမ်ခံနေရမှာလား ညီမရဲ့။ နောက်ဆို အစ်ကို ကျောင်းပေါက်ဝအထိ လာကြိုမယ်"

"ဟုတ်ကဲ့ အစ်ကို"

နောက်တစ်နေ့ညနေ ကျူရှင်ပို့တော့ မောင်လှငြိမ်းက မလှဖြူ အား ကျောင်းခန်းထဲအထိ လိုက်ပို့သည်။ ကျောင်းပေါက်ဝတွင် စောင့် နေကြသော သူဌေးသားလှဝေတို့အုပ်စုကတော့ မောင်လှငြိမ်းအား စကြ၊ နောက်ကြ၊ ပြောင်ကြသည်။

"ဒါပေါ့ကွ ... အိမ်စောင့်ခွေး ကိုယ်ရံတော်တပ်မှူးကလေး ဆိုတာ။ ဟား ... ဟား ... ဟား"

"ဘယ်က တပ်မှူးကလေးမှာလည်း အိမ်စောင့်ခွေးဒရိုင်ဘာ ပါကွာ။ အဖက်လုပ်စရာ မလိုပါဘူး။ တစ်နည်းပြောရရင် ထောင်ပိုင် ကြီးအိမ်က အခိုင်းအစေကျွန်ပါကွာ။ ဟဲ ... ဟဲ ... ဟဲ"

မောင်လှငြိမ်း ငြိမ်ခံနေပါသည်။ သူက ထောင်အရာရှိကြီး၏ လက်အောက်ငယ်သား ယူနီဖောင်းဝတ် ဝန်ထမ်းဖြစ်သည်။ ကျေးကျွန် တော့မဟုတ်။ မိဘကို လုပ်ကျွေးနေသောသူဖြစ်သည်။ အစိုးရဝန်ထမ်း ယူနီဖောင်းဝတ်တပ်သားဖြစ်၍ အဆင့်ဆင့်လေးစားပြီး စည်းကမ်းရှိသူ သာဖြစ်သည်။ ထို့ကြောင့် သူမကြားယောင်ဆောင်၍ သည်းခံသည်။

ယခင်နေ့များက မလှဖြူအား ကျူရှင်ပို့ပြီးသည်နှင့် ထောင် သို့ပြန်နေကျ။ ယနေ့တော့ မပြန်သေးပဲ ကားပေါ်သို့ တက်ထိုင်၍စောင့် ကြည့်နေသည်။ လှဝေတို့အုပ်စု မကြားဝံ့မနာသာစကားများ ပြောနေ ကြပြီး မောင်လှငြိမ်းအား ရန်စကြသည်။

ကျူရှင်တက်မှ မောင်လှငြိမ်း ထောင်သို့ပြန်ခဲ့သည်။ အပြန် လမ်းတွင် ကားမောင်းလာရင်း လူငယ်ပိပိ အံတကြိတ်ကြိတ်နှင့် ခံပြင်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ သို့သော် လှဝေတို့အုပ်စုမှာ သူဌေးသားများဖြစ်ကြပြီး အုပ်စု လည်းတောင့်သဖြင့် မောင်လှငြိမ်း စိတ်ကိုလျှော့ရသည်။

ည (၇)နာရီကြို့ပြန်တော့ ပိုဆိုးလာပြန်သည်။ မလှဖြူအား လှဝေတို့အုပ်စုက ကျောင်းခန်းမအပြင် မှောင်ရိပ်ရောက်သည်နှင့် ဆွဲ လားရမ်းလား လုပ်လာကြသည်။ မောင်လှငြိမ်း အပြေးသွားစဉ် မလှ ဖြူက ...

"အစ်ကို လုပ်ပါဦး"

"အေး ... အေး ... လာပြီ ညီမ"

"ဒီမှာညီလေးတို့ လူကြီးလူကောင်း သားသမီးတွေပဲ။ ဒီလို မိန်းကလေးတစ်ယောက်ကို စော်ကားတာတော့ မကောင်းပါဘူး။ နောက် ပြီး မလှဖြူက ထောင်ပိုင်ကြီးသမီးပါ။ အမှုအခင်းတွေဖြစ်ကြရင် မကောင်းပါဘူး"

"ခင်ဗျားက ဘာကောင်မို့လဲ။ အေးအေးဆေးဆေး ဘေးဖယ် နေပါ။ ဒါ ကျုပ်တို့ လူငယ်တွေကိစ္စပါ"

"လူငယ်တွေကိစ္စကို အစ်ကိုနားလည်ပါတယ်။ ဒါပေမဲ့ အခု ဟာက ညီလေးတို့က မိန်းကလေးတစ်ယောက်ကို အုပ်စုနဲ့ အနိုင်ကျင့် စော်ကားသလို ဖြစ်နေတယ်။ အစ်ကိုတောင်းပန်ပါတယ် ညီလေးတို့ ရာ။ ကိုယ့်အိမ်ကို အေးအေးဆေးဆေးပြန်ကြပါ"

"မပြန်တော့ ခင်ဗျားက ဘာလုပ်ချင်သလဲ။ ကဲ ... လာ ကြစမ်းကွာ။ အိမ်စောင့်ခွေး ဒရိုင်ဘာကို ပညာပေးလိုက်ကြရအောင်"

လွယ်အိတ်များထဲမှ မောင်းပြန်ဓားများကိုထုတ်ပြီး ဖွင့်လိုက် ကြသည်။

"ဖျောက် ... ဖျောက် ... ဖျောက်"





"အစ်ကို သတိထားနော်"

မလှဖြူ၏ စိုးရိမ်တကြီး သတိပေးသံ။

"ရတယ် ညီမလေး။ ဝေးဝေးမှာသွားနေ"

"ကဲ ... တောင်းပန်လို့မရမှတော့ ယောကျ်ားပဲ ရင်ဆိုင်ရ တော့မှာပေါ့။ ငါကတစ်ယောက်တည်း လက်နက်မပါဘူး။ မင်းတို့က (၃)ယောက် လက်နက်ကိုယ်စီနဲ့။ သေချင်တဲ့ကောင် အရင်ဝင်လာခဲ့ တော့"

မောင်လှငြိမ်းမှာ ခြေခွင်ကိုခင်း၍ အကွက်ချလိုက်သည်။ သူ ကလည်း ပေါ့သေးသေးမဟုတ်။ ပေတောမြို့နယ်မှ ရှမ်းသိုင်းဆရာကြီး ဦးရန်ဝေး၏ လက်ရင်းတပည့်တစ်ဦးဖြစ်သည်။ မောင်လှငြိမ်း ခြေခွင် ခင်း၍ နေရာယူသည်နှင့် လှဝေတို့အုပ်စု အတန်ငယ်တန့်သွားသည်။

သို့သော် လက်နက်ပါပြီး လူအားတောင့်သဖြင့် ခုန်ပျံဝင်လာ ကြသည်။ မောင်လှငြိမ်းကလည်း ခေသူမဟုတ်ပါ။ ပထမဆုံးဝင်လာ သည့် မောင်လှဝေကို တစ်ကွက်ရှောင်၍ ဓားကိုင်လက်အား ဖမ်းချုပ် ပြီး လိမ်၍ ရှေ့တွင် ဒိုင်းသဲ့ဖွယ်ကာထားလိုက်သည်။ ဓားသမားများ က ဓားဖြင့် ဝိုင်းတွက်ကြသည်။

"စွပ် ... စွပ် ... အား ... အား"

ဒဏ်ရာရသွားသော မောင်လှဝေကို ရှေ့ကဖယ်ပြီး ဓားကိုင် နှစ်ယောက်အား တစ်ယောက်ချင်းဝင်ပူး၍ ရင်ဝကိုဒူးနှင့်တိုက်၊ နောက် ကျောကို တစ်တောင်နှင့်ထောင်း၍ လှဲသိပ်ပေးလိုက်သည်။

"အား ... အား ... အင်း ... အင်း"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

မကြာမီ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများ ရောက်လာကြသည်။ မလှဖြူက ဆရာ၊ ဆရာမများအား ရှင်းပြသည်။ ဆရာ၊ ဆရာမများက လက်ခံသော်လည်း မောင်လှဝေမှာ ဓားဒဏ်ရာရထားသဖြင့် ပုသိမ်ဆေးရုံကြီးသို့ မောင်လှငြိမ်း၏ကားဖြင့်ပင် အရေးပေါ်တင်ပို့ရတော့သည်။

ဆေးရုံကြီး၌ ရာဇဝတ်မှုဖြစ်၍ ဆရာဝန်ကြီးကတိုင်ကြားရာ ရဲများရောက်လာကြသည်။ မကြာမီ ထောင်ပိုင်ကြီးမိသားစုလည်း သတင်းရ၍ ရောက်လာကြသည်။ မောင်လှဝေ၏မိဘများလည်း ရောက်လာသည်။

တော်သေးသည်မှာ မောင်လှဝေ၏ ဓားဒဏ်ရာများမှာ ရင်အုံကိုမထိ၊ လက်မောင်းနှစ်ဘက်ကိုသာထိ၍ သွေးထွက်မလွန်စေရန်ကို





သာ ဆရာဝန်များက ဂရုစိုက်ရတော့သည်။ မြို့မျက်နှာဖုံးများဖြစ်ကြ၍ နှစ်ဖက်ကျေအေးရန် ညှိနှိုင်းကြသော်လည်း မောင်လှဝေ၏မိဘများဘက်က မကျေနပ်သဖြင့် မောင်လှငြိမ်းအား ဓားထိုးမှုဖြင့် အမှုဖွင့်တိုင်ကြားသည်။

ထောင်ပိုင်ကြီးကလည်း မနေသာတော့။ သမီးမလှဖြူအား ကလေးပျက်အောင်စော်ကားမှု၊ တပည့်မောင်လှငြိမ်းအား ဓားနှင့်ဝိုင်းထိုးမှုတို့ဖြင့် အမှုဖွင့်ရတော့သည်။ နောက်ဆုံး နှစ်ဖက်တရားပြိုင်များအား ရဲစခန်းက လူကြီးများအမှုဖြစ်၍ ခံဝန်ကိုယ်စီဖြင့် အာမခံပေးသည်။

အပြန်လမ်း၌ မလှဖြူက သူ့မိဘများအား အကျိုးအကြောင်းဖာတ်ရည်လည်အောင်ရှင်းပြရာ ထောင်ပိုင်ကြီးက . . .

"ငါ့တပည့် မောင်လှငြိမ်း၊ ဘာမှမပူနဲ့။ ဆရာတို့က ဥပဒေဘက်တော်သားတွေ။ အမှန်အတိုင်းဖြစ်စေရမယ်။ စိတ်အေးအေးထား။ မစိုးရိမ်နဲ့။ မင်းညီမကို အရှက်တကွဲ၊ အကျိုးနည်းမဖြစ်အောင် ကာကွယ်တဲ့အတွက် မင်းမနစ်နာစေရဘူး။ ဒီအမှုကို ရေဆုံးရေဖျားလိုက်မယ်"

နှစ်ဖက်သက်သေများနှင့် တရားခံများအားစစ်ဆေးပြီး တရားရုံးသို့ စွဲချက်တင်သည်နှင့် နှစ်ပတ်တစ်ကြိမ် အမှုချိန်းသွားရသဖြင့် မစွန်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိသဖြင့် မောင်လှငြိမ်းနှင့် မလှဖြူတို့ ချစ်သူများဘဝသို့ရောက်သည်။

(၆)လခန့် အမှုရင်ဆိုင်ကြပြီးမှ မောင်လှငြိမ်းနှင့် မောင်လှဝေတို့ တရားသေလွှတ်မြောက်ကြပြီး မောင်လှဝေ၏သူငယ်ချင်းနှစ်ဦးဖြစ်သူ ဖိုးဖြူနှင့်နီမောင်မှာ ဓားထိုးမှုဖြင့် ထောင် (၁)နှစ်စီကျသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်တရားခံအစစ် ရေလုပ်ငန်းသူဌေးသား မောင်လှဝေကတော့ လွတ်မြောက်သွားသည်။

(၉)တန်းစာမေးပွဲများပြီးဆုံးတော့ မလှဖြူ (၁၀)တန်းသို့ တက်ရသည်။ မောင်လှငြိမ်းလည်း ထောင်ပိုင်ကြီး၏ပံ့ပိုးထောက်ပံ့မှုဖြင့် ဒုတိယတပ်ကြပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ မောင်လှငြိမ်းနှင့် မလှဖြူတို့ အလွန်ပျော်ကြသည်။ သို့သော် သူတို့အချစ်ဇာတ်လမ်းကိုတော့ လူကြီးများမသိအောင် ထိန်းချုပ်ထားကြသည်။

(၁၀) တန်းနှစ်လယ်ခန့်တွင် မလှဖြူက ...

"ကိုငြိမ်း ... ဒီလို တစ်ရစ်ပြီးတစ်ရစ်တက်နေရင် အလွန်ကြာမယ်။ ညီမနဲ့ကိုငြိမ်းနီးစပ်ဖို့က ကိုငြိမ်းအရာရှိဖြစ်မှဖြစ်မယ်။ ဒါကြောင့် ကိုငြိမ်း (၁၀)တန်းစာမေးပွဲကို အပြင်ကပြန်ဖြေပါ။ ကိုငြိမ်းက ဉာဏ်ကောင်းပါတယ်။ ညီမဆီမှာ မှတ်စုတွေယူဖတ်ပေါ့။ ကိုငြိမ်း (၁၀)တန်းစာမေးပွဲဖြေနိုင်အောင် ကျူရှင်လည်းတက်ပါ။ ညီမမိဘတွေကို ပြောပေးမယ်။

(၁၀)တန်းအောင်မှ (In Service) အနေနဲ့ ထောင်မှူးဖြစ်နိုင်မှာ။ (၁၀)တန်းအောင်ပြီးတော့လည်း အဝေးသင်တက္ကသိုလ်တက်ပေါ့။ ဘွဲ့တစ်ခုရအောင်လို့လေ။ တစ်ဆင့်ပြီးတစ်ဆင့် ဘဝကိုတိုးတက်အောင်လုပ်ကြတာပေါ့ အစ်ကိုရယ်နော်"

"အေးပါ ... ညီမရယ်။ အစ်ကို ကြိုးစားပါ့မယ်"

မလှဖြူ၏ ပြောဆိုစည်းရုံးမှုကြောင့်ထင်ပါသည်။ ထောင်ပိုင်ကြီးကလည်း မောင်လှငြိမ်းအား (၁၀)တန်းစာမေးပွဲဖြေဆိုရန် ငွေကြေးကအစ ထောက်ပံ့သည်။ ကျူရှင်ကိုလည်း မလှဖြူနှင့်အတူ အကောင်း





ဆုံးကျူရှင်ကိုထားပေးသည်။ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူဖြစ်၍လည်း မောင်လှငြိမ်းနှင့် မလှဖြူတို့မှာ ပို၍ရင်းနှီးလာကြပါသည်။

လူ့ဘဝဆိုသည်မှာ သာယာဖြောင့်ဖြူးသော လမ်းခရီးမဟုတ်ပါ။ တိုက်ပွဲအလီလီတိုက်ပြီး အောင်ပွဲအလီလီခံရအောင် လုံ့လဝီရိယဖြင့် ကြိုးစားကြရသည်။ ကံမခိုင်၊ သံတိုင်အိမ်ဆောက်တောင်မမြဲဟူသော စကားပုံအရလည်းကောင်း၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲဟူသော စကားပုံအရလည်းကောင်း လူ့ဘဝတွင် ကံမကောင်းပါက ဉာဏ်နှင့်ဝီရိယက ကယ်တာတောင် အောင်မြင်မှုမရနိုင်ပေ။

မောင်လှငြိမ်းသည် မလှဖြူကို အလွန်ချစ်၍ ကြိုးစားပါသည်။ နဂိုက ဉာဏ်ကောင်းသူဖြစ်၍လည်း (၁၀)တန်းစာမေးပွဲတွင် ကောင်းစွာဖြေဆိုနိုင်သည်။ (၁၀)တန်းအောင်မြင်ပါက အဝေးသင်တက္ကသိုလ်တက်ပြီး တစ်နှစ်ပြီးတစ်နှစ် အောင်မြင်လာသည်နှင့်အမျှ ရာထူးတိုးတက်ပြီး အရာရှိဖြစ်၍ အခွင့်အရေးလည်း ရလာပြီဖြစ်သည်။

မောင်လှငြိမ်းနှင့် မလှဖြူတို့ဘဝမှာ အနေအထား၊ ရာထူးဂုဏ်၊ ဓနဂုဏ် ကွာခြားလွန်းလှသဖြင့် မောင်လှငြိမ်းတစ်ယောက် အပြင်းအထန် ကြိုးစားနေရခြင်းဖြစ်သည်။

မိုးကျတော့ (၁၀)တန်းအောင်စာရင်းများ ထွက်သည်။ မောင်လှငြိမ်း ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်သည်။ မလှဖြူက ဂုဏ်ထူးတစ်ဘာသာပါသည်။ သူတို့နှစ်ဦး အလွန်ပျော်ကြသည်။ အပျော်လွန်ပြီး ချစ်သူနှစ်ဦးချိန်းတွေ့ကြရာ ထောင်မှ အရာရှိတစ်ဦးမြင်သွားသည်ကို သူတို့ မသိလိုက်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်တွင် မောင်လှငြိမ်းအား ထောင်ပိုင်ကြီးအိမ်မှ ကားသမားအစား ရိက္ခာဌာနသို့ ရွှေ့ပြောင်းကားမောင်းရန် တာဝန်ခံ အရာရှိ၏အမိန့်စာ ထွက်လာသည်။ မောင်လှငြိမ်း အလွန်အံ့ဩမိသည်။ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်ကြီးကတော်ကလည်း ယခင်ကလို လှိုက်လှိုက်လှဲလှဲမရှိတော့။ သူစိမ်းတွေလို ဆက်ဆံလာသည်။

(၁၀) တန်းစာမေးပွဲများ ပြီးဆုံးပြီဖြစ်၍ မလှဖြူနှင့်လည်း အပြင်တွင် မတွေ့နိုင်တော့ပါ။ ထောင်ပိုင်ကြီး၏ မာစတာဂျစ်ကားအား ယခင် ရိက္ခာဌာနမှ ယာဉ်မောင်းဦးလေးကြီး ဦးသန်းချစ်က မောင်း နေသည်။

မောင်လှငြိမ်း ရိပ်မိပါသည်။ သို့သော် သူ၌ ဘာလုပ်ပိုင်ခွင့်မျှ မရှိပါ။ မလှဖြူထံမှအဆက်အသွယ်ကိုသာ စောင့်မျှော်ရင်း ရင်မောနေ ရတော့သည်။ အခုတလော မလှဖြူ၏အရိပ်အယောင်ကိုပင် မမြင်ရပါ။ အတော်ကြာမှသိရသည်မှာ မလှဖြူအား ရခိုင်မှအမျိုးများထံ ပို့ထား ကြောင်းပင်ဖြစ်သည်။

မောင်လှငြိမ်းနှင့် မလှဖြူတို့အချစ်ခရီး ဝေးကြရပြီထင်ပါ သည်။ မလှဖြူထံမှ အဆက်အသွယ်လည်းမရပါ။ မောင်လှငြိမ်းမှာ လူပျို့လူလွတ်ဖြစ်၍ ထောင်ရပ်ကွက်၌ လိုင်းခန်းမရှိပါ။ အမိအဖများ နေသော ထောင်အနောက်ဘက်၊ မရမ်းချိုရပ်ကွက်၌သာ နေထိုင်သည်။

တစ်ညနေ အလုပ်ပြန်ချိန်၌ မောင်လှငြိမ်း၏မိခင်က စာတစ် စောင်ပေးသည်။ စာကိုမြင်သည်နှင့် ဝိုင်းစက်လှပသော လက်ရေးကလေး အရ မလှဖြူ၏လက်ရေးမှန်း မောင်လှငြိမ်းသိသည်။ မောင်လှငြိမ်း အလွန်ဝမ်းသာရပါသည်။ ချက်ချင်းပင် ဖောက်ဖတ်ကြည့်တော့ ...





ကိုငြိမ်း ...

ညီမ စစ်တွေမြို့က အမျိုးတွေဆီမှာရောက်နေတယ်။ ညီမကို ရမ်းဗြဲကျွန်းက ရေနံလုပ်ငန်း သူဌေးသားတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေကြတယ်။ အစ်ကို အမြန်လိုက်ခဲ့ပါ။ အစ်ကိုမလာရင်တော့ ညီမကိုယ်ညီမ သတ်သေမှာပဲ။ အောက်မှာ လိပ်စာရေးထားပါတယ်။ အစ်ကို ဆက်ဆက်အမြန်လာပါ။

အစ်ကို့ကိုသိပ်ချစ်ရတဲ့ ညီမ ...

လှဖြူ

"ဪ ... ညီမရယ်"

နောက်တစ်နေ့မနက်၌ပင် မောင်လှငြိမ်း ဂါတ်စာရေးကြီးထံ မှတစ်ဆင့် ထောင်ပိုင်ကြီးထံ ခွင့်တစ်ပတ်တင်သည်။ လုပ်ငန်းသဘောအရ ရိက္ခာ (ထောက်) ဌာနကားကိုမောင်းမည့် ယာဉ်မောင်းကမရှိ။ ထောင် ပိုင်ကြီးကားကိုမောင်းသည့် ယာဉ်မောင်းဦးသန်းချစ်ကို အကူအညီတောင်း မှဖြစ်နိုင်ပေမည်။

သို့သော် ဦးသန်းချစ်က ထောင်ပိုင်ကြီးကတော်နှင့်အတူ စစ်တွေ သို့သွားနေ၍ ယာဉ်မောင်းကမရှိပြန်။ ထို့ကြောင့် မောင်လှငြိမ်း ခွင့်မရ ပါ။ ယူနီဖောင်းဝတ်ဖြစ်၍ သာရေးနာရေး၊ အရေးကြီးသောကိစ္စများ၌ သာ ခွင့်ပေးနိုင်မည်ဖြစ်ကြောင်း ဂါတ်စာရေးကြီးထံမှ အကြောင်းပြန် ကြားလာသည်။

မောင်လှငြိမ်း အခက်တွေ့ရပါပြီ။ မလှဖြူက အချစ်ကြီးပြီး စိတ်ကြီးသဖြင့် မတော်တရော်လုပ်သွားမှာလည်း စိုးရိမ်မိသည်။ ထို့ ကြောင့် မောင်လှငြိမ်း ခွင့်မဲ့ထွက်ပြေးရန်ပင် စိတ်ကူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာစုဆောင်းချိန်ဖြစ်သဖြင့် လေနှင့်
သို့သော် မိုးကာလ ရိက္ခာစုဆောင်းချိန်ဖြစ်သဖြင့် မနားရရှာပါ။ မနက်မိုးလင်း
မိုးကြားထဲတွင် မောင်လှငြိမ်းတစ်ယောက် မနားရရှာပါ။ ထောင်တွင်းရိက္ခာ
မှ မိုးချုပ်အထိ ရိက္ခာပစ္စည်းများကိုသယ်ဆောင်ပြီး ထောင်တွင်းရိက္ခာ
ရုံးသို့ အခေါက်ခေါက်အခါခါ သယ်ဆောင်ပေးနေရသည်။ တာဝန်ကို
လေးစားတတ်သော မောင်လှငြိမ်းအနေဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်
မလှဖြူ၏ကိစ္စကိုပင် တဒင်္ဂ မေ့လျော့သွားတတ်သည်။
သို့ဖြင့် (၃)ရက်ခန့်ကြာသွားပြီး တစ်ညနေတွင် မောင်လှငြိမ်း
ထံသို့ ရိက္ခာဌာနထောင်မှူးထံမှ သတင်းဆိုးတစ်ခုကို ကြားရတော့သည်။
"မောင်လှငြိမ်းရေ ... စိတ်နိုင်နိုင်ထားပေရော့။ မလှဖြူတော့
ဆုံးရှာပြီ"
"ခင်ဗျာ ... ဘယ်လိုဆရာ ... မလှဖြူဆုံးပြီ ဟုတ်လား"
"ဟုတ်တယ် ... မောင်လှငြိမ်းရေ။ ရေနံသူဌေးသားနဲ့
လက်ထပ်ရမဲ့ရက် မတိုင်ခင်ညမှာ အိပ်ဆေးအသောက်လွန်ပြီး ဆုံးပါး
သွားတာပဲ။ ထောင်ပိုင်ကြီးတောင် အစောကလေးကပဲ ဦးသန်းချစ်
လာခေါ်လို့ အရေးပေါ်လိုက်သွားပြီ"
"ကျွန်တော့်ဘဝတော့ သွားပါပြီဆရာရယ်။ ညီမ မလှဖြူ
ရေ ... အစ်ကို့ကြောင့်ဖြစ်ရတာ။ အစ်ကိုလည်း နောက်ကလိုက်ခဲ့ပါ့
မယ်။ ညီမ တမလွန်က စောင့်နေပေရော့ကွယ့်။ အီး ... ဟီး ...
ဟီး"
မောင်လှငြိမ်းမှာ မလှဖြူ၏ ဝိုင်းစက်သောလက်ရေးကလေး
ဖြင့် ရေးပို့လာသော စာကလေးအား ရိက္ခာဌာနတာဝန်ခံ ထောင်မှူး
အားထုတ်ပြမိသည်။





"ဩော် ... မင်းတို့က တကယ်ချစ်ကြတာကိုး။ ထောင်ပိုင်ကြီးသမီးဆိုတော့ အစ်ကိုတို့လည်း မတတ်နိုင်ဘူးညီလေးရေ။ မလှဖြူက တကယ်လုပ်သွားတာကိုး။ တရားနဲ့ဖြေပေတော့ညီလေးရာ"

"ကျွန်တော် ခွင့်မဲ့ပြေးဖို့ လုပ်နေတာပါဆရာ။ ဒီမှာလည်း အလုပ်တာဝန်တွေက အရေးပေါ်နေတော့ ကိုယ်ရေးကိုယ်တာကိစ္စတောင် စဉ်းစားချိန်မရပါဘူး။ ကျွန်တော် အလွန်ကံဆိုးပါတယ် ဆရာရယ်။ မလှဖြူကတော့ ကျွန်တော့်အပေါ်မှာ အလွန်စိတ်နာသွားရှာမှာပါပဲ။ အင်း ... ဟင့် ... အီး"

"အေးကွာ ... ညီလေးရာ။ မင်းက အရာရှိမဟုတ်သေးတော့ အထင်မကြီးကြဘူးပေါ့။ နောက်ပြီး သူတို့ရခိုင်လူမျိုးထုံးစံက သူတို့ရခိုင်အချင်းချင်းပဲ ပေးစားတတ်ကြတာ ထုံးစံဖြစ်နေတယ်။ တရားနဲ့သာဖြေပေတော့ ညီလေးရေ။ ကြိုးစားပေါ့ကွာ။

မင်းလို လူတော်လူကောင်းတစ်ယောက်ဟာ တစ်နေ့တော့ အရာရှိဖြစ်လာမှာပါ။ အဲဒီတော့မှ သူတို့ထက်သာတဲ့ သူဌေးသမီးကို ခေါင်းခေါက်ယူပြလိုက်ပေါ့ကွာ"

"မဖြစ်နိုင်တော့ပါဘူး ဆရာရယ်။ ကျွန်တော့်ဘဝကို လက်လျှော့လိုက်ပါပြီ။ ကျွန်တော်အလုပ်က နုတ်ထွက်စာတင်မယ်။ ဒီအလုပ်နဲ့ ဒီထောင်ကြီးကိုလည်း စိတ်ကုန်ပါပြီဗျာ။ မလှဖြူကိုလည်း သစ္စာဖောက်ပြီး နောက်မိန်းမမပြောနဲ့ နောက်ရည်းစားတောင် မထားတော့ပါဘူးဆရာရယ်။ ဒီကိစ္စတွေက ကျွန်တော်နဲ့မလှဖြူသာ အသိဆုံးပါ"

"မောင်လှငြိမ်း ... မဟုတ်မဟပ်တာတွေနဲ့ စိတ်ကူးမယဉ်နဲ့။ မင်းဘဝက အခုဆိုရင် တိုးတက်လာပြီ။ (In Service) ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းမကြာခင် ထောင်မှူးလောင်းစာမေးပွဲ ဖြေရတော့မှာ။

နောက်ထပ်(၄)နှစ် အဝေးသင်တက်လိုက်တာနဲ့ ဘွဲ့ရပြီး ထောင်မှူးကြီးဖြစ်တော့မှာ။ ထောင်မှူးကြီးဖြစ်တာနဲ့ ထောင်ပိုင်ဆိုတာ အလှမ်းမဝေးတော့ဘူး။ မင်းလိုလူတော်တစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကိုတန်ဖိုးထားပါ။ တစ်လွဲမကြံစည်နဲ့၊ ယောက်ျားပဲကွ မာန်မာနထားစမ်းပါ။

ကဲ . . . မောင်လှငြိမ်းရေ၊ ငါလည်း အိမ်ပြန်နားတော့မယ်၊ မင်းမပြန်သေးဘူးလား''

''ကျွန်တော်ဆန်အိတ်တွေ ဂိုထောင်ထဲသွင်းတာ စောင့်ကြည့်ရဦးမယ်ဆရာ။ ပြီးမှပြန်ပါ့မယ်။ ဆရာသာ စိတ်ချလက်ချပြန်ပါ''

''အေး . . . အေး . . . ငါစိတ်ချမယ်။ ပြီးရင် ဂိုထောင်တံခါးတွေနဲ့ ရိက္ခာရုံတံခါးတွေကို လုံခြုံအောင်ပိတ်၊ သော့တွေကို အသေအချာစစ်ဆေး၊ အစ်ကိုပြန်ဦးမယ်''

''ဟုတ်ကဲ့ပါ ဆရာ''

မောင်လှငြိမ်းတစ်ယောက် ရိက္ခာဂိုထောင်ရုံးခန်း၌ ငူငူငေါင်ငေါင်ထိုင်နေရင်း အစ်ကိုလို ခင်မင်လေးစားရသော ရိက္ခာထောင်မှူးဦးစောလွင်ကို ဂါရဝပြုမိသည်။

ဦးစောလွင်မှာလည်း ရခိုင်လူမျိုးတစ်ဦးဖြစ်သည်။ သို့သော်သူက မွှုတသည်။ လူမျိုးခွဲမရှိ။ ယူထားသော အမျိုးသမီးကလည်း ရခိုင်လူမျိုးမဟုတ်။ မြန်မာမဖြစ်သည်။ ကလေးပင် နှစ်ယောက်ရနေပြီဖြစ်သည်။

မောင်လှငြိမ်း ဆန်အိတ်များ ကားပေါ်ကချနေသည်ကို စောင့်





ကြည့်နေစဉ် စာတစ်စောင်ကို ရေးနေသည်။ ညမိုးချုပ်မှ ဆန်အိတ်များ ရိက္ခာဂိုထောင်အတွင်း သွင်းပြီးရာ ထောင်မှူးဦးစောလွင်မှာခဲ့သည့်အတိုင်း တံခါးများကိုသေချာပိတ်၍ သော့များခတ်သည်။

ရိက္ခာဂိုထောင်အဝတွင် သွင်းထားသော Hino Ranger ကားကြီးကို ရှေ့သို့တိုး၍ တံခါးနှင့်ခွာပြီး ကားဂိုထောင်အတွင်း၌ ရပ်သည်။ ပြီးနောက် ကားနောက်ခန်းပေါ် တက်လိုက်ဆင်းလိုက်လုပ်ပြီး အလုပ်များသွားတော့သည်။ ထောင်ပိတ်ချိန်ဖြစ်၍ ရိက္ခာပစ္စည်းများသာထားသော ဂိုထောင်ဝင်းအတွင်း၌ ဝန်ထမ်းနှင့်ရဲဘက်များ မရှိကြတော့ပါ။ မောင်လှငြိမ်းတစ်ယောက် လွတ်လပ်စွာ အလုပ်လုပ်နေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

ည (၆)နာရီ ထောင်ပိတ်ပြီးချိန်၌ အရာရှိနှင့် ဝန်ထမ်းများ တစ်စုတစ်ဝေးတည်း ထွက်လာကြသည်။ ထောင်ရှေ့ဘူးဝအရောက်တွင် ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးက ရိက္ခာရုံဝင်းတံခါးပွင့်နေသည် ကို တွေ့ရသဖြင့် အတူပါလာသည့် ထောင်ကြပ်အား ...

"ဆရာမြင့်သိန်း ... ရိက္ခာကိုထောင် ဆန်အိတ်တွေချတာ မပြီး သေးဘူးလား"

"ထောင်ပိတ်နေတုန်းက ရဲဘက် (၂၀) ပြန်သွင်းပြီးပြီလေ ဆရာ။ ရိက္ခာထောင်မှူး ဦးစောလွင်လည်း ပြန်သွားရောပေါ့။ မောင်လှ ငြိမ်းတစ်ယောက် ဘာလုပ်နေသလဲမသိဘူး။ ကျွန်တော်သွားကြည့်လိုက် ဦးမယ်"





တပ်ကြပ်မြင့်သိန်း ရိက္ခာရုံထဲဝင်သွားပြီး မကြာမီ ...

"ဆရာထောင်မှူးကြီး လာပါဦးဗျို့။ မောင်လှငြိမ်းတစ်ယောက် ကြိုးဆွဲချပြီး သတ်သေသွားပြီ။ လုပ်ပါဦး"

ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးနှင့် ဝန်ထမ်းများအဖွဲ့ ရိက္ခာဝင်းထဲသို့ အပြေးဝင်သွားကြသည်။ မောင်လှငြိမ်းခန္ဓာကိုယ်မှာ ရိက္ခာကိုထောင်အမိုးထုပ်တန်းတွင် တန်းလန်းကြီးဖြစ်နေသည်။

ကြိုးမှာ ငြိမ်သက်နေခြင်းမရှိသေး၍ ဝန်ထမ်းများအား ထုပ်တန်းပေါ်သို့ တက်ဖြုတ်စေပြီး ကြိုးကွင်းကိုလျှော့၍ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုကြသည်။ မကြာမီ ဝန်ထမ်းများ အကြောင်းကြားချက်အရ ထောင်ဆရာဝန်နှင့် ဆေးမှူးတို့ရောက်လာကြပြီး စစ်ဆေးပြုစုကြသည်။ ထောင်ဆရာဝန် ...

"အသက်မရှိတော့ပါဘူး ထောင်မှူးကြီး။ လွန်ခဲ့တဲ့ (၁၀) မိနစ် လောက်ကမှ သေဆုံးတဲ့လက္ခဏာပါပဲ။ ခန္ဓာကိုယ်က နွေးနေသေးတယ်။ မျက်စိ၊ နားနဲ့ ပါးစပ်တွေမှာ သွေးစို့နေတယ်။ တန်ဆာမှာ သုက်ရည် ထွက်နေတယ်။ သွေးတိုး၊ နှလုံးခုန်ခြင်း မရှိတော့ဘူး။ လည်တိုင်ရိုး လည်း ကျိုးနေပါပြီ"

"ဒုက္ခပါပဲဗျာ ...။ ထောင်ပိုင်ကြီးမရှိချိန်မှ ဖြစ်ရရှာတယ်။ ကျုပ်တော့ ဒုက္ခပါပဲ။ အဆူအဆဲခံ၊ အရေးယူခံရတော့မှာပဲ"

"ဖြစ်လာမှတော့ ထောင်မှူးကြီးရယ် ဘယ်တတ်နိုင်မလဲ။ ဒါက ရဲနဲ့ဆိုင်တဲ့မှုခင်းဆိုတော့ ရဲကိုတော့ အမြန်အကြောင်းကြားရလိမ့် မယ်"

"ကဲ ... တပ်ကြပ်ဆရာမြင့်သိန်း၊ စက်ဘီးဆွဲပြီး မြို့မရဲစခန်း ကို အမြန်အကြောင်းကြားပေတော့။ ဒီမှာ ကားမောင်းမဲ့လူလည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှမရှိတော့ဘူး။ ဝန်ထမ်းတွေအားလုံး Stand By၊ တစ်ယောက်မှမပြန်ကြနဲ့''

ထောင်မှူးကြီးက အရေးပေါ် အမိန့်ထုတ်ပြန်လိုက်သည်နှင့်–

''မောင်လှငြိမ်းနဲ့ မလှဖြူကို ထောင်ပိုင်ကြီးသတ်တာဗျ''

ဝန်ထမ်းတစ်ဦးက မကျေမနပ်ပြောလာသည်။

''ဟုတ်တယ် . . . ဟုတ်တယ်၊ အဆင့်အတန်းခွဲခြားလို့ ဒီလိုဖြစ်ရတာ''

''မောင်လှငြိမ်းလေးလည်း သနားစရာဗျာ။ သူ့အမေသာသိသွားရင် ဘယ်လောက်ရင်ကျိုးလိုက်မလဲ''

''မလှဖြူကလေးလည်း သနားစရာပါဗျာ။ ရရိုင်ကိုပို့ပြီး မောင်လှငြိမ်းနဲ့ခွဲပစ်လိုက်တာ''

ထိုစဉ် ထောင်မှူးကြီးက . . .

''ဝန်ထမ်းတွေအားလုံး ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေကြ။ ထောင်အပြင်ထွက်ပြီး ဂိတ်ခန်းရှေ့မှာ စုနေကြပါ။ အိမ်မပြန်ကြနဲ့ဦး။ လိုအပ်ရင်ခေါ်မယ်''

''ဟုတ်ကဲ့ ဆရာကြီး''

ဝန်ထမ်းများမှာ ယူနီဖောင်းဝတ်များဖြစ်ကြ၍ အထက်အရာရှိအမိန့်ကိုတော့ နာခံတတ်ကြပါသည်။ ဂိတ်ခန်းရှေ့၌ Stand By လုပ်နေကြရင်း ပါးစပ်ကိုတော့ အနားမပေးကြပါ။ ထောင်ပိုင်ကြီးအိမ်ပေါ်၌လည်း အိမ်သူအိမ်သားများ တစ်ယောက်မျှမရှိသဖြင့် တီးတိုးတီးတိုးသဖန်းပိုး လုပ်နေကြသည်။

မကြာမီ ရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့ရောက်လာသလို မရမ်းချိုင်ရပ်ကွက်တွင်နေထိုင်သော မောင်လှငြိမ်း၏မိခင်၊ ဖခင်နှင့် မိသားစုဝင်များလည်း ရောက်လာကြသည်။

စိတ်ကူးသစ်စာပေ



ငိုကြွေးယူကြူးနှင့် ညဥ့်ဦးယံအချိန် အေးဆေးဆိတ်ငြိမ်နေတတ်သော ထောင်လောကမှာ ကြွက်ကြွက်ဆူညံနေတော့သည်။ ဘူးတံခါးကြီးအပေါ်ထပ် ထောင်ပိုင်ကြီးအိမ်ကတော့ သူနှင့်မသက်ဆိုင်သလို မီးပင်မလင်းပဲ မှောင်မဲတိတ်ဆိတ်နေသည်။

မြို့မရဲစခန်းမှူးအဖွဲ့က မောင်လှငြိမ်းအလောင်းအား ဓာတ်ပုံရိုက်သည်။ သက်သေခံပစ္စည်းများ ရှာဖွေသိမ်းဆည်းစဉ် ရိက္ခာဌာနစာရေးစားပွဲပေါ်မှ ကျောက်တုံးကလေးဖြင့် ဖိထားသော စာ (၃)စောင်ကို တွေ့ရတော့သည်။

စာမှာ . . . . တာဝန်ခံအရာရှိ ပုသိမ်ထောင်ဟု လိပ်မူပြီး အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန်နှင့် တစ်စောင်မှာ မောင်လှငြိမ်းက မိဘများအားဦးကည်၍ ခွင့်လွှတ်ပါရန် ပန်ကြားအသနားခံစာဖြစ်သည်။ ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေရန်အတွက်လည်း သူ့ကိုယ်သူသတ်သေခြင်းဖြစ်ပြီး တမလွန်တွင် မလှဖြူနှင့်တွေ့ဆုံရန်ဟု အကြောင်းပြရေးသားထားသည်။

တတိယစာကတော့ မလှဖြူက မောင်လှငြိမ်းထံ စာတိုက်မှပို့သော စာကလေးဖြစ်သည်။ စာများကိုဖတ်ရသူအားလုံး စုပ်တသပ်သပ်၊ တောက်တခေါက်ခေါက် ဖြစ်ကြရတော့သည်။

ထောင်ပိုင်ကြီးမိသားစုမှာ သမီးသေဆုံးသဖြင့် စိတ်ဒုက္ခရောက်ကြရသည်မှာ မှန်ကန်သော်လည်း အကျဉ်းထောင်လောက၌ နာမည်ဆိုးဖြင့်ကျော်ကြားတော့မည်မှာ အမှန်ပင်ဖြစ်သည်။ မောင်လှငြိမ်းသေဆုံးချိန်တွင် ပုသိမ်ထောင်၌ ထောင်ပိုင်ကြီးမိသားစုမရှိသဖြင့်သာ တော်ပေတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲအရေးပိုင်သောအမှုဖြစ်သဖြင့် မောင်လှငြိမ်း၏ရုပ်အလောင်းအား ပုသိမ်ဆေးရုံကြီးသို့သယ်ဆောင်ပြီး သေမှုသေခင်းဖွင့်လှစ်သည်။ သက်သေများအား ခေါ်ယူစစ်ဆေးသည်။ ထောင်ဆရာဝန်၏ ဆေးမှတ်တမ်း၊ သက်သေခံချက်အား အတည်ပြုသည်။

မလှဖြူအား စစ်တွေမြို့သို့ပြန်ပို့၍ ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် ထောင်ပိုင်ကြီးမိသားစု ပုသိမ်သို့ပြန်ရောက်လာရာ တိုက်ဆိုင်စွာပင် မောင်လှငြိမ်း၏ ရက်လည်ဆွမ်းကျွေးသောနေ့နှင့်တိုး သည်။ ဝန်ထမ်းများက ထောင်ပိုင်ကြီးကို မကျေနပ်ကြ။

ထောင်ပိုင်ကြီးမှာ နဂိုက သဘောကောင်းသူဖြစ်သော်လည်း သမီးကိစ္စတွင် အဆင့်အတန်းခွဲခြားမိသဖြင့် လွန်စွာ အရုပ်ဆိုး၊ အကျည်းတန်သော လူမှုရေးပြစ်မှုကို ကျူးလွန်မိသွားခြင်းဖြစ်သဖြင့် မောင်လှငြိမ်း၏မိဘများအား ဝန်ချတောင်းပန်သည်။

ဝန်ထမ်းနှင့် ရပ်ရွာလူထုမှာ မောင်လှငြိမ်းကိုသံယောဇဉ်ရှိကြသဖြင့် အသုဘပို့ဆောင်ရာ၌လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးနေ့၌လည်းကောင်း စည်ကားစွာ ဝိုင်းဝန်းကူညီကြသည်။

✿ ✿ ✿

[ ၅ ]

❑

မောင်လှငြိမ်းနှင့် မလှဖြူတို့၏ဇာတ်လမ်းကို ပုသိမ်ထောင်နှင့် မြို့လူထုက မြန်မာ ရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်းဟု ပြောဆိုလေ့ရှိကြသည်။ တမလွန်တွင် မောင်လှငြိမ်းနှင့် မလှဖြူတို့နှစ်ဦး၏ ဝိညာဉ်များ တွေ့ဆုံသည်၊ မတွေ့ဆုံသည်ကို မသိနိုင်သော်လည်း မျက်မှောက်ဘဝ လူအများ၏ပါးစပ်ဖျားတွင်တော့ မောင်လှငြိမ်းနှင့် မလှဖြူတို့ဇာတ်လမ်းက မရိုးနိုင်အောင် ပြောစမှတ်တွင်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ထောင်ပိုင်ကြီးကလည်း အရှက်ရပြီး သံဝေဂရပ်ဟန်တူပါသည်။ မကြာမီ အသက်မပြည့်သေးသော်လည်း နှစ်ပြည့်ပင်စင်ယူ၍ ထောင်လောကမှထွက်ပြီး ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




သင်ခန်းစာယူစရာကတော့ စာရေးသူကျွန်ုပ်နှင့် စာဖတ်သူသင်ပါ တစ်နေ့တွင် လူကြီးမိဘအရာကို ရောက်ကြရမည့်သူများသာဖြစ်သည်။ သားသမီးအပေါ်တွင် ဆက်ဆံရာ၌ မလျှော့မတင်း စောင်းကြိုးညှင်းသလို ကြိုတင်လေ့လာပြီး ကြိုတင်ကာကွယ်ထားသင့်သည်။ မိုးလွန်မှ ထွန်မချပါနှင့်၊ အကျိုးယုတ်တတ်သည်။

ခေတ်ရေ့ပြေးသားသမီးများမှာ ရှေးရိုးယဉ်ကျေးမှုအစွဲကို လက်မခံတတ်ကြသည်ကများသည်။ ထို့ကြောင့် မိဘလုပ်သူမိမိလည်း ခေတ်မီပါ။ အဆင့်အတန်းမခွဲပါနှင့်။ ရိုးသားကြိုးစား၍ တက်လမ်းရှိသောလူငယ်မှာ သင့်တော်သောလူငယ်ဟု အသိအမှတ်ပြုပါ။ နောင်မှ သံဝေဂမရပါစေနှင့်။

မနုဿတ္တဘာဝေါ ဒုလ္လဘောဟူသော အဆိုအမိန့်နှင့်အတူ လူ့ဘဝသည် ရခဲသည်။ ရခဲပြီး တိုတောင်းလှသောလူ့ဘဝကို အကျိုးရှိတိုးတက်အောင် ဆောင်ရွက်ကြပါစို့။

ထောင်မှူးကြီးသိန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ကျွန်တော်ဟာ လူတော်တစ်ယောက်မဟုတ်ပေမဲ့ လူကောင်းတစ်ယောက်ဖြစ်ဖို့ကို အမြဲကြိုးပမ်းနေသူပါ။ ငါးပါးသီလကိုလည်း အတတ်နိုင်ဆုံး လုံခြုံအောင် ထိမ်းပါတယ်။ တစ်ခါတစ်ရံ အပေါင်းအသင်းတွေနဲ့ဆုံရင်တော့ သောက်ဖြစ်ပါတယ်။ ဒါပေမဲ့ မလွန်စေရပါဘူး။ ဆေးလိပ်လည်းမသောက်၊ ကွမ်းလည်း မစားတတ်ပါဘူး။

ကျွန်တော့်ဝါသနာပါဝဘာက ယူနီဖောင်းဝတ်ပြီး လက်နက်ကိုင်တဲ့အလုပ်ပါပဲ။ ကျွန်တော်ငယ်စဉ်ကတည်းက လေးခွကိုင်ခဲ့ပြီး ကြီးလာတော့ သေနတ်ကိုင်တယ်။ ဒါပေမဲ့ အကောင်ပလောင်ကို ပစ်ဖို့မဟုတ်ဘူး။ အပင်ပေါ်ကသစ်သီးနဲ့ ပစ္စည်းလေးတွေကို လက်တည့်စမ်းတာပါ။ (Target Shooting) လို့ခေါ်မယ်ထင်ပါရဲ့။





ဘွဲ့ရတော့ အကျဉ်းဦးစီးဌာနကိုဝင်တယ်။ တပ်သားအဆင့်နဲ့ဝင်ရတာ။ လေးငါးနှစ်ကြာမှ ထောင်မှူးဖြစ်တယ်။ အင်းစိန်ထောင်နဲ့ ရှုံးချုပ်အပြင် ရန်ကုန်–မန္တလေး အမြန်လမ်းစခန်း၊ ကော့သောင်း–ဆီအုန်းစခန်းတွေရောက်တော့လည်း ကျွန်တော့်မွေးရာပါဗီဇက ထကြွနိုးကြားပြန်တယ်။

ငယ်စဉ်ကတည်းက လောက်လေးခွနဲ့ လေသေနတ်ကို သွားလေရာ အမြဲတမ်းဆောင်သွားတတ်တော့ တောထဲတောင်ထဲရောက်တာနဲ့ ပစ်ချင်ခတ်ချင်စိတ် ပေါ်ပေါက်လာပြန်တယ်။ ဒါကြောင့် ရန်ကုန်–မန္တလေး အမြန်လမ်းစခန်း (မအူပင်ဆိပ်)ရောက်တော့ လွတ်လွတ်လပ်လပ်နဲ့ ထင်တိုင်းကျဲတော့တာပေါ့။

မအူပင်ဆိပ်စခန်းက ပဲခူးချောင်းအနီး ဇီးတောကြီးရွာတစ်ဖက်ကမ်းတောစပ်လယ်ကွင်းထဲမှာ တည်ထားတာ။ ဒါကြောင့် ညနေနေဝင်တာနဲ့ တောထဲကထွက်လာပြီး လယ်ကွင်းထဲမှာ မြူးတူးကြတဲ့ယုန်၊ တောကြောင်၊ ချေ၊ ဆတ်၊ တောဝက်ကအလွန်ပေါတာ။ တစ်နေ့တော့ တပည့်ဖြစ်သူတင်သောင်းက ပြောလာတယ်။

ဆရာ ကျွန်တော်တို့လည်း တောစခန်းမှာ အမဲသားနဲ့ ဘဲဥပဲစားနေရတော့ တစ်ခါတစ်ရံ တောကောင်သားလေးများ စားရအောင်ဆရာရယ်။ ကျွန်တော်က သာယာဝတီဘက်က လယ်သမားမျိုးရိုးဆိုပေမဲ့ မုဆိုးအလုပ်လည်း တတ်ပါတယ်။

ဒါကြောင့် တစ်ညလောက် လယ်ကွင်း...တောစပ်မှာ အကောင်ပလောင်လေး ဘာလေးရှာရအောင် ဆရာရယ်။ ကျွန်တော်က လေးခွကိုင်မယ်၊ ဆရာက လေသေနတ်ကိုင်ပေါ့။ ရိတ်သိမ်းပြီးစ လယ်ကွင်းထဲမှာ အကောင်ပလောင် အလွန်ပေါတယ်ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်တွေပေါလို့လဲ တင်သောင်းရဲ့။ ငါက လေသေနတ်ပဲပစ်တတ်တာ။ တော်ကြာ သားကောင်ကြီးနဲ့တိုးရင် ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒီအချိန် စပါးရိတ်သိမ်းပြီးစဆိုတော့ လယ်ကွင်းထဲမှာ စပါးနှံတွေကျန်ခဲ့တတ်တယ်ဆရာ။ အဲဒါကိုလာစားကြတဲ့ မြေဝပ်ငှက်၊ ယုန်နဲ့ တောကြွက်ကြီးတွေကို တောကြောင်ဖားကြီးတွေက ချောင်းမြောင်းပြီး လာစားတတ်တယ်။ ကျွန်တော်တို့က မီးထိုးပြီးပစ်ရုံပဲ။ နောက်ပြီး တောစပ်ဝါးရုံပင်တွေအပေါ်မှာ ကြက်တွေလည်း အိပ်တန်းတက်ကြတယ်ဆရာ"

"အေး ... အဲဒါဆိုရင်လည်း စခန်းပတ်ဝန်းကျင် လည်ကြတာပေါ့။ ငါက အကောင်ပလောင်တွေကို ပစ်လေ့တော့မရှိဘူး"

"ဟင်းစားက ပြတ်နေပြီဆရာ။ တစ်ခါတစ်ရံလည်း ယုန်သား၊ တောကြောင်သား၊ တောကြွက်သားလေးများလည်း စားရအောင်ပါ။ ကျွန်တော် စခန်းပတ်ဝန်းကျင်ကို မှဆိုးမျက်စိနဲ့ လေ့လာပြီးပါပြီ။ ကျိန်းသေရကိုရပါစေမယ်ဆရာ။ ကျွန်တော်က လေးခွကိုင်မယ်၊ မီးထိုးမယ်။ ဆရာကပစ်ပေါ့။ အကောင်ငယ်တွေကိုတော့ ကျွန်တော့်တာဝန်ပဲထားပါ"

"အေး ... အေး ... အဲဒါဆိုရင်လည်း ညကျထွက်ကြတာပေါ့။ အခုတော့ မပစ်တာကြာတဲ့ ငါလေသေနတ်ကို ဝါရှာလဲပြီး ပြောင်တိုက်ရဦးမယ်။ မင်းလည်း လောက်စလုံးလေးဘာလေး စုထားဦး။ လိုရမယ်ရ ငှက်ကြီးတောင်တစ်ချောင်းလည်း ဆွဲခဲ့ပေါ့။ သောက်ရေဘူးပါ မမေ့စေနဲ့"

"စိတ်ချပါ ဆရာ။ ကျွန်တော်ပြည့်စုံအောင် စီစဉ်ထားပါ့မယ်"

---

စိတ်ကူးသစ်စာပေ



ညနေစောင်းတော့ ကျွန်တော်တို့ဆရာတပည့် ညစာကိုစောစောစားကြပြီး နေဝင်သည်နှင့် စခန်းထွက်လာကြသည်။ စခန်းပတ်ဝန်းကျင်တွင် လယ်ကွင်းကြီးက တစ်ပြန့်တစ်ပြော ကျယ်ဝန်းလှသည်။ စပါးရိတ်သိမ်းပြီးစဖြစ်၍ ရိုးပြတ်နံ့က သင်းပျံ့နေသည်။

ပဲခူးချောင်းဘက်မှတိုက်ခတ်လာသော လေနုအေးကလေးက စိမ့်ခနဲအေးသွားသည်။ ဖေဖော်ဝါရီလကုန်ပိုင်းဖြစ်၍ ဆောင်းကုန်ပြီးဖြစ်သော်လည်း နွေမရောက်သေး။ ဆောင်းအကုန်နွေအကူး စပ်ကူးမတ်ကူးကာလ ဖြစ်ပေသည်။

လယ်ကွင်းထဲ၌ ပလူကောင်များကို ထိုးသုတ်စားရင်းဝဲနေသော မြေဝပ်ငှက်များကို တွေ့ရသည်။ မြေဝပ်ငှက်များက လူမကြောက်။ ကျွန်တော်ကိုပင် တိုက်မိတော့မလို ကွေ့ဝိုက်ပျံသန်းနေကြသည်။ ထိုစဉ် တပည့်ကျော်တင်သောင်းက မြေဝပ်ငှက်များအား လေးခွဖြင့်ပစ်သည်။

(Fly Shot) ပစ်ခြင်းဖြစ်သော်လည်း လက်တည့်လှသော တင်သောင်းက တစ်ချက်တစ်ကောင်ပင်။ ပစ်မလွဲငှက်သေများအား ကျွန်တော်ကောက်ယူကြည့်တော့ တစ်ကောင်လျှင် (၁၀)ကျပ်သား (၁၅)ကျပ်သားခန့်ရှိသည်။ ပိန်လှသည်။

လေးငါးကောင်ရတော့ ကျွန်တော်က ...

"တော်ပြီ တင်သောင်း။ မင်းငှက်တွေက ပိန်တော့ အရိုးစုးလိမ့်မယ်။ ဝဝအကောင်ရှာစမ်းပါကွာ"

"အချိန်စောသေးလို့ပါဆရာ။ ဒီတစ်ခါတော့ ဆရာ့အလှည့်ပဲ။ ကျွန်တော် မီးထိုးပေးမယ်။ မီးအောက်ကိုဝင်ပြီး ပစ်တော့ဆရာ"

"အေး ... အေး ... ကောင်းပြီ။ စိတ်ချ။ ငါ့လက်အကြောင်းကိုလည်း ပြရသေးတာပေါ့ကွာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဆရာတပည့် လယ်ကွင်းထဲမှ တောစပ်ဘက်သို့ ကြွက်ခဲ့ကြသည်။ တောစပ်မှအိပ်တန်းတက် ကြက်ဖများတွန်သံကိုကြား ရသည်။ အလင်းရောင်မှာ လုံးဝပျောက်ကွယ်သွားပြီး အမှောင်ဖုံးလာ သည်။ လရောင်က မထွက်သေးပါ။

လယ်ကွင်းနှင့် တောစပ်အကြားရောက်တော့ တင်သောင်းက ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးကို မိုးပေါ်မထောင်ထိုးပြီး အောက်သို့ တဖြည်းဖြည်းဆွဲချလာသည်။ မြေပေါ်သို့ မီးအလင်းရောင်ကွက်ကျလာ သည်နှင့် တောချုံများအတွင်းမှ တောယုန်များ ပြေးလွှားထွက်ခွာလာ ကြပြီး မီးကစားကြသည်။

"ဆရာ ... ကျွန်တော့်အနီးကို တဖြည်းဖြည်းဆွဲခေါ်လာမယ်။ ပိုင်ရင်ပစ်ပေတော့။ တောယုန်တွေကကြီးတော့ ကိုယ်လုံးကိုမပစ်နဲ့ ခေါင်း ကိုပစ်"

ဟု တင်သောင်းက တိုးတိုးလေးပြောသည်။ ထို့ကြောင့် ကျွန် တော် မီးအောက်တွင် မှဆိုးဒူးထောက်ထိုင်ချပြီး လေသေနတ်ဖြင့် အသင့် ချိန်ထားလိုက်သည်။ မကြာပါ။ တောယုန်အုပ်ကြီး မီးကစားရင်း ကျွန် တော်တို့နှင့် တဖြည်းဖြည်းနီးလာသည်။ ပိုင်သည်နှင့် ကျွန်တော်ပစ် လေတော့သည်။

"ဖန်း ..."

တစ်ကောင်ကျသွားသည် ယုန်များ ထိတ်လန့်သွားစဉ် ကျွန် တော် ဒုတိယအချက် ပစ်ပြန်သည်။

"ဖန်း ..."

ထိသည်။ သို့သော် သေချာဟန်မတူ။ တောယုန်အုပ်ကြီး ချုံထဲ သို့ ဝင်ပြေးတော့သည်။





"သွားပါပြီကွာ။ တစ်ကောင်ပဲရတယ်၊ လွတ်သွားပြီ"

"ကိစ္စမရှိဘူးဆရာ။ ချုံထဲမှာ သေနေလိမ့်မယ်။ တောယုန် တွေက အသက်နေနည်းတယ်။ ခေါင်းထိရင်တော့ တစ်ခါတည်းကျတယ်။ လာပါ ဆရာ၊ ချုံထဲသွားကြည့်ရအောင်"

ကျွန်တော်တို့ ချုံထဲဖြဲ၍ မီးထိုးကြည့်တော့ တောယုန်ကြား ကြီးတစ်ကောင် လဲသေနေသည်ကို တွေ့ရသည်။ တစ်ပိဿာခန့်အလေး ချိန်ရှိပေမည်။ ယုန်နှစ်ကောင်ပေါင်းတော့ နှစ်ပိဿာခန့်ဖြစ်သည်။

ထိုစဉ် တင်သောင်းက တောစပ်ဘက်လှည့်၍ မီးထိုးလိုက်ရာ ပျဉ်းကတိုးပင်ကြီးပင်စည်အခြေတွင် မျက်လုံးစိမ်းစိမ်းတစ်စုံကို မီးရောင် အောက်၌ မြင်လိုက်ရသည်။ ကျွန်ုပ် အချိန်မဆိုင်းတော့ပါ။ မျက်လုံး ကြားသို့ ပစ်ထည့်လိုက်တော့သည်။

"ဖန်း ..."

'ညောင်'ဟုအော်ကာ ခုန်ထွက်သွားသည်။ တောကြောင်ကြီး ဖြစ်ပေသည်။ ကျွန်တော်တို့ဆက်လိုက်ကြရာ ပျဉ်းကတိုးပင်ကြီးအနောက် ဘက် ကျွန်းပင်ကြီးအရင်းတွင် တခွီးခွီးအော်ကာ လူးလိမ့်နေသည့် တောကြောင်ကြီးအား ပစ်ခတ်၍ ဇာတ်သိမ်းပေးရပြန်သည်။

"ဖန်း ..."

တောကြောင်ကြီးမှာ ကြောင်ဝံပိုက်အမျိုးအစား၊ အကောင်ကြီး သည်။ သုံးလေးပိဿာခန့်ရှိပေလိမ့်မည်။

"ဆရာ ... လာဘ်ဦးကောင်းတယ်။ အနီးအနားဆက်လည် ကြရအောင်။ ကျွန်တော် ကြက်အိပ်တန်းဖို့ တွေ့ထားတယ်"

ကျွန်တော်တို့ တောစပ်ဝါးရုံတန်းဘက်သို့ သွားကြသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



ရုံပင်ကိုင်းပေါ်မှ တောကြက်ဖကြီးတစ်ကောင်ကိုတွေ့၍ တင်သောင်းက မီးထိုးပေးသည်။ ကျွန်တော်က ပစ်ပြန်သည်။

"ဖန်း ..."

"အွတ်"

"ဘုန်း"

တောကြက်ဖကြီး ပြုတ်ကျလာသည်။ တင်သောင်းက ကောက်ကိုင်ပြီး လက်နှိပ်ဓာတ်မီးကို ကျွန်တော်အားပေးသည်။

"ဆရာရှေ့က ဝါးရုံက ကြက်မတွေအိပ်တဲ့ဝါးရုံဆရာ။ သေနတ်နဲ့အဆင်မပြေဘူး။ ကျွန်တော်လေးခွနဲ့ပစ်မယ်။ ဆရာက မီးထိုးပေး"

"အေး ... အေး ..."

ကျွန်တော် ဓာတ်မီးကို လက်ပြောင်းယူလိုက်သည်။ ဝါးရုံပင်အောက်ရောက်သည်နှင့် မီးထိုးကြည့်ရာ ဝါးရုံပင်ကိုင်းတက်များအပေါ်၌ တောကြက်မများတန်းစီ၍ အိပ်တန်းတက်နေကြသည်။ မီးရောင်ကိုမြင်တော့ ခေါင်းထောင်လှုပ်ရှားလာကြသည်။

တင်သောင်းက အစွန်းတွင် နားနေသောအကောင်များကို အလျင်အမြန် ပစ်ချသည်။ ဖောက် ... ဖောက် ... ဖောက်နှင့် သုံးလေးကောင်ကျမှ ကြက်မအုပ်ကြီး လန့်ပျံပြေးတော့သည်။ ထိုနေ့ညက သားကောင်များထမ်းကာ ပျော်ရွှင်စွာဖြင့် စခန်းသို့ပြန်လာခဲ့ကြသည်။

စခန်းရောက်တော့ ညဆယ်နာရီခန့်ပင် ရှိသေးသည်။ တပည့်ကျော်တင်သောင်းက ညလယ်စာချက်ပြီး ကျေးရွာမှမှဆိုးလက်ရာ ထမင်းဟင်းက မြိန်လှသည်။ ထိုညက အိပ်ရာဝင်တော့ (၁၂)နာရီပင် ထိုးလုပြီဖြစ်သည်။





နောက်တစ်နေ့မနက်တွင် ညကရထားသော တောကောင်သားများအား အပေါင်းအသင်းထောင်မှူးများနှင့် ဝန်ထမ်းအချို့အား ဝေပေးသည်။ နီးစပ်ရာ ရဲဘက်များကိုလည်း ဟင်းချက်၍ကျွေးသည်။

သို့သော် ကျွန်တော်နှင့်အဆင်မပြေသည့် စခန်းတာဝန်ခံထောင်ပိုင်ကိုတော့ တစ်စွန်းတစ်စမျှမပေးပါ။ ယင်းထောင်ပိုင်သည် လောဘကြီးပြီး အလွန်မျက်နှာလိုက်သူဖြစ်သည်။ စခန်းတွင်းရနိုင်သမျှ ငွေဝင်ပေါက်အားလုံးကိုလည်း သူက ချုပ်ကိုင်ထားသည်။

သူ့ကိုမထောက်ပံ့နိုင်သူ အရာရှိဝန်ထမ်းများကို ချောင်ထိုးထားသည်။ သူ့အထက်အရာရှိကြီးများကိုတော့ အမြဲတမ်းထောက်ပံ့သည်။ ထို့ကြောင့် ကျွန်တော်တို့က သူ့အား အထက်ဖားအောက်ဖိဟု နောက်ကွယ်တွင် နာမည်ပြောင်ပေးထားပါသည်။

ထို့ကြောင့်လည်း သူက ကျွန်တော်တို့လို အရာရှိပေါက်စနှင့် ဝန်ထမ်းများ သက်သာရာအလုပ်များအား ပြောင်းလဲမပေးတော့။ အမြဲတမ်း ရှေ့တန်းလိုက်ရသည်။ ကျည်မပါသော ရိုင်ဖယ်သေနတ်ဟောင်းကြီးကိုထမ်းကာ တောရှင်း၊ ငုတ်ထုတ်၊ မီးရှို့(ကျွန်းခွေသည်)ရသည်။

အလုပ်မှာ ဤလိုရာသီတွင် အလွန်ပင်ပန်းသည်။ ဝန်ထမ်းတချို့အပူရုပ်ပြီး ဖျားနာ၍ သေဆုံးရသည်ပင်ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့ဖက်ကလည်း မကျေနပ်ပါ။ ကျွန်တော်တို့ဖက်က အကွက်ကောင်းချောင်းနေသလို သူကလည်း စောင့်ကြည့်နေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော်နှင့်တင်သောင်းက တစ်ပတ်တစ်ခါခန့် ညမီးလည် ကြရာ အမြဲတမ်းလည်း အကောင်ပလောင်များရတတ်သည်။ ထို့ကြောင့် တင်သောင်းက နောက်ပိုင်းတွင် သူ့ကို ကြိုတင်မှာထားသူများအား ရောင်းချရာ ဝင်ငွေရလာတတ်သည်။ ထို့ကြောင့် ကျွန်တော်တို့ဆရာ တပည့် တစ်ပတ်တစ်ခါမဟုတ်တော့ဘဲ ညစဉ်ညမီးလည်ကြရာ ဝင်ငွေ အတော်လေးမှန်ပြီး စုမိဆောင်းမိဖြစ်လာသည်။

သို့သော် ကျွန်တော်တို့ ညမီးလည်ကြစဉ် ချေဆတ်၊ တောဝက် စသော အကောင်ကြီးများကို မြင်တွေ့ခဲ့ရသော်လည်း လေသေနတ် ကလေးဖြင့် မပစ်နိုင်ခဲ့။ ရှောင်ရှားခဲ့ရသည်။ ကျွန်ုပ်တွင် ရိုင်ဖယ်သေနတ်





ကြီးနှင့် ကျည်(၅)တောင့်ရှိပါသည်။ သို့သော် စခန်းတာဝန်ခံအမိန့်မရ ဘဲ ပစ်ခွင့်သုံးခွင့်မရပါ။

အလုပ်ပိတ်ရက်တစ်နေ့တွင် ကျွန်တော်နှင့် တပည့်ကျော်တင် သောင်းတို့ မနီးမဝေးရှိ ကညင်ပင်စခန်းသို့ သွားလည်ကြသည်။ ကျွန် တော်နှင့်အပတ်စဉ်တူ ထောင်မှူးမြင့်မောင်က ကညင်ပင်စခန်းတွင် 'ထောက်' ထောင်မှူးဖြစ်နေသည်။ သူ၏အထက်အရာရှိ ထောင်မှူးကြီး ရွှေစင်ကလည်း အလွန်သဘောကောင်းလှသည်။

ထိုနေ့က ကျွန်တော်တို့အား နေ့လယ်စာကောင်းစွာကျွေးသည့် အပြင် မှဆိုးလုပ်နေသောကျွန်တော့်အား အမဲကြီးပစ်ရန် ရိုင်ဖယ်ကျည် နှစ်တောင့်ကို စွန့်ကြဲလိုက်သေးသည်။ ထို့ကြောင့် ထိုနေ့က ကညင်ပင် ခန်းကမှ စောစောပြန်ကြပြီး ကျွန်တော့်အား လုံခြုံရေးအတွက်ထုတ် ပေးထားသော ရိုင်ဖယ်သေနတ်ကြီးအားဖြုတ်၍ အသေအချာတိုက်ချွတ် ပါသည်။ ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်သေနတ်ကြီးဖြစ်၍ ရိုးရှင်း ပါသည်။

ကျွန်တော်က စစ်သင်တန်းဆင်းဖြစ်သဖြင့် လက်နက်ငယ် ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်းကို ကျွမ်းကျင်ပါသည်။ ညမှောင် တော့ ကျွန်တော်တို့ဆရာတပည့် အသင့်ဖြစ်နေပါပြီ။ သို့သော် စခန်း တာဝန်ခံက ညဘက်တွင်လည်း အရေးပေါ်ခေါ်တတ်သဖြင့် ည၉နာရီ စောင့်စောင့်ကြရသည်။ ထို့ကြောင့် ည(၉)နာရီကျော်မှ ထွက်ဖြစ်တော့ သည်။

ထို့နောက်ညက လဆုတ်ရက်ဖြစ်သဖြင့် လက အတော်နှင့် ထွက်။ လက်နက်ကြီးယူလာသောညကျခါမှ လယ်ကွင်းထဲ၌ တော



www.burmeseclassic.com

www.burmeseclassic.com



ယုန်ကြီးများကို မကြာခဏတွေ့ရသည်။ လက်နက်နှင့်သားကောင်မျှ
သဖြင့် မပစ်တော့။ တောစပ်ရောက်တော့လည်း တောကြောင်နှင့် တော
ကြက်ဖများကို တွေ့ရသည်။ ကျွန်တော် မပစ်ပါ။

ကျွန်တော်တို့ဆရာတပည့် နေ့လယ်ကတည်းက ကြည့်ခဲ့သော
စမ်းချောင်းရှိရာ ဂုံမင်းလျှိုသို့ ဦးတည်သွားရောက်နေကြခြင်းဖြစ်သည်။
သို့တွင် ယခုလို နေ့ဦးပေါက်ရာသီတွင် ရေသောက်ဆင်းကြသော တော
ကောင်ခြေရာများကို တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

လျှိုကြီးအစပ်ကုန်းစောင်းရှိ ပျဉ်းမပင်ကြီးအခြေတွင် နေရာ
ယူလိုက်ကြတော့သည်။ အပေါ်စီးက အမြင့်ဖြစ်သော်လည်း လေအောက်
ကဖြစ်သည်။ လကလေးရေးရေးထွက်လာ၍ လျှိုကြီးနှင့်စမ်းချောင်းကို
လရောင်ဖြင့် မှုန်ပျပျမြင်နေရသည်။ သားကောင်သံကို မကြားရသေး။
ထို့ကြောင့် ကျွန်တော်တို့ နားနားနေနေ စောင့်ဆိုင်းနေကြရသည်။

ည (၁၀)နာရီကျော်ခန့်တွင် စမ်းချောင်းဘက်မှ 'အူးအူးအစ်
အစ်ဂတ်ဂတ်' ဟူသော တောဝက်အုပ်အသံကို ကြားရသည်။ 'ပလပ်
ပလပ်' နှင့် ရေသောက်သံကို ကြားနေရသည်။

ထို့ကြောင့် ကျွန်တော့်ရိုင်ဖယ်ကြီးအား မောင်းကြိတ်တင်လိုက်
သကဲ့သို့ တင်သောင်းကလည်း (၅)တောင့်ထိုး လက်နှိပ်ဓာတ်မီးအား
အသင့်ပြင်ဆင်နေသည်။ ကျွန်တော်တို့အသင့်ဖြစ်သည်နှင့် တင်သောင်း
က မီးထိုးသည်။

မျက်လုံးစိမ်းစိမ်းဖြင့် တောဝက်အုပ်မှာ (၆)ကောင်ခန့်ဖြစ်သည်
အစွယ်ကြီးကွေး၍ နောက်ပြန်လှည့်နေသော ဝက်တောင်းကြီးက ...
ချောင်းနဖူးတွင် စောင့်ကြည့်နေသည်။ ကျွန်တော်တို့က အမြင့်နေရာ...

စိတ်ကူးသစ်စာပေ



ကောင်းသဖြင့် အချိန်မဆိုင်းတော့ဘဲ ကျွန်တော်ဝက်သိုးကြီး၏မျက်လုံး
နှစ်လုံးကြားသို့ ပစ်ထည့်လိုက်သည်။

"ဒိုင်း ..."

ဝက်သိုးကြီးမှာ ကျည်ဆန်က ဦးနှောက်ဖောက်သွား၍ တုန့်ခနဲ
ဖင်ထိုင်လျက်လဲသည်။ စိတ်ချရသော အနေအထားကြောင့် ကျွန်တော်
အလျင်အမြန်မောင်းတင်ပြီး စမ်းချောင်းအတွင်းမှ တက်ပြေးလာသော
ဝက်မတမ်းမတစ်ကောင်ကိုလည်း ပစ်ချလိုက်ပြန်သည်။

"ဒိုင်း"

ဝက်မတမ်းမလည်း စမ်းချောင်းအတွင်းသို့ ပစ်ကျသွားပြန်
သည်။ ကျွန်တော် အရေးပေါ် မောင်းတင်လိုက်ပြန်ပါသည်။ ထိုစဉ်
တင်သောင်းက ...

"ဆရာ ... ကျည်ဆန်ကုန်ပြီမဟုတ်လား"

"အေး ... ကညင်ပင်စခန်းက သူငယ်ချင်းပေးလိုက်တဲ့
ကျည်ဆန် (၂)တောင့်တော့ ကုန်ပြီ။ တို့စခန်းက အရေးပေါ်သုံးဖို့ပေး
ထားတဲ့ ကျည်ဆန်(၅)တောင့်ပါ လိုရမယ်ရထည့်လာတာ"

"တော်သေးတာပေါ့။ ကျွန်တော်က စိုးရိမ်နေတာ ဆရာ"

"မစိုးရိမ်နဲ့ တင်သောင်းရေ ... ငါကတွက်ပြီးသား။ အရေး
ပေါ်အတွက် ကြိုတင်ဆောင်ထားရတယ်။ ကံကောင်းလို့ ဝက်သိုးကြီး
က တစ်ချက်ကြီးတည်းလဲတာ။ ကဲ ... ဘယ်လိုသယ်ကြမလဲ။ မင်း
စခန်းကိုပြန်နှင့်။ ဖိုကြီးက ညမီးရဲဘက်တွေကို ထမ်းဖို့ခေါ်လာခဲ့"

"ဆရာတစ်ယောက်တည်း နေရဲလို့လား။ အတူပြန်ကြရအောင်
ဆရာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းတစ်ယောက်တည်း မပြန်ရဲဘူးလား။ ငါက ဒီမှာ တောဝက်သေတွေကို ဝင်စားတတ်တဲ့ တောခွေးတွေကို စောင့်ကြည့်ရဦးမယ်။ သွား ... သွား ... မြန်မြန်သွား၊ မြန်မြန်ပြန်လာခဲ့။ ဓာတ်မီးပါယူသွား။ ဒီမှာ ငါတစ်ယောက်တည်းနေရဲတယ်"

"ဟုတ်ကဲ့ဆရာ"

တင်သောင်းပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်းကျန်ခဲ့သည်။ သေနတ်သံကြောင့် တောမှာ တိတ်ဆိတ်နေသည်။ တောခြင်ကြီးများကတော့ ကျွန်တော့်အား ဝိုင်းဝန်းနှိပ်စက်နေသည်။ အသံထွက်မည်စိုး၍ မရိုက်ရဲ။ အသာသာ ပွတ်သပ်ချနေရသည်။

❁ ❁ ❁

| ၃ |

❑

နာရီဝက်ခန့်ကြာသော် စမ်းချောင်းဘက်မှ ရေသောက်သံကြားရသည်။ လရောင်ကြယ်ရောင်အောက်တွင် ကျွန်တော် သေချာကြည့်တော့ ခြောက်စတောင်ဆတ်ဖားကြီးဖြစ်သည်။ အမဲလိုက်ဓာတ်မီးက မရှိ။ ထို့ကြောင့် ဆတ်ဖားကြီးလက်ပြင်ကိုမှန်းဆ၍ ပစ်လိုက်ရသည်။ ဆတ်ဖားကြီးစမ်းချောင်းထဲသို့ ပြုတ်ကျသွားသည်။

"ဒိုင်း ... ဝုန်း ..."

သို့သော် ဆတ်ဖားကြီးကပြန်ကုန်းထပြီး စမ်းချောင်းထဲမှတက်လာပြန်သဖြင့် ဒုတိယအကြိမ် ပစ်ခတ်ရပြန်သည်။

"ဒိုင်း ... အူး ... ဘုန်း ..."

ထိုစဉ် တင်သောင်းတို့အဖွဲ့ ရောက်လာကြသည်။

"ဆရာ ... ဘာကောင်ပစ်တာလဲ၊ နှစ်ချက်တောင်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆတ်ဖားကြီးကွာ။ မှောင်ထဲမှာပစ်ရတော့ ချက်ကောင်းမမှန်လို့ထင်ပါရဲ့၊ ကုန်းထလာလို့ လွတ်သွားမှာစိုးရိမ်တာနဲ့ နှစ်ချက်ပစ်ရတာ"

တင်သောင်းက ဓာတ်မီးထိုးကြည့်ပြီး . . .

"ဆရာရေ . . . ရဲဘက်ကြီးက (၄)ယောက်ပဲရတာ။ ကျွန်တော်တို့ နှစ်ခေါက်ပြန်ထမ်းရတော့မှာပဲ။ ကဲ . . . အခုတစ်ခေါက် ဝက်အသေနှစ်ကောင်ကို ထမ်းပြန်မယ်"

"အေး . . . အေး . . . မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့ကြ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့ မနက်(၃)နာရီခန့်မှ စခန်းသို့ ပြန်ရောက်ခဲ့ကြသည်။ ဝက်နှစ်ကောင်အားရဲဘက်နှင့် ဝန်ထမ်းဖို့အပ်ပြီး အသားရိက္ခာအဖြစ် ကျွေးရန်လှူလိုက်သည်။ ကလီစာများကိုတော့ ချက်ပြုတ်ပြီး ကျွန်တော်တို့ စားကြသည်။

ညလယ်စာမဟုတ်တော့။ ကျွန်တော်တို့ စားသောက်ပြီးတော့ နှိုးခရာမှုတ်၍ ရဲဘက်ကဝန်ထမ်းများ အလုပ်ဆင်းရန် အိပ်ရာမှထကြပြီဖြစ်သည်။ ကျွန်တော်တို့လည်း ဆက်မအိပ်နိုင်တော့၊ လုပ်ငန်းသွားရန် ပြင်ဆင်ရပါပြီ။

နောက်တစ်နေ့မနက်တွင် နောက်တန်းတပ်ကြပ်ကြီးက ကျွန်တော်အား လာသတိပေးသည်။ ကျည်ဆန်လျော့နေမည်ဖြစ်၍ ကြို့တင်ရှာဖွေဖြည့်တင်းထားရန်နှင့် ထောင်ပိုင်က ကျည်ဆန်စစ်ဆေးမည်ဟု ကြိမ်းမောင်းနေကြောင်း သတင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် လုပ်ငန်းခွင်မှ ခေတ္တလစ်၍ ကညင်ပင်စခန်းသို့ပြေးရသည်။





သူငယ်ချင်း ထောက်ထောင်မှူးမြင့်မောင်က လိုအပ်နေသော ကျည်ဆန်နှစ်တောင့်အပြင် အပိုဆောင်း၍ (၃)တောင့် ထပ်ပေးလိုက်သေးသည်။ ကျွန်တော် ရှေ့တန်းတပ်ခွဲတွင် ဟန်မပျက်ပြန်နေသည်။

အလုပ်သိမ်း၍ စခန်းပြန်ရောက်တော့ ကျွန်တော့်အား အဖွဲ့နှင့်စစ်ဆေးသည်။ သို့သော် ကျွန်တော်က စခန်းမှပေးထားသော ကျည်ဆန်ငါးတောင့်ကို တင်ပြနိုင်သဖြင့် ကျွန်တော့်ကို အရေးမယူနိုင်ပါ။

ကျွန်တော်ကလည်း တစ်ကွက်ကျွေးပြီး နှစ်ကွက်စားသော အလုပ်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ကျွန်တော်က ဆတ်ဖားကြီးအား အကောင်လိုက်ရောင်းလိုက်ရာ ငွေငါးသောင်းခန့်ရသည်။ ထိုအချိန်က ငွေမှာ တန်ဖိုးအတော်ရှိသေးသည်။

ကျွန်တော်စောင့်ဆိုင်းနေသောနေ့မှာ မကြာမီ ရောက်လာသည်။ ကြာသပတေးနေ့တိုင်း စခန်းရှိ ဝန်ထမ်းရဲဘက်များအား အသားကျွေးရသည်ဖြစ်သော်လည်း ယခုအပတ် ဝန်ထမ်းကိုသာကျွေး၍ ရဲဘက်များကိုတော့ အသားမကျွေးပါ။

ကျွန်တော်ပစ်ခတ်၍ရသော တောဝက်သားဟင်းဖြင့် အသားကျွေးပြီးရသော ငွေသိန်းဂဏန်းခန့်ကို ထောင်ပိုင်ကရိက္ခာ (ထောက်) ထောင်မှူးဖြင့်ပေါင်းပြီး အပျောက်ရိုက်ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ထောက်တာဝန်ခံထောင်မှူးအောင်မင်းနှင့် သွားတွေ့သည်။ ကျွန်တော့်ကိုမြင်သည်နှင့် အောင်မင်းမှာ ပျာယာခတ်နေသည်။

"သူငယ်ချင်းကိုအောင်ခိုင် . . . လာ . . . လာ . . . ကျွန်တော် ခင်ဗျားဆီလာတော့မလို့ပဲ။ ဒီနေ့ အလုပ်သိမ်းတာစောတယ်နော်"

"ခင်ဗျား ဘာကြောင့် ကျွန်တော့်ဆီလာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသားကျွေးတဲ့ကိစ္စလေ။ ထောင်ပိုင်က ဒီအပတ်အသားဝယ်မကျွေးရတဲ့အတွက် ရတဲ့ငွေကို ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ သူရယ် သုံးပုံခွဲယူမယ်လို့ပြောတယ်။ ရော့ . . . ဟော့သည်မှာ ခင်ဗျားရဲ့ ဝေစု သုံးသောင်းကျော်တယ်"

"မလိုချင်ဘူး။ ကျွန်တော် တောဝက်သားကျွေးတာက စခန်းကိုလှူတာ။ ခင်ဗျားတို့ မနက်ဖြန်စခန်းကို အသားကျွေးပါ မကျွေးရင် ကျွန်တော်ရုံးချုပ်ကို တိုင်မယ်"

"မလုပ်ပါနဲ့ ကိုအောင်ခိုင်ရယ်။ နောက်ဆုံးတော့ ကျွန်တော်ပဲ ထိမှာ။ ထောင်ပိုင်က ကျွန်တော့်ကိုပဲ အပြစ်ပုံချမှာ။ ကျွန်တော် ရှယ်ယာ မယူတော့ပါဘူးဗျာ။ ခင်ဗျားပဲ ယူလိုက်ပါတော့နော် ကိုအောင်ခိုင်"

"မရဘူး၊ ဘယ်သူမှမယူရဘူး။ ကျုပ်လည်း တစ်ပြားမှမယူဘူး။ ဝန်ထမ်းနဲ့ရဲဘက်တွေ သနားစရာ။ အလုပ်က ဘယ်လောက်ပင်ပန်းသလဲ ခင်ဗျားအသိ။ ကျုပ်က ခေါင်းပုံဖြတ်တဲ့အပူစာကို မစားဘူး။ မနက်ဖြန် အသားကျွေးဖို့ ခင်ဗျားထောင်ပိုင်ကို သတင်းပို့ပြီး စီစဉ်ပါ။ မကျွေးရင်တော့ ကျုပ်အကြောင်း ကောင်းကောင်းသိစေရမယ်။ ဒါပဲ။

အောက်နှင့်အထက် သဘောညီလျှင်တော့ ပြဿနာမဖြစ်နိုင်ပါ။ တောစခန်းမှ ဝန်ထမ်းနှင့်ရဲဘက်များမှာ တစ်ပတ်တစ်ခါ အသားစားရလျှင်ပင် ကျေနပ်ကြပါသည်။ ကျွန်တော်က အသားသွင်းသူသဘောနှင့် ဝေမျှစားလျှင်လည်း ပြဿနာမဖြစ်နိုင်ပါ။

ယခုတော့ အောက်လက်ငယ်သားများအား ဆက်ဆံရေးညံ့ဖျင်းသော စခန်းတာဝန်ခံထောင်ပိုင်အတွက် ကျွန်တော်‌့ ပညာပေး






လိုက်ခြင်းဖြစ်သည်။ နောက်တစ်နေ့တွင် စခန်း၌ အမဲသားကျွေးပါသည်။ တစ်ပတ်တည်း နှစ်ကြိမ်အသားစားရ၍ ရဲဘက်နှင့်ဝန်ထမ်းများ ဝမ်းသာပျော်ရွှင်နေကြသည်။ စခန်းတာဝန်ခံထောင်ပိုင်ကတော့ ကျွန်တော့်အပေါ် မည်သို့ တုံ့ပြန်မည်ဆိုသည်ကို စောင့်ကြည့်ရပေဦးမည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




## [ ၁ ]

❑

ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်စဉ်ကဖြစ်ပါသည်။ တာဝန်ခံထောင်ပိုင်ကြီးမှာ မစ္စတာဘီမဂ္ဂနန်းဖြစ်သည်။ အင်္ဂလိုအင်ဒီးယန်းလူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း ဇနီးသည်မှာ ကရင်လူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ထောင်တွင်းသို့ အကျဉ်းသား၊ အချုပ်သား အဝင်အထွက်နည်းပါးသည်။ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့များမှာ ရုံးပိတ်ရက်ခံနေသဖြင့် အကျဉ်းသား၊ အချုပ်သား အဝင်အထွက်များတတ်ပါသည်။

ကျွန်တော်က အချုပ်ရုံးထောင်မှူးဖြစ်သည်။ ယနေ့စောစီးစွာ အချုပ်သား အာမခံလူလွှတ်ပြီးသဖြင့် ထောင်ပိတ်လူပေါင်း စာရင်းစစ်ဆေးရန်သာ ကျန်ပါတော့သည်။ မနက်ကလည်း ထမင်းစားကောင်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ညစာအားထောင်ပြင်ထွက်၍ အင်းစိန်ဈေးအရှေ့က ဆိုင်တွင် မိသားစု ကြေးအိုးသောက်ကြရန် ဇနီးဖြစ်သူ အမျိုးသမီးထောင်မှူး ဒေါ်ခင်မြကြွယ်နှင့် ချိန်းဆိုထားပါသည်။

ညနေငါးနာရီခန့်သာရှိသေးသဖြင့် ထောင်ပိတ်ရန်အချိန်စော သေးသောကြောင့် ကျွန်တော်တာဝန်ကျရာ အိပ်ဆောင်(၂)ဝင်းအတွင်း လှည့်ပတ်ကြည့်ရှုပြီး မိလ္လာချောင်နှင့်ရေချိုးကန်၊ အသီးအနှံစိုက်ခင်း များအား လှည့်လည်စစ်ဆေးပါသည်။

တစ်ဆက်တည်း အဆောင်ပြတင်းတံခါး၊ သံတိုင်များနှင့် အဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့်လုံခြုံရေးကိုလည်း စစ်ဆေးပါ သည်။ စည်းကမ်းရှိသော ထောင်တွင်းအချုပ်ဆောင်ဖြစ်သဖြင့် အမှိုက် တစ်စ၊ ဆေးလိပ်တစ်တိုပင်မရှိပါ။

လုံခြုံရေးဝန်ထမ်းများ၊ အခန်းလူကြီး၊ ဗာရာ၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးသမားများက တာဝန်ကျေပွန်၍ ဖြစ်ပါ သည်။ ထောင်အပြင်တွင် ပရမ်းပတာ၊ စည်းကမ်းမဲ့သူများ၊ နေချင် သလိုနေခဲ့ကြသော်လည်း ထောင်တွင်းရောက်လျှင်တော့ စည်းစနစ်ကျ အောင် 'ပုံစံ' ပေးတတ်ကြသည်။ အကျဉ်းထောင်ဆိုသည်က စည်းမရှိ ကမ်းမရှိသူများအတွက် သင်တန်းပေးရာ ကျောင်းတော်ကြီးပင်ဖြစ်ချေ တော့သည်။

ထောင်ပိတ်ချိန်နီးလာပြီဖြစ်သဖြင့် အချုပ်ရုံးခန်းသို့ပြန်ပြီး အလုပ်များအား လက်စသိမ်းရသည်။ ရုံးခန်းတွင် တာဝန်ကျသောဝန် ထမ်းနှင့် ရဲဘက်များကိုလည်း အိပ်ဆောင်ပေါ်သို့တက်စေပြီး တန်းစီ လူစစ်ဆေးရန် အသင့်ပြင်ဆင်ခိုင်းပြီး မိန်းဂျေးသို့ထွက်ခဲ့ပါသည်။ Main Jail ၌ အဆောင်မှူးများစုဝေးထိုင်ကြပြီး အကျဉ်းသား၊ အချုပ်သား ရုံးပြန်များအား စောင့်ရဦးမည်ဖြစ်ချေသည်။





ညနေခြောက်နာရီ ထောင်ပိတ်ချိန်တွင် ထောင်ပိုင်ကြီး မစ္စတာ ဘီမဂ္ဂနန်း ရောက်ရှိလာပါသည်။ ကျွန်တော်တို့ ထောင်အရာရှိအုပ်စု မတ်တတ်ရပ်၍ အလေးပြုကြစဉ် ထောင်ပိုင်ကြီးမှ ပြန်လည်အလေး ပြု၍ •••

"ထိုင်ကြပါ၊ ထိုင်ကြပါ။ ဦးသိန်းဝင်းတို့ ထောင်ပိတ်အဖွဲ့ ကနေ့ ညထောင်ပိတ်ပြီးတာနဲ့ Stand By နော်။ အိမ်မပြန်ကြနဲ့ဦး"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

ကျွန်တော် အလွန်စိတ်ညစ်သွားပါသည်။ ထောင်လုပ်ငန်းမှာ (၂၄)နာရီ တာဝန်ရှိသော်လည်း Stand By ဆိုလျှင် ထောင်အပြင်ဘက် သို့ပင် မထွက်ရတော့ပါ။ ထောင်တွင်း၌ပင် ဖြစ်သလိုစား၍ အသင့် အနေအထား နေရပါတော့မည်။ ကြိုးသမားကိစ္စ ဖြစ်ဟန်တူပါသည်။ သို့သော် ကျွန်တော်တို့ ကြိုတင်မသိရှိနိုင်ကြပါ။ လျှို့ဝှက်သောကိစ္စများ ကို နီးမှကပ်၍ပြောသည်မှာ ထောင်အထာပင်ဖြစ်သည်။

ထောင်ပိုင်ကြီးက အဆောင်များအား လှည့်ပတ်ကြည့်ရှုပြီး သည်နှင့် မိန်းဂျေးတွင်ဝင်ထိုင်သည်။ ကျွန်တော်တို့ထောင်မှူးအဖွဲ့များ သို့လောသို့လောနှင့် တစ်ဦးမျက်နှာတစ်ဦးကြည့်ကြရင်း အဆောင်အသီး သီးမှ လူပေါင်းစာရင်းယူ၍ ထောင်ပိတ်ကြရာ ညဦ့ခုနစ်နာရီအချိန် တွင် ထောင်တွင်း လူပေါင်းအဝင်အထွက် ကိုက်ညီသဖြင့် ထောင်ပိတ် စာရင်းစာအုပ်ကြီးတွင် အသီးသီး လက်မှတ်ထိုးကြရပါသည်။

အကျဉ်းထောင်ဆိုသည်မှာ ဘဏ်တိုက်ကြီးနှင့် အလွန်တူပါ သည်။ ဘဏ်များတွင် မွန်းလွဲနှစ်နာရီချိန်တွင် ဘဏ်ပိတ်၍ အဝင်အထွက် ငွေပေါင်းစာရင်း စစ်ဆေးရသည်။ ထောင်တွင်တော့ ညနေခြောက်နာရီ



www.burmeseclassic.com

www.burmeseclassic.com



အထိ တရားရုံးပြန်များကို စောင့်ဆိုင်းပြီးမှ စစ်ဆေး၍ ထောင်ပိတ်စာရင်း ပြုလုပ်ရပါသည်။

ထောင်ပိတ်ပြီးစီးကြောင်း ဂိတ်မကြီးသို့ ဖုန်းဆက်သဖြင့် ဗဟို ကင်းမှ ထောင်ပိတ်သံချောင်း သုံးချက်ခေါက်သည်။

''ဒေါင် . . . ဒေါင် . . . ဒေါင်''

ထောင်တွင် အချက်ပေးသံချောင်းခေါက်သံ အမျိုးမျိုးရှိသည်။ (၁၅)မိနစ်တစ်ကြိမ် နာရီခေါက်သံနှင့် အရေးပေါ်ဒုန်းစိုင်း၍ သံချောင်း မွှေသံ၊ အချက်ပြ 'အေးစေ' ဖြည်းလေးသော ခေါက်သံဟူ၍ အမျိုးမျိုး ရှိပါသည်။

ထိုစဉ် ထောင်ပိုင်ကြီးမှာ အေးဆေးသော အမူအရာဖြင့် . . .

''ကဲ . . . ဦးသိန်းဝင်းတို့၊ ဦးလှမြင့်တို့ ထောင်ပိတ်ပြီးရင် ရိက္ခာ ဌာနက လက်နှိပ်ဓာတ်မီးနဲ့ လက်ကိုင်တုတ်တွေထုတ်။ တံခါးကြီးက အလုပ်ဘက်ဂိုဒေါင်သော့တွေပါ ယူခဲ့ပါ''

''ဟုတ်ကဲ့ ထောင်ပိုင်ကြီး''

ကျွန်တော်တို့အဖွဲ့များ လူခွဲ၍ ဝန်ထမ်းများကိုပါခေါ်ပြီး ရိက္ခာ ဌာနမှ လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲ၊ လက်ကိုင်တုတ်များပါထုတ်ပြီး တစ်ဖွဲ့က တံခါးကြီးတွင် အလုပ်သိမ်း၍အပ်နှံထားသော အလုပ်ဘက် ဝင်းသော့များကိုပါ ထုတ်ယူကြပါသည်။

ထောင်လည်း ပိတ်ပြီးချေပြီ။ လူလည်း မပျောက်ပါ။ အဘယ် ကြောင့် အလုပ်ဘက်ဝင်းအတွင်း ဝင်ရောက်စီးနင်းရမည်ကို ကျွန်တော် တို့ စဉ်းစား၍မရပါ။ ထောင်ပိုင်ကြီးမှာ တစ်ခါတစ်ရံ ဤသို့ပင် ပဟေဠိ ဆန်သောအလုပ်များကို လုပ်တတ်ပါသည်။

✿ ✿ ✿

[ ၂ ]

□

ကျွန်တော်တို့အဖွဲ့ တုတ်ကိုယ်စီ၊ လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် အလုပ်ဘက်ဝင်းသို့ ချီတက်ခဲ့ကြပါသည်။ ပထမဆုံးအလုပ်ဘက် ဖိနပ် ချုပ်ဂိုဒေါင်ဝင်းအား ဖွင့်ပြီး ဂိုဒေါင်များအသီးသီးရှေ့သို့အရောက်တွင် ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းက သူကိုယ်တိုင် တုတ်တစ်ချောင်းဆွဲ ယူပြီး . . .

''ကဲ . . . ဝန်ထမ်းအားလုံး ဂိုဒေါင်တွေအထဲ လူခွဲဝင်မယ်။ တွေ့သမျှ ဆက်ရက် (ဇရက်)ငှက်တွေနဲ့ ခိုငှက်တွေကို မလွတ်တမ်း ရိုက်မယ်။ ငှက်ချေးတွေကြောင့် တန်ဖိုးကြီးတဲ့ ဖိနပ်ချုပ်သားရေပြား တွေ ပျက်စီးကုန်ပြီ။ ဒီငှက်ချေးတွေက ဖော့စ်ဖရပ်စ်(မီးစုန်းဓာတ်)တွေ ပါလို့ သားရေပြားတွေ ပျက်စီးတာ။



www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေက ဒီဂိုဒေါင်တွေအထက် မျက်နှာကြက် သွပ်နန်းကြီးတွေပေါ်မှာ တန်းစီပြီးအိပ်ကြတာ။ အသံမထွက်စေနဲ့။ ခြေသံလုံလုံနဲ့ ချဉ်းကပ်။ မီးထိုးတဲ့သူက မီးထိုးပေး။ သားရေပုံတွေပေါ်တက်ပြီး ရိုက်တဲ့သူကရိုက်။ ကဲ ... လူခွဲ။ အလုပ်စတော့ ...''

ကျွန်တော်တို့အုပ်စု လူစုခွဲ၍ ငှက်ရိုက်ပွဲတော် ဆင်နွှဲကြပါတော့သည်။ ဆက်ရက်များမှာ သားရေပုံကြီးများအပေါ်၌လည်းကောင်း၊ ခိုငှက်များမှာ မျက်နှာကြက်၊ သွပ်နန်းကြီးများအပေါ်၌လည်းကောင်း၊ တန်းစီ၍ အိပ်တန်းတက်နေကြပါသည်။

မီးထိုးပြသည်နှင့် ကျွန်တော်တို့ လူစုခွဲပြီး စနစ်တကျ အကန့်ခွဲ၍ ရိုက်ကြပါသည်။ လက်သံပြောင်စွာ ရိုက်ကြပြန်၍ ငှက်များ အပုံလိုက်ကျသည်။ လွတ်သွားသော ငှက်များကလည်း 'ကျလိ ... ကျလိ ... ကျလစ် ... ကျလစ်' အော်မြည်ကာ ပျံသန်းပြေးလွှားကြသော်လည်း ညဘက်ဖြစ်၍လည်းကောင်း၊ အုတ်ကျွတ်အမိုးအောက်တွင် သွပ်နန်းကြီးဆန်ခါကွက် ရက်လုပ်ကာရံထားသဖြင့် လွတ်သွားသည့်ငှက်အလွန်နည်းပါသည်။ ကျွန်တော်တို့အုပ်စုရိုက်သော ဖိနပ်ချုပ်ဂိုဒေါင် (၁)တွင် ဆက်ရက် (ဇရက်)နှင့် ခိုပေါင်းအကောင် (၂၀၀)ခန့် ရရှိပါသည်။

ထောင်ပိုင်ကြီးက ...

''ဦးသိန်းဝင်းတို့ ... ဒီဂိုဒေါင်မှာ ငှက်တွေကုန်ပြီ။ နောက်ဂိုဒေါင်တစ်ခုကို ပြောင်းမယ်။ ဦးလှမြင့်တို့အဖွဲ့ကလည်း ဘယ်လောက်ရကြသလဲ မသိဘူး။ တပ်ကြပ်ကြီးစောလက်ဝါး ငှက်သေတွေကို အစောကဖိုကြီးကယူလာခဲ့တဲ့ ဆန်အိတ်တွေထဲ ထည့်ထား။ တစ်ကောင်မှ မကျန်ရစ်ခဲ့စေနဲ့''

စိတ်ကူးသစ်စာပေ



''ဟုတ်ကဲ့ပါ ထောင်ပိုင်ကြီး ကျွန်တော်ခိုတွေနဲ့ ဆက်ရက်ငှက်တွေကို ခွဲခြားရေတွက်ပြီး ဆန်အိတ်တွေအထဲ ထည့်ထားပါ့မယ် ထောင်ပိုင်ကြီး''

''ဘဲရီးဂွတ် ... ဆက်လုပ်''

ကျွန်တော်တို့အဖွဲ့ ဂိုဒေါင်(၂)သို့ ပြောင်းကြပါသည်။ ဂိုဒေါင်(၂)တွင် ငှက်များပိုများသည်။ ဒုတိယအကြိမ်ဖြစ်၍ ကျွမ်းကျင်သွားသောကြောင့် မီးထိုးသမားက စနစ်ကျသလို ရိုက်သမားကလည်း ကျွမ်းကျင်စွာရိုက်ကြရာ လျင်မြန်စွာပြီးစီးသလို ငှက်ပေါင်းအကောင် (၃၀၀)ခန့်ရရှိပါသည်။ ဆက်ရက် (ဇရက်) ငှက်များက အရေအတွက် ပိုများပါသည်။

ငှက်သေများအား တပ်ကြပ်ကြီးစောလက်ဝါးက စနစ်တကျအသေအချာကောက်ပြီး အိတ်များအတွင်းထည့်သွင်းရာ အိတ်နှစ်လုံးအပြည့်ရသည်။ ဦးလှမြင့်တို့အဖွဲ့ကတော့ ကျွန်တော်တို့အဖွဲ့လောက်မရကြပါ။ ငှက်သေ (၂၀၀) ခန့်သာရသည်။

ကျွန်တော်တို့အဖွဲ့က ဂိုဒေါင်နှစ်လုံးပေါင်း ငှက်သေ(၅၀၀)ခန့်ရရှိသဖြင့် သူတို့အဖွဲ့နှင့်ပေါင်းပါက ငှက်သေ(၇၀၀)ခန့်ဖြစ်ပါသည်။ ရှင်းလင်းရေးလုပ်ငန်းများပြီးတော့ လူစစ်၊ ပစ္စည်းများစစ်၊ ဂိုဒေါင်များအား သော့ခတ်ပြီး Main Jail သို့ပြန်ခဲ့ကြသည်။

Main Jail တွင်ထိုင်၍ ခေတ္တနားကြစဉ် ထောင်ပိုင်ကြီးက ညမီးဖိုခေါင်းအား ခေါ်ပြီး ...

''ဖိုခေါင်း ... ငှက်တွေကို ရေနွေးဖျောပြီး အမွေးစင်အောင်နုတ်ပါ။ ခြေသည်းနှုတ်သီးတွေဖြတ်၊ ကလီစာတွေ နုတ်ပြီး ရေစင်စင်ဆေးပြီးတာနဲ့ ဆနွင်း(နနွင်း) သုတ်ပြီး ကြော်ပေးပါ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးသိန်းဝင်းတို့လုပ်ရမှာက ငှက်တွေကိုကြော်ပြီးရင် ကျွန်တော့်အိမ်ကို လေးငါးဆယ်ကောင်ပို့လိုက်ပါ။ ကျွန်တော် အရက်နဲ့မြည်းမယ်။ ခင်ဗျားတို့ကတော့ အကျဉ်းထောင်ဥပဒေအရ ထောင်တွင်း အရက်သောက်ခွင့်မရှိတာကြောင့် ငှက်ကြော်တွေကို ရေနွေးကြမ်းနဲ့ပဲ မြည်းပါ။ ပြီးရင် Stand By ဖြုတ်ပါ။ အရက်သောက်တတ်တဲ့ အရာရှိတွေကတော့ ငှက်ကြော်တွေကို အိမ်အထိယူဆောင်သွားနိုင်ပြီး အိမ်ရောက်မှ အရက်နဲ့မြည်းနိုင်ပါတယ်။ ဒါ အမိန့်ပဲ။ ကျွန်တော်ပြန်မယ်"

ကောင်းလိုက်တဲ့ အမိန့်။ တော်လိုက်တဲ့ Stand By။ ထောင်တွင်းညမီးဖိုကြီးတွင် အကျဉ်းသားလုပ်အားများသဖြင့် တစ်နာရီခန့်ဖြင့် ငှက်ကြော်များ အကုန်ကျက်ပါသည်။ ထောင်ပိုင်ကြီးထံသို့ ဆက်ရက်(ဇရက်)ကြော် (၁၀)ကောင်နှင့် ခိုကြော်(၁၀)ကောင်ပို့လိုက်ပြီး ကျွန်တော်တို့အဖွဲ့ဝင်များ ဆက်ရက်ကြော်၊ ခိုကြော်နှင့် လုံးတီးဆန်ထမင်းပူပူလေးကို ဆီဆမ်း၊ ဆားဖြူးပြီး လွေးကြတော့သည်။ လတ်ဆတ်ပြီး ပူပူနွေးနွေးဖြစ်၍ အလွန်အရသာရှိလှပါသည်။

စားပြီးတော့လည်း ငှက်ကြော်များပိုလျှံနေသေးသဖြင့် ဖိုကြီးညမီးရဲဘက်များအား ဆက်ရက်ကြော် နှစ်ကောင်စီဝေသည်။ ဝန်ထမ်းများအား ဆက်ရက်ကြော် ငါးကောင်စီနှင့် ခိုကြော်တစ်ကောင်စီ ဝေသည်။ ကျွန်တော်တို့ ထောင်ပိတ်အရာရှိများလည်း ခိုကြော်တစ်ကောင်စီနှင့် ဆက်ရက်ကြော်နှစ်ကောင်စီ ယူကြသေးသည်။

ပိုသောငှက်ကြော်များအား ရိက္ခာဌာနဝန်ထမ်းများနှင့် ဗဟိုတံခါးကြီးဝန်ထမ်းများအား ပေးဝေသည်။ ပိုသေးသဖြင့် ယနေ့ညတာဝန်မကျသော ထောင်မှူးကြီး၊ ထောင်မှူးများအိမ်သို့ပါ ညတံခါးကြီးတာဝန်ခံ





နှင့် လုံခြုံရေးဂိတ်စခန်းက ဖြန့်ဝေပေးရန် တာဝန်ပေးခဲ့ပြီး ကျွန်တော်တို့လည်း တစ်ညတာနားနေရန် မိမိတို့အိမ်ရှိရာသို့ အသီးသီးပြန်ခဲ့ကြပါသည်။

ညဉ့်နက်ပြီဖြစ်သဖြင့် အိမ်သူသက်ထားဇနီးမယားအား အင်းစိန်ဈေးဘက်ထွက်ပြီး ကြေးအိုးမတိုက်နိုင်တော့သော်လည်း လတ်ဆတ်ပြီး ကြွပ်ရွနေသည့် ခိုကြော်နှင့်ဆက်ရက်(ဇရက်) ငှက်ကြော်များကိုတော့ မျက်နှာလုပ်၍ ချော့မော့နိုင်မည် ဖြစ်ပါတော့သတည်း။

(မှတ်ချက်။ ။ တစ်ခါတစ်ရံအတည်ပေါက်နှင့် နောက်ပြောင်တတ်သော ကွယ်လွန်သွားရှာသူ ထောင်ပိုင်ကြီးမစ္စတာဘီမဂ္ဂနန်းအား အမှတ်တရရေးပါသည်။)

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ကျွန်တော်တာဝန်ကျသောစခန်းက မအူပင်စခန်းမကြီးဖြစ်သည်။ ကျွန်တော်တို့စခန်းကြီးလက်အောက်တွင် ပျဉ်းမပင်စခန်းခွဲနှင့် လျှော်တုန်းစခန်းခွဲတို့ရှိကြသည်။ ရဲဘက်ကြီးစခန်းများဖြစ်ကြ၍ လွတ်လပ်သည်။ ရဲဘက်များအား ခြေချင်းခတ်မထားပါ။ အပြာဝတ်စုံကို ဝတ်ကြပြီး ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်ရေးအတွက် သစ်တောများကိုရှင်းရသော အလုပ်တာဝန်ကို ထမ်းဆောင်ကြရသည်။

ကျွန်တော်တို့ မအူပင်ဆိပ်စခန်းကြီးက ပဲခူးချောင်းနံဘေးဖိုးတောကြီးရွာတစ်ဖက်ကမ်း မြေပြန့်လွင်ပြင်ပေါ်၌ တည်ရှိသည်။ ထို့ကြောင့် စခန်းပတ်လည်၌ လယ်စိုက်ရသေးသည်။ ပဲခူးရိုးမတောင်ခြေဖောင်းတူရွာနှင့်လည်း နီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်တော့်အဆင့်မှာ ထောင်မှူးဖြစ်သည်။ စခန်းတာဝန်ခံထောင်ပိုင်နှင့် အဆင်မပြေသဖြင့် ရှေ့တန်းသို့ သေနတ်ထမ်း၍လိုက်နေရသည့် ရဲဘော်တပ်ခွဲမှူးဖြစ်သည်။ ကျွန်တော့်လက်အောက်တွင် ရှေ့တန်းတပ်ကြပ်ကြီး ဦးရွှေဝင်းနှင့် တပ်သား(၁၀)ဦး၊ ရဲဘက်ကြီး (၁၀၀)ယောက်ရှိသည်။

အလုပ်မှာ တောရှင်း၊ ငုတ်ထုတ်၊ မီးရှို့ကျွန်းခွေရသော အလုပ်ဖြစ်သည်။ ယခုလို မတ်လဆန်းနွေဦးပေါက်ရာသီတွင် အလွန်ပင်ပန်းသည်။ သစ်တောရှင်းရသည်မှာ အရိပ်ခိုစရာရှိသေးသည်။ တောရှင်းပြီးငုတ်ထုတ်၊ မီးရှို့၊ ကျွန်းခွေအလုပ်မှာ ကွင်းပြောင်ကြီးထဲ၌ အလွန်ပင်ပန်းသည်။ မီးကပူသည်တစ်မျိုး၊ နေကပူသည်တစ်မျိုးဖြင့် အလွန်ပင်ပန်းဆင်းရဲလှသည်။ သို့သော် တာဝန်ဝတ္တရားအရ မလုပ်မဖြစ်လုပ်ရပါသည်။

မွန်းတည့်(၁၂)နာရီတွင် အလုပ်နားပြီး နေ့လယ်စာစားရန်ပြင်ဆင်ကြရသည်။ စခန်းမှလာကျွေးသော ပဲဟင်းကို ပုတတ်စာခတ်၍လည်းကောင်း၊ ကျွန်းခွေမီးရှို့ရာမှ ရရှိလာသည့် ကြွက်၊ ရှဉ့်၊ ယုန်၊ ပူးတို့အသားကို ပဲဟင်းထဲထည့်၍ပြင်ဆင်ပြီး အရိပ်ကောင်းရာ တောစပ်သစ်ပင်အောက်၌ စားရသည်ကတော့ ကျွန်တော်တို့အတွက် နတ်သုဒ္ဓါပင်ဖြစ်သည်။ ရိုးမတောင်ခြေဖြစ်၍ အကောင်ပလောင်က အလွန်ပေါများလှသည်။ မွန်းလွဲ(၂)နာရီတွင် အလုပ်ပြန်ဆင်းရပြီး ညနေ (၄)နာရီတွင် အလုပ်သိမ်းသည်။

တနင်္ဂနွေနေ့နှင့် အများပြည်သူအလုပ်ပိတ်ရက်တွင် နားကြရသည်။ ရှေ့တန်းတပ်ခွဲအတွက် တစ်ခုကောင်းသည်မှာ နောက်တန်းလို





နေ့ရောညပါ အလုပ်တာဝန်မျိုးမရှိ။ အရေးပေါ်ကိစ္စမှလွဲ၍ ညနေ(၄)နာရီတာဝန်ပြီးသည်နှင့် ကိုယ်ပိုင်နားနေချိန်ဖြစ်ပေသည်။

ကျွန်တော့်တွင် ငယ်စဉ်ကတည်းကပါလာသော ဝါသနာတစ်ခုရှိသည်။ လောက်လေးခွနှင့် လေသေနတ်ကိုဆောင်ထားပြီး အကောင်ပလောင်အား ပစ်ခတ်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဟင်းစားမပြတ်ပါ။ ငှက်အမျိုးမျိုး၊ တောယုန်နှင့် တောကြောင်၊ တောကြက်၊ ရစ်ကြက်များ မကြာခဏရတတ်သည်။

သာယာဝတီနယ်မှထောင်ကျလာသည့် ရဲဘက်မှဆိုးအောင်သန်းနှင့်တွဲမိတော့ ညမီးပါလည်ဖြစ်သည်။ စခန်းပတ်ဝန်းကျင်လယ်ကွင်းနှင့်တောစပ်မှာ ကျွန်တော်တို့ဆရာတပည့်၏ ခြေရာချင်းထပ်နေသည်။ ထို့ကြောင့်လည်း ရရှိလာသော တောကောင်များကို အောင်သန်းက ရောင်းချပေးသဖြင့် ဝင်ငွေလည်းရလာသည်။

မှဆိုးအောင်သန်းမှာလည်း ကွင်းထိုး၊ ပေါက်ကိုင်း၊ နင်းကိုင်းများကိုပါ ထောင်တတ်သဖြင့် တောကြောင်၊ တောကြက်နှင့် ယုန်များသာမက တစ်ခါတစ်ရံ တောဝက်နှင့်ချေများကိုပင် မိတတ်သည်။ ယခုလိုကာလ နွေဦးပေါက်တွင် ချေသားနှင့်စင်ပြွမ်းသီးချဉ်ရည်ဟင်းမှာ လွန်စွာ ထမင်းမြိန်စေသည်။ ပုတပ်စာပြုတ်၊ ရင်းတိုက်ရွက်နု၊ တောသရက်သီးကင်းတို့စရာနှင့် ညောင်ချဉ်ဖူးသုပ်တို့မှာ ရာသီစာများဖြစ်ကြသည်။

မည်သို့ပင် ပင်ပန်းပါစေ၊ တောစာတောင်စာစားပြီး လွတ်လပ်စွာနေကြရသောရဲဘက်များမှာ ကြဖန်ပျော်ရွှင်နေကြပါသည်။ နေ့လယ် (၂) နာရီ နားချိန်ရသဖြင့် တောစပ်တွင် ပုတပ်စာနှုတ်ကြသည်။ များရည်ရှာကြသည်။ စားလို့ရသော အသီးအရွက်များကိုလည်း ရှာကြသည်။ တောသရက်သီးများကိုလည်း ရှာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရာသီမှာ ဆင်နင်းသရက်သီးများ ပေါလှသည်။ ဆင်နင်းသရက်သီးမှာ အလုံးမဟုတ်။ အပြားဖြစ်ဖြစ်သည်။ နုစဉ်အခါတွင် တို့ပြုတ်စားရန် အသုံးတည့်သော်လည်း ရင့်မှည့်သောအချိန်တွင် အစေ့ကကြီးပြီး အမျှင်ကများသဖြင့် စားမရတော့ပါ။

ဤရာသီတွင် ပေါက်ပွင့်၊ လက်ပံပွင့်၊ ကြောင်လျှာသီး၊ ဖန်ခါးသီး၊ ဆီးဖြူသီးနှင့် တောဂွေးသီးများမှာ ပေါလှသည်။ ထို့ကြောင့်လည်း အစားအစာပေါများ၍ တောကောင်များမြူးတူးချိန်လည်းဖြစ်သည်။ ထို့ကြောင့် ဝန်ထမ်းများနှင့်ရဲဘက်များ အူစိုကြပါသည်။

✿ ✿ ✿

| ၂ |

❑

ကျွန်တော့်တွင် နံပါတ်ဝမ်းလေသေနတ်ကလေးအပြင် စခန်းက လုံခြုံရေးအတွက် ထုတ်ပေးထားသော ဒသမ (၃၀၃) အမေရိကန်ရိုင်ဖယ်သေနတ်ကြီးနှင့် ကျည်ဆန်ငါးတောင့်လည်း ရှိပါသေးသည်။ သို့သော် အရေးပေါ်ကိစ္စကလွဲ၍ ထောင်ပိုင်က ခွင့်မပြုပါ။

တစ်နေ့တွင် ရဲဘက်မုဆိုးအောင်သန်းထောင်ထားသော ခြေနင်းကိုင်းတွင် တောဝက်သိုးကြီးတစ်ကောင်နှင့် ဝက်မတမ်းမတစ်ကောင်မိနေသည်။ ယခင်ကလို ဝက်ပေါက်များမဟုတ်၍ မုဆိုးအောင်သန်းမှာ ဖြင့် မရှင်းရဲတော့။ ထို့ကြောင့် ကျွန်တော့်အား လာခေါ်သည်။

ရှေ့တန်းလုပ်ငန်းခွင်နှင့် တောဝက်များမိနေသောနေရာမှာ မဝေးလှသဖြင့် ကျွန်တော်လိုက်သွားပြီး တောဝက်များအား သေနတ်

---



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြင့် သတ်၍ရှင်းရသည်။ လေသေနတ်တည့်သူဖြစ်သဖြင့် ကျည်ဆန်နှစ်တောင့်နှင့် တောဝက်နှစ်ကောင်ရသည်။

ကျွန်တော် အချိန်(၈၀)ခန့်ရှိသော တောဝက်သိုးကြီးကို စခန်းမှ ရိက္ခာထောင်မှူးအားအပ်၍ ဝန်ထမ်းနှင့်ရဲဘက်များစားရန်အတွက် လှူလိုက်သည်။ ဝက်မတမ်းမကိုတော့ ပေါ်ပြီး ကျွန်တော်တို့ ဝမ်းတွင်းကလီစာဟင်းချက်စားကြသည်။ အသားကိုတော့ တပည့်အောင်သန်းက ရောင်းရာ ငွေ(၅၀၀၀)ကျပ်ခန့်ရသည်။ ဝန်ထမ်းနှင့်ရဲဘက်များလည်း ကျွန်တော်တို့အား ကျေးဇူးတင်နေကြသည်။

သို့သော် ညနေစောင်းတွင် နောက်တန်းတပ်ကြပ်ကြီးက ကျွန်တော့်အား လာရောက်သတိပေးသည်။

''ဆရာဦးအောင်ခိုင် ... ဝက်ပစ်လိုက်တဲ့ကျည်ဆန်အတွက် ကြိုတင်ရှာထားဦး။ ထောင်ပိုင်က ကျည်ဆန်စစ်မယ်ပြောနေတယ်''

''အများစားဖို့ပစ်တာပဲဗျာ၊ ကျည်အသုံးပြုခွင့်ပြုလိုက်လို့မရဘူးလား''

''ခွင့်ပြုမှာမဟုတ်ဘူးဆရာ။ ထောင်ပိုင်က ဆရာနဲ့ကလည်း အဆင်ပြေတာမှမဟုတ်ဘဲ။ ကျည်ဆန်သာ ရအောင်ရှာပါဆရာ''

''ဟုတ်ပါပြီ။ ကျွန်တော် သဘောပေါက်ပါပြီ။ ရှာပြီးဖြည့်ထားပါ့မယ်။ ဆရာကြီး စိတ်ချနေပါ''

''ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်က ဆရာ့ကိုခင်လို့ ထောင်ပိုင်နဲ့ပြဿနာမဖြစ်အောင် ကြိုတင်သတိပေးတာပါ''

ထို့ကြောင့် ကျွန်တော့်တပည့် မုဆိုးအောင်သန်းကိုပါခေါ်၍ မနီးမဝေးတွင်ရှိသော ကညင်နှစ်ပင်စခန်းသို့ပြေးရပြီး အပတ်စဉ်ဂူ ရိက္ခာထောင်မှူးလုပ်နေသော မြင့်ဆွေကြီးအား အပူကပ်ရတော့သည်။





မြင့်ဆွေကြီးက အလွယ်တကူပင် ကျွန်တော်လိုအပ်နေသော ကျည်ဆန်နှစ်တောင့်ကိုသာမက အပိုဆောင်း၍ ငါးတောင့်ထုတ်ပေးသည်။ အပြန်တွင် ကျွန်တော်တို့ကံကောင်းသဖြင့် ဆတ်ဖားကြီးတစ်ကောင်ကို ပစ်ခတ်ရရှိရာ အချိန်(၉၀)ခန့်ရှိသဖြင့် ဆရာတပည့် ဝါးလုံးလျှိုကာ မနည်းထမ်းပြန်ခဲ့ရသည်။

ဆတ်ကလီစာကိုသာ ဟင်းချက်စားပြီး ဦးချို၊ သားရေနှင့်အသားများအား ဇောင်းတူရွာသို့သွားရောင်းရာ ငွေကျပ်ငါးသောင်းခန့်ရသည်။ ကျွန်တော်တို့ အလွန်ပျော်ခဲ့ရသောညဖြစ်ပေသည်။

ညက သန်းခေါင်ကျော်မှ အိပ်ရာဝင်ရသဖြင့် မနက်(၅)နာရီတန်းစီရန်ဆင်းရန်ထတော့ အိပ်ရေးမဝချင်။ အလုပ်ဆင်းရန် တန်းစီကွင်းတွင် စခန်းတာဝန်ခံထောင်ပိုင်က ဝန်ထမ်းအားလုံးအား လက်နက်နှင့်ကျည်ဆန်ကို စစ်ဆေးသည်။ အထူးသဖြင့် ကျွန်တော့်အားဦးတည်၍ ပစ်မှတ်ထားခြင်းဖြစ်ကြောင်း ကျွန်တော်သိပါသည်။

ကျွန်တော့်ကိုစစ်ဆေးသောအလှည့်တွင် သေနတ်မင်းတုပ်ကဖြုတ်ပြီး ကျည်ဘောက်ထဲမှ ကျည်ဆန်ငါးတောင့်ကို ထုတ်၍ပြလိုက်တော့ ကျေနပ်သွားပါသည်။ ထို့ကြောင့် ပြဿနာကမဖြစ်ပါ။ ကျွန်တော့်တွင် ထုတ်ပေးသော ကျည်ဆန်ငါးတောင့်အပြင် ကျည်ဆန်နှစ်တောင့်အပိုရှိပါသေးသည်။ အကယ်၍သာ ပြည့်စုံအောင်ထုတ်မပြနိုင်ပါက လက်နက်၊ ကျည်ဆန်လျော့နည်းပျောက်ဆုံးမှုဖြင့် အရေးယူခံရမည်မှာ အသေအချာပင်ဖြစ်သည်။

ထောင်ပိုင်မှာ ကျွန်တော့်အား ကျည်ဆန်ပျောက်ဆုံးမှုဖြင့် အပြစ်ရှာမရတော့ အခြားနည်းမျိုးစုံဖြင့်အပြစ်ရှာဦးမည်မှာ သေချာပါသည်။ ထို့ကြောင့်ကျွန်တော်ကလည်း ထောင်ပိုင်အပြစ်ရစေရန် နည်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံသုံး၍ ဆန့်ကျင်သွားရန် သန္နိဋ္ဌာန်ချမှတ်မိတော့သည်။ ဘယ်သူကံဆိုး၊ ကံကောင်းဖြစ်မည်လဲ အချိန်ကာလကို အောင့်အည်းသည်းခံ၍ စောင့်ကြည့်ရန်သာရှိပါတော့သည်။

အပတ်စဉ် ထုံးစံကြာသပတေးနေ့တွင် အသားကျွေးရမည် ဖြစ်သော်လည်း ယခုအပတ်တွင်မကျွေးပါ။ အင်္ဂါနေ့က ကျွန်တော်ပစ်၍ကျွေးသောတောဝက်သားကို အသားစားရက်အဖြစ်ရော၍ သတ်မှတ်လိုက်ဟန်တူပါသည်။

ဤကိစ္စက စခန်းတာဝန်ခံသဘောမတူဘဲ လုပ်မရ။ ထို့အတူ ကျွေးမွေးလှူဒါန်းသူ ကျွန်တော့်သဘောမပါဘဲလည်း လုပ်၍မရနိုင်ပါ။ ထို့ကြောင့် ကျွန်တော်မောင်းတင်ပြီး ထောက်ထောင်မှူးအိမ်သို့ ချီတက်ခဲ့ပါသည်။

"ဟော . . . လာ . . . ကိုအောင်နိုင်။ ကျွန်တော်လည်း အခုပဲ ခင်ဗျားဆီလာတော့မလို့ပြင်နေတာ"

"ခင်ဗျားက ဘာကိစ္စ ကျွန်တော့်ဆီလာမှာလဲ"

"အသားရိက္ခာအတွက် ညှိဖို့ပေါ့ဗျာ။ ခင်ဗျားက အလကားရတဲ့ တောဝက်ကိုပစ်ပြီး ရိက္ခာသွင်းတယ်။ ကျွန်တော်တို့က စခန်းကို ကျွေးတယ်။ အဲဒါကြောင့် အသားရိက္ခာသွင်းလို့ ရရှိတဲ့ငွေကို သုံးပုံပုံမယ်။ ငွေကျပ်ကိုးသောင်းလောက်ရတာမို့ ထောင်ပိုင်ကတစ်ပုံ၊ ကျွန်တော်က တစ်ပုံ။ ရော့ . . . ခင်ဗျားကတစ်ပုံ။ ငွေသုံးသောင်း ယူပေတော့"

"ခင်ဗျားကို ဘယ်သူက အသားရိက္ခာသွင်းပြီး ရောင်းတာပါလို့ ပြောခဲ့သလဲ။ ကျွန်တော် ဝန်ထမ်းနဲ့ရဲဘက်တွေကိုကျွေးဖို့ လှူတာပါလို့ပဲပြောခဲ့တာ။ ဒါကြောင့် ဒီငွေကို ကျုပ်မယူနိုင်ဘူး။ ခင်ဗျားလည်း





မယူနဲ့။ ဘယ်သူမှလည်း မယူရဘူး။ မနက်ဖြန် သောကြာနေ့၊ ကြာသပတေးနေ့အစား အသားကျွေးပါ။ မကျွေးရင်တော့ ကျုပ် ရုံးချုပ်ကိုတိုင်မယ်"

"ဟာ . . . ကိုအောင်နိုင်၊ အဲလိုတော့ မလုပ်ပါနဲ့ဗျာ။ ခင်ဗျားတိုင်ရင် ထောင်ပိုင့်ကိုထိမှာမဟုတ်ဘူး။ ကျွန်တော့်ကိုပဲ လွှဲချမှာ။ ကျွန်တော့်ရှယ်ယာကိုလည်း ခင်ဗျားပဲ ယူလိုက်ပါတော့ဗျာ။ တိုင်တော့မတိုင်ပါနဲ့။ တောင်းပန်ပါတယ်ဗျာ နော် . . . ကိုအောင်နိုင်"

"နိုး . . . နိုး . . . မရဘူး။ ကျွန်တော်လည်း တစ်ပြားမှမယူဘူး။ မနက်ဖြန် အသားဆက်ဆက်ကျွေးပါ။ မကျွေးရင် တိုင်မှာအသေအချာပဲ။ ကျွန်တော်က အလုပ်တစ်ခုကို လုပ်ပြီဟေ့ဆိုရင် နောက်မဆုတ်ဘူး။ ဝမ်းနည်းပါတယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

နောက်တစ်နေ့ နေ့လယ်စာအဖြစ် အမဲသားကျွေးသည်။ ခေန်း မှ ဝန်ထမ်းနှင့်ရဲဘက်များ ဝမ်းသာနေကြသည်။ ဝမ်းမသာနိုင်သူများ ကတော့ ဤစခန်းမှ ဝင်ငွေ့လျော့သွားသော ထောင်ပိုင်နှင့် ထောက် ထောင်မှူးတို့ပဲ ဖြစ်ပါလိမ့်မည်။ ကျွန်တော့်ကိုလည်း ကျေနပ်ကြမည် မဟုတ်။ ပျော့ကွက်ကိုစောင့်နေကြမည်မှာ ကေန်အမှန်ဖြစ်သည်။

ကျွန်တော်ကလည်း အမှားအယွင်း အပြစ်အနာအဆာမရှိ အောင်နေသည်။ အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ လောင်းကစားမလုပ်၊ မိန်းမကိစ္စဝါသနာမပါသော ကျွန်တော့်အတွက် အပြစ်ရှာရန်ကိစ္စ ရှားလွန်းလှသည်။

သို့သော် လူ့ကံဆိုသည်က အနိမ့်၊ အမြင့်ရှိသည်။ ကျွန်တော် ဝါသနာပါသောလက်နက်က ကျွန်တော့်ကို တစ်နေ့တွင် ဒုက္ခပေးတော့





သည်။ ထိုနေ့က တနင်္ဂနွေနေ့၊ အလုပ်ပိတ်ရက်။ ဟင်းစားပြတ်ပြီဖြစ်၍ ကျွန်တော် ညမီးလည်ရန် လေသေနတ်ကိုဖြုတ်ပြီး ဝါရှာလဲနေသည်။ ခေါင်းချိုးသေနတ်ဖြစ်၍ လေလုံပြီး ကျည်အားပြင်းစေရန် ဝါရှာကို မကြာ ခဏလဲပေးရသည်။ စပရိန်လည်း ကန်အားပျော့နေ၍ အသင့်ဆောင် ထားသော စပရိန်အသစ်ကိုလဲရသည်။

ပြီးနောက် ခဲသီးမထည့်ဘဲ မောင်းတင်၍စမ်းကြည့်သည်။ စပရိန်အသစ်ဖြစ်၍ မောင်းချိုးရသည်မှာ အလွန်လေးသည်။ ပြန်ဖြုတ် ပြီး အမဲဆီနှင့် အင်ဂျင်ဝိုင်ရော၍ နည်းနည်းထည့်ရသည်။ သို့မှသာ အဆင်ပြေသွားတော့သည်။ ထို့ကြောင့် ခဲသီးထည့်ပြီး တဲရှေ့က ချောင်း ထဲသို့ ချိန်ပြီးပစ်ထည့်လိုက်ပါသည်။

"ဖန်း ... အား ..."

ဟူသောအော်သံကို ကြားလိုက်ရသည်။ ချောင်းထဲ၌ လေ့ အံ့သွားအလာအလွန်ရှားသဖြင့် ကျွန်တော် စမ်းပစ်နေကျဖြစ်သည်။ သို့သော် ဤတစ်ကြိမ်တော့ ကံဆိုးလေပြီ။ မျက်စိတစ်မှိတ် လျှပ်တစ် ပြက်အတွင်း ဖြစ်ပွားခြင်းဖြစ်သည်။ ကျွန်တော် မနေသာပါ။ ချောင်းထဲ သို့ အပြေးဆင်းကြည့်မိသည်။

ပဲခူးမှပြန်လာသည့် စခန်းတာဝန်ခံထောင်ပိုင်စီးလာသော ပုံ ထောင်စက်လှေဖြစ်သည်။ စက်လှေသမားက မတ်တတ်ပုံကိုင်လာ၍ လက် မောင်းကိုမှန်ခြင်းဖြစ်သည်။ သို့သော် ရုပ်မှန်ခြင်းဖြစ်၍ ခဲသီးက အသား ထဲဝင်မနေပါ။ လက်မောင်းသားတော့ အတန်ငယ်ပွဲသွားသည်။

ထိုစဉ် ထောင်ပိုင်က ...

"ကိုအောင်နိုင် ... ခင်ဗျားပစ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ မတော်တဆမှန်သွားတာပါ"

ကျွန်တော်ကလည်း တောင်ပိုင်က တစ်ခွန်းတည်းမေးသလို ကျွန်တော် တစ်ခွန်းတည်းဖြေသည်။ စက်လှေဆိပ်ကမ်းရောက်တော့ ကျွန်တော် လှေသမားအား တောင်းပန်ပြီး ဇောင်းတူရွာဆေးခန်းသို့ ခေါ်သွားပါ သည်။ စက်လှေသမားကလည်း မတော်တဆဖြစ်၍ ကျေအေးသလို ဆေးမှူးကလည်း အသိအကျွမ်းဖြစ်၍ အဆင်ပြေပါသည်။ ထိုစဉ် ရွာ ဆေးခန်းထဲသို့ ဇောင်းတူရွာရဲကင်းမှူးနှင့် ရွာလူကြီးများ ရောက်လာ ကြသည်။

"ထောင်မှူးဦးအောင်နိုင် . . . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်။ ကျွန်တော်ပါပဲ"

"ခင်ဗျားကို မအူပင်ဆိပ်စခန်းတာဝန်ခံက လိုင်စင်မဲ့လက် နက်ကိုင်ဆောင်မှုပုဒ်မ(၁၉/စ)နဲ့ သူတစ်ပါးအား ထိခိုက်နာကျင်စေမှု ပုဒ်မ(၃၈၈)နဲ့ အမှုဖွင့်ထားပါတယ်"

"ဆရာတို့ရယ် . . . ကျွန်တော်ကိုင်တာ နံပါတ်ဝမ်းလေသနတ် ပါ။ လူတကာကိုင်နေတာပါ။ အခုဖြစ်တာကလည်း မတော်တဆဖြစ် တာပါ။ ကာယကံရှင်ကလည်း ကျေအေးပြီးပါပြီ။ ဟောသည်မှာ မေးစမ်း ကြည့်ပါဦး"

"ဟုတ်ပါတယ် ဆရာ။ မတော်တဆရုပ်မှန်တာပါ။ ဒဏ်ရာ ကလည်း မကြီးပါဘူး။ ကျွန်တော်ကလည်း ကျေအေးပါတယ်"

"ခင်ဗျားတို့ ကျေအေးစာကို လက်မှတ်ထိုးပြီးကြပြီလား"

"ကျေအေးစာတော့ လက်မှတ်မထိုးရသေးပါဘူး။ ကျွန်တော့် ဒဏ်ရာက အရေးကြီးလို့ ဆေးခန်းကိုအရင်လာတာပါ"





"ဟုတ်ကဲ့။ အဲဒါဆို ရဲကင်းခဏလိုက်ခဲ့ကြပါ။ ကျေအေးစာ ကို လက်မှတ်မထိုးရသေးတော့ တရားမဝင်သေးပါဘူး။ ရဲကင်းကျမှ ဖြေရှင်းကြပါ"

စခန်းတာဝန်ခံ ထောင်ပိုင်၊ ရဲများနှင့်ပေါင်း၍ ညစ်ပြီကို ကျွန် တော်သိလိုက်ပါသည်။ ကျွန်တော့်ဘက်တွင် ကာယကံရှင်လူနာနှင့် ဆေးမှူးရှိသေး၍ တော်ပါသေးသည်။ ရဲကင်းစခန်းရောက်တော့ ကျွန် တော့်တပည့်ကျော် မုဆိုးအောင်သန်းနှင့် ရဲအချို့၊ အကျဉ်းဌာနဝန်ထမ်း အချို့၊ စခန်းအိမ်မှ ကျွန်တော်၏လေသေနတ်ကို သိမ်းဆည်းပြီး ရောက် လာကြသည်။

အပ်ဖြင့် ထွင်းရမည့်ကိစ္စလေးကို စခန်းတာဝန်ခံထောင်ပိုင်က အကျယ်ချဲ့၍ ပုဆိန်ဖြင့်ထွင်းပြီဖြစ်လေသည်။ ကျွန်တော် အလွန်ခံပြင်း သွားမိသည်။ သို့သော် ပစ္စက္ခအခြေအနေအရ ကျွန်တော့်ဘက်က အရှုံး ဖြစ်နေချေပြီ။

စခန်းတွင် အမှုဖြစ်စဉ်အကျဉ်းချုပ်ကိုမေးပြီး ကိုယ်ရေးရာဇဝင် ဖြည့်ရသည်။ ပြီးတော့ လက်မှတ်ထိုး၍ လက်ဗွေနှိပ်ရသည်။ ပြီးသည် နှင့် ကျွန်တော့်အား စက်လှေနှင့်ခေါ်သွားပြီး ပဲခူးရဲစခန်းသို့ ညတွင်း ချင်းပို့သည်။

ကျွန်တော့်တပည့် မုဆိုးအောင်သန်းမှာ ရဲဘက်ဖြစ်၍ မလိုက် နိုင်ပါ။ ငွေအချို့ကိုတော့ ကျွန်တော့်အား ကျိတ်၍ပေးလိုက်သည်။ အောင် သန်းမှာ ဝန်ထမ်းဖြစ်လျှင်လည်း စခန်းတာဝန်ခံထောင်ပိုင်က ခွင့်ပြု ည်မဟုတ်ပါ။

"ဆရာ . . . ဆရာ့အိမ်ကို ဖြစ်တဲ့နည်းနဲ့ ကျွန်တော်အကြောင်း ကြားမယ်။ စုထားတဲ့ငွေတွေလည်း ကျွန်တော်ပေးလိုက်မယ်။ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုက်လာခဲ့မယ်''

''မင်းအသာ အေးအေးဆေးဆေးနေပါ ... အောင်သန်းရာ။

ငါ့ကိစ္စ ငါရှင်းပါ့မယ်။ ကြီးကျယ်တဲ့အမှု မဟုတ်ပါဘူး''

''မပေါ့နဲ့ဆရာ။ ဒီအမှုက ချဲ့ရင်ချဲ့သလို ဖြစ်နိုင်တယ်။ ဆရာ

စိတ်ချမ်းသာအောင်တော့နေပါ''

ထိုနေ့ညက ပဲခူးရဲစခန်းသို့ ည(၁၀) နာရီခန့်မှ ရောက်သည်။ ကျွန်တော် ညစာမစားရတော့။ တပည့်ကျော် မှဆိုးအောင်သန်းပေးလိုက်သော ငွေထုပ်ကလေးအားဖြေကြည့်တော့ ငွေများနှင့်အတူ ဘီစကစ်မုန့်နှင့် သကြားလုံးများပါလာပါသည်။ အလွန်တော်၍ စိတ်ချရသော တပည့်ကောင်းဖြစ်ပေသည်။

ထိုညက မိုးချုပ်ပြီဖြစ်၍ ကျွန်တော့်အား စခန်းက မစစ်ဆေးပါ။ သို့သော် အချုပ်ခန်းအတွင်းထည့်ထား၍ နံစော်သောအနံ့နှင့် ကြမ်းပိုးကိုက်လှသောကြောင့် အိပ်မရပါ။ ဘဝတွင် အလွန်ဒုက္ခရောက်ရသော တစ်ညတာဖြစ်သည်။ မနက်လင်းတော့ ဗိုက်မှာ အလွန်ဆာလှသည်။ အချုပ်ခန်းစောင့်ရဲအား ငွေပေး၍ အစားအစာဝယ်ခိုင်းသော်လည်း မအားသေးဟုဆိုသည်။

မနက်(၈)နာရီခန့်တွင် ကျွန်တော့်ဇနီးသည်၊ သားကလေးနှင့် တပည့်မုဆိုးကျော် အောင်သန်းတို့ ရောက်လာကြသည်။ ကျွန်တော် အလွန်အံ့ဩသွားမိသည်။

''ဟောကောင် ... အောင်သန်း၊ မင်းက ဘယ်လိုရောက်လာနိုင်တာလဲ''

''ဆရာရယ် ... ဆရာမရှိတော့ ကျွန်တော့်လည်း နှိပ်စက်လာကြတော့မှာပေါ့။ ဒါကြောင့် စောစောစီးစီးကြိုတင်ပြင်ဆင်ပြီး လစ်လာ





ခဲ့တာ။ အင်းစိန်ထောင်ဝင်းထဲက ဆရာတို့အိမ်ကို ညတွင်းချင်းအရောက်သွားပြီး ဆရာကတော်ကို အကြောင်းကြားတယ်။ စုထားတဲ့ငွေတွေနဲ့ အရေးကြီးပစ္စည်းတွေလည်း ပေးပြီးပြီ။

ဩော် ... မေ့တော့မလို့။ ဆရာ ညစာမစားလိုက်ရဘူးမဟုတ်လား။ ရော့ ... ဟောသည်မှာ ပဲနံပြားနဲ့ လက်ဖက်ရည်၊ မြန်မြန်စားလိုက်ဦးဆရာ။ တော်ကြာ အဆာလွန်ပြီး အစာအိမ်ရောဂါရနေမယ်''

ကျွန်တော် ညစာတောင် မစားရသေးဘူးဆို၍ အမျိုးသမီးက စကားမပြောနိုင်ဘဲ ငိုသည်။ အမေငိုတော့ သားကလေးကလည်း လိုက်ငိုသည်။ ကျွန်တော် စိတ်မကောင်းအလွန်ဖြစ်မိသည်။ မထင်မှတ်သောကိစ္စလေးကို ပုံကြီးချဲ့၍ မိသားစုဘဝပျက်အောင်လုပ်ရက်သော အငြိုးအတေးကြီးလှသည့် စခန်းတာဝန်ခံထောင်ပိုင်ကို ကျွန်တော် အလွန်မုန်းမိသည်။ ကျွန်တော်လွတ်သည်နှင့် လက်စားချေပေတော့မည်။

မနက် (၉) နာရီခန့်၌ ပဲခူးရဲစခန်းမှာ ကျွန်တော့်အမှုကို စစ်သည်။ ထောင်မှူးမှန်းသိ၍ စခန်းမှူးက ညှာတာပါသည်။ အမှုစစ်ပြီးတော့လည်း တစ်နေ့လုံးမိသားစုနှင့် ပေးတွေ့ပါသည်။ ကျွန်တော် ရှေ့နေငှားရန်ကိစ္စ အင်းစိန်ထောင်မှအပေါင်းအသင်းများနှင့် ဆရာသမားများကို အကူအညီတောင်းခိုင်းပြီး ဇနီးသည်တို့သားအမိအား ညနေစောင်းတွင် ပြန်ခိုင်းလိုက်ရသည်။

တပည့်ကျော် မုဆိုးအောင်သန်းကတော့ မပြန်ပါ။ ကျွန်တော်စားလိုသောက်လိုရာကို တစ်မျိုးပြီးတစ်မျိုး ဝယ်ကျွေးနေသည်။ တောထဲမှာ ရှိစဉ်ကလို အင်္ကျီပြာနှင့်မဟုတ်။ ရှပ်လည်ကတုံး၊ အင်္ကျီအဖြူနှင့် ရခိုင်ပုဆိုးကို ဝတ်ဆင်ထားသည်။ ကျွန်တော်၏ အဝတ်အစားများဖြစ်ပါသည်။ အမျိုးသမီးက ဆင်ထားခြင်းဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်သန်း ... မင်း ဘယ်မှာအိပ်မှာလဲ။ တည်းခိုခန်းမှာလား"

"မဟုတ်ဘူး ဆရာ။ ဒီအနားက သူငယ်ချင်းတစ်ယောက်အိမ်မှာ နောက်ပိုင်းအဲဒီသူငယ်ချင်းက ထောင်ဝင်စာလာတွေ့လိမ့်မယ်။ ကျွန်တော် အကုန်မှာထားပြီးပြီ"

"မင်းလွတ်ရာ ကျွတ်ရာမပြေးဘူးလား"

"မပြေးပါဘူး ဆရာ။ ကျွန်တော်ဆရာ့ကို ပြုစုဖို့ထွက်လာတာပါ"

"မင်းကွာ ... အရင်အမှုက ခါးခုတ်မှုနဲ့(၂)နှစ်ထောင်ကျတာ။ နေသားတစ်နှစ်လောက်ရှိပြီဆိုတော့ လျှော့ရက်စနစ်နဲ့ နောက်(၆)လလောက်ပဲနေရတော့မှာ။ အခုလို ထွက်ပြေးတယ်ဆိုတော့ ရဲဘက်ပြေးမှုပုဒ်မ(၂၂၄)နဲ့ ထောင်ဒဏ်(၂)နှစ်အပြင် အရင်ရထားတဲ့လျှော့ရက်တွေပါ အဖြတ်ခံရမှာဆိုတော့ မင်းထောင်ထဲမှာ (၃)နှစ်လောက်နေရလိမ့်ဦးမယ်"

"ကိစ္စမရှိဘူး ဆရာ။ ကျွန်တော်က လူပျိုလူလွတ်ပဲ။ အခုလည်း ဆရာ့ကိုကူညီဖို့ ပြေးလာတာပါ။ နောက်ဆုံးဆရာနဲ့အတူ ထောင်ထဲမှာနေဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"မင်းကွာ ...။ ငါက နှစ်အကြာကြီးကျမှာမှမဟုတ်ဘဲ။ ကံကောင်းရင် လွတ်ရင်တောင် လွတ်သွားဦးမယ်"

"အဲဒီတော့လည်း ကျွန်တော်ထိုက်နဲ့ ကျွန်တော့်ကံပေါ့ ဆရာရယ်"

❀ ❀ ❀

# [ ၄ ]

❑

ပဲခူးရဲစခန်းတွင်(၃)ရက်ခန့် အချုပ်ခံရပြီး(၄) ရက်မြောက်နေ့တွင် ကျွန်တော့်အား အင်းစိန်ထောင်သို့လွှဲပြောင်းပေးရန် စီစဉ်ကြသည်။ ထိုနေ့တွင်ပင် တပည့်ကျော်အောင်သန်းက ရဲဘက်ပြေးမှုဖြင့် လာရောက်အဖမ်းခံသည်။ ရဲစခန်းမှူးက မယုံ။

ကျွန်တော်ရှင်းပြမှ လက်ခံပြီး အောင်သန်းကိုလည်း အချုပ်ထဲထည့်ထားပြီး စစ်ဆေးသည်။ ထိုစဉ် အောင်သန်းကြိုတင်စီစဉ်ထားသဖြင့် ရဲစခန်းအနီးတွင်နေထိုင်သော အောင်သန်း၏သူငယ်ချင်း တင်သောင်းက တစ်နေ့(၃)ကြိမ် အစားအစာလာပို့သည်။

တစ်ပတ်ပြည့်တော့ ကျွန်တော်တို့ဆရာတပည့်အား အင်းစိန်ထောင်သို့ပို့သည်။ အင်းစိန်ထောင်မှာ ကျွန်တော်၏မိခင်ထောင်ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများနှင့် အပေါင်းအသင်းများက ကြည့်ရှုကြသဖြင့် အဆင်ပြေပါသည်။

တရားရုံး ရုံးထုတ်စစ်ဆေးတော့လည်း အင်းစိန်တရားရုံးတွင်ပင်ဖြစ်၍ အဆင်ပြေပြန်သည်။ ကျွန်တော့်အား လက်နက်ပုဒ်မအစား ထိခိုက်နာကျင်စေမှုပုဒ်မသို့ပြောင်း၍ ထောင်ဒဏ် (၆)လချသည်။ တပည့်ကျော်အောင်သန်းကတော့ ဝန်ခံသဖြင့်ရဲဘက်ပြေးမှုဖြင့် ထောင်ဒဏ်(၂)နှစ်အပြစ်ကျသည်။

ထောင်ကျတော့လည်း အပေါင်းအသင်းများနှင့် ဆရာသမားများကောင်းမှုဖြင့် ကျွန်တော်နှင့် အောင်သန်း(၅)ဆောင်(၂)ခန်းတွင် တစ်ခန်းတည်း အတူနေရသည်။ အောင်သန်းမှာ ကျွန်တော့်အတွက် လူဖြစ်လာသလိုပင်။ ကျွန်တော့်အား အစွမ်းကုန် ပြုစုစောင့်ရှောက်ပါသည်။

ထောင်တွင်း၌ ရဲဘက်ပြေးများကို ခြေချင်းခတ်ထားလေ့ရှိသော်လည်း ကျွန်တော့်မျက်နှာကြောင့် အောင်သန်းကို ခေတ္တသာခတ်ထားပြီး ဖြုတ်ပေးသည်။ ထို့ကြောင့် (၆)လတာကာလအတွင်း ကျွန်တော် ထောင်တွင်း၌ စိတ်ချမ်းသာစွာ နေခဲ့ရသည်။

ထောင်ကျ၍ အလုပ်လည်းပြုတ်ပြီဖြစ်သဖြင့် လွတ်လျှင်ဆောင်ရွက်ရမည့်ကိစ္စများအား တပည့်ကျော်အောင်သန်းနှင့် ညစဉ်ပင် ဆွေးနွေးတိုင်ပင်ဖြစ်သည်။ တော်သေးသည်မှာ ကျွန်တော့်ယောက္ခမများဘက်က ချမ်းသာသဖြင့် ဇနီးနှင့်သားမှာ ကျွန်တော်အလုပ်ပြုတ်ပြီး ထောင်ကျသော်လည်း အခြေအနေမပျက်။

ထောင်ဝင်းထဲကအိမ်ကို ပြန်အပ်လိုက်ရသော်လည်း သူမ၏မိဘများနေထိုင်သော အင်းစိန်မြို့သစ်အိမ်တွင် ပြန်လည်နေထိုင်ကြ





သည်။ ထောင်ဝင်စာလည်း တစ်ပတ်တစ်ကြိမ်ပုံမှန်လာသည်။ အရေးပေါ်လိုအပ်ပါကလည်း ဝန်ထမ်းတပည့်ကလေးများဖြင့် ပို့ပေးတတ်သည်။

(၆) လပြည့်တော့ ကျွန်တော် ထောင်ကလွတ်သည်။ တပည့်ကျော်အောင်သန်းကတော့ ထောင်ထဲ၌ ကျန်ခဲ့ရသည်။ ကျွန်တော် တပည့်ကျော်အောင်သန်းအား (၂)ပတ်တစ်ကြိမ် ထောင်ဝင်စာသွားတွေ့၍ လိုအပ်သမျှပံ့ပိုးပေးသည်။ တစ်ဖက်ကလည်း အလုပ်ရှာပြီး မအူပင်ဆိပ် ထောင်ပိုင်အကြောင်းကိုလည်း စုံစမ်းထောက်လှမ်းရသေးသည်။

တစ်လခန့်ကြာတော့ ကျွန်တော် ဆောက်လုပ်ရေးပစ္စည်းရောင်းသော ကုမ္ပဏီတစ်ခုတွင် ကြီးကြပ်ရေးမှူးအဖြစ် အလုပ်ရသည်။ လစာလည်းကောင်းသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ကုမ္ပဏီက ကျွန်တော်တာဝန်ကျခဲ့သည့် မအူပင်ဆိပ် ရဲဘက်စခန်းအနီးရှိ ဖောင်းတူရေအားလျှပ်စစ်စက်ရုံ စီမံကိန်းအတွက် ပစ္စည်းများသွင်းရန် ကန်ထရိုက်ရထားသဖြင့် ကျွန်တော် ပစ္စည်းများပို့ရင်း မကြာခဏသွားရောက်နေထိုင်ကြီးကြပ်ရန် အကြောင်းကဖန်လာပါသည်။

ထို့ကြောင့် ကျွန်တော်က တပည့်အောင်သန်းအား ထောင်ဝင်စာတွေ့စဉ် လက်စားချေခြင်းစီမံကိန်းအတွက် ဝမ်းသာအားရ တိုင်ပင်တော့ တပည့်က ခေါင်းယမ်းပြသည်။

"ဆရာ ... လက်လျှော့လိုက်ပါတော့။ အခု ဆရာက လစာလည်းကောင်းပြီး အဆင့်လည်း ပိုမြင့်သွားပြီပဲ။ ရန်သူကို မေတ္တာထားပါဆရာ။ ခွင့်လွှတ်ပြီး မေတ္တာသာပို့ပါ။ မကြာခင် ဆရာအောင်မြင်လာမှာပါ။

ကျွန်တော့်ကိုအလွန်ချစ်၍ အနာခံသော၊ ကျွန်တော်ကလည်း အလွန်အားကိုးယုံကြည်သော တပည့်အောင်သန်း၏စကားကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ပါသည်။ နွေ၊ ညဘုရားဝတ်ပြုတိုင်း မေတ္တာပို့ပါသည်။

ဖောင်းတူရေအား လျှပ်စစ်စီမံကိန်းသို့ ပစ္စည်းများပို့တော့ ကျွန်တော်အချိန်ရသည်နှင့် မအူပင်ဆိပ်ရဲဘက်စခန်းသို့ သွားလည်ဖြစ်သည်။ ရဲဘက်နှင့် ဝန်ထမ်းတပည့်များက ကောင်းစွာကြိုဆိုကြသည်။ ကျွန်တော်ပြန်ရောက်ကြောင်းသိသည်နှင့် စခန်းတာဝန်ခံထောင်ပိုင်မှာ အလွန်ကြောက်လန့်နေကြောင်း သိရသည်။

နောက်တစ်ခေါက် ပစ္စည်းများအပို့တွင် စခန်းတာဝန်ခံထောင်ပိုင်မှာ ငှက်ဖျားရောဂါဖြစ်၍ ဆေးရုံအပို့တွင် လမ်း၌ပင် ဦးနှောက်တွင်း ငှက်ဖျားပိုးဝင်ရောက်၍ ကွယ်လွန်သွားကြောင်း သိရပါတော့သည်။ လက်စားချေခြင်းသည် ချိုမြိန်သည်ဟုဆိုသော်လည်း မေတ္တာလက်နက်ဖြင့် ခွင့်လွှတ်ခြင်းက ပို၍သာ၍ ချိုမြိန်ကောင်းမွန်ပါလိမ့်မည်။

ကျွန်တော် မေတ္တာတရားကြီးမား၍ ခွင့်လွှတ်အနစ်နာခံတတ်သော တပည့်ကျော်အောင်သန်း ထောင်မှလွတ်မည့်ရက်ကို စောင့်မျှော်နေမိပါသည်။ သူထောင်မှလွတ်လာလျှင်တော့ ဖောင်းတူရေအားလျှပ်စစ်စီမံကိန်းလုံခြုံရေးတပ်ဖွဲ့ထံမှ သေနတ်ငှားပြီး ဆရာတပည့် တောလည်ရင်း ရှေးဟောင်းနှောင်းဖြစ်များပြော၍ စားမြုံ့ပြန်ကြရန် ကြံရွယ်ထားမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ကျန်းကျန်းမာမာ × × × ချမ်းချမ်းသာသာ × × ×
ဘေးရန်ကာသီးမည် × × × လူမွဲတွေက မနှေးခေတ်မီ × ×
သူဌေးဖြစ်တော့မည် × × × တို့နဂါးနီ × × × "

"ဟုတ်ကဲ့ခင်ဗျာ . . . မင်္ဂလာရှိသောအချိန်၊ မင်္ဂလာရှိသော နေ့ရက်မှာ၊ မင်္ဂလာရှိသော လူကြီးမင်းတို့၏ အိမ်ဂေဟာရှေ့မှောက်သို့ သိန်းတစ်ထောင်ထီဆုကြီးပေးဖို့ မင်္ဂလာထီလှည်း ရောက်ရှိလို့လာပါပြီ။ ဒီနေ့ တနင်္လာနေ့၊ က-ခ-ဂ-ဃ-င စတဲ့ ငွေနံ့အက္ခရာပါသော ထီလက်မှတ်များကို ကံစမ်းတော်မူကြပါ။ အက္ခရာစုံ၊ ဂဏန်းစုံပါပါတယ် ခင်ဗျား"





ငွေနှင်းမှုံတစ်ယောက် ညကညဥ့်နက်သည်အထိ စာဖတ်ကောင်းနေခဲ့သဖြင့် နေမြင့်သည်အထိ အိပ်ပျော်သွားခဲ့ရာ အောင်ဘာလေထီလှည်းမှ 'နဂါးနီ' သီချင်းသံကြားရသဖြင့် အိပ်ရာက လန့်နိုးလာခဲ့သည်။ ဟုတ်ပြီ။ အခုမှ ငွေနှင်းမှုံအိပ်မက်ထဲမှ ထီဂဏန်းကို သတိရပြီး အိပ်ရာအနီးရှိ စာကြည့်စားပွဲပေါ်မှ ဘောလ်ပင်နှင့် မှတ်စုစာအုပ်ကိုလှမ်းယူ၍ ဂဏန်း ၆ လုံးကို ကောက်ရေးလိုက်တော့သည်။

"င/ ၁၀၆၂၆၄"

ထီဂဏန်းက မှတ်ရလွယ်၍ မှတ်မိနေခြင်းဖြစ်သည်။ မကြာမီက ကွယ်လွန်သွားသောအမေမြိုင် အိပ်မက်ထဲ၌ ဂဏန်းပေးခြင်းဖြစ်သည်။ ပြီးတော့ အမေမြိုင်က တတွတ်တွတ်ပြောနေသေးသည်။ ဘာတွေပြောနေသည်ကိုတော့ ရေရေရာရာမမှတ်မိတော့၊ ထီဂဏန်းများနှင့် ထိပ်စည်းအက္ခရာကိုတော့ အသေအချာမှတ်မိလိုက်သည်။

ငွေနှင်းမှုံအနေဖြင့် ထီထိုးခြင်းကို ဝါသနာပါသူတစ်ယောက်တော့မဟုတ်ပါ။ ဒီတစ်ကြိမ်တော့ ထီလှည်းလာသည်မှာ အိပ်မက်နှင့် တိုက်ဆိုင်နေသဖြင့် အိပ်ရာကအမြန်ထပြီး ထီထိုးရန် ပြင်ဆင်ရတော့သည်။ မျက်နှာသစ်၊ သွားတိုက်နေလျှင် ထီသည်လွတ်သွားမည်စိုးရသဖြင့် အိမ်မှထမင်းချက်ကောင်မလေးကိုခေါ်ပြီး စာရွက်ပိုင်းကလေးဖြင့် ထီဂဏန်းရေးပြီး ထီသည်ကြီးအား အရှာအဖွေခိုင်းရတော့သည်။

ငွေနှင်းမှုံမျက်နှာသစ်ပြီး အိမ်ပေါ်က ဆင်းတော့ ထီသည်ဦးလေးကြီးမှာ ဂဏန်းရှာတုန်း။ တွေ့သေးဟန်မတူပါ။ ငွေနှင်းမှုံကိုယ်တိုင်ရှာမှ (င/၁၀၆၂၆၄)ဟူသော အက္ခရာတူ၊ ဂဏန်းတူ ငါးစောင်တွဲ ထီစာရွက်ကလေးကို တန်းပြီးတွေ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး ...ဒီမှာ သမီးလိုချင်တဲ့ ဂဏန်းနဲ့အက္ခရာ တွေ့ပြီ"

"ဟြော် ...အေး ...အေး ..သမီးက မျက်စိတယ်လျင် တာပဲ"

"ဘယ်လောက်ကျသလဲ ဦးလေး"

"တစ်စောင် သုံးရာကျပ်ပါ။ ငါးစောင်တွဲဆိုတော့ ၁၅၀၀ ကျပ် ကျပါတယ်။ သမီးလိုချင်တဲ့ အက္ခရာနဲ့ဂဏန်း ၆ လုံးတူအောင် တိုက် ဆိုင်တာရယ်၊ သမီးကိုယ်တိုင်ရှာမှ တွေ့တာရယ်ကြောင့် သမီးကံကောင်း မှာပါ။ ဒီဂဏန်းက အိပ်မက်ဂဏန်းလားကွယ့်။ ငါ့သမီး သိန်းတစ်ထောင် ဆုကြီး ပေါက်ပါစေကွယ်။ ထီပေါက်ရင်လည်း သမီးတို့အိမ်ကို ဦးလေး ကိုယ်တိုင်လာပြီး အကြောင်းကြားမှာပါ။ တိုက်စရာတောင် မလိုပါဘူး ကွယ်"

"ဟုတ်ကဲ့ ...ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။ ကျေးဇူးတင်ပါတယ် ဦးလေး"

"အေးကွယ် ...အေး ...အေး ..."

"ကျန်းကျန်းမာမာ × × × ချမ်းချမ်းသာသာ × × ×

ဘေးရန်ကာဆီးမည် × × × လူမွဲတွေက မနေ့ခေတ်မီ × ×

သူဌေးဖြစ်တော့မည် × × × တို့နဂါးနီ × × × သိဒ္ဓိတန်ခိုးနဲ့

ထီလှည်းကလေးထွက်ခွာသွားသည့်တိုင် ငွေနှင်းမှုံတစ်ယောက် ထီလက်မှတ်များကိုကိုင်ကာ ငေးမောကြည့်ရှုနေမိသည်။ အမေမြိုင်ပေး သော အိပ်မက်ထဲမှ ထီဂဏန်းနှင့် အက္ခရာတူပါ ထပ်တူညီတူရလိုက် သဖြင့် အလွန်လည်း အံ့သြနေမိသည်။





မကွယ်လွန်မီက ငွေနှင်းမှုံကို သမီးသဖွယ်သံယောဇဉ်ကြီးရှာ သော အမေမြိုင်တစ်ယောက် တမလွန်ဘဝရောက်သည့်တိုင် ဖွဲလမ်းမှု သံယောဇဉ်ကို မဖြတ်နိုင်သေး။ ထီသာ တကယ်ပေါက်လျှင်တော့ အမေ မြိုင်ကောင်းရာသုဂတိရောက်စေရန် အမျှဝေ ဆုတောင်းအလှူလုပ်ပေး ရဦးမည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

အိမ်ပေါ်ပြန်ရောက်တော့ ထိုလက်မှတ်များကို စာရေးစားပွဲပေါ်ရှိ မှတ်စုစာအုပ်ကလေးကြားသို့ ညှပ်လိုက်ပြီး အမေမြိုင်အကြောင်းကို ထိုင်တွေးနေမိတော့သည်။

အမေမြိုင်သည် ငွေနှင်းမှုံတို့နေထိုင်သော ကွမ်းခြံကုန်းမြို့တောင်ဘက်ပိုင်းရပ်ကွက်တွင် သားသမီးများနှင့် အတူနေထိုင်သူဖြစ်သည်။ ခင်ပွန်းသည်က မရှိတော့။ ကွယ်လွန်ပြီးဖြစ်သည်။ သားသမီးများမှာလည်း လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသော်လည်း လယ်ပိုင်မရှိ။ တော်သေးသည် ဘောက်အလုပ်သာ လုပ်ကိုင်ရသူများဖြစ်ကြသည်။ တော်သေးသည်မှာ အမေမြိုင်တို့တွင် ပေ ၄၀ × ၆၀ မြေကွက်အတွင်းပျဉ်ထောင်သွပ်မိုးအိမ်ကလေးတော့ ရှိသေးသည်။





အမေမြိုင်မှာ ငွေနှင်းမှုံတို့မိဘများနှင့် ရပ်ဆွေရပ်မျိုးများဖြစ်ကြသည်။ အမေမြိုင့်အသက်မှာ ၇၀ ကျော် ၈၀ ခန့်ဖြစ်သည်။ သို့သော် ကျန်းမာရေးတော့ကောင်းသည်။

ငွေနှင်းမှုံတို့မိဘများနှင့်အမေမြိုင်မှာ အဖေ၊ အမေအရွယ်ဖြစ်သော်လည်း ငွေနှင်းမှုံတို့က အဘွားဟုမခေါ်ပါ။ မိဘများခေါ်ကြသည့်အတိုင်း နှုတ်ကျိုး၍ အမေမြိုင်ဟုသာခေါ်ကြသည်။ အမေမြိုင်ကလည်း ငွေနှင်းမှုံတို့ကို မြေးဟုမခေါ်။ သမီးဟုသာခေါ်သည်။

အသက် ၈၀ ခန့်ဖြစ်သော်လည်း အမေမြိုင်က တောင်ဝှေးမကူ၊ မျက်စိမမှုန်၊ ပဲခြမ်းကြော်စားနိုင်သည့်တိုင် သွားများက ကောင်းမွန်ဆဲ။ ခန္ဓာကိုယ်ကတော့ ပိန်သွယ်သွယ်ကလေးဖြစ်သည်။ သို့သော် အမေမြိုင့်လက်များက အလွန်သန်မာသည်။ အနှိပ်အပြုလည်း အလွန်ကောင်းသည်။

အမေမြိုင်နှင့်ရွယ်တူ ငွေနှင်းမှုံတို့ဘိုးဘွားများကတော့ ကွယ်လွန်ကြသည်မှာ အရိုးပင်ဆွေးလောက်ချေပြီ။ ထို့နောက် ငွေနှင်းမှုံတို့မိဘများက အမေမြိုင့်အား မိဘသဖွယ် ကျွေးမွေးပြုစုစောင့်ရှောက်ပေးကမ်းကြသည်။

ထို့ကြောင့်လည်း အမေမြိုင်မှာ ငွေနှင်းမှုံတို့အိမ်အား စားအိမ်သောက်အိမ်သဖွယ် နေ့စဉ်လာရောက်သည်။ အမေမြိုင် မလာရောက်ပါကလည်း မိဘများက စားချိန်သောက်ချိန်ကျသည်နှင့်အမေမြိုင့်အားသွားရောက်ခေါ်နိုင်းတတ်သည်။ ထို့ကြောင့် အမေမြိုင်မှာ ငွေနှင်းမှုံတို့၏ အိမ်သားသဖွယ်ဖြစ်နေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

အမေမြိုင်သည် စကားပြောအလွန်ကောင်းသလို ရှေးဟောင်းနှောင်းဖြစ်အကြောင်းအရာများကို မမောနိုင်မပန်းနိုင် အချိန်အကြာကြီး ပြောတတ်သည်။ အင်္ဂလိပ်အုပ်စိုးစဉ်ခေတ်၊ ဂျပန်ခေတ်၊ အင်္ဂလိပ်ပြန်အဝင် ကွဲညီနောင်လေယာဉ်ကြီးများ ဗုံးကြဲသည့်အကြောင်း၊ စစ်ပြေးကာလ ရောင်စုံသူပုန်ခေတ်စသဖြင့် အကြောင်းအရာက အလွန်စုံသည်။

အမေမြိုင်က အသက်အရွယ်ကြီးသော်လည်း မှတ်ဉာဏ်အလွန်ကောင်းသည်။ အကြောင်းအရာများကိုပြောသည့်အခါ မထပ်စေရ။ သတိက ကောင်းသေးသည်။ အသန့်အပြန့်ကလည်း အလွန်ကြိုက်သည်။ ရှင်မတောင်သနပ်ခါးကို တစ်ကိုယ်လုံးလိမ်းပြီး ရှုံ့သားအင်္ကျီလက်ရှည်၊ သရက်ထည်ထဘီပွင့်ရိုက်ကို ဝတ်ဆင်တတ်သည်မှာ အမေမြိုင်၏ စတိုင်ဖြစ်သည်။





ငွေနှင်းမှုံတို့ ညီအစ်မတွေက စက်ချုပ်လုပ်ငန်းလုပ်ကြရသည်။ တစ်ချိန်လုံးတကုပ်ကုပ်ချုပ်ရင်း အမေမြိုင်ပြောသမျှကို နားထောင်ရသည်မှာ ဖျော်ဖြေမှုတစ်ခုပင်။ ညောင်းညာကိုက်ခဲလာလျှင် အမေမြိုင်က နှိပ်ပေးတတ်သည်။

နေ့လယ်စာစားအပြီး ခေတ္တနားချိန်မှာလည်း အမေမြိုင်က လက်ဖက်သုပ်စားရင်း ရေနွေးကြမ်းခါးခါးကိုသောက်ရင်း စကားပုံ ပုံတိပတ်စများကို ပြောပြပြန်သည်။ အမေမြိုင်ပြောပြသမျှ ပုံပြင်များမှာလည်း မဆုံးနိုင်။

ဘုရားဟောနိပါတ်ပုံပြင်များမှသည် ဒီဘက်ခေတ်ဇာတ်သဘင်ဇာတ်လမ်းများအထိ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောတတ်သည်။ သဘင်မင်းသားကြီး အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဗုဒ္ဓဝင်ဇာတ်လမ်းများမှာ ငွေနှင်းမှုံတို့မမီလိုက်သဖြင့် အမေမြိုင်အပြောနှင့် သဘောကျနှစ်ခြိုက် ကျေနပ်ကြရသည်။

အမေမြိုင်သည် ရှေးလူကြီးဖြစ်သော်လည်း ဆေးပေါ့လိပ်မသောက်၊ ကွမ်းမစား၊ ကျန်းမာရေးအသိကလည်း ရှိသည်။ ဒါ့ကြောင့်ပင် သက်ရှည်ကျန်းမာဟန်တူပါသည်။

"သမီးတို့က စက်ချုပ်တော့ အညောင်းထိုင်သမားတွေ။ ခါတ်ချုပ်မခံရဘူး။ ဝမ်းနုတ်ဆေးကို အမြဲတမ်းစားတာကလည်း နည်းလမ်းမကျဘူး။ ဝမ်းပျော့ဝမ်းမှန်အောင် အသီးအရွက် များများစားပေး။ ရေများများသောက်ပြီးလမ်းလည်း လျှောက်ပေးရမယ်"

"ဟုတ်ကဲ့ပါ အမေမြိုင်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

တစ်နေ့ နေ့လယ်ခင်းတွင် ငွေနှင်းမှုံသည် အမေမြိုင်မလာသဖြင့် နေ့လယ်စာထမင်းစားပြီး ပျင်းရိငြီးငွေ့သည်နှင့် လစဉ်ထုတ်မဂ္ဂဇင်းတစ်စောင်ကိုဖတ်နေစဉ် မြို့တောင်ဘက်ပိုင်းတွင် နေထိုင်သော ကျောင်းနေဖက်သူငယ်ချင်းမသူဇာ ရောက်ရှိလာသည်။ ရောက်ရောက်ချင်းပင် မသူဇာက …

''ငွေနှင်းမှုံရေ … နင်တို့အိမ်လာလာလည်နေတဲ့ အဘွားဒေါ်မြိုင်ရယ်၊ မနေ့က ဆိုင်ကယ်နဲ့တိုက်မိတာ ခြေထောက်ကျိုးသွားရှာတယ်။ အဲဒါကြောင့် မလာနိုင်တာ။ သတင်းလေးဘာလေး သွားမေးလိုက်ဦး''

''ဟယ်တော် … ဖြစ်မှဖြစ်ရလေ။ အခု အမေမြိုင် ဘယ်မှာလဲ''





''ကွမ်းခြံကုန်းဆေးရုံပေါ်မှာ မနေချင်လို့တဲ့။ အခုတောင်ပိုင်းကအိမ်မှာ ပြန်ရောက်နေပြီလေ''

''အေးဟယ် …။ ငါလည်း မနေ့ကရန်ကုန်တက်ပြီး ပိတ်စတွေဝယ်နေလို့ အမေမြိုင်နဲ့ မတွေ့ဖြစ်ခဲ့ဘူး။ အခုပဲ ချက်ချင်း သတင်းသွားမေးမှဖြစ်မယ်ထင်တယ်။ အမေမြိုင်တို့က ဆင်းရဲရှာတော့ ငွေကြေးလည်း ထောက်ပံ့မှကောင်းမယ့်ထင်တယ်။ မနေ့ကလည်း မှတ်မှတ်ရရအမေမြိုင့်အတွက် မန္တလေးက အရိုးတောင်းလက်ဖက်သုပ်ချဉ်စပ်နဲ့ အသီးအနှံတွေ ဝယ်ခဲ့သေးတယ်''

''အေးဟယ် … အတော်ပဲပေါ့။ ငါအပြန် တောင်ပိုင်းကိုလိုက်ခဲ့လေ။ ငါစာအုပ်ငှားပြီး ပြန်လာမယ်။ နင်တို့ပြင်ဆင်ထားနှင့်ပေါ့ဟာ''

''အေး … အေး … ကောင်းတယ်''

သို့နှင့် ငွေနှင်းမှုံတစ်ယောက် မေမေ့ကို အကျိုးအကြောင်းပြောပြီး အလျင်အမြန်ပြင်ဆင်ရတော့သည်။ မသူဇာပြန်လာတော့ တောင်ဘက်ပိုင်းသို့သွားကြရာ အမေမြိုင့်ကိစ္စဖြစ်၍ မေမေပါလိုက်လာပါသည်။ အမေမြိုင်တို့အိမ်ရောက်တော့ ဘုရားခန်းရှေ့တွင်လှဲနေသော အမေမြိုင်ကို သနားစဖွယ်မြင်တွေ့ရသည်။

''အမေမြိုင် … သက်သာရဲ့လား။ သမီးတို့လည်း မနေ့ကရန်ကုန်တက်နေလို့ အမေမြိုင့်သတင်းကို ခုမှကြားကြားချင်း လိုက်လာတာပါ။ ဒီမှာ အမေမြိုင်ကြိုက်တတ်တဲ့ လက်ဖက်သုပ်ချဉ်စပ်နဲ့ အသီးအနှံတွေပါ။ ဒါက အမေမြိုင်အတွက် ဆေးဖိုးဝါးခငွေပါ''

''အေးပါကွယ် …။ ကျေးဇူးတင်လိုက်တာ သမီးတို့ရယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေမြိုင်သက်သာပါတယ်။ အေးတဲ့ဆောင်းရာသီဆိုတော့လည်း ညဘက်ပိုင်းကျတော့ နည်းနည်းတော့ ကိုက်တာပေါ့''

လူကောင်သေးသော်လည်း အသံကျယ်သော အမေမြိုင့်အသံမှာ အခုတော့ တိုးတိုးလျလျလေး ဖြစ်နေပေသည်။

ငွေနှင်းမှုံ စိတ်မကောင်းအတော်ဖြစ်မိသည်။ နောက်ပိုင်းတွင် အမေမြိုင်တစ်ယောက် ငွေနှင်းမှုံတို့အိမ်သို့ မလာနိုင်တော့။ အမေမြိုင့်ခြေထောက်ကျိုးသောဒဏ်ရာမှာ အနာမကျက်။ ဆေးရုံသို့ ပြန်တက်ရသည်။

ဆရာဝန်များစစ်ဆေးကြည့်မှ အမေမြိုင့်တွင် ဆီးချိုရောဂါရှိကြောင်း သိရတော့သည်။ ထို့ကြောင့် အမေမြိုင်၏ခြေထောက်တစ်ဖက်အား ဖြတ်လိုက်ရတော့သည်။ အမေမြိုင်တို့က ဆင်းရဲသဖြင့် ဆေးရုံစရိတ်စကများက ငွေနှင်းမှုံတို့က အကုန်အကျခံသည်။ ထို့ကြောင့်လည်း အမေမြိုင်က ...

''သမီးငွေနှင်းမှုံတို့ အမေ့အတွက် အကုန်အကျများလှပြီ။ အမေမြိုင်ပြန်ပေးမှာပါ။ ငါ့သမီးတို့ လျှိုနိုင်တန်းနိုင်အောင်ကို ပြန်ပေးမှာပါ။ ကုန်ကျသမျှကို စာရင်းမှတ်ထားသမီး။ အမေမြိုင် ဆက်ဆက်ပြန်ပေးမယ်''

ဆေးရုံပေါ်က လူမမာဆင်းရဲသားဒုက္ခိတကြီးက ဘယ်လိုနည်းဖြင့်ပြန်ပေးမည်ကို ငွေနှင်းမှုံ မစဉ်းစားတော့ပါ၊ ကိုယ့်မိဘသက်ကြီးရွယ်အိုအား ထောက်ပံ့သည်ဟုပင် သဘောထားလိုက်တော့သည်။

တစ်လခန့်ကြာတော့ အမေမြိုင်ဆေးရုံက ဆင်းရသည်။ ယခင်လိုမသန်စွမ်းတော့ဘဲ ချိုင်းထောက်ဖြင့်သာ သွားလာနေရ၍ အမေမြိုင်





ငွေနှင်းမှုံတို့နေထိုင်သော မြောက်ပိုင်းသို့ မလာနိုင်တော့။ ငွေနှင်းမှုန်တို့ကသာ နေ့စဉ်သွားရောက်ပြီး ကျွေးမွေးပြုစုပေးကမ်းရသည်။

ငွေနှင်းမှုံတို့ကိုမြင်သည်နှင့် အမေမြိုင် ဝမ်းပန်းတနည်းငိုတတ်သည်။ သူ့ယခင်က တောင်ပြုံးပွဲသို့ နှစ်စဉ်သွားတတ်သည်။ နတ်ဝင်သည်များဖြင့်လည်း အပေါင်းအသင်းဖြစ်နေသည်။ အသုံးစရိတ်များကိုတော့ ငွေနှင်းမှုံတို့မိသားစုက ပံ့ပိုးကူညီသည်သာဖြစ်သည်။

အမေမြိုင့်တွင် ထူးခြားချက်တစ်ခုရှိသေးသည်။ နတ်ဝင်သည်များနှင့် ပေါင်းသင်း၍လားတော့မသိ။ တစ်ခါတစ်ရံ လူတစ်ဦးတစ်ယောက်အား မျက်နှာကြည့်၍လည်းကောင်း၊ လက်ကိုကိုင်၍လည်းကောင်း အကြားအမြင်လိုလို၊ ခေါင်းစွဲနတ်လိုလိုဖြင့် ဗေဒင်ဟောတတ်သည်။ ဟောပြောသမျှလည်း မှန်သည်ချည်းပင်။ တကယ်တော့ အမေမြိုင့်မှာ အတန်းပညာဝေး၍ စာပင်ကောင်းစွာမတတ်ရှာပါ။ သို့သော် အမေမြိုင်က အမှတ်သညာတော့ အလွန်ကောင်းသည်။

တစ်နေ့ ငွေနှင်းမှုံတို့သားအမိ အမေမြိုင့်ထံရောက်တော့ အမေမြိုင် မှန်တစ်ချပ် ဘီးတစ်ချောင်းဖြင့် ဆံပင်များကို ရှင်းလင်းနေသည်။ အသန့်အပြန့်အလွန်ကြိုက်သော အမေမြိုင်တစ်ယောက် ရေချိုးပြီးစ ရှင်မတောင်သနပ်ခါးကို လိမ်းထားပြီး သူမဘာသာ မှန်ကြည့်၍ ဆံပင်များကိုရှင်းလင်းပြီး အုန်းဆီလိမ်းနေခြင်းဖြစ်သည်။

''အမေမြိုင် ... နေကောင်းရဲ့လား။ ဒဏ်ရာကရော သက်သာရဲ့လား''

ဟု ငွေနှင်းမှုံက မေးတော့ ...

''သက်သာပါတယ် သမီးရယ်။ ဒါပေမဲ့ အမေ့ကိုယ်အမေ အ... မရတော့ဘူး။ ဘယ်မှလည်း မသွားနိုင်မလာနိုင်တော့ အိမ်မှာ လူပို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ ဒါ့ကြောင့် အမေမြိုင် ဒီဘဝကို ပျင်းလာပြီ။ ဒီနေ့ အမေ့ကိုယ်အမေ မှန်ထဲပြန်ကြည့်တော့မှ အမေသေခါနီးပြီဆိုတာကို သိတော့တယ်။ အင်္ဂဝိဇ္ဇာသဘောအရ အမေ့ကိုယ်အံ့မေသိနေတယ်။ မကြာတော့ပါဘူးကွယ်''

ငွေနှင်းမှုံက အမေမြိုင့်ဆံပင်များအား အုန်းဆီလိမ်းပေးပြီး ဘီးဖြင့်ဖြီး၍ အမေမြိုင်ပတ်နေကျအတိုင်း ဘီးကျော့ပတ်ဆံပင်ကို ထုံးဖွဲ့ပေးလိုက်ရင်း ...

''မဟုတ်တာ အမေမြိုင်ရယ်။ အမေမြိုင် ကျန်းမာနေသေးတာပဲ။ အသက်ရာကျော်နေရဦးမှာပါ။ စိတ်ဓာတ်လည်း မကျပါနဲ့။ စိတ်လည်းမလျှော့ပါနဲ့။ သမီးတို့ ရှိပါတယ်။ လိုအပ်သမျှ ပံ့ပိုးကူညီပေးပါ့မယ်''

''မဟုတ်သေးဘူး သမီး။ အမေမြိုင်က ကိုယ့်ဘာသာကိုယ်သိနေပါတယ်။ သမီးတို့ကို ဆပ်စရာအကြွေးတွေကိုလည်း အမေမြိုင်ဆပ်မှာပါ''

''အမေမြိုင် ... အဲဒါတွေကို စိတ်ထဲမထားပါနဲ့။ အရင်ကလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ''

''သမီး မသိလို့ပါ။ အမေကတော့ သိနေပါပြီ။ အနိစ္စ– အမြဲမရှိခြင်း၊ ဒုက္ခ–ဆင်းရဲခြင်း၊ အနတ္တ–မိမိကိုယ်မိမိ မပိုင်ခြင်းဆိုတဲ့ တရားဟာ အသက်ကြီးမှ ပိုသိတာကွယ့်။ အမေဗေဒင်ဟောတတ်တာကို သမီးသိတယ်နော်။ ဒါ့ကြောင့် အမေဟာ ဒီကနေ့မှ မှန်ကြည့်မိပြီး ကိုယ့်ကိုယ်ကိုယ် သုံးသပ်နေမိတာပါ။ နောက်ဆုံးအချိန်ရောက်နေပြီကွယ့်။ သေလည်း သေပျော်ပါပြီကွယ်''





ထိုနေ့က အမေမြိုင့်ထံမှ ထူးဆန်းသောစကားများကို ကြားရပြီး ငွေနှင်းမှုံတို့သားအမိ စားသောက်စရာများကျွေးမွေးကာ မြောက်ပိုင်းအိမ်သို့ ပြန်ခဲ့ကြပါသည်။

နောက်တစ်နေ့မနက်စောစောတွင် အမေမြိုင်၏သမီးတစ်ဦး ငွေနှင်းမှုံတို့အိမ်သို့ ရောက်လာပြီး မနက်လင်းအရုဏ်တက်ချိန်တွင် အမေမြိုင်ဆုံးပါးသွားကြောင်း လာရောက်အသိပေးပါသည်။ မနေ့ကပင် အကောင်းကြီး။ မည်သို့ဖြစ်သည်မသိပါ။ အမေမြိုင် သူ့မဘာသာသိနေသည်ကတော့ ထူးဆန်းလှပါသည်။

မည်သို့ဖြစ်စေ ငွေနှင်းမှုံတို့မိသားစုကတော့ မိမိတို့မိဘအလားအလေးထားခဲ့ခြင်းဖြစ်၍ ဈာပနမြေကျစေရန် ငွေအင်အား၊ လူအင်အားဖြင့် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ရပြန်ပါသည်။ အမေလို၊ အဘွားလို သံယောဇဉ်ကြီးရသူဖြစ်၍ လွန်စွာလည်း စိတ်မကောင်းဖြစ်ရသည်။ မနေ့ကပင် အကောင်းသား။ ရုတ်တရက်ကြီး ကွယ်လွန်သွားခြင်းဖြစ်၍ မယုံနိုင်စရာဖြစ်ရသည်။

သို့သော် အမေမြိုင်က ထူးဆန်းသော အင်္ဂဝိဇ္ဇာပါရမီရှင်ဖြစ်ပေသည်။ သူမ သေဆုံးတော့မည်ကို သူ့ဘာသာသိသည်။ ငွေနှင်းမှုံတို့အကြွေးတွေကိုပင် ဆပ်ဦးမည်။ စာရင်းရေးမှတ်ထားပါဟူ၍ပင် ပြောကြားခဲ့သည်မဟုတ်ပါလား။

လဆန်းရက် မနက် ၉ နာရီခန့်ငွေနှင်းမှုံ ဘုရားဆွမ်းကပ်ပြီး အမေမြိုင် ကောင်းရာသုဂတိလားစေရန် မေတ္တာပို့အပြီးတွင် အိမ်ရှေ့ဆိုင်အတွင်းမှ အမေ့အသံဖြင့် ...

''သမီး ငွေနှင်းမှုံရေ ... ညည်းသည်လာမေးနေတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

အဝတ်ချုပ်ရန် လာအပ်သည့်ညည်သည်အမှတ်ဖြင့် ငွေနှင်းမှုံ အိမ်ထဲကထွက်လာတော့ အိမ်ရှေ့ဆိုင်ခန်းအတွင်း၌ ဦးလေးကြီးတစ်ဦးကို တွေ့ရသည်။ သိသလိုလို၊ မသိသလိုလို ဇဝေဇဝါဖြစ်နေမိသည်။

"တူမကြီး ...ဦးလေးကို မမှတ်မိဘူးလား။ ထီသည်ကြီးပါ။ တူမကြီးထိုးထားတဲ့ (င/၁၀၆၂၆၄) ဂဏန်းက အခုလ အောင်ဘာလေထီဖွင့်ပွဲမှာ သိန်း ၁၀၀ထီဆုပေါက်တယ်။ အဲဒါလာအကြောင်းကြားတာပါ"

"ရှင်"

"ဝမ်းသာလိုက်တာ ဦးလေးရယ်။ ထီဆုငွေထုတ်ပြီးမှ ဦးလေးကိုလည်း ကန်တော့မယ်နော်"

"မလိုပါဘူး တူမကြီး။ ဦးလေးကလည်း ထီကိုယ်စားလှယ်ဆုငွေရဦးမှာပါ။ လဆန်း ၇ ရက်ကျော်ရင် ဆုငွေထုတ်လို့ ရပါပြီ။ အခက်အခဲရှိလို့ လိုအပ်ရင် ဦးလေးကိုပြောပါ။ ဦးလေး လိုက်လံကူညီပါ့မယ်။ ဦးလေးကတော့နေ့စဉ် လမ်းပေါ်မှာပဲ ရှိနေတာပါ။ ဦးလေးနာမည် ဦးငွေမောင်းတဲ့။ မှတ်ထားနော် တူမကြီး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးလေး။ ဦးလေး ရန်ကုန်သွားမယ့်နေ့ကျရင် လာခဲ့ပါ။ ကျွန်မစောင့်နေပါ့မယ်"

"အေးကွယ် ... အေး ... အေး ... ဆထက်ထမ်းပိုး လှူနိုင်တန်းနိုင်ပါစေကွယ်။ ထီပေါက်တယ်ဆိုတာ ရှေးဘဝက ကုသိုလ်ကံပါရမီကြောင့်ကွယ့်။ တချို့ကျတော့လည်း ကမ္ဘဝါစကကုသိုလ်ကံကြောင့်နောင်ဘဝတောင်မစောင့်တော့ဘဲ အခုဘဝမှာပဲ ချက်ချင်းအကျိုးပေးတတ်တယ်။ မယုံမရှိနဲ့။ ဦးလေးလည်း လက်တွေ့ကြုံဖူးတယ်ကွယ့်"





ထီသည်ဦးလေးကြီးပြန်သွားတော့ ငွေနှင်းမှုံ ဝမ်းသာဝမ်းနည်းဖြစ်ပြီး မျက်ရည်ကျမိသည်။ မေမေနှင့်အိမ်သားများကို အမေမြိုင်အိပ်မက်ပေးသော ဂဏန်းဖြင့်ထီထိုးရာ သိန်း ၁၀၀ ဆုပေါက်ကြောင်း ရှင်းပြတော့ သူတို့လည်း အလွန်ဝမ်းသာနေကြသည်။ အမေမြိုင်မဆုံးမီက ပြောကြားသွားသောစကားများကိုလည်း ကျွန်မတို့ မှတ်မိနေကြသည်။

"သမီးငွေနှင်းမှုံတို့လည်း အမေ့အတွက် အကုန်အကျများလှပြီ။ ဒါပေမဲ့ မပူပါနဲ့ သမီးရယ်။ အမေမြိုင်ပြန်ပေးမှာပါ ငါ့သမီးတို့လှူနိုင်တန်းနိုင်အောင်ကို ပိုပိုသာသာပြန်ပေးမှာပါ။ အမေမြိုင့်အတွက် ကုန်ကျသမျှကို စာရင်းမှတ်ထားပါသမီး။ အမေမြိုင် ဆက်ဆက်ပြန်ပေးပါ့မယ်"

ဟူသော အမှာစကားဖြစ်သည်။

မစွမ်းမသန် သက်ကြားအိုဒုက္ခိတကြီးဟု ငွေနှင်းမှုံတို့ စိတ်ထဲကထင်ခဲ့မိသည်မှာ ပါစင်အောင်လွဲတော့သည်။ အမေမြိုင်က သူ့နည်းသူ့ဟန်ဖြင့် ပြန်လည်အကြွေးဆပ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ငွေနှင်းမှုံတို့မိသားစုတိုင်ပင်ပြီး အမေမြိုင်အတွက် လလယ်ဆွမ်းကျွေးခြင်းအမှုကို ခမ်းနားစွာလုပ်ရန်နှင့် ကျန်ရစ်သူ အမေမြိုင်၏မိသားစုအားလည်း ထောက်ပံ့ကူညီရန် ဆုံးဖြတ်လိုက်ကြပါသည်။

သွေးမတော် သားမစပ်သော်လည်း မိဘသဖွယ် ချစ်ခင်တွယ်တာခဲ့ရသော အမေမြိုင်သည် သားသမီးအရင်းအချာများကိုတော့မပေး။ ငွေနှင်းမှုံတို့ကိုသာပေးသည်မှာ ဘဝဟောင်းကပဋ္ဌာန်းဆက်ကြောင့်လော။ ထီရောင်းသည့်ဦးလေးကြီးပြောခဲ့သလို ထီပေါက်တယ်ဆိုတာဟာ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကကုသိုလ်ကံပါရမီကြောင့်ကွယ့်။ တချို့ကျတော့လည်း ကမ္ဘဝါစကကုသိုလ်ကံကြောင့် နောင်ဘဝတောင်မစောင့်တော့ဘဲ အခုဘဝမှာပဲ ချက်ချင်းအကျိုးပေးတတ်တယ်။

ငွေနှင်းမှုံ ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ထိုဆုငွေထုတ်ပြီးလျှင် ဆင်းရဲသော သက်ကြီးရွယ်အိုအဘိုးအဘွားများကိုလည်း တတ်နိုင်သမျှ ပေးကမ်းခွဲဝေလှူတန်းမည်ဟူ၍ ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC .com

www.burmeseclassic.com